ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၈၀ ပြည့်နှစ် ကဆုန်လဆန်း ၈ ရက်၊ တနင်္ဂနွေနေ့။ Sunday 22 April 2018 ၉၂၆၄

# ၂၀၂၀ ပြည့်နှစ်တွင် အပြန်အလှန်ကုန်သွယ်မှုကို အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ကျော်အထိ တိုးမြှင့်သွားမည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်နှင့် ပတ်သက်သည့် သတင်းထုတ်ပြန်ချက်

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုံ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ၂၀၁၈ ခုနှစ် ဧပြီလ ၁၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ တရားဝင် ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုက နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပပြုလုပ်သည့် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်နှင့် နှစ်နိုင်ငံဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။

နှစ်နိုင်ငံဆွေးနွေးပွဲတွင် နှစ်ဖက်ခေါင်းဆောင်များက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် သမ္မတဟိုချီမင်းတို့ လက်ထက်တွင် စတင်သန္ဓေတည်ခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင်များ အဆက်ဆက် လက်ဆင့်ကမ်း ထိန်းသိမ်းမြှင့်တင်ခဲ့ကြသည့် ချစ်ကြည်ရင်းနှီးမှုအစဉ်အလာနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်းကောင်း၊ လွန်ခဲ့သည့် နှစ်များအတွင်း အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့မှုများကြောင့် ရရှိခဲ့သည့်တိုးတက်မှုရလဒ်များ အထူးသဖြင့် ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း နှစ်နိုင်ငံဆက်ဆံရေးကို ဘက်စုံပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်နိုင်ခဲ့ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေးတွင် ဘက်ပေါင်းစုံပွင့်လန်းလာစေရန် ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်နိုင်ခြင်းဖြစ်သည်ကိုလည်းကောင်း သုံးသပ်ဆွေးနွေးခဲ့ပြီး

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

# တရားမျှတမှုကို လူတိုင်းသို့ ဖြည့်ဆည်းပေးရေးနှင့် တရားရုံးများအပေါ် ပြည်သူလူထုက စိတ်ချယုံကြည်မှုရှိရေး မှာကြား

**နေပြည်တော် ဧပြီ ၂၁**

တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၏ အထူးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတရားရုံးများအပါအဝင် အဆင့်ဆင့်သော တရားရုံးများအား ခွဲဝေအပ်နှင်းထားပြီး မိမိတို့ တရားသူကြီးများနှင့် တရားရေးအရာရှိများသည် တရားရုံးအဆင့်ဆင့်၏ တရားစီရင်ရေးနှင့် တရားရုံးစီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ခံရသူများ ဖြစ်ပါကြောင်း၊ လွတ်လပ်၍တရားမျှတသည့် တရားစီရင်ရေးစနစ် ဖြစ်ပေါ်စေရေး၊ ပြည်သူအများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ပေါ်ထွန်းရေးနှင့် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် မိမိတို့အားလုံးတွင် တာဝန်ရှိကြောင်း၊ မြန်မာနိုင်ငံ၏တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုများကို မဟာဗျူဟာစီမံကိန်းများ ရေးဆွဲ၍ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ○

**အမှုများကို ဥပဒေ၊ ကျင့်ထုံး၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ချိန်အတွင်း ပြီးပြတ်အောင် စီရင်ဆုံးဖြတ်ရေး အထူး ဦးစားပေးလုပ်ဆောင်ရန်လို . . .**



တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေး အထူးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အမှာစကားပြောကြားစဉ်။

**နျူကလီးယားဒုံးကျည်များ ထပ်မံစမ်းသပ်ခြင်း မပြုလုပ်တော့ကြောင်း ခေါင်းဆောင် ကင်ဂျုံအန်ပြော**

စာမျက်နှာ » ၄

**ပြည်သူလူထု၏ ကျန်းမာရေးအသိပညာမြင့်မားရေးကို အထူးဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ » ၇

**သတင်းစာဆရာ၊ စာရေးဆရာကြီး ဟံသာဝတီဦးဝင်းတင် ကွယ်လွန်ခြင်းလေးနှစ်ပြည့်အောက်မေ့ဖွယ် ဂုဏ်ပြုအခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ**

စာမျက်နှာ » ၈



# ကြေးမုံ

## မြန်မာ-ဗီယက်နမ် ချစ်ကြည်ရင်းနှီးမှုအဝွန့်ရှည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုဇ၏ ဖိတ်ကြားချက်အရ မေ ၁၉ ရက်မှ ၂၀ ရက်အထိ ဗီယက်နမ်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ရာ နှစ်နိုင်ငံတည်ရှိပြီး ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်စေခဲ့ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယမန်နှစ် နိုဝင်ဘာလအတွင်းကလည်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရမ်ဒိုင်ကွမ်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့တွင်ကျင်းပသည့် အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (အေပက်) အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များ သီးသန့်တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည်။ မကြာသေးမီက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူလည်း ဗီယက်နမ်နိုင်ငံသို့ သွားရောက်ခဲ့ပြီး လွန်ခဲ့သည့်နှစ်ကလည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း သွားရောက်ခဲ့သည်။

မြန်မာနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့၏ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုသည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗီယက်နမ်နိုင်ငံ၏အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်းတို့လက်ထက်ကတည်းက စတင်သန္ဓေတည်ခဲ့သည်။ ထို့နောက် နှစ်နိုင်ငံခေါင်းဆောင်များ အဆက်ဆက်တို့ ဆက်သွယ်ပူးပေါင်းမှု အကျိုးဆက်များကြောင့် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံနှင့်ပြည်သူများအကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့ကြသည့် အစဉ်အလာကောင်းများနှင့် အတူတကွပူးပေါင်းဆောင်ရွက်ခဲ့သည့် အစဉ်အလာကောင်းများ ရှိခဲ့သည်။

ပြီးခဲ့သည့်နှစ်များအတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးတွင် အပြုသဘောဆောင်သော တိုးတက်မှုများ ရရှိခဲ့ပြီး အထူးသဖြင့် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် နှစ်နိုင်ငံဆက်ဆံရေးကို ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်နိုင်ခဲ့ခြင်းသည် ထင်ရှားသည့် မှတ်တိုင်တစ်ခုဖြစ်သည်။ ယခု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ပို့ဆောင်ရေး၊ စွမ်းအင်နှင့်ဆက်သွယ်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ပညာရေး၊ ပြန်ကြားရေး စသည့် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ပြည်သူများအကြား အပြန်အလှန် ထိတွေ့ဖလှယ်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာတို့ကို အလေးထားဆွေးနွေးနိုင်ခဲ့သည်။

တစ်ဆက်တည်းတွင် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထို့အပြင် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအစိုးရ၊ လွှတ်တော်၊ ပါတီနှင့်ပြည်သူတို့အကြား ထိတွေ့ဆက်ဆံမှု ပိုမိုတိုးမြှင့်ရေး၊ အထူးသဖြင့် လူငယ်ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်စေလွှတ်ရေး၊ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ လွှတ်တော်ဥပဒေပြုရေး၊ လုပ်ငန်းစဉ်ဆိုင်ရာများ၊ ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု အတွေ့အကြုံများကို အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ဗီယက်နမ်နိုင်ငံမှ လုပ်ငန်းရှင်များက မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံနေမှုအခြေအနေများ၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ၎င်းတို့ကြုံတွေ့နေရသည့် အခွင့်အလမ်းများသာမက အခက်အခဲများကိုပါ တင်ပြညှိနှိုင်းဆွေးနွေးနိုင်ခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဗီယက်နမ်နိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်မှာ အချိန်ကာလ တိုတောင်းသော်လည်း နှစ်နိုင်ငံအကျိုးအတွက် အကျိုးရလဒ်ကောင်းများစွာ ပေါ်ထွက်လာခဲ့သည့် အောင်မြင်သောခရီးစဉ်တစ်ခုဖြစ်ရာ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံစီးပွားရေး၊ ယဉ်ကျေးမှုနှင့် နှစ်နိုင်ငံ ပြည်သူများအကြား ထိတွေ့ဆက်ဆံမှုများ ယခင်ကထက် ပိုမိုတိုးတက်မြင့်မားလာမည်ဟု ယုံကြည်ပါသည်။ ။

## မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ်၌ မြို့ဂုဏ်ဆောင် နာရီစင်ဖွင့်ပွဲ ကျင်းပ



**မန္တလေး မေ ၂၁**

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ်၌ မြို့ပြအင်္ဂါရပ်များနှင့် ညီညွတ်စေရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များအနက် မေ ၂၀ ရက်တွင် တည်ဆောက်ပြီးစီးသွားသည့် မြို့ဂုဏ်ဆောင် နာရီစင်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ကျီကုန်းကွေ့မြို့အဝင် ရန်ကင်းတောင်သွား ကားလမ်းဘေးရှိ နာရီစင်တည်နေရာ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းဦးတို့ တက်ရောက်၍ မြို့ဂုဏ်ဆောင်နာရီစင်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မော်ကွန်းကျောက်စာအား အောင်သပြေပန်းခက်ဖြင့် အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မြို့ဂုဏ်ဆောင်နာရီစင် တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးရဲမင်းဦးက နာရီစင်တည်ဆောက်ရေးနှင့်ပတ်သက်၍ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နာရီစင်တည်ဆောက်ရေး အဓိကပံ့ပိုးကူညီလှူဒါန်းကြသော "ဖရက်ရှာမြန်မာ" ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဒေါ်လှလှထွေးနှင့် အခြားအလှူရှင်များ၊ နာရီစင်ပုံစံဆွဲနှင့် လျှပ်စစ်ပိုင်းအလှူရှင်အား ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြပြီး တည်ဆောက်ရေးဦးစီးကော်မတီက ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီသို့ နာရီစင်အား လွှဲပြောင်းပေးအပ်ခဲ့သည်။

"နာရီစင်ပြုလုပ်မယ့် နေရာမှာ ၁၀ ပေ ပတ်လည်လောက်ရှိတဲ့ ပုံစံငယ်တစ်ခု ချပြထားပေးပြီး ပြည်သူ့အသံကိုလည်း နားစွင့်ခဲ့တယ်၊ ပုသိမ်ကြီးမြို့မှာ ဈေးသစ်ကြီးလည်း ရှိလာပြီ၊ လမ်းတွေလည်း အသစ်ဖောက်တာ၊ အဆင့်မြှင့်တင်ပြုပြင်တာတွေ လုပ်နေပါတယ်၊ တစ်ဆင့်ချင်းလုပ်ဆောင်နေကြခြင်းပါ၊ နောက်မကြာမီ မြို့တော်ခန်းမလည်း တည်ဆောက်ဖို့ ညှိနှိုင်းစီစဉ်ခဲ့ပြီး တည်ဆောက်ရေးကာလမှာ ဝေဖန်အကြံပြုမှုတွေရှိနေမှာပါ၊ မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေကြသူများကလည်း သူ့အပိုင်းနဲ့သူ တာဝန်ယူမှု၊ တာဝန်ခံမှု၊ တိကျမှန်ကန်ကိုယ်ရောစိတ်ပါ အောင်မြင်အောင် မြို့မိမြို့ဖများ ပါဝင်ဖွဲ့ထားတဲ့ကော်မတီတို့နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်" ဟု နာရီစင်တည်ဆောက်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးထွေးအောင် (အာယုပါလ)က ပြောကြားသည်။

**တင်မောင်(မန်းကိုယ်ပွား)**



## ရွှေ့ပြောင်းအမျိုးသမီးလုပ်သားဆိုင်ရာ သတင်းအချက်အလက် ကောက်ယူမှုအစီရင်ခံစာဆွေးနွေးပွဲ ကျင်းပ

**တောင်ကြီး မေ ၂၁**

ရှမ်း/တောင် အမျိုးသမီးအဖွဲ့များ ကွန်ရက်မှကျင်းပသော ရွှေ့ပြောင်းအမျိုးသမီးလုပ်သားဆိုင်ရာ သတင်းအချက်အလက်ကောက်ယူမှုအစီရင်ခံစာ ဆွေးနွေးပွဲကို မေ ၂၀ ရက် နံနက် ၉ နာရီခွဲက မင်းကံကောင်းစားသောက်ဆိုင် အပေါ်ထပ်၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ရှမ်းပြည်နယ် အမျိုးသမီးရေးရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာ အောင်သန်းမောင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ရှမ်း/တောင် အမျိုးသမီးအဖွဲ့များ ကွန်ရက်မှ ဒေါ်ခင်စန္ဒာက ရွှေ့ပြောင်းအမျိုးသမီးလုပ်သားဆိုင်ရာ သတင်းအချက်အလက်ကောက်ယူမှု အစီရင်ခံစာအကြောင်းကို ပါဝါပွိုင့်ဖြင့် တင်ပြဆွေးနွေးခဲ့သည်။ ခွန်မောင်လွင်က ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အချက်အလက် များကောက်ယူရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို ပြန်လည်ဝေမျှ ဆွေးနွေးခဲ့သည်။ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ဥပဒေကောင်း၊ မူဝါဒကောင်း၊ ရွှေ့ပြောင်းသွားလာနေထိုင်ရေးအတွက် သတင်းအချက်အလက် လက်လှမ်းမီစေရန် ဆောင်ရွက်သင့်သည့် အချက်များ ဖော်ထုတ်ခြင်း၊ ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာဆောင်ရွက်ချက်များ ပိုမိုကောင်းမွန်စေရေးအတွက် အရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်မှုနည်းလမ်း၊ လုပ်ငန်းစဉ်ကောင်းများ ဖော်ထုတ်ခြင်းခေါင်းစဉ်ဖြင့် အုပ်စုသုံးစုဖွဲ့၍ ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၊ ရှမ်းပြည်နယ် အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်သန်းမောင်၊ ပြည်နယ်အဆင့်တာဝန်ရှိသူများ၊ ရှမ်း/တောင် အမျိုးသမီးအဖွဲ့များကွန်ရက်မှ အဖွဲ့ဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

MYANMAR Digital News
Presented by MPE
www.mdn.gov.mm

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

## ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားမည်

ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်မှာ လိုအပ်ချက်တွေနဲ့ ဆင်းရဲနွမ်းပါးဆဲဖြစ်တာကြောင့် နေရာ၊ ကဏ္ဍအသီးသီးမှာ အများကြီး ဆက်လက်ရန်းကန်ကြိုးပမ်းကြရဦးမှာဖြစ်ပါတယ်။ နိုင်ငံတကာမျက်နှာစာမှာလည်း ဖိအားပေးမှုတွေ၊ ဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားနေတာတွေလည်း ရင်ဆိုင်နေရပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ ပြည်သူတွေ ဒီကနေ့ တွေ့ကြုံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကလည်း မနည်းလှပါဘူး။ အရာရာတိုင်းကို လွယ်လင့်တကူဖြေရှင်းနိုင်မှာမဟုတ်ပေမယ့်လည်း ကျွန်တော့်အနေနဲ့ အစွမ်းကုန်ကြိုးပမ်းအားထုတ်ပြီး ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

ကျွန်မတို့ အစိုးရရဲ့ နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့ ပြည်တွင်း၊ ပြည်ပ မိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များအားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက်ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက် အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄ -၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

**✱ ရှေ့ဖုံးမှ**

ဆက်လက်၍ နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ သစ်တောနှင့်သားငါးကဏ္ဍ၊ ပို့ဆောင်ရေး၊ စွမ်းအင်နှင့် ဆက်သွယ်ရေး၊ ကာကွယ်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ပညာရေးပူးပေါင်းဆောင်ရွက်မှု အပါအဝင် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန် နှစ်ဖက်လုံးက ထပ်လောင်းအတည်ပြုခဲ့သည်။

မြန်မာနိုင်ငံနှင့် ဗီယက်နမ် နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ၂၀၁၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၈၃၀ သို့ ရောက်ရှိခဲ့ပြီး ၂၀၁၆ ခုနှစ်ကုန်သွယ်မှုပမာဏနှင့် နှိုင်းယှဉ်ပါက ၅၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတွင် ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံ၏ နဝမအဆင့်အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုတွင် သတ္တမအဆင့်အများဆုံး ရင်းနှီးမြှုပ်နှံသူဖြစ်ရာ ဆက်လက်၍ ၂၀၂၀ ပြည့်နှစ်တွင် နှစ်ဖက်အပြန်အလှန် ကုန်သွယ်မှုကို အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ပြည့်မီကျော်လွန်သည်အထိ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားရန် နှစ်ဖက်ခေါင်းဆောင်များက သဘောတူညီခဲ့သည်။

**အလေးထားပြောကြား**

ထို့အပြင် နှစ်နိုင်ငံအကြား အစိုးရအဆင့်၊ လွှတ်တော်အဆင့်၊ ပါတီအဆင့်နှင့် ပြည်သူများအကြား အထူးသဖြင့် လူငယ်များအကြား အပြန်အလှန် ထိတွေ့ဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်ယုံကြည်မှုများ ပိုမိုခိုင်မာလာမည်ဖြစ်သည်ကို ယုံကြည်ကြောင်း နှစ်ဖက်ခေါင်းဆောင်များက အလေးထားပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အမျိုးသားရင်ကြားစေ့ရေးဆောင်ရွက်မှုများကို ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံသည်လည်း ဗီယက်နမ်နိုင်ငံ၏ အောင်မြင်သည့် ပြုပြင်ပြောင်းလဲမှုရလဒ်များ အထူးသဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မှုများအပေါ် လေးစားချီးကျူးကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ဗီယက်နမ်နိုင်ငံ၏ အစဉ်တစိုက် ထောက်ခံအားပေးမှုနှင့် အတွေ့အကြုံများ မျှဝေပေးမှုကို အသိအမှတ်ပြု ကျေးဇူးတင်ကြောင်း ပြန်လည်ပြောကြားခဲ့ပြီး အာဆီယံ၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၊ ကမ္ဘာ့ကုလသမဂ္ဂ စသည့် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန်လည်း ခေါင်းဆောင်နှစ်ဦးက ထပ်လောင်းကတိပြုခဲ့ကြသည်။

**ပူးတွဲကြေညာချက်**


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဗီယက်နမ်ဝန်ကြီးချုပ်တို့သည် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးသည့်အခမ်းအနားသို့ တက်ရောက်သည်။ ယင်းအခမ်းအနားတွင် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံဘက်မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ သွန်းတမ်တို့က လည်းကောင်း၊ ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာသွန်းတမ်တို့ကလည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြသည်။ တရားဝင်ချစ်ကြည်ရေးခရီးစဉ်အပြီးတွင် နှစ်နိုင်ငံပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

ဧပြီလ ၁၉ ရက်နေ့ ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် International Conference Center ၌ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်ခဲ့သည်။ ဂုဏ်ပြုညစာစားပွဲတွင် ခေါင်းဆောင်နှစ်ဦးလုံးမှ ဆုတောင်းမိန့်ခွန်းများ အပြန်အလှန်ပြောကြားရာ၌ နှစ်နိုင်ငံအနေဖြင့် တူညီသည့်သမိုင်းကြောင်း အတွေ့အကြုံများ ဖြတ်သန်းခဲ့ရကြောင်း၊ အစဉ်အဆက် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကိုခိုင်မာစွာ တည်ဆောက်နိုင်ခဲ့ကြောင်းနှင့် နှစ်ဖက်ဘုံအကျိုးစီးပွားအတွက် တူညီသည့် မျှော်မှန်းချက်ဖြင့် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုပြောကြားခဲ့သည်။

**အမြင်ချင်းဖလှယ်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌအား လည်းကောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသည့် ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များအားလည်းကောင်း လက်ခံတွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းလာစေရန်နှင့် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းအနေဖြင့် ကြိုးပမ်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များအသီးသီးက တင်ပြကြသည့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံဆောင်ရွက်ရာတွင် ရရှိနိုင်သည့်အခွင့်အလမ်းနှင့် ကြုံတွေ့ရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍လည်းကောင်း အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် သူရဲကောင်းစစ်သည်ဗိမာန်၌ ပန်းခွေချ အလေးပြုခဲ့ပြီး ဗီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်းနေအိမ်သို့သွားရောက်လေ့လာခဲ့သည်။ ထို့ပြင် ဟနွိုင်းမြို့ မြန်မာသံရုံးတွင် သံရုံးဝန်ထမ်းမိသားစုများ၊ မြန်မာနိုင်ငံမှ ပညာတော်သင်များနှင့် မြန်မာနိုင်ငံသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့ပြီး မြန်မာသံအမတ်ကြီးနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့တက်ရောက်သည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖု။

**လေ့လာရေးခရီးစဉ်များစေလွှတ်ရေး**

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်နှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးရုံး၌ တွေ့ဆုံခဲ့သည်။ ယင်းသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ အစိုးရ၊ လွှတ်တော်နှင့် ပါတီများအကြား ဆက်ဆံရေးနှင့် ပြည်သူများအကြား အထူးသဖြင့် လူငယ်များအကြား အပြန်အလှန် လေ့လာရေးခရီးစဉ်များ စေလွှတ်ထိတွေ့ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗီယက်နမ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Madame Nguyen Thi Kim Ngan နှင့်လည်း လွှတ်တော်ဥက္ကဋ္ဌရုံး၌ တွေ့ဆုံခဲ့သည်။ ယင်းသို့တွေ့ဆုံစဉ် ဗီယက်နမ်လွှတ်တော်၏ အတွေ့အကြုံများနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု အတွေ့အကြုံများကို သုံးသပ်မျှဝေခဲ့ကြပြီး ဒေသတွင်း အာဆီယံနှင့် နိုင်ငံတကာ လွှတ်တော်အဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်မည့် အလားအလာများနှင့် ပတ်သက်၍ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့သည်။

အဆိုပါခရီးစဉ်သို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် အဆင့်မြင့်အရာရှိများ လိုက်ပါသွားခဲ့ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဧပြီလ ၂၀ ရက်နေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၁ ရက်။**

# နျူကလီးယားဒုံးကျည်များ ထပ်မံစမ်းသပ်ခြင်း မပြုလုပ်တော့ကြောင်း ခေါင်းဆောင် ကင်ဂျုံအန်ပြော



**ပြုံယမ်း မေ ၂၁**
မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားဒုံးကျည်စမ်းသပ်မှုများနှင့် တိုက်ချင်းပစ်ဒုံးကျည် ပစ်ခတ်မှုများကို နောက်ထပ်လုပ်ဆောင်ခြင်းမပြုတော့ကြောင်း ခေါင်းဆောင် ကင်ဂျုံအန်က ယနေ့ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အဆိုပါကြေညာချက်ကို အမေရိကန်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံထိပ်သီးအစည်းအဝေး မကျင်းပမီ ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ကြိုဆိုခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင်အနေဖြင့် ယခုကဲ့သို့ သတင်းထုတ်ပြန်ကြေညာခြင်းသည် ကိုရီးယား ကျွန်းဆွယ်ဒေသတွင်းနိုင်ငံများအပါအဝင် အမေရိကန်နှင့်လည်း ဆက်ဆံရေး ပြန်လည်ကောင်းမွန်လာနိုင်ရန် ကနဦးခြေလှမ်းတစ်ရပ်ဖြစ်သည်။

ထို့အပြင် ကိုရီးယားနှစ်နိုင်ငံထိပ်သီးအစည်းအဝေး မကျင်းပမီ အဆိုပါ ထုတ်ပြန်ချက်ကိုကြေညာခြင်းဖြစ်သည်။

ကိုရီးယားနှစ်နိုင်ငံထိပ်သီးအစည်းအဝေးကို နှစ်နိုင်ငံအပစ်အခတ်ရပ်စဲရေးဇုန်တွင် ကျင်းပမည်ဖြစ်သည်။

သို့သော် ခေါင်းဆောင်ကင်ဂျုံအန်က အမေရိကန်ပြည်ထောင်စု မည်သည့်နေရာကိုမဆို ရောက်ရှိနိုင်သော နျူကလီးယားလက်နက်များကို စွန့်လွှတ်မည်ဟု အဆိုပါ ကြေညာချက်တွင် ဖော်ပြထားခြင်းမရှိပေ။

မြောက်ကိုရီးယားသည် ၎င်း၏ နျူကလီးယားထိပ်ဖူးတပ် ဒုံးကျည်များကို စမ်းသပ်ပစ်လွှတ် အောင်မြင်ပြီး ဖြစ်သည့်အတွက် ယခုအချိန်တွင် တာလတ်နှင့် တာဝေးပစ် ဒုံးကျည်များကို ထပ်မံစမ်းသပ်ပစ်လွှတ်ရန် မလိုတော့ကြောင်း ခေါင်းဆောင် ကင်ဂျုံအန်က ဆိုသည်။

**အေအက်ဖ်ပီ**

# အစ္စရေးနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ဂါဇာဒေသဆန္ဒပြမှုအသစ်များ၌ အစ္စရေးစစ်ဘက်ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းလေးဦး သေဆုံး




**ဂါဇာစီးတီး မေ ၂၁**
ဂါဇာကမ်းမြောင်ဒေသရှိ အစ္စရေးနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ဒေသများတွင် မေ ၂၀ ရက်က ပါလက်စတိုင်းလူမျိုး ဆန္ဒပြသမားများက အစ္စရေးဆန့်ကျင်ရေးဆန္ဒပြဖော်ထုတ်မှုများကို ပြုလုပ်ခဲ့ရာ အစ္စရေးစစ်ဘက်မှပစ်ခတ်မှုကြောင့် ဆန္ဒပြသမား ပါလက်စတိုင်းလူမျိုး လေးဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဒေသတွင်းသတင်းများ၌ ဖော်ပြသည်။

ဂါဇာဒေသခံများသည် အစ္စရေးနိုင်ငံနယ်စပ်ခြံစည်းရိုးအနီးတွင် အရေအတွက် အနည်းငယ်ရှိသောစွန်များကို လွှတ်တင်ခဲ့ပြီး ဓာတ်ဆီလက်လုပ်ဗုံး အချို့ကိုလည်း လွှတ်တင်ခဲ့သောစွန်များဖြင့် သယ်ဆောင်စေခဲ့ကာ အဆိုပါစွန်များပေါ်တွင် စကြာအမှတ်အသားများ ရေးခြယ်ခဲ့ကြသည်။

ယင်းကဲ့သို့သော အသေးစားတိုက်ခိုက်မှုများကို ပါလက်စတိုင်းများက လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်း နှစ်ကြိမ်ပြုလုပ်ခဲ့သည်။

အစ္စရေးတပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် အသက် ၁၅ နှစ်အရွယ်ရှိ ပါလက်စတိုင်းလူငယ်တစ်ဦးနှင့် အသက် ၂၄ နှစ်နှင့် ၂၅ နှစ်ရှိ ပါလက်စတိုင်း နှစ်ဦးတို့ ဂါဇာမြောက်ပိုင်းတွင် သေဆုံးခဲ့ရသည်ဟု ကယ်ဆယ်ရေးသမားများက ပြောကြားသည်။ ဂါဇာကမ်းမြောင်တောင်ပိုင်း ကမ်းခြေဒေသတွင် အသက် ၂၉ နှစ်အရွယ်ရှိ ပါလက်စတိုင်းတစ်ဦးမှာလည်း အစ္စရေးစစ်ဘက်မှ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသည်။

ဂါဇာကမ်းမြောင်တွင် ဖြစ်ပွားခဲ့သည့် ပါလက်စတိုင်းတို့၏ဆန္ဒပြမှုများဖြစ်ပွားခဲ့သည့် မတ် ၃၀ ရက်မှစ၍ အစ္စရေးစစ်ဘက်မှ ပစ်ခတ်မှုများကြောင့် ဂါဇာဒေသတွင် ပါလက်စတိုင်းလူမျိုးသေဆုံးသူဦးရေမှာ ၃၈ ဦးအထိ ရှိလာပြီး ထိခိုက်ဒဏ်ရာ ရသူဦးရေမှာ ရာပေါင်းများစွာရှိလာကြောင်း ဂါဇာဒေသ ကျန်းမာရေးဝန်ကြီးဌာနမှ ပြောကြားသည်။

မေ ၂၀ ရက်တွင် ဖြစ်ပွားခဲ့သော ပါလက်စတိုင်းများ၏ အစ္စရေးဆန့်ကျင်ရေးဆန္ဒပြမှုများအတွင်း အစ္စရေးစစ်ဘက် တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းဆန္ဒပြသမား ၄၄၀ ခန့် ထိခိုက်ဒဏ်ရာရခဲ့ပြီး ယင်းတို့ထဲတွင် သေနတ်ကျည်ဆန် ထိမှန်သူများနှင့် မျက်ရည်ယို ဗုံးဒဏ်သင့်ကာ မီးခိုးရှူရှိုက်ခြင်းအတွက် ကုသမှုခံယူရန် လိုအပ်သူများပါဝင်ကြောင်း ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာနမှ ပြောကြားသည်။

မိမိနိုင်ငံ၏နယ်စပ်ဒေသလုံခြုံရေးအတွက် တစ်ခုတည်းသော လိုအပ်ချက်အနေဖြင့် အစ္စရေးလုံခြုံရေးတပ်ဖွဲ့များက ပစ်ခတ်ခြင်း ပြုလုပ်ခဲ့ကြောင်းနှင့် ယင်းမှာ အကြမ်းဖက်တိုက်ခိုက်ခြင်းများကို ကာကွယ်ရန်သာဖြစ်ကြောင်း၊ အစ္စရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ထိခိုက်ဒဏ်ရာရမှုများလုံးဝမရှိဘဲ လုံခြုံရေး ဆိုင်ရာ စည်းမျဉ်းများအောက်တွင်သာ ပစ်ခတ်မှုများပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးစစ်ဘက်၏ကြေညာချက်တွင် ဖော်ပြသည်။

**အေအက်ဖ်ပီ**

# တူနီးရှားတွင် မြူများထူထပ်စွာကျဆင်း ယာဉ်အစုအပြုံလိုက်တိုက်မိမှုဖြစ်ပွား၍ သုံးဦးသေဆုံး



**တူးနစ် မေ ၂၁**
တူနီးရှားနိုင်ငံတွင် မေ ၂၁ ရက် နံနက်ပိုင်းက မြူများထူထပ်စွာကျဆင်းမှုကြောင့် အဝေးပြေးလမ်းတစ်နေရာတွင် မော်တော်ယာဉ် ၂၅ စီးခန့် အစုအပြုံလိုက်တိုက်မိမှုဖြစ်ပွားခဲ့ရာ လူသုံးဦးထက်မနည်း သေဆုံးပြီး အခြားလူ ၁၀ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း တူနီးရှားပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

ယင်းမတော်တဆဖြစ်ရပ်သည် တူနီးရှားနိုင်ငံ၏ ပင်လယ်ကမ်းခြေဒေသ ပြည်နယ်များဖြစ်သည့် ဆိုဆိစ်နှင့် ဆက်ဖက်စ် ပြည်နယ်အကြား ဆက်သွယ်ထားသည့် အဝေးပြေးလမ်းမတွင် ဖြစ်ပွားခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးအဖွဲ့ အကြီးအကဲတစ်ဦးနှင့် ၎င်း၏ လက်ထောက်ဝန်ထမ်းတစ်ဦး အပါအဝင် အခြားအရပ်သားတစ်ဦးလည်း သေဆုံးခဲ့ကြောင်း တူနီးရှားပြည်ထဲရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ပါရှိသည်။

မေ ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီခန့်တွင် ထွက်ပေါ်လာသည့်သတင်းများအရ မြူများထူထပ်စွာ ကျဆင်းမှုနှင့် လူသွားစကြံလမ်းများ စိုစွတ်မှုကြောင့် မော်တော်ယာဉ် ၂၅ စီးခန့် ပါဝင်သော အစဉ်အတိုင်း ဆင့်ကဲယာဉ်တိုက်မိမှု ဖြစ်ပွားခဲ့ကြောင်း သတင်းများ၌ဖော်ပြသည်။

တူနီးရှားနိုင်ငံ၏ မြောက်ဘက်ပိုင်းနှင့် တောင်ဘက်ပိုင်းကို ဆက်သွယ်ထားသည့် အဓိကကျသော အဝေးပြေးလမ်းမကြီး၏ တစ်စိတ်တစ်ဒေသတွင် ဖြစ်ပွားခဲ့သည့် မတော်တဆမှုများကြောင့် လမ်းအသုံးပြုသူများအနေဖြင့် စိုးရိမ်စိတ်များဖြစ်ပေါ်ခဲ့ကြောင်း ဝါဘီမာဖိုဟူဒီအမည်ရှိ အသက်အရွယ်ငယ်ရွယ်သော ယာဉ်မောင်းတစ်ဦးက ပြောသည်။ အဆိုပါလမ်းပိုင်းသည် ကီလိုမီတာ ၃၉၀ ခန့် ရှည်လျားသည်။

**ဆင်ဟွာ**

# အိန္ဒုကျေးရွာ၌ ကရင်ပြည်နယ်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီနှင့် ပြည်သူလူထုတို့ တွေ့ဆုံ



**ဘားအံ ဧပြီ ၂၁**

ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-S(ကရင်)နှင့် ပြည်သူလူထုတို့ တွေ့ဆုံပွဲကို ဧပြီ ၂၁ ရက် နံနက် ၁၀ နာရီခွဲက အိန္ဒုကျေးရွာ မွန်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

JMC-S (ကရင်)၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ဖွဲ့စည်းပုံ၊ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ၊ ပြည်သူလူထုနှင့်ပူးတွဲ၍ ဆောင်ရွက်မှုများ၊ လက်ရှိလုပ်ဆောင်နေသည့် လုပ်ငန်းများ၊ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ စောင့်ကြည့်နေသည့်အရာများ၊ မည်သည့်ကျင့်ဝတ်များကို လိုက်နာရန် စောင့်ကြည့်နေသည့်အကြောင်းအရာများကို ကော်မတီဝင်များက ပြည်သူလူထုများနှင့် အနီးကပ်လာရောက်တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် အိန္ဒုကျေးရွာသို့ ကော်မတီဝင်များ လာရောက်ရသည့် အကြောင်းအရင်း၊ JMC ၏ ဖွဲ့စည်းပုံ၊ လုပ်ဆောင်ချက်နှင့် တာဝန်များ၊ NCA စာချုပ်ဖြစ်ပေါ်လာရသည့်အကြောင်းအရင်း၊ နှစ်ဖက်တပ်များ လိုက်နာရမည့် ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ စစ်ဘက်ကျင့်ဝတ်များ၊ အရပ်သားပြည်သူနှင့်ပတ်သက်၍ စောင့်ထိန်းလိုက်နာရမည့် စည်းကမ်းချက်များ၊ တိုင်ကြားမှုများနှင့် အငြင်းပွားမှုများအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ကော်မတီများက တင်ပြရှင်းလင်း ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် အိန္ဒု၊ ကော့စိန်ဘန်(အထက်)၊ ကော့စိန်ဘန်(အောက်)၊ မြပြည်၊ လွန်းညာ၊ နောင်လုံကျေးရွာများမှ ဒေသခံပြည်သူများ၏ တင်ပြချက်၊ မေးမြန်းချက်များအား ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

JMC-S(ကရင်)ကို ၂၀၁၆ ခုနှစ် ဇွန် ၂၉ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဘားအံ၊ ကာမမောင်း၊ ဖာပွန်၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီးနှင့် လှိုင်းဘွဲမြို့နယ်များရှိ ပြည်သူလူထုတို့နှင့် တွေ့ဆုံခဲ့သည်မှာ စုစုပေါင်း (၁၃)ကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မင်းတပ်မြို့နယ် ဝုမ်းခုမ်ရွာ ထွန်းပေါက်စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

**မင်းတပ် ဧပြီ ၂၁**

ချင်းပြည်နယ် မင်းတပ်မြို့နယ် ဝုမ်းခုမ်ရွာ၏ ထွန်းပေါက်စာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၂၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်က ရန်ပုံငွေကျပ် သိန်း ၁၀၀၀ ထဲမှ ကျပ် ၂၅ သိန်း ခွဲဝေမတည်ပေးပြီး ရည်ရွယ်ချက်သုံးရပ်ဖြင့် ဤထွန်းပေါက်စာကြည့်တိုက်ကို ကျေးရွာလူထုပါဝင်မှုဖြင့် ဆောက်လုပ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ရည်ရွယ်ချက်နှင့်အညီ အသုံးပြုသွားကြရန်ဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ခရိုင်ပြန်ဆက်ဦးစီးမှူး ဦးလိန်းကီးက စံနှင့်ညီသော စာကြည့်တိုက်ဖြစ်လာအောင် ဆက်လက်ကြိုးပမ်းကြရေး၊ စာကြည့်တိုက်အကြောင်း သိကောင်းစရာများ၊ ဌာနကဆောင်ရွက်ပံ့ပိုးနိုင်သည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးရှိန်းအွမ်က ဆောင်ရွက်ပံ့ပိုးမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

စာကြည့်တိုက်အဆောက်အအုံသည် ၂၇ ပေ × ၁၈ ပေ × ၉ ပေ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး တစ်ထပ်ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်၏ ရန်ပုံငွေမှ မတည်ငွေကျပ် ၂၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ငါးသိန်း စုစုပေါင်း ငွေကျပ်သိန်း ၃၀ ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လေဘေးခံစားရသောပြည်သူများအား ပစ္စည်းနှင့် ငွေများ ထောက်ပံ့

**လက်ပံတန်း ဧပြီ ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်၌ ဧပြီ ၁၈ ရက် ည ၈ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ဧရာဝတီမြစ်နှင့် မြစ်မခမြစ်အနီးရှိ ကျေးရွာအုပ်စု ၁၁ အုပ်စုမှ လေဘေးခံစားရသော နေအိမ် ၅၂၇ လုံးမှ အိမ်ထောင်စုများအား ထောက်ပံ့ပေးခြင်းအခမ်းအနားကို ဧပြီ ၂၁ ရက် မွန်းလွဲ ၂ နာရီက လက်ပံတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က လေဘေးခံစားခဲ့ရသော ဒေသခံပြည်သူများအား နှစ်သိမ့်အားပေးစကား ပြောကြားကာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းငွေအောင်က ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ပြိုလဲနေအိမ် ၆၈ လုံး၊ အမိုးလန်အိမ် ၄၅၉ လုံးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့သည့် လူသုံးကုန်ပစ္စည်း ၁၀ မျိုးနှင့် ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး စုစုပေါင်း ငွေကျပ် ၂၄၉၃၄၄၈၈ ကို ပေးအပ်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဧပြီ ၁၉ ရက်ထုတ် ကြေးမုံသတင်းစာ၏ ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာကဏ္ဍ စာမျက်နှာ(င) ပထမစာပိုဒ်တွင် "နိုင်ငံတော်အစိုးရက နိုင်ငံအတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အဂတိလိုက်စားမှုကျူးလွန်သူများကို ထိရောက်စွာအရေးယူနိုင်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလက စတင်ဖွဲ့စည်းခဲ့သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တွင် ပြည်ထောင်စုရှေ့နေချုပ်ကလည်း ပါဝင်ဆောင်ရွက်လျက်ရှိသည်" ဟုဖော်ပြထားသည်ကို ပယ်ဖျက်ပါသည်။

ဥပဒေပြုရေးအခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်ခြင်း ခေါင်းစဉ်ခွဲ၏ စာကြောင်းရေ ၅ ကြောင်းမြောက်တွင် "သက်ဆိုင်ရာဌာနအသီးသီး၊ ပုဂ္ဂိုလ်အသီးသီးမှ ရေးဆွဲတင်ပြလာသော ဥပဒေကြမ်းများကို လွှတ်တော်ထဲတွင် ဆွေးနွေးနိုင်ရန် စိစစ်အကြံပြုပေးရသည်"ဟု ဖော်ပြထားသည်ကို ပယ်ဖျက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာရေးသူ**

## သမိုင်းဘူတာရထားလမ်းဘေး ပျံကျဈေးသည်များအား ဈေးသစ်သို့ ပြောင်းရွှေ့ရန်စီစဉ်

**ရန်ကုန် ဧပြီ ၂၁**

ရန်ကုန် အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်ရှိ သမိုင်းဘူတာရုံ ရထားလမ်းဘေး ပျံကျဈေးသည်များနှင့် ရထားစီးခရီးသည်များ အန္တရာယ်ကင်းဝေးစေရန်၊ ဆောက်လုပ်ထားသောဈေးသစ်သို့ ပြောင်းရွှေ့ပေးနိုင်ရန် ဧပြီ ၂၃ ရက်တွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးနှင့် မြန်မာ့မီးရထားတိုင်း(၇) ရန်ကုန်ခရီးသည်ပို့ဆောင်ရေးဌာနတို့ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား တာဝန်ရှိသူတစ်ဦးက ပြောသည်။



ထိုသမိုင်းဘူတာ ရထားလမ်းဘေးပေါ်မှ ပျံကျဈေးသည်များ ပြောင်းရွှေ့နေရာချပေးနိုင်ရန် သမိုင်းဘူတာနှင့် အင်းစိန်ဘူတာဘက်ခြမ်းရှိ ခုံးကျော်တံတားကြား ပေ ၂၀၀ အကွာတွင် တည်ရှိသည့် ရထားပိုင် မြေဧရိယာ ပေ ၄၅၀ နှင့် ပေ ၇၀ ကျော် အကျယ်အဝန်းနေရာအား သမိုင်းဘူတာဈေးသစ်တည်ဆောက်ရန် ၂၀၁၇ ခုနှစ်က G.3-Group ကုမ္ပဏီက တင်ဒါစနစ်ဖြင့် ရွေးချယ်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူထံမှ သိရသည်။

"ယခုဈေးတည်ဆောက်ထားသောနေရာက အမိုက်ပံ့နေရာဆိုတော့ အောက်ခံမြေသား ပျော့တယ်၊ ဈေးရောင်းချသူတွေနဲ့ ဈေးဝယ်သူတွေ စိတ်ချမ်းမြေ့စွာ သွားလာဝယ်ယူနိုင်ရန် မီးရထားသံလမ်းတိုင် အမာခံစိုက်ထူပြီး စံချိန်စံညွှန်းမီ ကြာရှည်ခံနိုင်အောင် ကွန်ကရစ်ဆိုင်ခန်း၊ ကွန်ကရစ်လမ်းများလည်း ခင်းပေးထားပါတယ်"ဟု ဆောက်လုပ်ရေးအဖွဲ့ထံမှ သိရသည်။

ဒီလို ဘူတာပလက်ဖောင်းပေါ်က ပျံကျဈေးသည်တွေ ရထားသံလမ်းနှင့် အလှမ်းဝေးတဲ့ ရထားပိုင်မြေပေါ်မှာ သန့်ရှင်းသပ်ရပ်သော ကွန်ကရစ်ဆိုင်ခန်း၊ ကွန်ကရစ်လမ်း ခင်းပေးထားသော သမိုင်းဘူတာဈေးမှာ ရောင်းသူ၊ ဝယ်သူများ ခိုက်ရန်ဖြစ်ခြင်းနှင့် မတော်တဆအန္တရာယ်ကိုလည်း ကြိုတင်ကာကွယ်ရာ အကောင်းဘက်ဦးတည်ဆောင်ရွက် ပေးထားတာဖြစ်သည့်အတွက် ရထားစီးခရီးသွား၊ ပျံကျဈေးသည်၊ ဈေးဝယ်သူများ စိတ်ချမ်းမြေ့စွာ သွားလိုသောခရီးဘေးကင်းပြီး ဝယ်ယူမည့်ပစ္စည်း လွယ်လင့်တကူဖြစ်သည်ကို တွေ့ရကြောင်း နေ့စဉ်ရထားစီးခရီးသည် ဦးကျော်မောင်က ပြောသည်။

**ထွန်းဝင်း**

## လေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

**ပေါင်းတည် ဧပြီ ၂၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပြိုလဲသွားသည့် အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည့်အခမ်းအနားကို ဧပြီ ၂၁ ရက်နံနက် ၁၁ နာရီက ကြာနီကန်ကျေးရွာအုပ်စု ရှားပေါင်ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးကြည်ထွန်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထောက်ပံ့ပေးမှုအား ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းကထောက်ပံ့သည့် လူသုံးကုန်ပစ္စည်း ၁၈ မျိုးပါ Hygiene Kit ပုံး ၃၄ ပုံး၊ ရေဘူး ၃၄ ဘူးနှင့် မြို့နယ်အတွင်းရှိ စေတနာရှင်များက လှူဒါန်းသည့် အဝတ်အထည်များ၊ ပေါင်းတည်မြို့ သဒ္ဓမ္မဇောတိကာရုံ စာသင်တိုက်က လူသုံးကုန်ပစ္စည်း ၇၇၅ မျိုးနှင့် ငွေကျပ် ၁၀ သိန်းတို့အား မြို့နယ်ကြက်ခြေနီအသင်းနာယက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းနိုင်နှင့် တာဝန်ရှိသူများ၊ စာသင်တိုက် အကျိုးတော်ဆောင်များက ပေးအပ်ရာ ဧပြီ ၁၆ ရက်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပြိုလဲသွားသည့် အိမ်ထောင်စု ၃၄ စုမှ လက်ခံရယူခဲ့ကြောင်း သိရသည်။



**တင်ဝင်းဇော်(မင်းသားကြီး)**

## အပူဒဏ် အန္တရာယ် သတိပြုဖွယ်

ကာယလုပ်သားများ၊ လယ်သမားများ၊ အငှားယာဉ်မောင်းသူများ၊ အားကစားသမားများနှင့် နေရောင်အောက်တွင် သွားလာလှုပ်ရှားနေရသူများ

၁။ ပူပြင်းသောနေရောင်အောက်တွင် ပင်ပန်းစွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

၂။ ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ။ အရိပ်ရအေးမြသည့် နေရာများတွင် မကြာခဏအနားယူပါ။

၃။ အဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

# မြေအောက်ရေဥပဒေ ပြုစုရာတွင်

## မောင်ကျေးရေ

မြန်မာနိုင်ငံတွင် မြေအောက်ရေကို ရှေးမြန်မာမင်းများလက်ထက်ကတည်းက အသုံးပြုလာခဲ့၏။ ရန်ကုန်မြို့တွင် မြေအောက်ရေကို သာယာဝတီမင်းလက်ထက် ၁၈၄၂ ခုနှစ်က စတင်သုံးစွဲခဲ့သည်။ အင်္ဂလိပ်လက်ထက်တွင် ရန်ကုန်မြို့ နယ်နိမိတ်အတွင်း မြေအောက်ရေထုတ်ယူသုံးစွဲရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းပြီး ဥပဒေအတိုင်း လိုက်နာအသုံးပြုကြသည်။ ၁၉၈၈ ခုနှစ် အရေးအခင်း မတိုင်ခင်အထိ ဥပဒေ၊ နည်းဥပဒေများ သက်ဝင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ် အရေးအခင်းကာလနောက်ပိုင်း မြေအောက်ရေကို ကျယ်ကျယ်ပြန့်ပြန့်၊ နေရာအရပ်ဒေသအနှံ့ တူးချင်သလို တူးဖော်ထုတ်ယူသုံးစွဲနေကြသည်။တစ်နိုင်ငံလုံးအတိုင်းအတာ လွှမ်းခြုံသည့် မြေအောက်ရေ ဥပဒေမရှိ၊ မြေအောက်ရေအသုံးပြုလိုသူ၊ တူးဖော်ပေးသူများ(တွင်းသမားများ)သည် မည်သည့် တူးဖော်ခွင့်လိုင်စင်မျှ တောင်းခံစရာမလို၊ တူးချင်သည့်နေရာ တူးကြသည်။ မြေအောက်ရေ ဇလဘူမိဗေဒပညာရှင်လည်းမပါ၊ တွင်းသမားနှင့်သာ၊ အချို့သော သတ္တုထုတ်လုပ်နေသည့် နေရာအတော်များများ၏ အနီးပတ်ဝန်းကျင်တစ်ဝိုက်ရှိ စက်ရေတွင်းများက မြေအောက်ရေ၊ မြစ်ရေ၊ ချောင်းရေများသည် သောက်သုံးရေ၊ စိုက်ပျိုးရေအဖြစ်သုံးစွဲ၍ မရသည့် အခြေအနေရောက်နေသည်။ သတ္တုတွင်းမှ စွန့်ပစ်လိုက်သည့် သတ္တုဓာတ်များ ပျော်ဝင်နေသော ရေဆိုးများသည်လည်း မြေအောက်ရေထဲသို့ စိမ့်ဝင်သွားပြီး အဆိပ်အတောက်ဖြစ်စေသောကြောင့် ဖြစ်သည်။ (ဥပမာ၊ လက်ပန်းတောင်းတောင် သတ္တုထုတ်လုပ်နေသည့် နေရာဒေသ)

မြေအောက်ရေဆိုသည်မှာ မျက်နှာပြင်အောက်တွင် မြေလွှာ (သဲ၊ ကျောက်စရစ်)အတွင်း၌သော်လည်းကောင်း၊ ကျောက်လွှာကြားများအတွင်း၌သော်လည်းကောင်း၊ စိမ့်ဝင်ခိုအောင်းနေသော ရေဖြစ်ပါသည်။ လုံလောက်သော ရေပမာဏထုတ်ယူရရှိနိုင်သည့် အလွှာကို မြေအောက်ရေအောင်းလွှာဟု ခေါ်သည်။ နေရာဒေသ၏မြေမျက်နှာသွင်ပြင်၊ ပထဝီအနေအထား၊ ဘူမိဗေဒ၊ ဇလဘူမိဗေဒ အနေအထားအလိုက် အတိမ်အနက် အရွယ်အစားပမာဏ ကွဲပြားခြားနားစွာ ဖြစ်တည်နေသည်။

စက်ရေတွင်းဆိုသည်မှာ မြေလွှာကို ထိုးဖောက်နိုင်သည့် စက်အင်အား၊ လူအင်အား၊ တွင်းတူးပိုက်တို့ကို အသုံးပြု၍လူ၏စီမံခန့်ခွဲမှုဖြင့် တွင်းပေါက်ဖောက်ပါသည်။ ရေအောင်းသဲလွှာတွေ့ပါက ရေထုတ်ယူမည့်ပိုက် အောက်ပိုင်းကိုပိတ်ပြီး ရေဝင်ဆန်ခါပေါက်ပါသော ပိုက်နှင့်အတူ တွဲဆက်ထားသည့် ပိုက်များချကာ ရေတင်စက်အင်အားဖြင့် မြေအောက်ရေကို မြေပေါ်သို့ စုပ်တင်ရသည်။ ရေထုတ်ပိုက်ကို ပီဗွီစီပိုက် (သို့) သံချေးမတက်သော သံမဏိပိုက်ကို အသုံးပြုကြပါသည်။ (စက်ရေတွင်းအနက်ပေမှာ ရေအောင်းလွှာ၏ အတိမ်အနက်ပေါ်မူတည်၏)။ အခြေခံအားဖြင့် မြန်မာနိုင်ငံတွင် ပျမ်းမျှအနက်ပေ ၆၀ ဝန်းကျင်အောက်နက်သော တွင်း (သို့) ရေငင်ပုံးဖြင့် ရေတင်ယူ၍ မရသောတွင်း၊ စက်အင်အားဖြင့် ရေတင်ရသောတွင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် လူအများစု(အချို့သော အင်ဂျင်နီယာများ အပါအဝင်)သည် စက်တူးတွင်းကို အဝီစိတွင်းဟု ယခုအထိ ခေါ်ဆိုနေပါသေးသည်။ (၁၉၈၀ ပြည့် လွန်နှစ်များမှစ၍ စက်ရေတွင်းဟု ခေါ်ဆိုရန်ထိုစဉ်က ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံ မြေအောက်ရေနှင့် သုတေသနအဖွဲ့ကော်မတီက သတ်မှတ်ထားပြီး ဖြစ်ပါသည်။ ထိုစဉ်က စာရေးသူသည် ကျေးရွာရေရရှိရေးဌာနခွဲ၊ စက်မှုလယ်ယာဦးစီးဌာနတွင် ဇလဘူမိဗေဒပညာရှင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့၏)

**မြေအောက်ရေကိုထုတ်ယူသုံးစွဲနေသူများ၊ လုပ်ငန်းဌာနများ**

အိမ်သုံးရေ၊ မြို့ရေပေးဝေရေး၊ မြို့တော်စည်ပင်၊ စိုက်ပျိုးရေး၊ ဥယျာဉ်ခြံမြေသုံး၊ ကျေးလက်ဒေသသုံး၊ ကုန်ထုတ်စက်မှုလုပ်ငန်းသုံး၊ ငါးမွေးမြူရေးခြံလုပ်ငန်းသုံး၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း တို့ဖြစ်ကြသည်။ (အထက်ပါ လုပ်ငန်းများ၏ ရေသုံးစွဲမှု အနေအထား၊ ပမာဏ၊ မတူညီပါ)။

**စက်ရေတွင်းတူးဖော်ထုတ်လုပ်သူ၊ အဖွဲ့အစည်း၊ ကုမ္ပဏီများ**

မြေအောက်ရေတူးဖော်ဖြန့်ဝေပေးသည့် အဓိကဌာနများမှာ မြေအောက်ရေဌာနခွဲ (ဆည်မြောင်းနှင့် မြေအောက်ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာန)၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ရေပေးရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးကော်ပိုရေးရှင်း၊ စက်ရေတွင်း တူးဖော်သည့် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ကန်ထရိုက်များ၊ ကုမ္ပဏီများ၊ အင်န်ဂျီအိုများ။

**မြေအောက်ရေဥပဒေ**

မြေအောက်ရေဥပဒေတွင် အတည်ပြုပြဋ္ဌာန်းရန် အကြောင်းခြင်းရာ အချက်အလက် များစွာပါဝင်သည်။ မြေအောက်ရေထုတ်ပေးသူ၊ သုံးစွဲသူ၊ ပညာရှင်နှင့် ပညာရပ်ဆိုင်ရာအခေါ်အဝေါ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ မြေအောက်ရေ ဖြည့်တင်းခြင်း၊ ထုတ်ယူခြင်း၊ စီးဆင်းခြင်းများ သဟဇာတဖြစ်စေရေး၊ မြေပေါ်ရေနှင့် ဆက်နွယ်နေမှု၊ မြေအောက်ရေခိုအောင်းရာ အကျယ်အဝန်း၊ နယ်နိမိတ်တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ စိတ်ချစွာ ထုတ်ယူနိုင်သော မြေအောက်ရေပမာဏနှင့် အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းအကြောင်း အချက်များ မတူကွဲပြားသော မြေအောက်ရေဆိုင်ရာ အချက်အလက်များ၊ ကာကွယ်သည့် စည်းမျဉ်းစည်းကမ်း၊ အမိန့်အာဏာ၊ မြေအောက်ရေဥပဒေသည် ပြည်နယ်တစ်ခုနှင့်တစ်ခု၊ နယ်မြေဒေသတစ်ခုနှင့်တစ်ခု မတူကွဲပြားခြင်းများ ရှိနိုင်ပါသည်။

**မြေအောက်ရေဥပဒေ ပြဋ္ဌာန်းအသုံးပြုနေသည့် အိမ်နီးနားချင်းနိုင်ငံများ**

အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ပါကစ္စတန်၊ စင်ကာပူ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို တို့ဖြစ်ကြသည်။

**မြန်မာနိုင်ငံ မြေအောက်ရေဥပဒေ**

ယနေ့အထိ တစ်နိုင်ငံလုံးအတိုင်းအတာလွှမ်းခြုံသည့် မြေအောက်ရေနှင့် စက်ရေတွင်းဆိုင်ရာဥပဒေ ထွက်ပေါ်မလာသေးပေ။ ယခင်ကရှိခဲ့ပြီးသော ရန်ကုန်မြို့ မြေအောက်ရေဥပဒေနှင့် အစိုးရဌာနများ၊ အဖွဲ့အစည်းများက မိမိတို့ကဏ္ဍအလိုက် ရေးသားထားသည်များ (စာရေးသူ လေ့လာမှတ်သားထားသည်များ)မှာ -

(၁) The Underground Water Act (Burma Act IV,1930) (21st June 1930) Area covered – Rangoon, Hanthawaddy and Insein; and The Underground Water Rules (27th Sept 1941); Displayed –Burma Gazette (Oct 4. 1941) ရန်ကုန်မြို့၏ မြေအောက်ရေဆိုင်ရာ အက်ဥပဒေ၊ နည်းဥပဒေများကို ၁၉၃၀ ပြည့်နှစ်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ၁၉၄၁ ခုနှစ်တွင် ပြန်လည်ပြင်ဆင်သည့် ဥပဒေ၊ နည်းဥပဒေများကို ထုတ်ပြန်ခဲ့သည်။

(၂) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက မြေအောက်ရေကြီးကြပ်မှု ဥပဒေ (အသစ်ပြန်လည်ရေးဆွဲရန် အဆိုပြုသည့်ဥပဒေ) (ရှေ့နေချုပ်ရုံးသို့ ၂၀၀၆ ခုနှစ်တွင် တင်ပြခဲ့၏။) (အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ ရှေ့နေချုပ်ရုံးမှ-၂၆. ၁. ၁၆ တွင် AGO ၏ အကြံပြုချက်နှင့် AGO ညွှန်ချုပ် ပြင်ဆင်တည်းဖြတ်ပေးသည့် (ဆဋ္ဌမ မူကြမ်း)

(၃) ယခင် အစိုးရလက်ထက် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြ၊ အခြေခံဌာနက မြေအောက်ရေကြီးကြပ်ထိန်းသိမ်းရေးဥပဒေကို ပြုစုပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခဲ့၏။

(၄) ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကျန်းမာရေးအရာရှိ (အငြိမ်းစား) (ယခင်က ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (အငြိမ်းစား) တစ်ဦးပြုစုထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံ ရေသယံဇာတဥပဒေ၊ ၂၀၁၅ မူကြမ်း။ (ထိုမူကြမ်း ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်က NWRC အတွင်းရေးမှူးထံ တင်ပြခဲ့)။

(၅) Chairperson, Advisory Group, National water Resources Committee ပြုစုသော OUTLINES OF NATIONAL WATER LAWS OF MYANMAR (For Amendments, Updating and Additions) TOPICS AND SUBTOPICS (tentative) November 2015 [Aim and Objective: Unified National Water Law System and National Water Authory]

(၆) အကြီးတန်းအင်ဂျင်နီယာ (ရေဆိုးစွန့်ပစ်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်း ရေးပညာရှင်)ပြုစုပြီး၊ MES – WATSAN TD နှင့် အဖွဲ့ဝင်များသို့ ပေးပို့ထားသော တစ်နိုင်ငံလုံး မြေအောက်ရေစုပ်ယူသုံးစွဲမှုအကျိုးအမြတ်သုံးသပ်ချက်နှင့် စွန့်ပစ်ရေစွန့်ထုတ်မှု အစီအမံနှင့်စပ်လျဉ်း၍အကြံပြုချက်(မူကြမ်း) (၀၄-၁၀-၁၆) တို့ဖြစ်ပါသည်။

(၇) စာရေးသူအကြံပေးအဖွဲ့ (မြန်မာနိုင်ငံ ရေအရင်းအမြစ်ကော်မတီ) သို့ ရေးသားပေးပို့ခဲ့သော မြေအောက်ရေဥပဒေဆိုင်ရာ စာသားအကြောင်းခြင်းရာများ။

အထက်ဖော်ပြပါ အပိုဒ်(၂)မှ (၇)အထိသည် ယနေ့အထိ ဆက်လက်ဆွေးနွေးအကောင်အထည်ဖော်ခြင်းများ မဖြစ်ပေါ်လာသေးပါ။ မပြီးသေးသော ပန်းချီကားတစ်ချပ် ဖြစ်နေပါသည်။

**မြေအောက်ရေနှင့် စက်ရေတွင်းများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲပြုစုရာတွင် ပါဝင်သင့်သူများ**

ပညာရပ်နှင့် လုပ်ငန်းဆိုင်ရာအတွေ့အကြုံရှိသော အငြိမ်းစားပညာရှင်များ၊ မြေအောက်ရေဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးက စီမံအုပ်ချုပ်သူများ၊ ပညာရှင်များပါဝင်သည့် ဥပဒေရေးဆွဲရေးကော်မတီ အဖွဲ့အစည်းတစ်ခုကို တစ်ဖက်ပါပညာရှင်၊ အင်ဂျင်နီယာ၊ အရာရှိ၊ ဥပဒေပညာရှင်များ ပါဝင်ဖွဲ့စည်းသင့်သည်။

(၁) မြေအောက်ရေပညာရှင် (ဇလဘူမိဗေဒပညာရှင်)
(၂) စက်ရေတွင်းတူးအင်ဂျင်နီယာ
(၃) ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအင်ဂျင်နီယာ
(၄) မြေအောက်ရေကြီးကြပ်ရေးအရာရှိ၊ စီမံခန့်ခွဲရေးအရာရှိ
(၅) ပြည်သူ့ကျန်းမာရေးအရာရှိ (ဆရာဝန်)
(၆) ဥပဒေပညာရှင်

**မြေအောက်ရေနှင့် စက်ရေတွင်းများဆိုင်ရာဥပဒေ၊ နည်းဥပဒေများ ပြုစုရေးဆွဲရာတွင် အခြေခံပါဝင်သင့်သည်များ**

- မြေအောက်ရေနှင့် စက်ရေတွင်းဆိုင်ရာ ကြီးကြပ်ရေးအရာရှိ၊ မြေအောက်ရေပညာရှင်၊ ဇလဘူမိဗေဒပညာရှင်၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအင်ဂျင်နီယာ၊ ရေဆိုးစွန့်ပစ်၊ စစ်ဆေးရေးအရာရှိ၊ ပြည်သူ့ကျန်းမာရေးအရာရှိ
- မြေအောက်ရေနှင့် စက်ရေတွင်းများဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ အခေါ်အဝေါ်များ။
- ပညာရှင်များ၊ ပညာရပ်များနှင့် သက်ဆိုင်သည့်ဥပဒေ၊ နည်းဥပဒေများ။
- နည်းပညာဆိုင်ရာဥပဒေ၊ နည်းဥပဒေ။
- သုံးစွဲသူများ (အိမ်၊ စက်ရုံ၊ အလုပ်ရုံ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကဏ္ဍမျိုးစုံ)အတွက် ဥပဒေ၊ နည်းဥပဒေများ။
- ထုတ်လုပ်သူများအတွက် ဥပဒေ၊ နည်းဥပဒေများ။
- ကြီးကြပ်ထိန်းသိမ်းသူ၊ စစ်ဆေးသူ၊ အဖွဲ့အစည်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များဆိုင်ရာ ဥပဒေ။
- မြေအောက်ရေ သုံးစွဲခွင့်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ။
- မြေအောက်ရေ အရည်အသွေးဆိုင်ရာ ဥပဒေများ။
- မြေအောက်ရေဝင်၊ ရေထွက်ဆိုင်ရာ ဥပဒေ။
- မြေအောက်ရေအောင်းလွှာစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ။
- မြေအောက်ရေနှင့် စက်ရေတွင်းဆိုင်ရာ မှတ်တမ်းအချက်အလက်များစုစည်း၊ သုတေသနပြုမှုဆိုင်ရာ ဥပဒေ။
- ဘဏ္ဍာငွေကြေးဆိုင်ရာ ဥပဒေ။
- ရေခွန်ကောက်ခံခြင်းဆိုင်ရာ ဥပဒေ။
- မြေအောက်ရေသုံးစွဲမှုဆိုင်ရာ အခွန်အကောက်ဥပဒေ၊ နည်းဥပဒေ။
- မြေအောက်ရေနှင့် ဆက်နွယ်နေသော လူနှင့် ပတ်ဝန်းကျင်ဆိုင်ရာဥပဒေ။
- မြေအောက်ရေအရည်အသွေးမညစ်နွမ်းစေရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ။
- နယ်စပ်ဒေသ မြေအောက်ရေအောင်းလွှာ၊ ချိုင့်ဝှမ်းဆိုင်ရာ ဥပဒေ။ (ဥပဒေများသည် နယ်မြေဒေသ၊ ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် မတူညီမှုများလည်း ရှိနိုင်ပါသည်)။

အိုးအိမ်ဦးစီးဌာန မြေအောက်ရေဌာနခွဲ (ဆည်မြောင်းနှင့် မြေအောက်ရေစီမံခန့်ခွဲမှုဦးစီးဌာန)စသည့် မြေအောက်ရေကို ထုတ်ယူပေးသည့် ဌာနများသည် မိမိတို့ဌာနအလိုက် အသုံးပြုနေသည့် အခြေအနေ၊ အနေအထားကို အခြေခံပြီး ဥပဒေများရေးဆွဲနေကြသည်။ မြေအောက်ရေသုံးစွဲသည့်ဌာနများ စုပေါင်းပြီး အဖွဲ့အစည်းတစ်ခုအနေဖြင့် ရေးဆွဲပါက ပိုမိုကောင်းမွန်သော ဥပဒေတစ်ခု ထွက်ပေါ်လာမည်။

မြေအောက်ရေသည် တစ်ခုတည်းသာရှိ၏။ သုံးစွဲမှုကဏ္ဍအလိုက် မြေအောက်ရေသုံးစွဲသည့် ပမာဏ၊ နေရာဒေသဆိုင်ရာ အချက်အလက်များ မတူခြင်းသာ ဖြစ်သည်။

**ယနေ့အခြေအနေနှင့် အကြံပြုချက်**

ရေရရှိရေး၊ ရေပေးဝေရေး၊ ရေထုတ်ယူရေး၊ ရေသုံးစွဲသူများသည် မိမိသဘောအလျောက် လိုသလိုထုတ်ယူနေကြခြင်းများကို ထိန်းချုပ်ရမည့် အချိန်ရောက်နေပါပြီ။ မြေအောက်ရေထုတ်ယူသုံးစွဲခြင်း၊ ပြန်လည်ဖြည့်တင်းခြင်း နည်းပညာ၊ ပြုပြင်ထိန်းသိမ်းခြင်း နည်းပညာ၊ အသိပညာ၊ အတတ်ပညာပေးရေးဆိုင်ရာများ၊ ရေအလေအလွင့် လျော့ပါးရေး၊ မြေအောက်ရေ အရည်အသွေးကောင်းမွန်နေစေရေး၊ စွန့်ပစ်ပစ္စည်းများကြောင့် မြေအောက်ရေ မညစ်ညမ်းစေရေးများ အထူးလိုအပ်နေပါသည်။ ပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရမည် ဖြစ်သည်။ရှိသင့်ရှိထိုက်သော မြေအောက်ရေဆိုင်ရာ၊ ဥပဒေ၊ နည်းဥပဒေများကို နည်းပညာပိုင်းဆိုင်ရာ၊ အတတ်ပညာပိုင်းဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာများကို အခြေခံ၍ ခေတ်ကာလနှင့်အညီ တစ်နိုင်ငံလုံးအတွက် မြန်မာနိုင်ငံ မြေအောက်ရေနှင့် စက်ရေတွင်းများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို အမြန်ဆုံးပြုစုပြီး ဥပဒေနှင့်အညီ မြေအောက်ရေကို အကျိုးရှိစွာ စနစ်တကျသုံးဆောင်စေသင့်ပြီ။

မြေအောက်ရေဥပဒေ ပြုစုရေးလုပ်ငန်းများ အမှန်တကယ် အကောင်အထည်ဖော်အောင်မြင်ရေး အထက်ဖော်ပြပါ အကြံပြုချက်များကို ရေးသားဖော်ပြအပ်ပါသည်။ ။

# ပြည်သူလူထု၏ ကျန်းမာရေးအသိပညာမြင့်မားရေးကို အထူးဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိ

**ရန်ကုန် မေ ၂၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအသိပညာမြင့်မားရေးကို အထူးဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရွှင်ရယ်ဟသ်ာဟိုတယ်၌ မေ ၂၀ ရက်က မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပသည့် အာဆီယံမြို့ကြီးများ၌ HIV ကင်းစင်ရေး ဒေသဆိုင်ရာအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။



အခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက HIV/AIDS ရောဂါသည် နိုင်ငံများအားလုံး လက်တွဲပူးပေါင်းကြိုးပမ်းအားထုတ်မှုကြောင့် အောင်မြင်မှုများ သိသာစွာရရှိနေသော်လည်း မိမိတို့အနေဖြင့် ကျေနပ်နှစ်သိမ့်ရောင့်ရဲမနေသင့်ဘဲ ရောဂါ၏သဘာဝနှင့် ရောဂါဖြစ်ပွားမှုအခြေအနေကို ရှုထောင့်ပေါင်းစုံမှ သတိမပြတ် ဆက်လက်စောင့်ကြည့်ရန် လိုအပ်ကြောင်း၊ စုံစမ်းထောက်လှမ်းသော်လည်း မတွေ့ရှိဘဲ ပုန်းကွယ်နေသည့် လူနာများ ရှိနေနိုင်ကြောင်း၊ အာဆီယံနိုင်ငံများ၏ မြို့တော်များတွင် HIV /AIDS ကင်းစင်ရေးစီမံချက်( ASEAN Cities Getting to Zero (G2Z) Project)ကို HIV ပိုး ကူးစက်ခံရသူ အသစ်မရှိရေး၊ HIV/AIDS နှင့်ပတ်သက်၍ ခွဲခြားဆက်ဆံမှု လုံးဝမရှိရေးနှင့် AIDS ရောဂါဖြင့် သေဆုံးသူမရှိရေး စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၁၁ ခုနှစ်မှ စတင်၍ ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို အကျိုးရှိ ထိရောက်စွာဖြင့် အာဆီယံမြို့တော်များ၌ အရှိန်အဟုန်မြင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း။

HIV/AIDS ရောဂါသည် ပြည်သူ့ကျန်းမာရေး အန္တရာယ်အဖြစ်မှ အဆုံးသတ်ရပ်တန့်နိုင်ရေးအတွက် လက်တွေ့ကျသော လုပ်ငန်းစဉ်များ၊ စီမံချက်များချမှတ်ဆောင်ရွက်နေကြောင်း၊ ယခုအစည်းအဝေးကြီး ဖြစ်မြောက်အောင် ADB မှ တစ်ဆင့် ထောက်ပံ့ကူညီပေးသည့် Japan Fund for Poverty Reduction အဖွဲ့၊ UNOPS၊ UNAIDS နှင့် UNICEF အဖွဲ့တို့ကို အသိအမှတ်ပြု မှတ်တမ်းတင်ပါကြောင်း၊ ၂၀၁၆ ခုနှစ် ဇွန်လက အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပသော ကုလသမဂ္ဂ အထွေထွေညီလာခံ၏ Ending AIDS အဆင့်မြင့်အစည်းအဝေးတွင် မြန်မာနိုင်ငံအနေဖြင့် ထုတ်ပြန်ချက်တစ်ရပ်ပြုလုပ်ခဲ့ရာ၌ AIDS ရောဂါကို ၂၀၃၀ ပြည့်နှစ်၌ အဆုံးသတ် ရပ်တန့်ရေးအတွက် တုံ့ပြန်ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးသည် အဓိကသော့ချက်တစ်ခုဖြစ်ကြောင်း၊ HIV နှင့်စပ်လျဉ်းသော ဝန်ဆောင်မှုများ လက်လှမ်းမီရရှိရေးတွင် ပိတ်ပင်ဟန့်တားနေသည့် ဥပဒေများ၊ မူဝါဒများ ဖယ်ရှားရေးလုပ်ငန်းများကို အပြည့်အဝ ထောက်ခံပါကြောင်း၊ ယခုအချိန်ထိ မြန်မာနိုင်ငံရှိ မော်လမြိုင်မြို့ အပါအဝင် အာဆီယံနိုင်ငံ ရှစ်နိုင်ငံရှိ မြို့ကြီး ၅၀ ၌ G2Z စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ဘားအံမြို့နှင့် မြဝတီမြို့တို့၌လည်း တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

မည်သည့်ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင်မဆို ကျန်းမာရေးဝန်ဆောင်မှုပေးသူ၊ ဝန်ဆောင်မှုရယူသောပြည်သူလူထုနှင့် ဖြစ်တည်နေသော ပတ်ဝန်းကျင်အခြေအနေတို့သည် အဓိကအကျဆုံးဖြစ်ပြီး ဝန်ဆောင်မှုရယူသော ပြည်သူလူထု၏ ကျန်းမာရေးအသိပညာသည် အရေးအကြီးဆုံးဖြစ်ကြောင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့်လည်း ပြည်သူလူထု၏ ကျန်းမာရေးအသိပညာမြင့်မားရေးကို အထူးဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

အခမ်းအနားသို့ အာဆီယံ အရှေ့တောင်အာရှ ရှစ်နိုင်ငံမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ၊ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးဌာနမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူထုအခြေပြု အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ **နိုင်လင်းကြည်**

# သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်ကွယ်လွန်ခြင်း လေးနှစ်ပြည့်အထိမ်းအမှတ် မန္တလေးမြို့၌ ကျင်းပ

**မန္တလေး မေ ၂၁**

သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင် ကွယ်လွန်ခြင်း လေးနှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကို မေ ၂၁ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ အမရပူရမြို့နယ် တောင်သမန်အင်းစောင်းရှိ တောင်လေးလုံးကျောင်းတိုက် သူဌေးဘုရားရင်ပြင်တော်၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားသို့ မန္တလေးမြို့မှ သတင်းစာဆရာကြီးများ၊ စာရေးဆရာကြီးများ၊ ကဗျာဆရာများ၊ ဆရာကြီး ဦးဝင်းတင်အား ကြည်ညိုလေးစားသော ပုဂ္ဂိုလ်များနှင့် သတင်းမီဒီယာသမားများ တက်ရောက်ခဲ့ကြသည်။ သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင်အား ဂုဏ်ပြုသောအားဖြင့် တက်ရောက်လာသူများက တစ်မိနစ်ငြိမ်သက်ပြီးနောက် အခမ်းအနားကို စတင်ခဲ့ရာ တက်ရောက်လာသည့် ဆရာကြီးများက အောက်မေ့ဖွယ် အမှတ်တရစကားများ ပြောကြားခဲ့သည်။

"သူ့ရဲ့ခံယူချက်ကတော့ လူထုဦးလှ၊ လူထုဒေါ်အမာတို့နဲ့ အတူတူပဲ၊ စေတနာမှန်ရမယ်၊ ယုံကြည်ချက်ခိုင်မာရမယ်၊ ဒီခံယူချက်တွေအတိုင်း သူအလုပ်လုပ်သွားတယ်၊ နိုင်ငံရေးအလုပ်ကို ဦးကျိုးမခံဆောင်ရွက်သွားလို့ သံမဏိလူသားလို့ ပြောလို့ရတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ သတင်းစာသမားပီသစွာ နေထိုင်သွားခဲ့တယ်၊ ပရဟိတစိတ်ကလည်း သူရသမ္မလစာကို ထောက်ပံ့ကူညီနေတာပဲ၊ သာမန်လူ မလုပ်နိုင်ပါဘူး၊ ဒါကြောင့် ကောင်းသောဘုံဘဝမှာ ရောက်ရှိနေမယ်လို့ ယုံကြည်နေပါတယ်"ဟု သတင်းစာဆရာကြီး မောင်သစ်လွင်(လူထု)က ပြောသည်။

၎င်းအပြင် အဆိုပါအခမ်းအနားသို့ တက်ရောက်လာသည့် စာရေးဆရာ ညီပုလေးကလည်း "ဒီလိုလူမျိုးက နောင်မှာ ပေါ်လာဖို့မလွယ်ဘူး၊ အနုပညာဘက်မှာရော၊ သတင်းစာပညာမှာရော စွယ်စုံရတယ်၊ ပြည်သူလူထုအပေါ်ထားတဲ့ စေတနာရော၊ အနစ်နာခံတာရော ဒီလိုပုဂ္ဂိုလ်မျိုးက ရှားတယ်၊ လူထုအတွက် ကိုယ်ကျိုးစွန့်ပြီး ထောင်ထဲမှာ နှစ်အကြာကြီး နေခဲ့ရတယ်၊ လူထုကလည်း သူ့ကို ချစ်သလို သူကလည်း ပြည်သူကို ချစ်တယ်၊ ကျွန်တော် အခက်အခဲအကျပ်အတည်းကြုံတိုင်း ဆရာကြီးရယ်၊ အမေရယ်၊ ဆရာဒေါက်တာသန်းထွန်းရယ်ကို သတိရမိတယ်" ဟု အမှတ်တရစကား ပြောကြားခဲ့သည်။

ဆရာကြီး ဟံသာဝတီ ဦးဝင်းတင်ကို ၁၉၃၀ ပြည့်နှစ် မတ် ၁၂ ရက်တွင် ကြို့ပင်ကောက်မြို့၌ အဘ ဦးပု၊ အမိ ဒေါ်အမာတို့က မွေးဖွားခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီအေဝိဇ္ဇာဘွဲ့ ရရှိခဲ့ကြောင်း၊ AFP အယ်ဒီတာ၊ စာပေဗိမာန်မဂ္ဂဇင်း လက်ထောက်အယ်ဒီတာ၊ ကြေးမုံသတင်းစာအယ်ဒီတာ၊ ပြည်သူ့အိုးဝေ တာဝန်ခံ အယ်ဒီတာ တာဝန်များ ယူခဲ့ပြီး ၁၉၆၈ ခုနှစ်မှ ၁၉၇၈ ခုနှစ်ထိ မန္တလေးမြို့တွင် ထုတ်ဝေသည့် ဟံသာဝတီ သတင်းစာတွင် အယ်ဒီတာချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ၁၉၈၈ ခုနှစ်တွင် စာနယ်ဇင်းသမဂ္ဂ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ကာ ၁၉၈၉ ခုနှစ်မှ ၂၀၀၈ ခုနှစ်ထိ အင်းစိန်ထောင်တွင် ထိန်းသိမ်းခံခဲ့ရ ကြောင်း၊ ဆရာကြီးအား ကမ္ဘာ့အဖွဲ့အစည်းများမှ ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပြင်သစ်နိုင်ငံမှ လမ်းတစ်ခုကိုလည်း "ဝင်းတင်"လမ်းဟု ဂုဏ်ပြုအမည်ပေးထားကြောင်း သိရပြီး ၂၀၁၄ ခုနှစ် ဧပြီ ၂၁ ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ခဲ့ကြောင်း သိရသည်။

သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင် ကွယ်လွန်ခြင်း လေးနှစ်ပြည့် အခမ်းအနားကျင်းပရာ တောင်လေးလုံးကျောင်းတိုက်အတွင်း ဆရာကြီးရေးသားခဲ့သော စာအုပ်များ၊ ဆရာကြီးဖြတ်သန်းခဲ့သည့် ဘဝပုံရိပ်ဓာတ်ပုံနှင့် ပန်းချီကားများ ပြသထားပြီး ဇာတိမာန် ကလေးသတင်းစာကို အခမဲ့ထုတ်ဝေ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြို့နယ်အဆင့် ဒုတိယတန်း သင်ရိုးသစ်သင်တန်း ဖွင့်လှစ်

**ရန်ကုန် မေ ၂၁**

ရန်ကုန်မြောက်ပိုင်းခရိုင် ပညာရေးမှူးရုံးက ကြီးမှူးဖွင့်လှစ်သော မြို့နယ်အဆင့် ဒုတိယတန်း သင်ရိုးသစ် သင်တန်းဖွင့်ပွဲကို အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဧရာဝတီခန်းမဆောင်၌ မေ ၁၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် လာမည့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ဒုတိယတန်း သင်ရိုးသစ် ပြောင်းလဲမည်ဖြစ်သည့်အတွက် သင်တန်းသား အလယ်တန်းပြ၊ မူလတန်းပြ ဆရာ ဆရာမများကို တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(ပညာ) ဒေါ်မြင့်မြင့်ခိုင်က အမှာစကားပြောကြားခဲ့ပြီး သင်ရိုးဆိုင်ရာ သင်တန်းနှင့် စပ်လျဉ်းသည့် အချက်အလက်များကို သင်တန်းမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးသန်း(စီမံကိန်း-ကြီးကြပ်အကဲဖြတ်)က ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသား အလယ်တန်း၊ မူလတန်းသင် ဆရာ ဆရာမ ၆၇၆ ဦး တက်ရောက်ပြီး သင်တန်းနည်းပြ ၆၈ ဦးနှင့် သင်တန်းကြီးကြပ်သူ ခြောက်ဦးတို့က မြို့နယ်အဆင့် ဒုတိယတန်း သင်ရိုးသစ်နှင့် ပတ်သက်၍ သင်ကြားပို့ချဆွေးနွေးကြမည်ဖြစ်ပြီး သင်တန်းကာလမှာ မေ ၁၉ ရက်မှ မေ ၅ ရက်အထိ နှစ်ပတ်ကြာ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိဖြစ်ကြောင်း သိရသည်။

**ညဏ်ဟိန်း**



### ○ တရားမျှတမှုမှ

သုံးနှစ်တာ တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇)ကို အောင်မြင်စွာ အကောင်အထည်ဖော်ပြီးနောက် ငါးနှစ်တာ တရားစီရင်ရေး မဟာဗျူဟာ စီမံကိန်း (၂၀၁၈-၂၀၂၂) ကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တရားစီရင်ရေး မဟာဗျူဟာလုပ်ငန်းစဉ်များ စီမံခန့်ခွဲရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ပြီးလည်းဖြစ်ကြောင်း၊ ယခုအခါ တရားစီရင်ရေးနှင့် တရားရုံးစီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှုများကို ဥပဒေ၊ ကျင့်ထုံး၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ချိန်အတွင်း ပြီးပြတ်အောင် စီရင်ဆုံးဖြတ်ရေး၊ အဂတိတရားကင်းစင်ရေး၊ တရားရုံးသက်သေခံပစ္စည်းများ စနစ်တကျစီမံခန့်ခွဲရေး၊ မှန်ကန်မျှတသော ဝန်ထမ်းရေးရာစီမံခန့်ခွဲရေးတို့ကို အထူးဦးစားပေးလုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များကို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုအဆင့်တို့က အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ကြပ်မတ်ဆောင်ရွက်ရန်အတွက် တာဝန်များ သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း၊ သို့မှသာ တရားစီရင်ရေး၏ ရည်မှန်းချက်ဖြစ်သည့် လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရေးနှင့် တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေ စိုးမိုးမှုမြင့်တင်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတော်၏ အထူးဦးစားပေးလုပ်ငန်းစဉ်များ အောင်မြင်ရေးနှင့် စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

အထူးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားရေးဦးစီးမှူးများ တက်ရောက်ကြသည်။ အဆိုပါ အထူးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

### ❖ ကျောဖုံးမှ

East Coast Heat FC အသင်း၊ အုပ်စု(ခ)တွင် ထိုင်းကလပ် Bangkok BTS FC ၊ မလေးရှားကလပ် Melaka United Soccer Association၊ ဗီယက်နမ်ကလပ် Sanatech Khanh Hoa FC နှင့် အင်ဒိုနီးရှားဖူဆယ်လိဂ်ပြိုင်ပွဲ၏ ဒုတိယရရှိမည့်အသင်းတို့ ပါဝင်နေသည်။ MIC FC အသင်းသည် အုပ်စုပွဲများအဖြစ် ဇူလိုင် ၁၅ ရက်တွင် ဘရူနိုင်းကလပ် Arbisyam FC အသင်း၊ ဇူလိုင် ၁၆ ရက်တွင် ကမ္ဘောဒီးယားကလပ် U.Y.F.C Komchaymear အသင်း၊ ဇူလိုင် ၁၇ ရက်တွင် ဩစတြေးလျကလပ် East Coast Heat FC အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုပွဲများကို ဇူလိုင် ၁၅ ရက်မှ ၁၇ ရက်၊ ဆီမီးဖိုင်နယ်ပွဲများကို ဇူလိုင် ၁၉ ရက်နှင့် တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဇူလိုင် ၂၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ၂၀၁၅ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ယခုနှစ်တွင် အမျိုးသမီးပြိုင်ပွဲမပါဝင်ဘဲ အမျိုးသားပြိုင်ပွဲသာ ကျင်းပမည်ဖြစ်သည်။ ပြီးခဲ့သည့်သုံးကြိမ်တွင် မြန်မာဖူဆယ်အသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမျိုးသားပြိုင်ပွဲတွင် MIC အသင်းက ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်တွင် နှစ်ကြိမ်ဆက်တိုက် တတိယနေရာရခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် PU အသင်းသည် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

MIC အသင်းသည် နောက်ဆုံးအောင်မြင်မှုအဖြစ် မတ်လနှင့် ဧပြီလတွင် ကျင်းပခဲ့သည့် MFF Open Cup ဖူဆယ်ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့သည်။ ယင်းအသင်းကို လူငယ်နည်းပြ ဦးသန်းဝဏ္ဏအောင်က ကိုင်တွယ်နေပြီး လက်ရွေးစင်အဆင့်ကစားသမားအများစုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ဓာတ်ပုံ-စိုးညွှန့်**

### ❂ မြန်မာ ယူ-၂၀ မှ

စိုးမိုးကျော် (အား/ကာသိပ္ပံ)၊ အလယ်တန်း - မြတ်ကောင်းခန့် (ရတနာပုံ)၊ စိုးလွင်လွင် (မကွေး)၊ မြတ်ထွန်းသစ် (မကွေး)၊ ဟိန်းထက်အောင် (ဟံသာဝတီ)၊ လွင်မိုးအောင် (အား/ကာသိပ္ပံ)၊ ရှေ့တန်း - ဝင်းနိုင်ထွန်း (ရတနာပုံ)၊ ဇင်မင်းထွန်း(မကွေး)၊ အောင်ကောင်းမာန်(ဧရာဝတီ)နှင့် ပြည့်စုံနိုင် (ရတနာပုံ) တို့ ပါဝင်ကြသည်။ ယင်းပြိုင်ပွဲတွင် အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု(က) တွင် မြန်မာ၊ ဘရူနိုင်း၊ ထိုင်း၊ တီမော၊ အုပ်စု (ခ)တွင် လာအို၊ စင်ကာပူနှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် မေ ၂၄ ရက်တွင် ထိုင်းအသင်း၊ မေ ၂၇ ရက်တွင် တီမောအသင်း၊ မေ ၃၀ ရက်တွင် ဘရူနိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ မြန်မာ ယူ-၂၀ အသင်းသည် အကြိမ် ၃၀ မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်မှုအဖြစ် ယခုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ **ရှိုင်းထက်ဇော်**

# သတင်းစာဆရာ၊ စာရေးဆရာကြီး ဟံသာဝတီဦးဝင်းတင် ကွယ်လွန်ခြင်း လေးနှစ်ပြည့် အောက်မေ့ဖွယ်ဂုဏ်ပြုအခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် မေ ၂၀**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိ အဖွဲ့ဝင်၊ သတင်းစာဆရာ၊ စာရေးဆရာကြီး ဟံသာဝတီ ဦးဝင်းတင် ကွယ်လွန်ခြင်း လေးနှစ်ပြည့် အောက်မေ့ဖွယ် ဂုဏ်ပြုအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီ (သီရိခန်းမ)၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုပြီး ဒီမိုကရေစီအရေးတော်ပုံ အဆက်ဆက်တွင် အသက်ပေးသွားခဲ့ကြသည့် ရဟန်းရှင်လူ ကျောင်းသား ပြည်သူအပေါင်းနှင့် ဟံသာဝတီဦးဝင်းတင်အား အောက်မေ့သတိရ ဂုဏ်ပြုသောအားဖြင့် ရှစ်စက္ကန့်ငြိမ်သက်ကြသည်။

ထို့နောက် ဆရာကြီး ဟံသာဝတီ ဦးဝင်းတင်၏ အတ္ထုပ္ပတ္တိ အကျဉ်းနှင့် ကွယ်လွန်ခြင်းလေးနှစ်ပြည့် အခမ်းအနားကျင်းပရခြင်းအကြောင်းတို့ကို ဟံသာဝတီဦးဝင်းတင် ဖောင်ဒေးရှင်းမှ တာဝန်ရှိသူတို့က ဖတ်ကြားကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဂုဏ်ပြုအမှတ်တရစကားပြောကြားရာတွင် "ဂုဏ်ပြုထိုက်သူတွေကို ဂုဏ်ပြုဖို့ လိုအပ်ပါတယ်၊ ကျွန်တော်တို့အားလုံးရဲ့ရင်ထဲမှာ ဘဘဟံသာဝတီဦးဝင်းတင်ရဲ့ စိတ်ဓာတ်တွေ၊ ခွန်အားတွေ၊ သူ့ရဲ့ယုံကြည်ချက်တွေဟာ စဉ်ဆက်မပြတ် ကိန်းအောင်းနေမယ်လို့ ယုံကြည်ပါတယ်၊ ကျွန်တော်တို့ဟာ အခုအချိန် နိုင်ငံတော်တာဝန်တွေကို တာဝန်ယူဆောင်ရွက်တဲ့နေရာမှာ ဘဘရဲ့ သင်ကြားပေးမှုတွေ၊ လမ်းညွှန်ပြသခဲ့မှုတွေက ကျွန်တော်တို့အတွက် ကောင်းမြတ်တဲ့ ရည်မှန်းချက်တွေအတွက် ဆောင်ရွက်သွားနိုင်ဖို့ ခွန်အားတစ်ရပ် ဖြစ်စေခဲ့ပါတယ်၊ လမ်းညွှန်မှုတစ်ရပ် ဖြစ်စေခဲ့ပါတယ်" ဟု ပြောကြားသည်။

ယင်းနောက် ဟံသာဝတီ ဦးဝင်းတင် ဖောင်ဒေးရှင်း နာယကအဖွဲ့ဝင် စာရေးဆရာကြီး ဦးမိုးသူနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုအမှတ်တရစကားများ ပြောကြားခြင်းနှင့် ဂုဏ်ပြုကဗျာရွတ်ဆိုခြင်းတို့ကို ပြုလုပ်ကြပြီး အခမ်းအနားသို့ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက် အဖွဲ့အစည်းများမှပေးပို့သည့် သဝဏ်လွှာများကို ဖတ်ကြားကာ မှတ်တမ်းတင်သည်။

ယနေ့ အခမ်းအနားကို ဟံသာဝတီ ဦးဝင်းတင် ဖောင်ဒေးရှင်းက ကြီးမှူးကျင်းပခြင်းဖြစ်ပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ စာပေအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ၊ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ၊ ဖိတ်ကြားထားသူများနှင့် ဆရာကြီး ဟံသာဝတီဦးဝင်းတင်ကို ချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် တက်ရောက်လာကြသူများက မြောက်ဥက္ကလာပမြို့နယ် ရေဝေးသုသာန်ရှိ ဆရာကြီး ဟံသာဝတီဦးဝင်းတင် အုတ်ဂူသို့ သွားရောက်ကာ ဂါရဝပြုကြပြီး ညနေပိုင်းတွင် ရန်ကုန်မြို့တော်ခန်းမအနီးရှိ မဟာဗန္ဓုလပန်းခြံအတွင်း၌ ဆရာကြီး ဟံသာဝတီဦးဝင်းတင် ကွယ်လွန်ခြင်း လေးနှစ်ပြည့် အောက်မေ့ဖွယ်အထိမ်းအမှတ်အဖြစ် စတုဒိသာကျွေးမွေး လှူဒါန်းခြင်းတို့ကိုလည်း ပြုလုပ်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ- ဇော်ကြီး**

# မြောင်းမြခရိုင် Community Centre ၌ စာပေစကားဝိုင်း ကျင်းပ

**မြောင်းမြ မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီခန့်က စာရေးဆရာထင်လင်း ရေးသားသော "ပေါ်လီယာနာ"ဘာသာပြန်ဝတ္ထုအား အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။



အဆိုပါ စကားဝိုင်းတွင် စာပေချစ်မြတ်နိုးသူများနှင့် Book Club အဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး Book Club အဖွဲ့ ဥက္ကဋ္ဌက ဦးဆောင်ကာ စာရေးဆရာ ထင်လင်း၏ "ပေါ်လီယာနာ"ဘာသာပြန်ဝတ္ထု အပါအဝင် သုတ၊ရသ စာပေများအား အပြန်အလှန်ဆွေးနွေးခဲ့ကြရာ ဆွေးနွေးပွဲသို့ စာပေချစ်သူ ၂၀ တက်ရောက်ခဲ့သည်။

"စာပေစကားဝိုင်းတွေ ကျင်းပပေးတာ ကျွန်တော်တို့အတွက် စာတွေဖတ်ဖြစ်လာတယ်၊ အသိအမြင်တွေ ဖလှယ်ဖြစ်လာတယ်၊ လူမှုဆက်ဆံရေးနယ်ပယ်မှာလည်း အရင်ကထက် ပိုကျယ်ပြန့်လာတယ်"ဟု စာပေစကားဝိုင်းသို့ တက်ရောက်လာသူတစ်ဦးက ပြောသည်။ **မိုးစက်(ပြန်/ဆက်)**

## ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင် ညိုမည်းလာခြင်းတို့ ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

သို့ဖြစ်ပါ၍ အောက်ပါအတိုင်း သတိပြုကာကွယ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၁။ ခရမ်းလွန်ရောင်ခြည် မြင့်မားစွာကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်းတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ရန် လိုအပ်ပါက မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် မျက်နှာ၊ လည်ပင်းနှင့် ပခုံးတို့ပါ လုံခြုံသော ထီး၊ ဦးထုပ် စသည်တို့ကို ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသောလက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့) SPF ၁၅+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်း ထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို ၉၉ ရာခိုင်နှုန်းအထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို တပ်ဆင်သင့်ပါသည်။

၅။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။

၆။ ဆီးချိုရောဂါ၊ နှလုံးရောဂါရှိသူများ၊ အရက်အလွန်အကျွံ သောက်သုံးသူများ၊ ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။

၇။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်အန္တရာယ်၏ ဆိုးကျိုးများကို ပိုမိုထိခိုက်ခံစားရနိုင်သဖြင့် အထူးဂရုပြုကာကွယ်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# မြေဆီလွှာ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း သရုပ်ပြပွဲနှင့် မြေဆီလွှာအာဟာရဓာတ်စစ်ဆေးခြင်း မှတ်တမ်းပေးအပ်

**အင်္ဂပူ မေ ၂၁**

အင်္ဂပူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများ၏ လယ်ယာမြေအတွင်းရှိ မြေဆီလွှာတွင် မြေချဉ်၊ မြေငန်နှင့် ယူရီးယား၊ တီစူပါ ပါဝင်မှုအခြေအနေများကို မှန်မှန်ကန်ကန် သိရှိစေရန်ရည်ရွယ်၍ မြေဆီလွှာများကို လက်တွေ့ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် မြေဆီလွှာ အာဟာရဓာတ်စစ်ဆေးခြင်း မှတ်တမ်းများပေးအပ်ပွဲကို မေ ၂၁ ရက် နံနက် ၉ နာရီက အင်္ဂပူမြို့နယ် ထူးကြီးမြို့ ဝါးနက်တောကျေးရွာရှိ အဆင့်မြင့် လယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်း ရှင်းလင်းဆောင်၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်ညွန့်ညွန့်ဆွေက မြေဆီလွှာ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းများ ပြုလုပ်ရခြင်းအကြောင်းကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး မြေဆီလွှာဓာတ်ခွဲစမ်းသပ်ခြင်း လုပ်ငန်းများကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့သည်။ ထို့နောက် မြို့နယ်သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်တင်အောင်က ပိုးမွှားရောဂါအကြောင်းနှင့် စိုက်ပျိုးရေးဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် တောင်သူများကို မြေဆီလွှာ အာဟာရဓာတ် စစ်ဆေးမှုမှတ်တမ်းများအား ခရိုင်မြေအသုံးချရေးတာဝန်ခံ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ ယင်းနောက် ခရိုင်မြေအသုံးချရေးတာဝန်ခံ ဦးစီးအရာရှိနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သရုပ်ပြပွဲသို့ တက်ရောက်လာသည့် တောင်သူများမှ မြေအသုံးချရေး စမ်းသပ်အကွက်(R T O P) ရိတ်သိမ်းနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်မြေအသုံးချရေး တာဝန်ခံ ဦးစီးအရာရှိ ဒေါ်ညွန့်ညွန့်ဆွေနှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေါ်ဖဲကွင်းကျေးရွာနှင့် ဝါးနက်တောကျေးရွာများမှ တောင်သူများ ၇၅ ဦးခန့် တက်ရောက်ခဲ့ကြောင်းနှင့် မြေဆီလွှာများကို ဓာတ်ခွဲစမ်းသပ်ပေးခြင်းဖြင့် မိမိတို့ လယ်ယာမြေများတွင်ပါဝင်သော မြေချဉ်၊ မြေငန်ပေါ်မူတည်ပြီး ပြုပြင်ရမည့် နည်းလမ်းများ၊ ယူရီးယား၊ တီစူပါ ပါဝင်မှုကိုသိရှိပြီးမြေဆီလွှာအတွင်း ထည့်သွင်းရမည့် အာဟာရဓာတ်များကို ထည့်သွင်းပေးခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ပါက သီးနှံများ အထွက်နှုန်း ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

**မန်းကျော်(ပြန်/ဆက်)**





# လူသားဆန်ပါ ခေါင်းစဉ်ဖြင့် ဂန့်ဂေါတွင် လူငယ်စာဖတ်ဝိုင်းကျင်းပ

**ဂန့်ဂေါ မေ ၂၁**

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတွင် မေ ၂၁ ရက် နံနက် ၈ နာရီမှ ၁၀ နာရီအထိ လူငယ်စာဖတ်ဝိုင်းကျင်းပရာ မြို့ပေါ်ရပ်ကွက်များနှင့် ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက် ကောင်းဆက်သာ မိုဘိုင်း ပညာဒါနသင်တန်းမှ သင်တန်းသား သင်တန်းသူများ ၃၄ ဦးတို့ တက်ရောက်ကြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားကာ စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ စာဖတ်ဝိုင်းတွင် "တစ်ခုတော့ ကျန်ခဲ့မှာပါ" စာအုပ်မှ အမြစ်ကောင်းကောင်း တွယ်ဖို့လိုတယ်၊ လူသား ဆန်ပါ စသည့်ခေါင်းစဉ်များဖြင့် ဖတ်ကြားကြပြီး စာသားပါ အကြောင်းအရာများကို အပြန်အလှန် ဆွေးနွေးကြကြောင်း သိရသည်။

**၄၆၅**

# ရွှေတောင်မြို့နယ် လေဘေးသင့်ပြည်သူများထံ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်

**ပြည် မေ ၂၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်ရှိ သောင်ပြင်ကုန်း၊ ရှားပင်ကုန်းနှင့် ယင်းမူကုန်းကျေးရွာအုပ်စုတို့မှ ကျေးရွာလေးရွာ၌ မေ ၁၈ ရက်နှင့် ၁၉ ရက် ညနေပိုင်းတို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးခဲ့သော လူနေအိမ် အလုံး ၅၀ အတွက် တန်ဖိုးသင့်နှုန်းထားများဖြင့် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် ၁၆၁၇၁၀၀၊ ပြိုလဲနေအိမ်ငါးလုံးအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်းနှင့် အိမ်ထောင်စုဝင် ၁၃ ဦးအတွက် ဆန်ဖိုး ထောက်ပံ့ငွေကျပ် ၂၇၃၀၀၊ ကယ်ဆယ်ရေးပစ္စည်း ၁၄ မျိုး ပလတ်စတစ်ပုံးအပါ ငါးပုံး စုစုပေါင်းထောက်ပံ့ငွေကျပ် ၂၁၄၄၄၀၀ အား မေ ၂၁ ရက် မွန်းတည့် ၁၂ နာရီတွင် ပြည်ခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနရုံး ဝန်ထမ်းများသည် ရွှေတောင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အဆိုပါ လေဘေးသင့်ကျေးရွာများရှိ ပြည်သူများထံ လက်ဝယ် အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# တိုက်ကြီး-ကြာအင်းလမ်း မိုးတွင်းအခါ သွားလာရေးခက်ခဲသဖြင့် ပြုပြင်ပေးရန် ဒေသခံများမျှော်လင့်

**တိုက်ကြီး မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီး-ကြာအင်းလမ်း ဆယ်သွယ်သည့် လမ်းသည် ခုနစ်မိုင်ရှည်လျားပြီး မိုးတွင်းလေးလခန့်မှာ ရွှံ့ဗွက်များနှင့် သွားလာရသဖြင့် စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးကားများ သွားလာ၍မရပေ။ အထူးသဖြင့် နေ့စဉ် ကျောင်းသားကျောင်းသူများ၊ ဈေးသွားဈေးဝယ်များ၊ လူမှုရေးကိစ္စသွားသူများ အဆင်မပြေဖြစ်ခြင်း၊ မိုးတွင်းဗွက်ထခဲ့သောကြောင့် နွေရာသီ၊ ဆောင်းရာသီဆိုလျှင်လည်း ကျင်း၊ ချိုင့်၊ ဖုန်များနှင့် သွားလာရေး အဆင်မပြေဖြစ်၍ လမ်းခင်းပေးရန် ဒေသခံများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။



"ကျွန်တော်တို့ ဒေသခံတွေ နွေ၊ မိုး၊ ဆောင်း အသုံးပြုတဲ့လမ်းပါ၊ မိုးတွင်းမှာဆို ရွှံ့ဗွက်တွေက ဒူးဆစ်နီးပါးနစ်တယ်၊ တံတားငါးစင်းရှိတဲ့အနက် သုံးစင်းပျက်နေတယ်၊ ဆိုင်ကယ်သမားတွေက အိမ်မှာရှိတဲ့ ပျဉ်တိုလေးတွေယူပြီး စုခင်းပြီး ဆိုင်ကယ်၊ စက်ဘီးတွေ သွားလို့ရအောင် ပြုပြင်ထားရတယ်"ဟု သထုံစုရွာ ဆိုင်ကယ်ကယ်ရီသမားတစ်ဦးက ပြောသည်။

အဆိုပါလမ်းသည် မြေသားလမ်းဖြစ်ပြီး ခုနစ်မိုင်ရှိကာ တိုက်ကြီး-ကျောင်းကုန်းရွာအထိ နှစ်မိုင်ကွန်ကရစ် လမ်းခင်းခြင်းကို ကျေးလက်မှ တာဝန်ယူဆောင်ရွက်ထားကြောင်း၊ ကျန်ငါးမိုင်ကို အခုထိဘာမှ မခင်းရသေးကြောင်း၊ မိုးလည်း ကျတော့မည် ဖြစ်သည့်အတွက် ကျောင်းသားများအတွက် စိတ်ပူရကြောင်း စံပြကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

အဆိုပါလမ်းသည် လောက်လေးချောင်းအုပ်စု၊ တောင်ရပ်ဇီးကုန်းအုပ်စု၊ ကြာအင်းအုပ်စုဖြစ်ပြီး ကျေးရွာပေါင်း ၂၀ ကျော်မှ ဒေသခံများ အသုံးပြုလျက်ရှိသောကြောင့် ဒေသခံများက လမ်းကောင်းမွန်ရေး မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

## စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၂၁**

**ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဧပြီလ၏ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့အောက် ၂ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များ**မှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ ဘော်လခဲမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်၊ မြင်းခြံမြို့၊ ညောင်ဦးမြို့၊ သာယာဝတီမြို့နှင့် ဟင်္သာတမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ ပြည်မြို့တွင် သုည ဒသမ ၅၉ လက်မနှင့် မတူပီမြို့တွင် သုည ဒသမ ၅၁ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

**မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

**အပူဒဏ် အန္တရာယ် သတိပြုဖွယ်**

ကလေးသူငယ်များ၊ သက်ကြီး ဘိုးဘွားများ၊ နာတာရှည်ရောဂါ ခံစားနေရသူများ နေ့လယ်၊ နေ့ခင်း အချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ။

# ဘီးလင်းမြို့နယ် ဆပ်သွားကျေးရွာ၌ မိရိုးဖလာ တောင်ထန်းဖျာ ရက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်နေရဆဲ

**ဘီးလင်း မေ ၂၁**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဆူးအင်းကျေးရွာအုပ်စု ဆပ်သွားကျေးရွာ၌ ရွာလုံးကျွတ်နီးပါး တစ်နှစ်ပတ်လုံး ရာသီမရွေး မိမိအိမ်များတွင်သာ မိရိုးဖလာ တောင်ထန်းဖျာ ရက်လုပ်ခြင်းလုပ်ငန်းကို အိုးမကွာ အိမ်မကွာ မိသားစုအလိုက် တစ်နိုင်တစ်ပိုင် လုပ်ကိုင်နေကြဆဲဖြစ်သည်။



"တောင်ထန်းခြံတွေက တောင်ထန်းအလက်တွေကို ခုတ်၊ တောင်ထန်းအရိုးပေါ်က ဆူးတွေကို ဓားနဲ့ သပ်ချ၊ အနေတော်ပိုင်းပြီးတော့ အရိုးကို သုံးစိတ်ချမ်းပြီး အကြော(အခွံ)ကို သပ်ချရတယ်၊ ပြီးတော့ ရလာတဲ့ ထန်းကြောတွေကို အခြောက်လှန်း၊ အခြောက်လှန်းပြီးတော့ ရေစိမ်၊ နောက်တစ်ကြိမ် အချောပြန်သပ်ပြီး အစိုဓာတ် ကုန်အောင် နေပူပြန်လှန်းပြီးရင် တောင်ထန်းဖျာရက်ဖို့ အဆင်သင့်ဖြစ်ပါပြီ၊ တောင်ထန်းအကြော(အခွံနီးစည်း) ပိဿာချိန် တစ်ထောင်လျှင် ကျပ်နှစ်သိန်းခုနစ်သောင်းနဲ့ ရောင်းချရတယ်" ဟု အလူးလေးကျေးရွာမှ တောင်ထန်းစိုက်ပျိုးသူ ခြံရှင်တစ်ဦးက ပြောသည်။

"ကုန်သည်တွေ အော်ဒါအမှာများတဲ့ လေးတောင် × သုံးတောင်ထွာဖျာ အရွယ်အစားပဲ ရက်လုပ်တာများတယ်၊ တစ်နေ့ကို ဆယ်ချပ်လောက် ရက်လုပ် နိုင်ပါတယ်၊ တစ်ချပ်ကို ရွာဈေး ကျပ် ၂၂၀၀၊ အသေးဆိုရင် ကျပ် ၁၆၅၀ ရတယ်၊ အားတဲ့အချိန် အိမ်မှာပဲ မိသားစုအလိုက် လုပ်ပါတယ်၊ တစ်ရွာလုံးလိုလို ထန်းချောဖျာ ရက်လုပ်တဲ့လုပ်ငန်းကို လုပ်ကိုင်ကြပါတယ်၊ တောင်ထန်းအကြော(အခွံနီးစည်း) အချိန်ပိဿာ တစ်ထောင်မှာ ထန်းချောဖျာ အချပ်ရေ သုံးရာကျော် ရပါတယ်၊ ကုန်သည်တွေကလည်း အိမ်တိုင်ရာရောက် လာဝယ်ကြလို့ အဆင်ပြေပါတယ်"ဟု ထန်းချောဖျာများကို ရက်လုပ်ရောင်းချသူ ဒေါ်နွယ်က ပြောသည်။

ယခင်နှစ် ယခုအချိန် တောင်ထန်းဖျာတစ်ချပ်ဈေးနှုန်းမှာ ကျပ် ၁၇၀၀ သာ ရရှိခဲ့ပြီး အရည်အသွေး ခိုင်ခံ့ကောင်းမွန်သောကြောင့် ယခုနှစ် ရောင်းအားကောင်းမွန်ကြောင်း သိရသည်။

ဘီးလင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် တောင်ထန်းပင်ခြံများ၊ ဝါးပင်များ ပေါများသည့်အတွက် တောင်ထန်းဖျာ၊ တောင်ထန်းဖက်၊ ဝါးဖြင့် ပြုလုပ်သော ဝါးကပ်၊ ဝါးကုလားထိုင်၊ ဝါးပရိဘောဂများကို မျိုးရိုးစဉ်ဆက် မိသားစုတစ်နိုင်တစ်ပိုင် ပြုလုပ်ရောင်းချကာ မိသားစု စားဝတ်နေရေးအတွက် ရပ်တည်နေကြရကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# ရေးမြို့ မြို့ပေါ်ရပ်ကွက်အချို့ သောက်သုံးရေပြတ်လပ်မှု ကြုံတွေ့နေ

**ရေး မေ ၂၁**

မွန်ပြည်နယ် ရေးမြို့ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာတချို့ လူနေအိမ်များတွင် အပူချိန် ဆက်လက်မြင့်တက်လာသည့်အတွက် အိမ်သုံးရေတွင်းနှင့် ကန်ရေ စတင်ခန်းခြောက်လာကြောင်း သိရသည်။

"အခုနှစ်နွေရာသီက ရေတွင်းရေကန်တွေပါ ပိုမိုခန်းခြောက်လာသလို သုံးလို့လည်း အဆင်မပြေတဲ့အတွက် ရေသယ်ကားတွေကို ဝယ်ယူသုံးစွဲရသလို ရေကိုဖြန့်ဖြူးပေးရာမှာ မလုံလောက်တဲ့ပြဿနာတွေရှိနေပါတယ်"ဟု တစ်ပိုင်တစ်နိုင် ရေဖြန့်ဖြူးပေးနေသူတစ်ဦးက ပြောသည်။

"ရေသယ်ကားနဲ့ ရေဝယ်သူတွေများပြားလာတဲ့အခါ ရေဝယ်သူတွေကို လုံလောက်အောင် မပို့နိုင်တဲ့အပြင် ရေတွေ မြို့ပေါ်ရပ်ကွက်နဲ့ ကျေးရွာအထိပါ ရေကားလိုက်လံရောင်းချရတယ်"ဟု ရေသယ်ကား ရောင်းချသူတွေက ပြောသည်။

ယခုလက်ရှိတွင် မြို့ပေါ်ရပ်ကွက်များ အခက်အခဲရှိလာတဲ့အခါ ရေသွယ်ပိုက်ဖြင့် ဖြန့်ဖြူးပေးသူတွေလည်း အချိန်မှီမပေးနိုင်ခဲ့သလို ရေသယ်ကားတွေအပါအဝင် ကန်ရေတွေပါ စတင်ခန်းခြောက်လာသည့်အတွက် ရေပြတ်လပ်မှုတွေများ ကြုံတွေ့နေရကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**





# မောင်တော၌ မြို့နယ်အဆင့် ဒုတိယတန်းသင်ရိုးသစ်သင်တန်း ဖွင့်လှစ်

**မောင်တော မေ ၂၁**

ပညာရေးဝန်ကြီးဌာန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန အခြေခံပညာဦးစီးဌာန၏ ဒုတိယတန်းသင်ရိုးသစ် မြို့နယ်အဆင့်သင်တန်းကို ရခိုင်ပြည်နယ် မောင်တောမြို့ အခြေခံပညာအထက်တန်းကျောင်း၌ မေ ၁၉ ရက် နံနက် ၉ နာရီမှ စတင်ကာ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

"အဓိက ရည်ရွယ်ချက်က မူလတန်းပြဆရာဆရာမတွေအနေနဲ့ ဒုတိယတန်းသင်ရိုးသစ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ သင်ကြားပေးနိုင်စေဖို့ဖြစ်ပါတယ်၊ ဒီသင်တန်းတက်ရောက်ပြီးတဲ့ ဆရာ ဆရာမတွေအနေနဲ့ မိမိတို့သက်ဆိုင်ရာ မြို့နယ်တွေမှာ ဆင့်ပွားသင်တန်းတွေပို့ချပေးရမှာဖြစ်ပါတယ်၊ အကြောင်းအမျိုးမျိုးကြောင့် အခု အပတ်စဉ် မတက်ဖြစ်ခဲ့ရင် နောက်လတွေမှာ ဖွင့်လှစ်မယ့် သင်တန်းတွေမှာ တက်ရောက်သင်ကြားရမှာဖြစ်ပါတယ်" ဟု သင်တန်းဖွင့်လှစ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးမောင်ဝေသိန်း (ဦးစီးအရာရှိ)က ပြောသည်။

ဒုတိယတန်းသင်ရိုးသစ်ဖွင့်လှစ်ပို့ချခြင်းဖြင့် ကျောင်းသားကျောင်းသူများအား ပြန်လည်သင်ကြားရာတွင် အလွတ်ကျက်စနစ်မှ ကိုယ်တိုင်တွေးခေါ် စဉ်းစားရေးသား ဖြေဆိုနိုင်သည့် အလေ့အကျင့်ကောင်းများရရှိစေနိုင်ကြောင်း သိရသည်။

ဒုတိယတန်းသင်ရိုးသစ် သင်တန်းကို မေ ၁၉ ရက်မှ မေ ၅ ရက်အထိ ၁၇ ရက်ကြာသင်ကြားပို့ချသွားမည်ဖြစ်ပြီး ရခိုင်ပြည်နယ် မောင်တောခရိုင်ရှိ မောင်တောမြို့၊ ဘူးသီးတောင်မြို့နှင့် ရသေ့တောင်မြို့များမှ သင်တန်းသားသင်တန်းသူ မူလတန်းကျောင်းအုပ်ကြီး ၉၆ ဦးတို့အား နည်းပြ ၂ဦးနှင့် ကြီးကြပ်တစ်ဦး တို့က ဆွေးနွေးပို့ချပေးလျက်ရှိပြီး သင်တန်းသား သင်တန်းသူများ၏ နေထိုင်စားသောက်စရိတ်နှင့် သင်ထောက်ကူပစ္စည်းတို့ကို အခြေခံပညာဦးစီးဌာနမှ တာဝန်ယူထားကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-အောင်ကျော်ဦး၊ တင်စိုး**

# ဧရာဝတီမြစ်အတွင်း စွန့်ပစ်အမှိုက်သရိုက်များအား စုပေါင်းသန့်ရှင်းရေးပြုလုပ်

**မြစ်ကြီးနား မေ ၂၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး၍ ဧရာဝတီမြစ်အတွင်း စွန့်ပစ်အမှိုက်သရိုက်များ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို ယနေ့ နံနက် ၈ နာရီက မြစ်ကြီးနားမြို့ မြို့မရပ်ကွက် စည်ပင်သာယာ မြစ်ဆိပ်မှ မင်းရပ် ရပ်ကွက် ကိုယ်ကာယ လေ့ကျင့်ရေးပြည်သူ့အားကစားကွင်းမြစ်ဆိပ်အထိ အရှည်ပေ ၃၀၀၀ ကျော်ကို စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက ဧရာဝတီမြစ်အတွင်း စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်သရိုက်များအား ကောက်ယူသိမ်းဆည်းကာ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက အမှိုက်သိမ်းယာဉ် သုံးစီးဖြင့် သတ်မှတ်အမှိုက်ပုံကွင်း၌ စွန့်ပစ်ခဲ့ကြကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



# အင်းစိန်ရွာမအနောက်ရပ်ကွက်တွင် စာပေဟောပြော

**ရန်ကုန် မေ ၂၁**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် သာသနာဇောတိကာရုံ ကျောင်းဓမ္မာရုံ၌ မေ ၁၃ ရက်မှ ၁၇ ရက်အထိ ဗုဒ္ဓ၊ ဓမ္မဘာသာရေးဆိုင်ရာ စာပေဟောပြောပွဲကို ညစဉ် ၈ နာရီတွင် အင်းစိန်မြို့နယ် စာရေးဆရာကြီးများဖြစ်ကြသော ဆရာလှမိုးနိုင်၊ ရန်မိုးအောင်(အင်းစိန်)၊ မောင်တင်လှိုင်(အင်းစိန်)၊ တော်မြင့်(ငှက်ဖျား)၊ စိန်ညိုမင်း(ထန်းတပင်)နှင့် ဒေါက်တာဗိုလ်သံမဏိ(တောင်တွင်းကြီး)တို့က ဒုလ္လဘရဟန်း သံဃာတော်များနှင့် စာပေဝါသနာရှင်များကို ဗုဒ္ဓ၊ ဓမ္မဘာသာရေးနှင့် ပတ်သက်သည့် ဗဟုသုတ ဖြစ်ဖွယ်သိမှတ်ဖွယ်ရာများ၊ စာပေအကြောင်းအရာများ ဟောပြောခဲ့ကြကြောင်း သိရသည်။

**ကြေးမုံ**



# ကဆုန့်ကျေးရွာမှ ပြည်သူ ၂၀၀ ခန့် နယ်မြေလုံခြုံရေးအခြေအနေအရ နမ္မတီးမြို့သို့ ပြောင်းရွှေ့ရောက်ရှိ

**မိုးကောင်း မေ ၂၁**
မိုးကောင်းမြို့နယ် လမ်းခွကျေးရွာအုပ်စု ဒေသအခေါ် ကဆုန့် (ဇွတ်မိုင်)ကျေးရွာမှ ပြည်သူ ၂၀၀ ခန့်သည် နယ်မြေအခြေအနေအရ နမ္မတီးမြို့ လန်ဘရော့ယန်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းနှင့် စိန်ပေါလုကက်သလစ်ဘုရားကျောင်းသို့ ယနေ့ မွန်းလွဲ ၁ နာရီခန့်တွင် ရောက်ရှိကြောင်း သိရသည်။

နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးကျော်ခိုင်ထွန်းသည် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်း၊ ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်အောင်တို့နှင့်အတူ ၎င်းပြည်သူများအားတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး တည်းခိုနေထိုင်ရေး၊ လုံခြုံရေး၊ ကျန်းမာရေးနှင့် စားသောက်ရေး အဆင်ပြေစေရန် ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ယင်းနောက် နယ်မြေခံတပ်မှ ဆန် ၁၀ အိတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးက ပဲလမုန့် ၃၀၀ ပါ မုန့်တစ်ပုံးပေးအပ်ခဲ့ကြပြီး ညစာအတွက် ထမင်းထုပ်ဝေငှနိုင်ရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သန်းလွင်ဦး၊ ဓာတ်ပုံ( မြန်/ဆက်)**

# ချင်းပြည်နယ် နယ်စပ်ကျေးရွာများတွင် အစာအိမ်နှင့် သွားပိုးစားရောဂါများ အများဆုံးဖြစ်သည်ဟုဆို

**ရိခေါဒါရ် မေ ၂၁**
ချင်းပြည်နယ်မြောက်ပိုင်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် နယ်စပ်ကျေးရွာများတွင် နေထိုင်သော ဒေသခံပြည်သူများ၏ ရောဂါခံစားမှုအများဆုံးမှာ နာတာရှည် အစာအိမ်ရောဂါနှင့် သွားကိုက်၊ ပိုးစားရောဂါဖြစ်ကြောင်း ယင်းဒေသတွင် အခမဲ့ဆေးကုသပေးနေသော ဟွာလ်ငိုလူငယ်အဖွဲ့ထံမှ သိရသည်။

"ကျွန်မတို့ ခရီးစဉ်တိုင်းမှာ လာရောက်ဆေးကုသခံနေသူတွေမှာ နာတာရှည် အစာအိမ်ရောဂါရှင်ကို အများဆုံး တွေ့ရတယ်၊ ကျန်တာတော့ ခါးနာ၊ အကြောနာ၊ အရေပြားရောဂါဝေဒနာရှင်တွေ ပိုများတာကို တွေ့ရတယ်" ဟု ယင်းအဖွဲ့၏ ဆေးကုသမှုခရီးစဉ်တွင် လိုက်ပါခဲ့သော ကလေးမြို့ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာအစ္စတာလားဒင့်ထားရီးက ပြောသည်။

ချင်းလူမျိုးနွယ်စု တစ်စုဖြစ်သည့် ဟွာလ်ငိုလူငယ်အဖွဲ့ (Hualngo Youth Organization) သည် ၂၀၁၆ ခုနှစ်မှစတင်ကာ နှစ်စဉ် သင်္ကြန်ကာလအတွင်း ချင်းပြည်နယ် ဖလမ်း၊ တီးတိန်နှင့် တွန်းဇံမြို့နယ်ရှိ ကျေးရွာ ၁၂ ရွာသို့ သွားရောက်ပြီး ဒေသခံပြည်သူ လူနာ ၃၀၀၀ ခန့်အား အခမဲ့ဆေးကုသပေးခြင်းနှင့် ဆေးဝါးဖြန့်ဝေခြင်းတို့ ပြုလုပ်ခဲ့သည်။



ယခုကဲ့သို့ ရောဂါအဖြစ်များရခြင်းမှာ ဒေသခံများသည် ဆေးရွက်ကြီးရည်ဖြင့် ပြုလုပ်သော ငုံဆေး၊ ဆေးလိပ်သုံးစွဲခြင်း၊အစာစားချိန် မမှန်ခြင်း၊ သန့်ရှင်းသော သောက်သုံးရေ အလုံအလောက်မရရှိခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းခြင်းတို့ကြောင့် ဖြစ်သည်ဟု ဒေါက်တာအစ္စတာက ပြောသည်။

သွားနှင့် ခံတွင်းဆိုင်ရာနှင့် ပတ်သက်၍ ဖလမ်းပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာလားတန်ပွီးယာက သွားပိုးစားရောဂါ၊ ရေစီးကမ်းပြိုရောဂါခံစားသူအများဆုံးဖြစ်ပြီး ယင်းသည် နည်းစနစ်မှန်ကန်စွာ သွားမတိုက်ခြင်း၊ သွားနှင့် ခံတွင်းဆိုင်ရာ ဗဟုသုတ အားနည်းခြင်းတို့ကြောင့် ဖြစ်နိုင်သည်ဟု သုံးသပ်ပြောဆိုသည်။

ရက်သတ္တတစ်ပတ်ကြာ ဟွာလ်ငိုလူငယ်အဖွဲ့၏ အခမဲ့ဆေးကုသမှုခရီးစဉ်သည် ယခုဆိုလျှင် သုံးကြိမ်မြောက်ခဲ့ပြီဖြစ်ရာ ခရီးစဉ်တိုင်းတွင် အနည်းဆုံး ကျွမ်းကျင် ဆရာဝန် ခုနစ်ဦးနှင့် သူနာပြုဆရာမ သုံးဦးတို့ လိုက်ပါကြပြီး ဆေးကုသမှုခံသူအများစုမှာ အစာအိမ်၊ အကျော၊ ခါး၊ အရေပြား၊ သွား စသည့် ရောဂါများဖြစ်ကြောင်း ယင်းအဖွဲ့၏မှတ်တမ်းအရ သိရသည်။

ယခုကဲ့သို့ ဆေးကုသမှုပြုလုပ်ရာတွင် လူနာ၏ ရောဂါအခြေအနေအရ ဆေးရုံတက်ရန်လိုအပ်သူများကို ဆေးရုံသို့ လွှဲပြောင်းပေးကြောင်း ၂၀၁၈ ခုနှစ် ခရီးစဉ်တွင် လိုက်ပါသည့် ဒေါက်တာ ဒန်မောယာ၏ ပြောပြချက်အရ သိရသည်။

**ဇိုဟေဆာ**

# သင်္ကြန်အလွန် ပွဲရုံ ဖွင့်ရက် ယမန်နှစ်ထက် စားပိုဆောင်ကုန်စည်အများစု ဈေးနှုန်းနည်းနေ

**ရန်ကုန် မေ ၂၁**
သင်္ကြန်အလွန် မေ ၁၈ ရက်တွင် ပွဲရုံအများစု ပြန်လည်ဖွင့်လာကြချိန် ကြက်သွန်နီနှင့် ညောင်ဦးထန်းလျက် ဈေးနှုန်းများ ကျဆင်းလာသည်ဟု ဈေးကွက်မှ သိရသည်။

မေ ၁၈ ရက် ပွဲရုံများပြန်လည်ဖွင့်လှစ် ရောင်းချလာရာ မေ ၂၁ ရက်တွင် ဆိပ်ဖြူ ကြက်သွန်နီ လက်ကားတစ်ပိဿာ ကျပ် ၅၂၅ - ၇၀၀-၇၀၀- ၇၀၀ နှုန်း၊ မြစ်သား ကျပ် ၇၀၀ -၁၁၀၀-၁၂၀၀ -၁၁၀၀ နှုန်းရှိသည်ဟု သိရသည်။

သင်္ကြန်ပိတ်ရက်မတိုင်မီ မေ ၁၁ ရက်တွင် ဆိပ်ဖြူ ကျပ် ၆၀၀- ၈၀၀- ၈၀၀ - ၈၀၀၊ မြစ်သား ကျပ် ၈၅၀ -၁၁၅၀ - ၁၂၅၀ - ၁၁၅၀ နှုန်း ရှိခဲ့သည်။ သင်္ကြန်ပိတ်ရက်အလွန် ပွဲရုံပြန်ဖွင့်သည့် လေးရက်အတွင်း နယ်စုံမှရန်ကုန်သို့ ကြက်သွန်နီပိဿာချိန် ၈၈၂၀၀၀ ဝင်ရောက်သည်ဟု နေ့စဉ်ဈေးနှုန်းစာရင်းနှင့် ယှဉ်တွဲဖော်ပြထားခြင်းမှ သိရသည်။

သင်္ကြန်ပိတ်ရက်မတိုင်မီ ညောင်ဦး ဆေးခတ်ထန်းလျက် တစ်ပိဿာ လက်ကားဈေး ကျပ် ၁၆၅၀ - ၁၇၀၀၊ ဝဲထန်း ကျပ် ၁၄၀၀ နှုန်း ရှိသော်လည်း မေ ၂၁ ရက်တွင်မူ ညောင်ဦး ဆေးခတ်ထန်းတစ်ပိဿာ ကျပ် ၁၅၀၀ -၁၅၅၀၊ ဝဲထန်း ကျပ် ၁၃၀၀ နှုန်းသို့ ကျဆင်းလာသည်။

သင်္ကြန်ပွဲတော်ရက်အသုံးများ၍ ထန်းလျက်ဈေးနှုန်းများ မြင့်တင်ထားရာမှ သင်္ကြန်အလွန်တွင် ဈေးပြန်လည်ကျဆင်းခြင်း ဖြစ်သည်ဟု အဝယ်တော်တစ်ဦးက ဆိုသည်။ ကြက်သွန်ဈေးနှုန်းမှာလည်း နယ်တွင် အလုံးလတ်တစ်ပိဿာ ကျပ် ၅၅၀ ဝန်းကျင်သာရှိ၍ ရန်ကုန်ဈေး ထပ်မံကျဆင်းနိုင်သည်ဟု ရန်ကုန်မှ အဝယ်တော်တစ်ဦးက ဆိုသည်။

မေ ၂၁ ရက်တွင်အာလူးတစ်ပိဿာ လက်ကားဈေးမှာ ကျပ် ၄၇၀ - ၇၂၀- ၇၃၀ - ၆၅၀ နှုန်း ရှိသည်။ သင်္ကြန်ပြန်ဖွင့်ရက် ဝင်ရောက်လာသော ကြူကုတ်ကားချ တစ်ပိဿာ ၁၁၂၅ ကျပ် နှုန်းရှိပြီး ပိတ်ရက်မတိုင်မီက ပွဲရုံကျန်များမှာ ယင်းဈေးနှုန်းထက် ဈေးနည်းသည်ဟု သိရသည်။ ပြည်ပနိုင်ငံစုံသကြား တစ်ပိဿာ ကျပ် ၁၁၇၀ မှ ကျပ် ၁၂၁၀ နှုန်းအတွင်းရှိပြီး အိန္ဒိယ ငရုတ်ရှည်မှာ တစ်ပိဿာ ကျပ် ၃၇၅၀ နှုန်းသာရှိသည်။ ပြည်တွင်းမြစ်ဝကျွန်းပေါ်ထွက်ငရုတ်ရှည်မှာ တစ်ပိဿာ ကျပ် ၂၇၀၀- ၂၈၀၀ နှုန်းသာရှိသည်။ ပြည်ပသကြားနှင့် ငရုတ်ဈေးများမှာ အခြေအနေပေါ်မူတည်၍အပြောင်းအလဲဖြစ်နိုင်သည်ဟု သိရသည်။

မေ ၂၁ ရက် ရန်ကုန်ဆီဈေးကွက်တွင် စားအုန်းဆီလက်ကား တစ်ပိဿာ ကျပ် ၁၆၃၀ နှုန်းရှိသည်။ ကုလားပဲခြမ်းတစ်ပိဿာ လက်ကားဈေး ကျပ် ၁၅၅၀ နှုန်း ရှိသည်ဟု ဈေးကွက်မှ သိရသည်။

ကြက်သွန်နီနှင့် ငရုတ်ရှည်ဈေးနှုန်းများမှာ လှောင်လက်ဝယ်ချိန်ဖြစ်၍ ဈေးနည်းနေခြင်းဖြစ်သည်။ သင်္ကြန်ပိတ်ရက်အလွန်တွင် ရန်ကုန်ဈေးကွက်သို့ ကုန်ပစ္စည်းအချို့ ကြိုတင်ရောက်ရှိနေခြင်း၊ နယ်များမှရောက်လာမည့် ဝယ်လက်မစုံသေးခြင်းတို့ကြောင့် ဈေးနှုန်းများ မြင့်တက်လာခြင်းမရှိဘဲ အချို့မှာဈေးကျနေသည်ဟု ဈေးကွက်မှသိရသည်။

ယခုနှစ်သင်္ကြန်အလွန်ဈေးနှုန်းများသည် ကာလတူဖြစ်သော ယခင်နှစ် သင်္ကြန်အလွန် အချိန်ထက် ကြက်သွန် နီ (ရှမ်း)နှင့် ကြူကုတ် ကြက်သွန်ဖြူ အာလူး၊ သကြား၊ ထန်းလျက်၊ အိန္ဒိယငရုတ်ရှည်၊ စားအုန်းဆီနှင့် ကုလားပဲခြမ်းဈေးနှုန်းများ ဈေးနည်းနေသည်ဟု ၂၀၁၇၊ ၂၀၁၈ ကာလတူ ဈေးနှုန်းများနှိုင်းယှဉ်ချက်အရ သိရသည်။

၂၀၁၇ မေ ၂၁ ရက်တွင် ဆိပ်ဖြူ ကြက်သွန်နီ လက်ကားတစ်ပိဿာ ကျပ် ၆၀၀ - ၈၀၀ -၈၂၅ - ၈၅၀၊ မြစ်သား ကျပ် ၈၅၀- ၁၂၀၀ -၁၂၂၅- ၁၂၂၅၊ ရှမ်းကြက်သွန်ဖြူ တစ်ပိဿာ ကျပ် ၂၂၀၀ - ၂၆၀၀- ၂၉၀၀ - ၃၂၀၀၊ ကြူကုတ် ကျပ် ၆၁၀၀- ၆၂၀၀၊ အာလူးတစ်ပိဿာ ကျပ် ၄၅၀ - ၇၀၀ - ၇၃၀ - ၇၃၀၊ သကြားတစ်ပိဿာ ကျပ် ၁၂၂၀၊ ညောင်ဦး ဆေးခတ် ထန်းလျက် တစ်ပိဿာ ကျပ် ၁၆၀၀- ၁၆၅၀၊ အိန္ဒိယငရုတ်ရှည်တစ်ပိဿာ ကျပ် ၃၄၀၀၊ မြစ်ဝကျွန်းပေါ်ငရုတ်ရှည် တစ်ပိဿာကျပ် ၂၈၀၀၊ စားအုန်းဆီ တစ်ပိဿာကျပ် ၁၇၀၅၊ ကုလားပဲခြမ်း တစ်ပိဿာ ကျပ် ၂၇၀၀ -၂၇၅၀ နှုန်းအသီးသီးရှိခဲ့သည်ဟု ယခင်နှစ် ဈေးနှုန်းဟောင်းများစာရင်းအရ သိရသည်။ **မောင်စေအောင်**



## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေးငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ ၂၄ နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

**၀၆၇- ၄၀၄၂၂၂၊ ၀၆၇- ၄၀၄၉၉၉**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**လူမှုဝန်ထမ်းဦးစီးဌာန**

# လမ်းဖြတ်ကူးသူအား ခရီးသည်တင်ယာဉ်က ဝင်တိုက်မိ

**ကျောက်တံခါး မေ ၂၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်းအပိုင် ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် (၁၁၇/၁)နှင့်(၁၁၇/၂) အကြား အလယ်ကျွန်းကျေးရွာအနီး မေ ၂၀ ရက် ည ၁၀ နာရီခန့်က လမ်းဖြတ်ကူးသူ အမျိုးသားတစ်ဦးအား မန်းရာဇာခရီးသည်တင်ယာဉ်က တိုက်မိရာ နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ ကျောက်တံခါးမြို့မရဲစခန်းမှ တာဝန်မှူး ရဲအုပ်ကျော်သူထက်နှင့် တပ်ဖွဲ့ဝင်များ၊ ရင်းတိုက်ကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဆန်းလွင်နှင့် အသိသက်သေများက သွားရောက်ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မှ မန္တလေးသို့ ယာဉ်မောင်း လှဝင်းလှိုင် (၃၈)နှစ် ပြည်ကြီးတံခွန်မြို့နယ် မန္တလေးတိုင်းဒေသကြီးနေသူ မောင်းနှင်လာသော ယာဉ်အမှတ် . . . YUTONG အမျိုးအစား ဖြူစိမ်းရောင် မန်းရာဇာခရီးသည်တင်ယာဉ်သည် အရှိန်ပြင်းစွာ မောင်းနှင်လာစဉ် ကားလမ်း၏အနောက်ဘက်မှ အရှေ့ဘက်သို့လမ်းဖြတ်ကူးသူ ဦးဝင်းသိန်း(ခ)ဦးပြေုးအား အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိရာ ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါခရီးသည်များ ထိခိုက် ဒဏ်ရာမရရှိသော်လည်း လမ်းဖြတ်ကူးသူ ဦးဝင်းသိန်း(ခ)ဦးပြေုးမှာ နေရာတွင် သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျောက်တံခါးမြို့မရဲစခန်းက ယာဉ်မောင်းလှဝင်းလှိုင်အား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**



# လှိုင်လင်မြို့နယ်တွင် ဘိန်းညိုမှုန့် ၁၀၉ ထုပ် သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၁**

မူးယစ်တပ်ဖွဲ့စု (၂၇)လှိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၀ ရက် နံနက် ၁၁ နာရီခွဲက လှိုင်လင်မြို့နယ် ပင်လုံမြို့အထွက် ပင်လုံ-လဲချားသွားကားလမ်း မိုင်တိုင်အမှတ်(၁၂)အနီးတွင် မူးယစ်ဆေးဝါးသတင်းအရ စိုင်းအောင်မျိုးအေး (ခ)အောင်ကြီး မောင်းနှင်ပြီး လောက်အန်း(ခ)ရန်ရုံအန်း လိုက်ပါလာသည့် CANTER မော်တော်ယာဉ်ကိုရှာဖွေရာ ဘိန်းညိုမှုန့် ၁၀၉ ထုပ် (အလေးချိန် ၁၀၈ ဒသမ ၅ ကီလို)ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီက မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် မိုင်တိုင်အမှတ် (၈၀/၄)အနီး မူဆယ်-မန္တလေးသွား ပြည်ထောင်စုကားလမ်းမပေါ်တွင် သန်းဌေး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀ ကိုလည်းကောင်း၊ ထို့အတူ ညနေ ၃ နာရီက ပင်လည်ဘူး မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော



ပူးပေါင်းအဖွဲ့သည် ပင်လည်ဘူးမြို့နယ် ပေပင်စုကျေးရွာအနီး ပင်လည်ဘူး-ကောလင်းသွားကား လမ်းတွင် ကျော်မင်းနှင့် အောင်ဇော် မောင်းနှင်လာသော ဆိုင်ကယ်နှစ်စီးအား ရပ်တန့်စစ်ဆေးရာ ကျော်မင်းမှာ ဆိုင်ကယ်မောင်းနှင်ထွက်ပြေးသွားပြီး အောင်ဇော်မောင်းနှင်သည့် ဆိုင်ကယ်အား သိမ်းဆည်းရမိ၍ ရှာဖွေရာ ဘိန်းမည်း ၂၉ ဒသမ ၄ ကီလို ကိုလည်းကောင်း။

ထို့အတူ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၀ ရက် နံနက် ၁၁ နာရီခွဲက မိုးညှင်းမြို့နယ် ဘီလူးကျေးရွာအုပ်စု ကန်သာကုန်းရပ်နေ ဝဏ္ဏကျော်၏ နေအိမ်ကိုရှာဖွေရာ ၎င်းအား နေအိမ်အိပ်ခန်းအတွင်း အသင့်တွေ့ရှိရပြီး ဘိန်းဖြူ ၆ ဒသမ ၇ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၅ ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဘီလူးကျေးရွာအုပ်စု သရက်ကုန်းရပ် နတ်ကြီးတန်းလမ်းရှိ မမှိုင်းပြာ(ခ)ဝင်းမော်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၂၈ ခွက် (အလေးချိန် သုည ဒသမ ၂၈ ကီလို)၊ ဘိန်းဆီခဲ တစ်ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၃၃၅ ပြားတို့ကိုလည်းကောင်း။

အလားတူ မေ ၂၁ ရက် ညနေ ၃ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောင်မြေသာစံမြို့နယ် ၁၂ လမ်း ၈၁-၈၆ လမ်းကြား ပွဲစားဝန်းရပ်ကွက် အကွက် (၅၁)တွင် တွေ့ရှိသူ ပြည့်ဖြိုးလင်းနှင့် မသိမ့်သိမ့်တို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၀ ကိုလည်းကောင်း။

ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲကလည်း မူးယစ်တပ်ဖွဲ့စု (၁၆)ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် မဲတောကျေးရွာနှင့် ကျွန်းတိုင်ကျေးရွာအကြား ပြင်ဦးလွင်- မိုးကုတ်သွား ကားလမ်းပေါ်တွင် ဝေယံထက်(ခ)ရာဇာအောင် မောင်းနှင်ပြီး ဝဏ္ဏထွေးလိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၇၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၂၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၈၆၄ စီး၊ သွင်းကုန် ၈၄၄စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၇စီး၊ သွင်းကုန် အစီး ၁၁၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇ ဒသမ ၅၁၉သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၁၇၁ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄ ဒသမ ၆၉၀ သန်းခန့်) ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၀ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မသင်္ကာဖွယ် မောင်းနှင်လာသော ခရီးသည်တင်ယာဉ်တစ်စီးအား စခန်းတွင်းသို့ ခေါ်ယူစစ်ဆေးခဲ့ရာ အောက်ကြမ်းခင်းတွင် ဝရိန်ဖြင့် အသေပိတ်၍ သေသပ်စွာ အံဝှက်ပြုလုပ်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခုံးရွေ ၄၇ တုံး (၁ ဒသမ ၀၃၁၈ တန်)၊ ပိတောက်ခွဲသား ၁၄ ချောင်း (သုည ဒသမ ၀၂၅၂ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃ ဒသမ ၁၇၁ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကောင်ရာကျေးရွာရှိ အလက(ခွဲ)ကျောင်းဆောင် မီးလောင်မှုဖြစ်ပွား

**မြစ်ကြီးနား မေ ၂၁**

မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် ကောင်ရာကျေးရွာအုပ်စု အလက(ခွဲ)ကျောင်းဆောင်၌ မေ ၂၁ ရက် မွန်းလွဲ ၂ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်ဦးစီးမှူးပါဝင်သော တပ်ဖွဲ့ဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်သည့် စာသင်ကျောင်းမှာ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း တစ်ထပ်ဆောင်ဖြစ်ပြီး လူနှင့် တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း ကနဦးသတင်းအရ သိရသည်။

**တနိုင်း (IPRD)**

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ တိုယိုတာဟိုင်းလတ်တစ်စီး တိမ်းမှောက်

**နေပြည်တော် မေ ၂၁**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မြို့ချောင်းအမြန်လမ်းပိုင်း မိုင်တိုင် (၁၀၃/၅)နှင့် (၁၀၃/၆)အကြား ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ သံဃာဦးဣန္ဒာဝုဓ (ဓမ္မပါလကျောင်းတိုက် သီတာအေးကျေးရွာ ထန်းတပင်မြို့နယ်) နေသူ မောင်းနှင်လာသော တိုယိုတာ ဟိုင်းလတ်မော်တော်ယာဉ်မှာ ယာဘက်ရှေ့ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင် ယာဉ်မောင်းသူ သံဃာအပါအဝင် သံဃာနှစ်ပါး ပျံလွန်တော်မူပြီး အမျိုးသမီး ခုနစ်ဦး အတွင်းလူနာအဖြစ် ဒဏ်ရာရရှိခဲ့သည်။

ပျံလွန်တော်မူသွားသည့် သံဃာတော်ရုပ်အလောင်းများနှင့် ဒဏ်ရာရရှိခဲ့သူ အမျိုးသမီးများအား တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် မြို့ချောင်းဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ဖြစ်စဉ်အား သက်ဆိုင်ရာက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၂-၄-၂၀၁၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၃၅ လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် “ပြည်တော်ဇေစေတီတော် ရွှေယဉ်မျှော်”
၈း၃၅ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)
၉း၀၀ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန)
၉း၄၀ MRTV Travelogue
၁၀း၀၀ Sunday Talk
၁၀း၄၅ “တိုင်းရင်းသားတို့ လူမှုဝန်းကျင်မျိုးစုံလင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်” (နေပြည်တော်) (ကချင်)
၁၁း၀၀ လှပစုံလင်အာဆီယံတစ်ခွင်
၁၁း၁၅ ကဗျာရိပ်မြုံ “ရောင်စုံဂျုံရုပ်”
၁၁း၄၀ “မီးတစ်ပွင့်၏ ရာဇဝင်”
၁၂း၃၀ This Week's Special Interest
၁၂း၄၅ မြန်မာဂန္ထဝင်ရုပ်ရှင် “ကျွန်တော်ကခန့်ချော” (ကျော်ဟိန်း၊ ခင်သီတာထွန်း) (ဒါရိုက်တာ-မြတ်ထွန်းနိုင်)
၁၅း၀၀ Sunday Talk

**ညပိုင်း**

၁၆း၃၅ “လျှော်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်း”
၁၆း၄၅ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် “ရောင်ပြန်” (REFLECTION) (ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင်၊ ဝတ်မှုန်ရွှေရည်၊ ပက်ထရစ်ရှာ) (ဒါရိုက်တာ-အကယ်ဒမီလူမင်း)
၁၇း၀၅ SEAPJ (အရှေ့တောင်အာရှနိုင်ငံ ကလေးသူငယ်များဆိုင်ရာ ရုပ်ရှင်ပွဲတော်) (My Happy Family)
၁၇း၁၀ “ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ” (၄၄)
၁၇း၂၀ “ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးနှင့် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးများကို ဒုတိယအခွင့်အရေးအဖြစ် ထိုးနှံပေးမည့်အစီအစဉ်”
၁၈း၂၀ လေ့လာစရာစုံလင်အမိမြန်ပြည်တစ်ခွင် “ရာဇဝင်ထဲကမြစ်သား”
၁၈း၃၅ မတူကွဲပြား၊ ယဉ်ကျေးမှုများ ဖော်ထုတ်ထိန်းသိမ်းကြစို့လား”
၁၉း၁၅ အိန္ဒိယဇာတ်လမ်းတွဲ “မြွေပျိုမယ်ရဲ့ မာယာလှည့်ကွက်” (အပိုင်း-၈၃)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)
- နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)
- In & Out ပုဂံခရီးစဉ် (အပိုင်း-၂) (လေးဖြူအငဲ)
- အစီအစဉ်ပြီး၏။

# ဝင်းဂါးနှင့် လမ်းခွဲရန် ဆုံးဖြတ်ရခြင်းမှာ သမိုင်းတစ်လျှောက် အခက်ခဲဆုံး ဆုံးဖြတ်ချက်ချမှတ်ခဲ့ရခြင်းဟု အသင်းပိုင်ရှင် ခရွန်ကီ ပြောကြားခဲ့



ပြီးခဲ့သည့် မေ ၂၀ရက် ညနေပိုင်းတွင် အသင်းပိုင်ရှင် ခရွန်ကီက အာဆင်နယ်အသင်းကို ၂၂ နှစ်ကြာတာဝန်ယူခဲ့သည့် ဝင်းဂါးနှင့် ရာသီကုန်တွင် လမ်းခွဲမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

မေ ၁၅ရက်က ယှဉ်ပြိုင်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် အာဆင်နယ်က နယူးကာဆယ်ကို ရှုံးနိမ့်ခဲ့ပြီးနောက် ရက်သတ္တပတ် မပြည့်မီမှာပင် ဝါရင့်နည်းပြကြီး ဝင်းဂါးနှင့် လမ်းခွဲမည့်သတင်းကို ကြေညာခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်သည် လက်ရှိ ပရီမီယာလိဂ် အမှတ်ပေးဇယားအဆင့် (၆)နေရာအထိ ရောက်ရှိနေပြီး နှစ်နှစ်ဆက်တိုက် ချန်ပီယံလိဂ်ဝင်ခွင့် လွဲချော်ရန် သေချာသလောက်ရှိနေသည့် အနေအထားပင်ဖြစ်သည်။

ဝင်းဂါးက "ကျွန်တော့်အတွက် အမှတ်တရ ဖြစ်ရပ်တွေ ရှိအောင် အခွင့်အရေးပေးခဲ့တဲ့အတွက် ကလပ်အသင်းကို ကျေးဇူးတင်ပါတယ်။ ကလပ်အသင်းအတွက် အာရုံစူးစိုက်မှုအပြည့်နဲ့ ကျွန်တော် စီမံခန့်ခွဲပေးခဲ့တာပါ။ အာဆင်နယ်အသင်းကို ချစ်မြတ်နိုးသူအားလုံးခင်ဗျာ ကလပ်အသင်းတန်ဖိုးကို ဂရုထားကြပါလို့ ပြောချင်ပါတယ်"ဟု ပြောကြားခဲ့သည်။ ဝင်းဂါးမှာ ကလပ်အသင်းနှင့် စာချုပ်သက်တမ်းတစ်နှစ် ကျန်ရှိနေသေးသည့်အတွက် လျော်ကြေးငွေပေးချေရမည်ဖြစ်သည်။

အာဆင်နယ်အနေဖြင့် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ယူရိုပါလိဂ် ဆီမီးဖိုင်နယ်ပွဲစဉ်မတိုင်မီ ဝင်းဂါးနှင့် လမ်းခွဲမည့်သတင်းကို ကြေညာခဲ့ခြင်းမှာ အတော်ကတိုက်ကရိုက်ဆန်သည့် ဆုံးဖြတ်ချက်အဖြစ် ဝေဖန်မှုများရှိနေသော်လည်း ဝင်းဂါးအပေါ် အသင်းပိုင်ရှင် ခရွန်ကီ၏ ထောက်ခံမှု မရှိတော့သည့်နောက်ပိုင်း အာဆင်နယ် ဘုတ်အဖွဲ့ဝင်များက ဝင်းဂါးကို ရာသီကုန်တွင် ထုတ်ပယ်ရန် ကြေညာခဲ့ခြင်းဖြစ်သည်။ ဝင်းဂါးကမူ အာဆင်နယ်နှင့် ချုပ်ဆိုထားသည့် စာချုပ်ပါ သက်တမ်းအတိုင်း ဆက်လက်ကိုင်တွယ်ရန် ဆန္ဒရှိခဲ့ပြီး သူချစ်ခင်သည့် အာဆင်နယ်ကို ထွက်ခွာရန် ဆန္ဒမရှိခဲ့ကြောင်း The Sun သတင်းဌာနက ဖော်ပြခဲ့သည်။

ဝင်းဂါးသည် အာဆင်နယ်အသင်းကို ၂၂နှစ်ကြာ ကိုင်တွယ်ခဲ့သည့် ကာလအတွင်း ပရီမီယာလိဂ်ဖလား သုံးကြိမ်၊ အက်ဖ်အေဖလား (၇) ကြိမ်၊ လိဂ်ဖလား( ၃)ကြိမ် ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ အာဆင်နယ်အမှုဆောင်ချုပ် အိုင်ဗန်ဂက်ဇီဒီက ဝင်းဂါးနေရာ အစားထိုးမည့်သူကို ခန့်အပ်ရေးမှာ ကလပ်အသင်းအတွက် အလွန်ကြီးမားသည့် စိန်ခေါ်မှုအဖြစ် အမည်တပ်ခဲ့သည်။ ဝင်းဂါးနေရာ ဆက်ခံမည့်နည်းပြသစ်ကို မကြာမီကာလအတွင်းကြေညာသွားမည်ဖြစ်ပြီး ဘာစီလိုနာနည်းပြဟောင်း အင်းနရစ်၊ ဒေါ့မွန် နည်းပြဟောင်း တက်ချယ်လ်တို့က ထိပ်ဆုံးမှ ရေပန်းစားနေသည်။

**နည်းပြဝင်းဂါး၏ အာဆင်နယ်အသင်းကို ကိုင်တွယ်ခဲ့သည့် မှတ်တမ်း**

| ပြိုင်ပွဲအမျိုးအစား | ပွဲအရေအတွက် | အနိုင်ရာခိုင်နှုန်း |
|---|---|---|
| ပရီမီယာလိဂ် | ၈၂၃ | ၅၇ ဒသမ ၅ |
| အက်ဖ်အေဖလား | ၁၀၉ | ၆၇ ဒသမ ၀ |
| လိဂ်ဖလား | ၇၃ | ၅၇ ဒသမ ၅ |
| ကွန်မြူနတီဒိုင်း | ၉ | ၆၆ ဒသမ ၇ |
| ချန်ပီယံလိဂ်ဖလား | ၁၇၇ | ၄၆ ဒသမ ၉ |
| ယူရိုပါလိဂ် | ၂၃ | ၆၀ ဒသမ ၉ |
| စုစုပေါင်း | ၁၂၂၈ | ၅၇ ဒသမ ၃ |

မေလှဲ့သင်း - ရေးသားသည်



# ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး လီဝန်ဒိုစကီး ရီးယဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့မည်

ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး ရောဘတ်တိုလီဝန်ဒိုစကီးသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေပြီး ဘိုင်ယန်မြူးနစ်အသင်းကိုလည်း လီဝန်ဒိုစကီးအား ရောင်းချရန် ဖိအားပေးမှုများရှိနေကြောင်း သိရသည်။

တိုက်စစ်မှူး လီဝန်ဒိုစကီး၏ အေးဂျင့်ဖြစ်သူကလည်း ကစားသမားအား အသင်းမှ ထွက်ခွာခွင့်ပြုရန် ဘိုင်ယန်မြူးနစ်အသင်းအား တောင်းဆိုထားကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂျက်ဟေးနက်ကလည်း ယခုနှစ်ဘောလုံးရာသီကုန်တွင် အသင်းနည်းပြအဖြစ်မှ အနားယူမည်ဖြစ်ကြောင်းနှင့် ပိုလန်တိုက်စစ်မှူး လီဝန်ဒိုစကီးအား အသင်းတွင် ဆက်လက်ရှိနေရေး ထိန်းထားရန် ဆုံးဖြတ်ထားကြောင်း ပြောကြားခဲ့သည်။

တိုက်စစ်မှူး လီဝန်ဒိုစကီးသည် စပိန်မြေသို့ ပြောင်းရွှေ့ ကစားမည့်ဆန္ဒကို ရပ်တန့်လိမ့်မည်မဟုတ်ကြောင်းနှင့် ယခင်ကတည်းက အဆိုပါကစားသမားအနေဖြင့် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒပြင်းပြနေသူဖြစ်ကြောင်း စပိန်သတင်းစာ မာကာ၏ ဖော်ပြချက်အရ သိရသည်။

ဘိုင်ယန်မြူးနစ်အသင်းနှင့် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းတို့သည် လာမည့်ဗုဒ္ဓဟူးနေ့တွင် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ပထမအကျော့ ကစားရမည်ဖြစ်ရာ အဆိုပါပွဲစဉ်သည် တိုက်စစ်မှူး လီဝန်ဒိုစကီးအတွက် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် အခွင့်အရေးတစ်ရပ် ရရှိလိမ့်မည်ဖြစ်ကြောင်းလည်း ဖော်ပြပါရှိသည်။

အသက်(၂၉)နှစ်အရွယ်ရှိ တိုက်စစ်မှူး လီဝန်ဒိုစကီးသည် ယခုနှစ် ပြိုင်ပွဲအရပ်ရပ်တွင် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ သွင်းဂိုး ၃၉ ဂိုးအထိသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် လီဝန်ဒိုစကီး၏ စွမ်းဆောင်ရည်နှင့်အတူ ရီးယဲလ်မက်ဒရစ်အသင်းအား နှစ်ကျော့စလုံးအနိုင်ရရှိရန်လည်း မျှော်လင့်ထားကြောင်း နည်းပြဂျက်ဟေးနက်က ပြောကြားခဲ့သည်။

ငွေကြယ် - ရေးသားသည်

# ဘာစီလိုနာနည်းပြဟောင်း အင်းနရစ်အား အာဆင်နယ်အသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေ

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် အသင်းမှ ထွက်ခွာမည်ဖြစ်သောကြောင့် အာဆင်နယ်အသင်းအနေဖြင့် ဝင်းဂါးနေရာတွင် အစားထိုးရန် ဘာစီလိုနာအသင်းနည်းပြဟောင်း အင်းနရစ်အား ပစ်မှတ်ထားလျက်ရှိကြောင်းသိရသည်။

ထို့ကြောင့် နည်းပြအင်းနရစ်သည် အာဆင်နယ်အသင်းတာဝန်ရှိသူများနှင့် ဆွေးနွေးမှုများလုပ်ဆောင်လျက်ရှိပြီး နည်းပြအာစင်ဝင်းဂါးအသင်းမှ ထွက်ခွာသွားပါက အာဆင်နယ်အသင်းနည်းပြဖြစ်လာနိုင်ကြောင်း သတင်းများလည်း ထွက်ပေါ်လျက်ရှိသည်။

အင်းနရစ်သည် ၎င်း၏နည်းပြဘဝတစ်လျှောက်တွင် ဘာစီလိုနာအသင်း၊ ရိုးမားအသင်း၊ ဆယ်တာဗီဂိုအသင်းတို့ကို တာဝန်ယူကိုင်တွယ်ခဲ့ပြီး ချန်ပီယံလိဂ်ဖလား၊ လာလီဂါဖလား၊ ယူအီးအက်ဖ်အေစူပါဖလားနှင့် ဖီဖာကလပ်ကမ္ဘာ့ဖလားတို့ကိုလည်း ရယူပေးနိုင်ခဲ့သူဖြစ်သည်။

အာဆင်နယ်အသင်းသည် လစ်လပ်မှုရှိလာမည့် နည်းပြရာထူးနေရာအတွက် အင်းနရစ်ကို စိတ်ဝင်စားနေသည့်အပြင် အန်စလော့တီကိုလည်း ခေါ်ယူရန် စီစဉ်နေပြီး အန်စလော့တီသည် ရီးယဲလ်မက်ဒရစ်အသင်း၊ ချယ်လ်ဆီးအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ကိုလည်း တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်သည်။

နည်းပြအာစင်ဝင်းဂါးသည် အာဆင်နယ်အသင်းနည်းပြအဖြစ် ၂၂ နှစ်ကြာတာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး ရာသီကုန်တွင် ထွက်ခွာမည်ဖြစ်သောကြောင့် အာဆင်နယ်အသင်းအနေဖြင့် နည်းပြသစ်ရှာပုံတော်ဖွင့်လျက်ရှိရာ အာဆင်နယ်အသင်းခေါ်ယူမည့် နည်းပြစာရင်းတွင် ဂျာမနီနည်းပြ ဂျိုအာချင်လို၊ ဂျူဗင်တပ်အသင်းနည်းပြ မက်အယ်လ်လီဂရီ၊ မိုနာကိုအသင်းနည်းပြ လီယိုနာဒိုဂျာဒင်၊ ဆဲလ်တစ်အသင်းနည်းပြ ဘရန်ဒန်ရော့ဂျာတို့ ပါဝင်လျက်ရှိကြောင်း သိရသည်။





## မရမ်းကုန်းမြို့နယ်တွင် ဓာတ်အားလိုင်းများ လဲလှယ်

**မရမ်းကုန်း ဧပြီ ၂၁**

မရမ်းကုန်းမြို့နယ် (၅) ရပ်ကွက်ရှိ 6.6 KV ၁၀ မိုင် ပုထိုးတော်ကြီးဖီဒါ၏ လက်ရှိ ACSR 95mm$^2$ နှင့် 70 mm$^2$ များအား SAC120 mm$^2$ ဖြင့် ဓာတ်အားလိုင်း ပေ ၁၈၅၀ ကို မြို့နယ်လျှပ်စစ်မန်နေဂျာရုံးအဖွဲ့နှင့် ပြင်ပ ပုဂ္ဂလိကအဖွဲ့ ငါးဖွဲ့ဖြင့် လဲလှယ်နေမှုအား ဧပြီ ၂၀ ရက်က ဒါရိုက်တာအဖွဲ့ဝင်(၂) ဦးရန်လင်း (YESC)၊ ခရိုင်လျှပ်စစ်မန်နေဂျာ ဦးခိုင်ဇော်ငြိမ်း(အနောက်ပိုင်း) တို့က လာရောက်စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ အလားတူ 6.6KV စိန်ပန်းမြိုင်-သဇင်ရုံဖီဒါ ပေ ၈၂၅၀ နှင့် 6.6 KV စိန်ပန်းမြိုင်-ပါရမီဖီဒါ ပေ ၁၀၉၀၀တို့အား ဆက်လက် လဲလှယ်သွားမည်ဖြစ်ကြောင်းသိရသည်။

**ကြေးမုံ**

## ကရင်ပြည်နယ် စိုက်ပျိုးရေးကဏ္ဍနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြည်ထောင်စုဝန်ကြီး ကွင်းဆင်း

**ဘားအံ ဧပြီ ၂၁**

ကရင်ပြည်နယ်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးတွင် မိုးစပါးစိုက်ပျိုးမှုအပြင် နှစ်သီးစားမှ သုံးသီးစားအဖြစ်နွေစပါးကို တောင်သူများပိုမိုစိုက်ပျိုးနိုင်ရေး၊ ရော်ဘာထုတ်လုပ်မှုတွင် ဈေးကွက်ဝင် အရည်အသွေးပြည့်မီစေရေးအတွက် တောင်သူများနှင့် တွေ့ဆုံခြင်းနှင့် ကျေးလက်ဒေသ လမ်းတံတားနှင့် ရေရရှိရေး ဆောင်ရွက်ပေးထားမှု အကျိုးဖြစ်ထွန်းမှု အခြေအနေ ဆက်လက်ဆောင်ရွက်ပေးရမည့် အခြေအနေများအား ဧပြီ ၂၀ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူသည် ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ သက်ဆိုင်ရာ ပြည်နယ်အဆင့် တာဝန်ရှိသူများလိုက်ပါလျက် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်ပြည်နယ် သထုံမြို့မှ ကရင်ပြည်နယ်သို့ ညနေပိုင်းတွင် ရောက်ရှိပြီး ကျေးလက်ဦးစီးဌာနနှင့် ယူနီဆက်တို့ ပူးပေါင်းဆောင်ရွက်သော ဘားအံမြို့နယ် ကျောက်တလုံး (ဝင်းဒရယ်) အုပ်စု သစ်ဖြူပင်ဆိပ်ကျေးရွာတွင် အိမ်ခြေ ၁၁၀ ကျော် အသုံးပြုနေသည့် အိမ်တိုင်ရာရောက် ရေမီတာသုံး ရေပေးရေးစနစ်ဖြင့် ၂၄ နာရီ ရေပေးဝေနေမှု အခြေအနေအား ကြည့်ရှုစစ်ဆေးပြီး အထက်ကော့ ရင်းကျေးရွာ ရွှေလင်ဗန်းရော်ဘာလုပ်ငန်းတွင် ရော်ဘာထုတ်လုပ်မှု အဆင့်ဆင့်ဆောင်ရွက်နေမှုအခြေအနေတွင် ရော်ဘာအစေးအရည်ဝယ်ယူခြင်း၊ ရော်ဘာအခြောက်ပြားဝယ်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုအားပေးကာ ဒေသခံရော်ဘာစိုက်ပျိုးတောင်သူများ အရည်အသွေးပြည့်မီသော ရော်ဘာအစေးပြားများ ထုတ်လုပ်နိုင်ရေး၊ ဈေးကွက်စသည်များအား တာဝန်ရှိသူများနှင့်ပေါင်းစပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဘားကပ်ကျေးရွာ တောင်သူပညာပေး စခန်းအနီးရှိ ဘားကပ်မြစ်ရေတင်ဖြင့် စိုက်ပျိုးသော ပညာပေး စံပြကွက်များကို ကြည့်ရှုစစ်ဆေး ကြောင်း သိရသည်။

ထို့နောက် ဘားကပ်ကျေးရွာ၊ တရုတ်လှကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူများနှင့် တွေ့ဆုံပြီး တောင်သူများ၏ စိုက်ရေးပျိုးရေးကဏ္ဍတွင် အခက်အခဲနှင့် တင်ပြတောင်းဆိုမှုများ၊ ဈေးကွက်ဆိုင်ရာ အခြေအနေများအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ကာ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**





ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ် (၉) ရပ်ကွက်၌ သောက်သုံးရေအခက်အခဲရှိသော သီတာလမ်းတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ(၄) ဦးပြည့်ဖုန်းဝင်းဦးဆောင်၍ဂါလန် ၈၀၀ ဆံ့ရေသယ်ယာဉ်ဖြင့် ဧပြီ ၂၁ ရက် နံနက်ပိုင်းက သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## လေဘေးသင့်အိမ်ထောင်စုများနှင့် ကမ်းပြိုဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**ရေနံချောင်း ဧပြီ ၂၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ရေနံချောင်းမြို့နယ်အတွင်း လေဘေးသင့်အိမ်ထောင်စုများနှင့် ကမ်းပြိုဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်ပွဲကို ဧပြီ ၂၀ ရက် ညနေပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရေနံချောင်းမြို့နယ်တွင် ဧပြီ ၁၉ ရက် မွန်းလွဲပိုင်းက လေပြင်းတိုက်ခတ်ခြင်းကြောင့် လူနေအိမ်ပြိုလဲခြင်း၊ အမိုးလန်ခြင်းများ ဖြစ်ပွားခဲ့သော အိမ်ထောင်စု ၅၂ စုမှ လူဦးရေ ၂၂၉ ဦးအတွက် ဆန်ရိက္ခာဖိုးနှင့် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ ကျပ် ၃၉၈၀၉၀၀ နှင့် မိသားစုသုံးပစ္စည်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးမာန်ကိုဟောနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးစီးမှူးဒေါ်ဝင်းဝင်းမော်တို့က ပေးအပ်ရာ သက်ဆိုင်ရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် လေဘေးသင့်ပြည်သူများက လက်ခံရယူကြသည်။

ထို့အပြင် ဧပြီ ၁၇ ရက်က ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် မာန်မြေမြောက်စုကျေးရွာ ကမ်းပြိုဘေးသင့်အိမ်ထောင်စု လေးစုမှ လူဦးရေ ၁၂ ဦးအတွက် ဆန်ရိက္ခာဖိုးနှင့် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ ကျပ် ၄၂၅၂၀၀ နှင့် မိသားစုသုံးပစ္စည်းများကိုလည်း ပေးအပ်ခဲ့ကြောင်းသိရသည်။

**ကိုစိုးကြီး**

## ရေရှားပါးသော တယ်ပင်ကန်ကျေးရွာသို့ သောက်သုံးရေများလှူဒါန်း

**ယင်းမာပင် ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးခိုင်ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ရေရှားပါးသော တယ်ပင်ကန်ကျေးရွာသို့ ဧပြီ ၂၁ ရက် နံနက် ၉ နာရီက သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ သောက်သုံးရေများလှူဒါန်းရာတွင် ယင်းမာပင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးခိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များသည် ယင်းမာပင်မြို့နယ်အတွင်း နှစ်စဉ်နွေရာသီတွင် သောက်သုံးရေရှားပါးသည့် တယ်ပင်ကန်ကျေးရွာရှိ ဓမ္မပါလဘုန်းတော်ကြီးကျောင်းနှင့် ကျေးရွာသူကျေးရွာသားများအတွက် ရေဂါလန် ၈၀၀ ဆံ့နှင့် ရေဂါလန် ၁၆၀၀ ဆံ့ မီးသတ်ယာဉ်နှစ်စီးဖြင့် ယင်းမာပင်မြို့မှ သယ်ဆောင်ကာ သောက်သုံးရေဂါလန် ၂၄၀၀ ကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## စိန်တလုံးသရက်သီးများ မူဆယ်သို့လှိုင်လှိုင်တင်ပို့

**မန္တလေး ဧပြီ ၂၁**

မန္တလေးမြို့အနီးရှိ စိန်တလုံး သရက်ခြံများမှ သရက်သီးများကို မူဆယ်သို့ လှိုင်လှိုင်တင်ပို့လျက်ရှိရာ သရက်သီးအငှားခူးသူများ၊ သရက်သီးစက္ကူပတ်သူများ နေ့စဉ်ပုံမှန်ဝင်ငွေရရှိလျက်ရှိကြောင်း သိရသည်။

လက်ရှိကာလ သရက်သီးအဖွင့်ဈေးကွက်မှာ သရက်သီးတစ်ဖာ(တစ်ခြင်း) လျှင်တရုတ်ငွေ ယွမ် ၁၃၀ မှ ၁၅၀ အထိရရှိပြီး အသီးအရည်အသွေးပေါ်မူတည်ကာ ဈေးနှုန်းကွာခြားသွားကြောင်း သရက်သီးတင်ပို့သူတစ်ဦးက ဧပြီ ၂၀ ရက်တွင် ပြောသည်။

စိန်တလုံး သရက်သီးတစ်ဖာ (တစ်ခြင်း)လျှင် အလုံးအရေအတွက် ၅၀ မှ ၆၀ အထိ ဝင်ဆံ့သည်။ မြန်မာငွေနှင့် တွက်ပါက စိန်တလုံး တစ်ဖာလျှင် ငွေကျပ် ၂၇၀၀၀ကျော်ရရှိသည်။ ဧပြီ ၂၀ ရက်တွင် တရုတ်ငွေလဲလှယ်နှုန်းမှာ တစ်ယွမ်လျှင်၂၁၁ ကျပ်ရှိပြီး တရုတ်ငွေ ဈေးအတက်အကျပေါ် မူတည်ကာ သရက်သီးဈေးနှုန်း အတက်အကျရှိသည်။ လက်ရှိကာလ သရက်သီးများကို လှိုင်လှိုင်တင်ပို့လျက်ရှိသည့်အတွက် သရက်သီးခူးဆွတ်သူများနှင့် သရက်သီးတင်ပို့သူများပါ အဆင်ပြေလျက်ရှိကြောင်း သိရသည်။



**နွေနဒီ(မြစ်ငယ်)**

## မူခင်းအသိပညာပေး ဟောပြောပွဲကျင်းပ

**ကွမ်းခြံကုန်း**

ကွမ်းခြံကုန်းမြို့နယ် မင်းပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကွမ်းခြံကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုင်းသိန်းမောင်နှင့် အမှတ်(၅၅) ယာဉ်ထိန်း ရဲတပ်ဖွဲ့စု (ကွမ်းခြံကုန်း)မှ ဒုရဲမှူး အေးထွန်းမောင်တို့သည် ဧပြီ ၂၀ ရက် က သက်ငယ်မုဒိမ်းမှု ကျဆင်းရေး၊ လူကုန်ကူးမှု ကျဆင်းရေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး အသိပညာပေးခြင်းနှင့် ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှု လျော့နည်းကျဆင်းရေးအတွက် ယာဉ်မဆင်မခြင်မောင်းနှင်ခြင်း မပြုလုပ်ကြရန် မူခင်းအသိပညာပေးဟောပြောခဲ့ရာ ရပ်ကွက်နေပြည်သူ ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

**ဒေါပုံ**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် ရဲတပ်ဖွဲ့မှ ဒေါပုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်အောင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူး ထွန်းထွန်းနိုင်၊ နယ်ထိန်းအရာရှိ ရဲအုပ်မင်းမင်းကျော်တို့သည် ဧပြီ ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲက အောင်ချမ်းသာရပ်ကွက်ဓမ္မာရုံ၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေး မူခင်းအသိပညာပေးဆွေးနွေးဆောင်ရွက်ခဲ့ရာ အောင်ချမ်းသာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထု ၁၂၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။


**ကြေးမုံ**













# အချိုးမညီစစ်ပွဲ သရိုးသရီဖြစ်ဆဲ

ကိုရင်ဩ

တပေါင်းတန်ခူး လေရူးဆော်ချိန် မကြာသေးမီရက်များအတွင်း ကြားရနား၀ မချမ်းသာ သတင်းများ ကမ္ဘာ့သတင်းဇာတ်ခုံပေါ်သို့ ခုန်ပျံကျော်လွှား ရောက်ရှိလာပြန်၏။ ဤတစ်ကြိမ်တွင်ကား 'ဓားကိုဓားချင်း၊ လှံကိုလှံချင်း၊ စစ်ကိုစစ်ချင်း' တိုက်သည့် ပုံစံမျိုးကို ကျွန်ုပ်တွေ့ရ၏။

'စစ်ကို စစ်ချင်းတိုက်ခြင်း' (War for war) ဟူသည်ကား နဂိုမူလကပင် စစ်မီးတောက်လောင်နေသော နေရာတွင် နောက်ထပ် စစ်မီးအရှိန်မြှင့်ရန် တိုက်ခိုက်ပုံမျိုးကို ဆိုလိုသည်။

ပြည်တွင်းစစ်မီး တောက်လောင်နေသော ဆီးရီးယားတွင် ဓာတုလက်နက် အသုံးပြုလျှင် မိမိတို့က အင်အားသုံး၍ တုံ့ပြန်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ခြိမ်းခြောက်သံပေးခဲ့ပြီးနောက် မကြာသေးမီ ရက်များအတွင်း ယင်းနိုင်ငံကို ဗြိတိန်နှင့် ပြင်သစ်တို့နှင့်အတူ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ 'စိန်ကဲ ကျောက်ကဲခတ်ရန် လွယ်သည်၊ စစ်ရေးကို အကဲခတ်ရန်မလွယ်' ဟု ကျွန်ုပ်တွေးဆမိလေသည်။

ဤတွင်ရွှေ့ကား ကျွန်ုပ်သည် ဆီးရီးယားစစ်ပွဲ (ဝါ) ဆီးရီးယားပဋိပက္ခ၏ ပိုမိုရှုပ်ထွေးလာစေသော အကြောင်းခြင်းရာများကို ပိုင်းခြားစိတ်ဖြာ လေ့လာကြည့်မိလေသော် ဝတ္ထုဇာတ်လမ်းတစ်ပုဒ်ပမာ အခန်းကဏ္ဍများကို ပိုင်းခြားထုတ်ဆောင်နိုင်သည်ကို တွေ့မြင်ရ၏။

### လူထုအုံကြွမှုမှသည် အကြမ်းကိုင်မှုဆီသို့

စာသင်ကျောင်း၏ နံရံတစ်ချပ်ပေါ်တွင် ဆယ်ကျော်သက်ရွယ် လူငယ်အချို့က တော်လှန်ရေး ကြွေးကြော်သံများကို ရေးသားခဲ့ကြရာ ယင်းလူငယ်လေးများ အဖမ်းခံရပြီးနောက် ညှဉ်းပန်းနှိပ်စက်ခံရသည်ဆိုသော သတင်းများ ပေါ်ထွက်လာခဲ့ရာမှ ဆီးရီးယားနိုင်ငံတောင်ပိုင်း ဒါရာမြို့၌ ၂၀၁၁ ခုနှစ် မတ်လတွင် ဒီမိုကရေစီတောင်းဆိုသော ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့က ဆန္ဒပြသူများကို အင်အားသုံး ဖြိုခွဲရာမှ ဆန္ဒပြသူအချို့ သေဆုံးခဲ့ရသဖြင့် ဆန္ဒပြပွဲများတိုး၍ ဖြစ်ပွားခဲ့သည်။

နိုင်ငံတစ်ဝန်း ဆန္ဒပြပွဲများ ဖြစ်ပွားလာသည်တွင် သမ္မတဘာရှားအာဆတ် ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုခဲ့ကြသည်။

လက်ရှိသမ္မတ ဘရှားအာဆတ်သည်ကား ၂၀၀၀ ပြည့်နှစ်တွင် သူ၏ဖခင်ထံမှ သမ္မတရာထူးကို ဆက်ခံရရှိခဲ့သူဖြစ်သည်။ အာဆတ်၏ ဖခင်မှာ ၁၉၇၀ ပြည့်နှစ် အာဏာသိမ်းပွဲဖြင့် အာဏာရရှိခဲ့သူဖြစ်သည်။

ဆီးရီးယားပဋိပက္ခကို ဖြစ်ပွားစေသော အခြေခံ အကြောင်းတရားများအနက် အကြောင်းတရားတစ်ရပ်မှာ အစိုးရဖွဲ့စည်းမှုပုံသဏ္ဍာန်ကို အတိုက်အခံတို့က လက်မခံခြင်းဖြစ်သည်။

အာဆတ်သည် သမ္မတရာထူးအား မိဘအမွေအနှစ်ကို ဆက်ခံရရှိဘိအလား ဆက်ခံသူဖြစ်ပြီး ပြည်သူ့ဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ခံခဲ့ရခြင်းမရှိချေ။ သို့ဖြစ်ပေရာ အာဆတ်က နိုင်ငံတော်ကို အုပ်ချုပ်ပိုင်ခွင့်မရှိဟု သူ၏ တုဘက်ပြိုင်ဘက်တို့က အကြိတ်အနယ် ဟစ်ကြွေးကြလေသည်။

လူဦးရေ ၁၈ ဒသမ ၄၃ သန်းကျော်ရှိသော ဆီးရီးယားနိုင်ငံ၌ လူဦးရေ၏ ၁၂ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုသော အလာဝီမျိုးနွယ်တို့ကမူ အာဆတ်ကို အားပေးထောက်ခံကြခြင်းမှာ မျိုးနွယ်တူဖြစ်ခြင်းကြောင့်ဟု ဆိုနိုင်ပေသည်။

အာဆတ်ကို ထောက်ခံသူများတွင် လူနည်းစု ခရစ်ယာန်တို့လည်း ပါ၀င်ကြသည်။ အကြောင်းမှာ အာဆတ်က အစ္စလာမ့်နိုင်ငံတော် မထူထောင်ဘဲ လောကီဆန်စွာ အုပ်ချုပ်ခြင်းကြောင့်တည်း။

ဆီးရီးယားပြည်တွင်းစစ်ကြီး၏ ဒုတိယမြောက် အကြောင်းတရား တစ်ရပ်မှာ 'အာရပ် နွေဦးလှုပ်ရှားမှု' ဖြစ်၏။ မကြာသေးမီနှစ်များအတွင်း အရှေ့အလယ်ပိုင်း ဒေသတစ်ဝန်း၌ ယင်းလှုပ်ရှားမှု အရှိန်အဟုန်ရရှိခဲ့၏။ လှုပ်ရှားမှု၏ အကျိုးရလဒ်အဖြစ် အာရပ်နိုင်ငံအချို့မှာ အပြုသဘော ပြောင်းလဲသွားခဲ့သော်လည်း အာရပ်နိုင်ငံအချို့မှာမူ နိုင်ငံရေးပြဿနာလှိုင်းတံပိုးများ ရုတ်ချည်းရိုက်ခတ်မှုကို တွေ့ကြုံကြရ၏။

လူမှုကွန်ရက် မီဒီယာများသည် ဆီးရီးယားပြည်သူလူထုအတွင်း သြဇာကြီးမားလှရကား အတိုက်အခံများက ပြည်သူတို့ကို စည်းရုံးလိုက်ကြပြီး အာဆတ်ဖြုတ်ချရေး လူထုဆန္ဒပြပွဲများကို ဖန်တီးခဲ့ကြလေသည်။

ဆီးရီးယားမြို့ကြီးများ၌ ဆန္ဒပြသူများကို အာဆတ်၏အစိုးရက အင်အားသုံး နှိမ်နင်းရာမှ ပြည်တွင်းစစ်မီးတောက်လောင်သည်အထိ ဦးတည်စေခဲ့သည်။

အတိုက်အခံ ထောက်ခံသူများက ရရာလက်နက်စွဲကိုင်လာကြသည်။ ကနဦးတွင် မိမိကိုယ်မိမိ ကာကွယ်ရေးဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် မိမိတို့၏ ရပ်ရွာဒေသတွင်းရှိ လုံခြုံရေးတပ်ဖွဲ့များကို တွန်းလှန် မောင်းထုတ်လာကြသည်။

### ပြည်တွင်းစစ်ပွဲအတွင်းသို့ သက်ဆင်းရောက်ရှိခြင်း

အဓမ္မနည်းဘက်သို့ ဦးလှည့်ခြင်းသည် ပြည်တွင်းစစ်ကို ဖြစ်စေခဲ့သည်။ မြို့ကြီး၊ မြို့ငယ်များနှင့် ကျေးလက်ဒေသများအား ထိန်းချုပ်နိုင်ရေးအတွက် အစိုးရတပ်ဖွဲ့များကို အန်တုဖက်ပြိုင်ရန် သူပုန်တပ်ဖွဲ့များကို ဖွဲ့စည်းလာခဲ့ကြသည်။ ၂၀၁၂ ခုနှစ် အရောက်တွင် မြို့တော်ဒမတ်စကတ် အနီးအပါးသို့တိုင် တိုက်ပွဲများ ဖြစ်ပွားလာခဲ့သည်။ ဒုတိယအကြီးဆုံးမြို့ကြီး အလက်ပိုတွင်လည်း တိုက်ပွဲသံ တညံညံ၊ ဗုံးသံ၊ သေနတ်သံ ဆူဆူညံညံ ပေါ်ထွက်လာခဲ့သည်။

၂၀၁၇ ခုနှစ် ဩဂုတ်လ စာရင်းအရ လူပေါင်း ၃၀၀၀၀၀ အထိ သေဆုံးခဲ့ရသည် ဆို၏။

ဆီးရီးယားပဋိပက္ခသည် အစိုးရတပ်ဖွဲ့များနှင့် သူပုန်တပ်ဖွဲ့များအကြား တိုက်ပွဲများဖြစ်ရုံမျှဖြင့် အတောမသတ်ခဲ့ဘဲ လူမျိုးရေး ဂိုဏ်းဂဏ ရန်သတ္တရုပြုမှုဘက်သို့ ကျယ်ပြန့်စေခဲ့၏။

ဆီးရီးယားနိုင်ငံ၏ ဆွန်နီအများစုက သမ္မတအာဆတ်၏ ရှီးယိုက် အလာဝီမျိုးနွယ်စုဝင်များကို ရန်ဘက်ပြုလာ၏။ ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများက ဘက်လိုက် အားပေးမှုများ ပြုလာကြ၏။ ဂျီဟတ်ဝါဒီအုပ်စုဖြစ်သော အစ္စလာမ့်နိုင်ငံတော် ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်) ခေါင်းထောင်လာခြင်းကြောင့် 'တောင်လဲရာ မြက်ပြတ်' ဘိသကဲ့သို့ ဘေးဘယာများ ကျရောက်လာ၏။

လူနေအရပ်ဒေသများမှာပင် တိုက်လား၊ ခိုက်လား လုပ်လာကြသဖြင့် အရပ်သူ၊ အရပ်သားများစွာ မရဏမင်းအောက် ပြားပြားမှောက် ရောက်ခဲ့ကြသည်။

တောမီးလောင်၊ တောကြောင် လက်ခမောင်းခတ်ဟူဘိသို့ပင် အိုင်အက်စ်အဖွဲ့သားများက နဂါးမှန်းသိအောင် အမောက်ထောင်ပြလာ၏။ ရက်စက်မှု ကြေကွဲ၊ ကြေကွဲမှု မင်းဖြစ်ဟူသောထုံးကို နှလုံးမူကြရော့ထင့်။

### နိုင်ငံတကာ ပါ၀င်ပတ်သက်မှု

ဆီးရီးယားပြည်တွင်းစစ်၏ အကျိုးသက်ရောက်မှုများကို အိမ်နီးချင်းနိုင်ငံများ တွေ့ကြုံ ခံစားကြရသည်။ အိမ်နီးချင်း တူရကီနိုင်ငံ အတွင်းသို့ ဆီးရီးယားဒုက္ခသည်များ အလုံးအရင်းဖြင့် ထွက်ပြေးခိုလှုံလာခဲ့ကြသည်။ တူရကီနိုင်ငံသည် အတိုက်အခံများကို အားတက်သရော ထောက်ခံသည့်နိုင်ငံဖြစ်သည်။

တည်ငြိမ်မှုမရသေးသော အီရတ်နိုင်ငံကမူ အာဆတ် အာဏာဆက်လက်ကိုင်စွဲနိုင်ရေးဘက်မှ ထောက်ခံခဲ့သည်။

ဥရောပဘက်သို့ စောင်းငဲ့ကြည့်လျှင်မူ ပြင်သစ်၊ ဂရိတ်ဗြိတိန်နှင့် ဂျာမနီတို့က အတိုက်အခံအင်အားစုများဘက်မှ အားပေး ထောက်ခံကြလေသည်။

ရုရှားနှင့် အီရန်နိုင်ငံတို့မှာမူ အာဆတ်ဘက်မှ ထောက်ခံမှုကိုပြသည်။ ရုရှား၏ စီးပွားရေးမိတ်ဖက် တရုတ်နိုင်ငံကလည်း အာဆတ် အာဏာမြဲစေလိုသည်။

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ရှေ့တန်းတင်သော အမေရိကန်ပြည်ထောင်စုကမူ ဆီးရီးယား အတိုက်အခံတို့ကို ထောက်ခံအားပေးသည်။ အမေရိကန်၊ ဆော်ဒီအာရေဗျနှင့် အစ္စရေးနိုင်ငံတို့က အတိုက်အခံတို့ဘက်မှ ရပ်တည်လျက်ရှိကြလေသည်။

ဆီးရီးယားပြည်တွင်းစစ် အဆုံးသတ်စေရေး ရည်ရွယ်လျက် ကုလသမဂ္ဂ ကမကထပြုသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကျင်းပနိုင်ရန် ကြိုးပမ်းခဲ့ကြသော်လည်း သဘောတူညီချက်များ ပီပီပြင်ပြင် မရနိုင်ခဲ့ပေ။

ဆီးရီးယားပြည်တွင်းစစ်ကို ပိုမိုကြမ်းတမ်းရှုပ်ထွေးအောင် ပြုလုပ်သော အင်အားစုမှာ အကြမ်းဖက်အုပ်စုများဖြစ်သည်။ ဆီးရီးယား၌ အခြားအစွန်းရောက်အဖွဲ့များက စစ်ရေးအရ နယ်မြေသိမ်းပိုက်မှုများ ပြုလုပ်ကြလေသည်။

အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့က ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများကို ချေမှုန်းနိုင်ရန် ကြိုးပမ်းခဲ့သည်။

ဆီးရီးယားအစိုးရကို ထောက်ခံသော ရုရှားနိုင်ငံက ၂၀၁၅ ခုနှစ် စက်တင်ဘာလမှစ၍ လေကြောင်းမှ တိုက်ခိုက်မှုများကို ပြုလုပ်လာခဲ့ရာ စစ်ရေးနည်းလမ်းနှင့် နိုင်ငံရေးနည်းလမ်းတို့ အားပြိုင်မှုကို တွေ့ရသည်။

ဆီးရီးယား ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ကျင်းပနိုင်ရန် ကုလသမဂ္ဂက ကြိုးပမ်းလာခဲ့သော်လည်း ငြိမ်းချမ်းရေးလမ်းပြမြေပုံမှာ အလှမ်းဝေးနေဆဲဖြစ်သည်။

ဆီးရီးယား၌ အနာဂတ်အုပ်စိုးမှုပုံစံ၊ ၁၈ လအတွင်း ရွေးကောက်ပွဲများ ကျင်းပရေး၊ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ရေးဆွဲရေးတို့နှင့် ပတ်သက်၍ ကုလသမဂ္ဂအထူးသံတမန် မစ္စတူရာက ရည်မှန်းချက် ချပြခဲ့သည်။

ဆီးရီးယားစစ်ပွဲ အဆုံးသတ်ရေးအတွက် အရေးအကြီးဆုံးမှာ အစိုးရအဖွဲ့နှင့် အတိုက်အခံအုပ်စုများအားလုံး ငြိမ်းချမ်းရေးအတွက် မျက်နှာချင်းဆိုင်တွေ့ဆုံညှိနှိုင်းမှုဖြစ်သင့်သည်။

ဂျီနီဗာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ကျင်းပရန် ကြိုးပမ်းခဲ့သော်လည်း ကမ္ဘာ့နိုင်ငံများအတွင်း၊ အုပ်စုများအတွင်း တစ်စိတ်တစ်ဝမ်းတည်း သဘောတူညီမှုရရန်မှာလည်း အထူးလိုအပ်မည်ဖြစ်ရာ ပါ၀င်ပတ်သက်နေသော နိုင်ငံများမှာ မူဝါဒရေးရာအရ လွန်ဆွဲမှုများရှိနေဆဲဖြစ်သည်။

ဆွေးနွေးခြင်းမှတစ်ဆင့် နိုင်ငံရေးသဘောတူညီချက် ရရှိလာနိုင်သည့်တိုင် ဆီးရီးယား ပဋိပက္ခ၏ အကြောင်းရင်းမြစ်များကို အာရုံစိုက်ကာ ဖြေရှင်းရမည့် နိုင်ငံရေး မူဘောင် ချမှတ်ရန်မှာမူ ခက်ခဲနေဦးမည်ဟု တွေးဆရလေသည်။

အရေးကြီးသည်ကား ဆီးရီးယား၌ သမိုင်းအမွေဆိုးမကျန်ရစ်အောင် စစ်ပွဲတွင် ပါ၀င်ပတ်သက်နေသော နိုင်ငံများ၊ အုပ်စုများအားလုံးက တာ၀န်ယူမှုရှိကြရပေမည်။ သို့မဟုတ်လျှင်မူကား ဆီးရီးယားမှာ ၂၁ ရာစု၏ 'ရဝမ်ဒါ' ဟူ၍ သမုတ်ခံရပေလိမ့်မည်။

သမ္မတအာဆတ်ပြုတ်ကျရေးအတွက် အတိုက်အခံများက ပုန်ကန်လာကြသည်မှာ ခုနစ်နှစ်တာကာလသို့ ရောက်သည့်တိုင် သူမပြုတ်ကျဘဲ ရာဇပလ္လင်မြဲနေဆဲဖြစ်၏။ သို့ရာတွင် စစ်ပွဲ၏ ရလဒ်မှာ အနုတ်လက္ခဏာချည်းသာဖြစ်နေ၏။

စစ်ပွဲဟူသည် မိမိတို့က အဆုံးသတ်လျှင်သတ်၊ မသတ်လျှင် မိမိတို့၏ ဘဝများကို နိဂုံးချုပ်စေလိမ့်မည်ဟု အင်္ဂလိပ်လူမျိုး စာရေးဆရာကြီး ဟားဗတ်အိပ်ချ်ဂျီဝဲလ်က သတိပေးခဲ့ဖူးသည်ကို ကျွန်ုပ်ပြန်ပြောင်း သတိရမိ၏။

ငြိမ်းချမ်းသော ဆန္ဒပြပွဲများမှ သန္ဓေတည်ကာ စတင်ခဲ့သော ဆီးရီးယား ပဋိပက္ခမှာ ယခုအခါ သက်တမ်းခုနစ်နှစ်အတွင်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်သည်။ ပြည်တွင်းပဋိပက္ခ အစို့အညှောက်ကလေးမှသည် ရှုပ်ထွေးပွေလီလှသော ပြည်တွင်းစစ်ပွဲကြီး ဖြစ်လာခဲ့ပြီးနောက် ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့အင်အားကြီး နိုင်ငံများအထိ ပါ၀င်ပတ်သက်လာခဲ့သော ဆီးရီးယားပြည်တွင်းစစ်ကြီး အတောမသတ်နိုင်သေးပုံကို ဖော်ပြနေသည့် သတင်းများက ကမ္ဘာ့ပြည်သူများ၏ စိတ်နှလုံးကို နောက်ကျုစေသည်ဟု တွေးတောမိရင်း "အချိုးမညီစစ်ပွဲ သရိုးသရီဖြစ်ဆဲ" ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။


ဓာတ်ပုံ- NPR

Ref:
Why is there a war in Syria?(BBC News)

# လီဂျန်ကီနဲ့ ယိုအင်နာကို ကျေးဇူးတင်လိုက်တဲ့ အိုင်ယူ



တောင်ကိုရီးယားရဲ့ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးဖြစ်တဲ့ အိုင်ယူဟာ သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် မင်းသား လီဂျန်ကီနဲ့ မင်းသမီး ယိုအင်နာတို့ကို ကျေးဇူးတင်ကြောင်း ထုတ်ဖော်ခဲ့တာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက အိုင်ယူဟာ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဓာတ်ပုံများစွာကိုဖော်ပြခဲ့ပြီး လီဂျန်ကီနဲ့ ယိုအင်နာတို့ကို ကျေးဇူးတင်ရှိကြောင်း ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ ကျေးဇူးတင်ရတဲ့အကြောင်းကတော့ tvN ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ ဇာတ်လမ်းတွဲ "My Sister"ကို ပါဝင်ရိုက်ကူးပေးနေစဉ် လီဂျန်ကီနဲ့ ယိုအင်နာတို့က အိုင်ယူရှိရာ ရိုက်ကွင်းကို ကော်ဖီနဲ့ အစားအသောက်ကား ပို့ဆောင်ပေးခဲ့တာကြောင့်ဖြစ်ကြောင်း သိရပါတယ်။

အိုင်ယူဟာ မင်းသား လီဂျန်ကီနဲ့ ခင်မင်ရင်းနှီးသူဖြစ်ပြီး မင်းသမီး ယိုအင်နာနဲ့လည်း အတော်လေးခင်မင်တဲ့ ဆက်ဆံရေးရှိတာဖြစ်ပါတယ်။



# အူဂျင်းနဲ့ ကီတေယောင်းတို့ ဒုတိယမြောက်ရင်သွေးရရှိခဲ့ပြီဖြစ်

တောင်ကိုရီးယားရဲ့ နာမည်ကျော်ကြယ်ပွင့်စုံတွဲဖြစ်တဲ့ အူဂျင်းနဲ့ ကီတေယောင်းတို့က လတ်တလောမှာတော့ ဒုတိယမြောက်ရင်သွေးလေးရရှိခဲ့ပြီဖြစ်ကြောင်း ဝမ်းသာစရာသတင်းစကား ပရိသတ်တွေကို မျှဝေခဲ့တာ ဖြစ်ပါတယ်။ ဒီသတင်းနဲ့ပတ်သက်ပြီး အူဂျင်းရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ စီနိုင်းအန်တာတိန်းမန့်က အတည်ပြုပေးခဲ့ပြီးဖြစ်တယ်လို့ ဒရမ်မာစတားဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အူဂျင်းရဲ့ ဖျော်ဖြေရေးအေဂျင်စီက ထုတ်ဖော်ပြောကြားချက်အရ မင်းသမီးဟာ လက်ရှိမှာ ကိုယ်ဝန်လေးလခန့်ရှိပြီဖြစ်ကြောင်း၊ ရင်သွေးလေးကိုလာမယ့် ဆောင်းဦးမှာ မွေးဖွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒီလို ဒုတိယမြောက်ကိုယ်ဝန်ရရှိခဲ့ပြီဖြစ်ပေမယ့် ဧပြီ ၂၆ ရက်မှာ လုပ်ဆောင်ဖို့ရာ ရှိနေတဲ့ အနုပညာလှုပ်ရှားမှုတွေကိုတော့ ဖျက်သိမ်းမှာမဟုတ်ဘဲ ဧပြီ ၂၆ ရက်နောက်ပိုင်းမှာတော့ ကလေးကိုသာ စောင့်ရှောက်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

အူဂျင်းကတော့ ရင်သွေးလေးရရှိခဲ့တဲ့အတွက် ပျော်ရွှင်နေပြီး ကျန်းမာရေးကို အထူးဂရုစိုက်နေကြောင်းလည်း သိရပါတယ်။ အူဂျင်းဟာ ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်အတွင်း ကီတေယောင်းနဲ့ ဆိုးလ်မှာရှိတဲ့ ဘုရားကျောင်းတစ်ကျောင်းမှာ လက်ထပ်ခဲ့တာဖြစ်ပါတယ်။ ပထမဆုံးရင်သွေးလေးဖြစ်တဲ့ သမီးလေးကိုတော့ ၂၀၁၅ ခုနှစ် ဧပြီလအတွင်း ဖွားမြင်ခဲ့ပြီး ၂၀၁၆ ခုနှစ်အတွင်း ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ "The Return of Superman" မှတစ်ဆင့် ရင်သွေးလေးကို ပရိသတ်တွေနဲ့ မိတ်ဆက်ပေးခဲ့တာလည်း ဖြစ်ပါတယ်။

# တေးအယ်လ်ဘမ်သစ်နှစ်ခု ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ကန်းရီဝက်စ်ထ် ပြောကြား



အေးပြည့်
စုစည်းသည်

အမေရိကန်တေးသံရှင် ကန်းရီဝက်စ်ထ်က မကြာသေးမီက ဒဿနစာအုပ်တစ်အုပ် ရေးသားထုတ်ဝေသွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် လတ်တလောမှာ သူ့ရဲ့တေးအယ်လ်ဘမ်သစ်နှစ်ခုကို ထုတ်လုပ်သွားမှာဖြစ်ကြောင်း ထပ်မံပြောကြားခဲ့တာကြောင့် ပရိသတ်တွေအနေနဲ့ အံ့အားသင့်ခဲ့ကြရပါတယ်။ ပြီးခဲ့တဲ့ ကြာသပတေးနေ့မှာ ရက်ပ်တေးသံရှင်က သူ့ရဲ့တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် တေးအယ်လ်ဘမ်သစ်တွေ ထုတ်လွှင့်သွားမယ့်အကြောင်း ပရိသတ်ကို အသိပေးခဲ့တာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တေးအယ်လ်ဘမ်နှစ်ခု ထုတ်လွှင့်သွားမှာဖြစ်ပြီး တစ်ခုမှာ တစ်ကိုယ်တော်တေးအယ်လ်ဘမ်ဖြစ်ကာ အခြားတစ်ခုမှာတော့ တေးသံရှင် ကစ်ဒ်ကူဒီနဲ့ တွဲဖက်ဖန်တီးထားတာဖြစ်တယ်လို့လည်း သိရပါတယ်။ တစ်ကိုယ်တော် တေးအယ်လ်ဘမ်သစ်ကို လာမယ့် ဇွန် ၁ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ပြီး ယင်းတေးအယ်လ်ဘမ်မှာ တေးသီချင်းစုစုပေါင်း ခုနစ်ပုဒ်ပါဝင်မှာဖြစ်ပါတယ်။ တွဲဖက်ဖန်တီးသွားမယ့် တေးအယ်လ်ဘမ်ကိုတော့ ပထမတေးအယ်လ်ဘမ်ထုတ်လွှင့်မှုအပြီး သီတင်းပတ် တစ်ပတ်အကြာ ဇွန် ၈ ရက်မှာ စတင်ထုတ်လွှင့်မှာဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်ကိုတော့ "Kids See Ghost" ဆိုတဲ့အမည်အောက်မှာ ဒုတိယမြောက်တေးအယ်လ်ဘမ်အဖြစ် ထုတ်လွှင့်သွားမှာလည်း ဖြစ်ပါတယ်။

# ချစ်စဖွယ်အသွင်အပြင်နှင့် နည်းပညာမြင့်မားသော သယ်ယူပို့ဆောင်ရေးစက်ရုပ်



ဒရုန်းများအသုံးပြုကာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုပ်ကိုင်လာမှု တွင်ကျယ်လာနေပြီးနောက် ယခုအခါ ဒရုန်းကဲ့သို့ ဝေဟင်တွင်ပျံသန်းမောင်းနှင်မှုကို မနှစ်ခြိုက်သူများအတွက် မြေပြင်တွင် သွားလာနိုင်ပြီး အသုံးပြုသူကိုယ်တိုင် လိုက်ပါစီးနင်းနိုင်သော တစ်ကိုယ်ရေသုံး သယ်ယူပို့ဆောင်ရေး စက်ရုပ်တစ်မျိုးကို Segway Robotics ကုမ္ပဏီက ဖန်တီးလိုက်ကြောင်း သိရသည်။ အဆိုပါစက်ရုပ်ကို Loomo ဟု အမည်ပေးထားပြီး အမည်နှင့်လိုက်ဖက်ကာ ချစ်စဖွယ်အသွင်အပြင်လည်းရှိပြီး အသုံးပြုသူနှင့် အပြန်အလှန်ဆက်သွယ်ပြောဆိုနိုင်သောကြောင့် မိတ်ဆွေတစ်ဦးကဲ့သို့ ပြုမူပေးနိုင်မည်ဟုသိရသည်။

၎င်းစက်ရုပ်သည် အကျယ် ၂၂ ဒသမ ၄၄ လက်မရှိပြီး အမြင့် ၂၅ ဒသမ ၅၉ လက်မရှိကာ ၁၉ ကီလိုဂရမ် အလေးချိန်ရှိကာ လူတစ်ဦးလိုက်ပါစီးနင်းနိုင်ရန် ပုံစံထုတ်လုပ်ထားသည်။ ၄ ဒသမ ၃ လက်မ အကျယ်ရှိသော LCD မျက်နှာပြင်တစ်ခုပါဝင်ပြီး ၎င်းမျက်နှာပြင်တွင် နည်းပညာမြင့်အာရုံခံစနစ် ထည့်သွင်းပေးထားသည်။ Intel Atom Z8750 ပရိုဆက်ဆာပါဝင်ပြီး Android 5.1 စနစ်ကိုအခြေခံကာ လည်ပတ်မှုနှင့် ချိတ်ဆက်အသုံးပြုမှုများအတွက် အထောက်အပံ့ပေးထားကြောင်းသိရသည်။ RAM 4GB ထည့်သွင်းပေးထားပြီး သိုလှောင်သိမ်းဆည်းမှုအတွက် 64GB ပမာဏပါဝင်သည်။ Intel Real Sense ZR300 3D ကင်မရာပါဝင်ပြီး အရည်အသွေးမြင့်မားသော ရုပ်သံဗီဒီယိုများ ရိုက်ကူးနိုင်ရန်နှင့် လှုပ်ရှားမှုများ အာရုံခံနိုင်ရန် ထည့်သွင်းတပ်ဆင်ပေးထားသည်ဟု သိရသည်။

၎င်းစက်ရုပ်သည် အသုံးပြုသူအနီးမှ အလိုအလျောက်လိုက်ပါကာ ရုပ်သံဗီဒီယိုများ ရိုက်ကူးမှတ်သားထားနိုင်ပြီး အသုံးပြုသူ၏ စမတ်ဖုန်းနှင့်ချိတ်ဆက်ကာ ထိန်းချုပ်နိုင်ခြင်း၊ စကားပြောခြင်း၊ အပြန်အလှန်စာရိုက်ဆက်သွယ်ချက်များ ပြုလုပ်နိုင်ခြင်းတို့ကိုလည်း လုပ်ဆောင်နိုင်စွမ်းရှိကြောင်းသိရသည်။ အသုံးပြုသူအနေဖြင့် အဆိုပါစက်ရုပ်ပေါ်တွင် လိုက်ပါစီးနင်းကာ တစ်နာရီလျှင် ၁၁ မိုင်နှုန်းဖြင့် ၂၂ မိုင်အကွာအဝေးအထိ လိုက်ပါစီးနင်းနိုင်ကာ အသံဖြင့် စေခိုင်းမောင်းနှင်နိုင်သည်ဟု သိရသည်။ လှုပ်ရှားမှုရုပ်သံဗီဒီယိုများကိုလည်း အရည်အသွေးမြင့်မားပြီး ငြိမ်သက်စွာ ရိုက်ကူးနိုင်ကာ လူတစ်ဦးလိုက်ပါစီးနင်းနိုင်ပြီး အပြန်အလှန်ဆက်သွယ်စကားပြောနိုင်သော အဆိုပါ Loomo စက်ရုပ်ကို စိတ်ဝင်စားသူ များစွာရှိနေပြီး ရောင်းချမည့်အချိန်နှင့် ဈေးနှုန်းအသေးစိတ်ကို သိရှိရခြင်းမရှိသေးပေ။

ဇာဏီ

# ကမ္ဘာပေါ်တွင် မြန်နှုန်းအမြင့်ဆုံးပြိုင်ကားဖြစ်လာမည့် Hennessey Venom F5

ကမ္ဘာကျော်ပြိုင်ကားထုတ်လုပ်သူများသည် အပြိုင်အဆိုင်မြန်နှုန်းအမြင့်ဆုံး ပြိုင်ကားများကိုထုတ်လုပ်၍ ဈေးနှုန်းမြင့်မားစွာဖြင့်ရောင်းချကာ ဈေးကွက်အတွင်း အောင်မြင်မှုရရှိနေကြပြီး နာမည်ကျော်ပြိုင်ကားအများစုမှာ အမြန်ဆုံးစံချိန် တစ်နာရီလျှင် မိုင် ၂၇၀ နှုန်းကျော်ခန့်သာရှိခဲ့ရာမှ ယခုအခါ ၎င်းပြိုင်ကားတို့အား ချန်ရစ်ထားခဲ့မည့် မြန်နှုန်းအမြင့်ဆုံး ပြိုင်ကားတစ်မျိုးကို အမေရိကန်ကားကုမ္ပဏီတစ်ခုမှထုတ်လုပ်လိုက်ပြီဖြစ်သည်။

အမေရိကန်ကားကုမ္ပဏီတစ်ခုဖြစ်သော Hennessey သည် ၎င်း၏မော်ဒယ်သစ် မြန်နှုန်းမြင့်ပြိုင်ကား Venom F5 ကို မိတ်ဆက်ပြသပေးခဲ့ပြီဖြစ်ကြောင်းသိရသည်။ အဆိုပါပြိုင်ကားသည် တစ်နာရီလျှင် မိုင် ၃၀၀ ကျော် အမြန်နှုန်းဖြင့် မောင်းနှင်နိုင်ပြီး လက်ရှိနာမည်ကျော်မြန်နှုန်းမြင့်ပြိုင်ကားလောကတွင် အမြန်ဆုံးပြိုင်ကားဖြစ်လာတော့မည်ဖြစ်သည်။ ၎င်းကဲ့သို့မြန်နှုန်းမြင့်စေရန် ကားတစ်စင်းလုံး၏အလေးချိန်မှာ ၁၃၆၀ ကီလိုဂရမ်ထက်နည်းပါးသည့် အလေးချိန်ဖြစ်စေရန် တည်ဆောက်ထားပြီး ဆလင်ဒါ ရှစ်လုံးတပ် တာဘိုအင်ဂျင်မှာ မြင်းကောင်ရေ ၁၆၀၀ အားကို ထုတ်လွှတ်မောင်းနှင်နိုင်စေရန် ဖန်တီးထားကြောင်းသိရသည်။ ထိုကဲ့သို့တည်ဆောက်ထားသောကြောင့် ဆယ်စက္ကန့်အတွင်း၌ပင် မိုင် ၁၈၀ ကျော် အရှိန်မြင့်တင်မောင်းနှင်နိုင်ပြီး စက္ကန့် ၃၀ အတွင်း တစ်နာရီလျှင်မိုင် ၂၅၀ အမြန်နှုန်းဖြင့် မောင်းနှင်နိုင်မည်ဖြစ်သည်ဟု ဆိုသည်။

၎င်းကဲ့သို့ တစ်နာရီမိုင် ၃၀၀ ကျော်အရှိန်ဖြင့်မောင်းနှင်နိုင်သောကြောင့် သာမန်လမ်းများတွင်မောင်းနှင်ရန် အခက်အခဲများစွာရှိမည်ဟု မှတ်ချက်ပြုနေကြသော်လည်း Hennessey မှ သာမန်လမ်းမများတွင်လည်း မောင်းနှင်နိုင်ကြောင်း ပြောကြားခဲ့သည်။ အခြားတန်ဖိုးကြီးပြိုင်ကားများကဲ့သို့ အစီးရေအကန့်အသတ်ဖြင့် ၂၆ စီးသာ ထုတ်လုပ်ရောင်းချသွားမည်ဖြစ်ပြီး တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်းဖြစ်ကြောင်း သိရသည်။

ALEX



ဦးစိုးချမ်းမြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London)
ဒေါ်သန္တာထွန်း B.Sc (Physics) ဦးစီးတည်ထောင်ဖွင့်လှစ်သည့်

MEC

# MYANMAR EDUCATION CENTRE

## မြန်မာ့ပညာရေးအောင်မြေ

ကိုယ်ပိုင်အထက်တန်းကျောင်း
သူငယ်တန်းမှ ဒသမတန်း

မေလ ၁၀ ရက်နေ့တွင် ကျောင်းစတင်ဖွင့်လှစ်ပါမည်

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ

ကျောင်းတည်နေရာ MEC-1
MEC-2
ဆက်သွယ်ရန်

**ကျောင်းဆိုင်ရာ ပြင်ဆင်မှု**

**သင်ကြားမှုပုံစံ၊ စနစ်နှင့် ချဉ်းကပ်ပုံ**

(4 skills)

Ph.D, M.Sc, B.Sc

**ကျောင်းချိန်နှင့် အလွတ်တန်း၊ နဝမတန်း၊ ဒသမတန်းများအတွက်**

Study Guide

(Study Guide)

(Ferry)

Myanmar Education Centre (MEC) သည် စေတနာ၊ သဒ္ဓါ၊ ဝါသနာတို့ဖြင့် ရင်းနှီးမြုပ်နှံ၍ ကျောင်းလေ့ကျင့်ပေးသည်။

ကုက္ကိုင်းရေကူးအသင်း နွေရာသီရေကူးသင်တန်း

ရောင်းမည်
STAR CITY CONDO
ZONE-B ,2 BED ROOM
Thanlyin (ကြော်ငြာမလိုပါ)
ဖုန်း-၀၉-၅၃၂၂၃၇၈

အောင်မင်္ဂလာ
အိမ်ခြံမြေ/ရှယ်ယာ
ဝယ်/ရောင်း/ငှား
09428773300
09428773355

မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန် နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(ပဲခူးတိုင်း)



## ဘွဲ့ရအရှင်မြတ်များနှင့် စာအောင်သံဃာ ဂုဏ်ပြုပူဇော်ပွဲ ဖိတ်ကြားလွှာ

ရန်ကင်းမြို့နယ်၊ ပဥ္စနိကာယသာသနဗိမာန်ကျောင်းတိုက်၌ မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့ရ ဘဒ္ဒန္တသုစိတ္တသာမိ၊ အဂ္ဂမဟာအကျော်ဘွဲ့ရ ဘဒ္ဒန္တ ဉာဏောဘာသအရှင်မြတ်တို့နှင့် သာသနာနုဂ္ဂဟအသင်းစာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲကို နှစ်စဉ်ကျင်းပမြဲဖြစ်သည့်အတိုင်း (၁၃၈၀ပြည့်နှစ်၊ ကဆုန်လပြည့်) ၂၉-၄-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၈း၃၀ နာရီတွင် ပဥ္စနိကာယ ဓမ္မသဘင်၌ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညိုကုသိုလ်ယူနိုင်ရန် ဖိတ်ကြားအပ်ပါသည်။

**အကျိုးဆောင်များ**
**ပဥ္စနိကာယသာသနာနုဂ္ဂဟအဖွဲ့**
**ဖုန်း-၈၅၆၄၄၅၆၊ ၀၉-၂၅၀၀၁၇၈၅၆**

## (၂၄)နှစ်မြောက်မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ဖေဖေ **ဦးဇော်လင်း**နှင့် မေမေ **ဒေါ်ဝါဝါ**တို့၏ ၂၂-၄-၂၀၁၈ ရက်တွင် ကျရောက်သော (၂၄)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ရာတူများစွာတိုင် ချစ်သားလေးနှင့်အတူ ဘာသာ/သာသနာ အကျိုးပြု၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းတို့ဖြင့် သက်ဆုံးတိုင်လျှောက်လှမ်းနိုင်ကြပါစေကြောင်း ဆုမွန်တောင်း လျက်-

**ချစ်သား-မောင်သူထူးဇံ(ခ)မောင်ကောင်းမြတ်**

## (၂၅)နှစ်မြောက်ငွေရတုမင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ချစ်သောဖေဖေ **ဦးရဲချစ်**(C/E)နှင့် ချစ်သောမေမေဒေါက်တာ **ဒေါ်ဆွေဆွေသန်း**တို့၏ (၂၂-၄-၂၀၁၈)တွင် ကျရောက်သော (၂၅)နှစ်မြောက်ငွေရတု မင်္ဂလာမြတ်မှသည် နှောင်းနှစ်ပေါင်းများစွာ ရတုပေါင်းများစွာအထိတိုင် ချစ်သောသမီးများနှင့်အတူ သက်ရှည်ကျန်းမာစိတ်ချမ်းသာစွာဖြင့် လောကီလောကုတ္တရာအကျိုးကို ပို၍သယ်ပိုးဆောင်ရွက်နိုင်ကြပါစေ။

**ချစ်သောသမီးကြီး မလဲ့ဝင့်ဝါသန်း**
**သမီးငယ် မတင်နီလာသန်း**


**ရွှေဝါ တည်းခိုရိပ်မွန်**
(တန်ဖိုးကြီး ဇိမ်ခံဂျူးလ်အိမ်)
လှိုင်မြို့ တားဘိုင်က (?)
Ph : 01-551571, 0986-17-283



**မြေတူးစက်(Backhoe)ရောင်းမည်**
လက်ရှိအသုံးပြုနေဆဲ
အကောင်း / အကောင်း
20 Ton (Kobelco) = 260 သိန်း
4.5 Ton (Comatsu) = 160 သိန်း
Ph: 09-785084831


## မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
## ဆဋ္ဌမအကြိမ်မြောက်အသက်(၇၅)နှစ်နှင့် အထက် သက်ကြီးအင်ဂျင်နီယာ/ ဗိသုကာ ပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲ

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ ဆဋ္ဌမအကြိမ်မြောက် အသက်(၇၅)နှင့်အထက် သက်ကြီးအင်ဂျင်နီယာ/ ဗိသုကာ ပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အင်ဂျင်နီယာ/ ဗိသုကာများ အားလုံးတက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၀၁၈ ခုနှစ်၊ မေလ(၁၉)ရက် စနေနေ့
ကျင်းပမည့်အချိန် - နံနက်(၀၈း၃၀)နာရီ
ကျင်းပမည့်နေရာ - မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအဆောက်အဦ၊ အမှတ်(၅-က)၊ ခရေပင်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

အလှူငွေများကိုမြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (ဖုန်း-၀၉-၄၅၅၀၁၂၁၂၄ နှင့် ၀၉-၄၂၈၆၄၀၉၈၇)သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ MES (KBZ Account)-Account Name:Myanmar Engineering Society, Account No:021-503-02105396901သို့ လှူဒါန်းသူများသည် အထက်ပါဖုန်းနံပါတ်များသို့ အလှူရှင်အမည်၊ ငွေသားပမာဏကို SMS ပေးပို့ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။


**မှတ်ချက်။ ကန်တော့ခံမည့် ၁၉၄၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်မတိုင်မီ မွေးဖွားသော အသက်(၇၅)နှစ်ပြည့်နှင့် အထက်သက်ကြီး အင်ဂျင်နီယာ/ ဗိသုကာပညာရှင်ကြီးများသည် ဖိတ်ကြားစာနှင့်အတူ တက်ရောက်ပေးပါရန်မေတ္တာရပ်ခံအပ်ပါသည်။**


**မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း**
**01-519854, 01-519673~76**


**ရန်ကုန်မြို့တွင် ကျောင်းသားအများဆုံးရှိနေသော၊ စည်းကမ်းကောင်း၊ အောင်ချက်ကောင်း၊ စာသင်ကောင်းခြင်းတို့ကြောင့် ဖွင့်တဲ့တန်းခွဲတိုင်းလူပြည့်နေသော...**
**ကြည့်မြင်တိုင်မြို့နယ်၊ အင်းစိန်မြို့နယ်များတွင် အောင်ချက်အကောင်းဆုံး စာရင်းဝင်ခဲ့သော...**

ဆရာ **ဦးသန်းစိန်** ဆရာမ **ဒေါ်ခင်နီမြင့်**
အင်္ဂလိပ်စာ

**UTS** (သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ)
**ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် ဘော်ဒါ**





KGမှ တက္ကသိုလ်ဝင်တန်းအားလုံး ၁၀-၅-၂၀၁၈ စမည်။
အချိန်ပေးသင်ကြားနိုင်သော ဆရာ/ဆရာမများ၊ Guideများ ၃၀-၅-၂၀၁၈နောက်ဆုံးထားလျှောက်ထားနိုင်သည်။
တက္ကသိုလ်ဝင်တန်း၊ မင်္ဂလာတန်းခွဲများ၊ ပြည့်သွား၍ မေလ တန်းခွဲများအတွက် ကြိုတင်အပ်နှံပါ။
အဆောင်နေကျောင်းသား/သူများ ၉-၅-၂၀၁၈ အဆောင်ဝင်ရမည်။

ကြော်ငြာရုံမြင့် မယုံပါနဲ့၊ လာပါ၊ စုံစမ်းပါ၊ ကြိုက်မှ ကျောင်းအပ်ပါ။
ငွေကြေးသက်သာ၊ ဝန်ဆောင်မှုပြည့်ဝတဲ့ UTS ကျောင်းပါ။

**ဆရာဦးသန်းစိန် ကိုယ်ပိုင်အထက်တန်းကျောင်း**
**U.T.S ကိုယ်ပိုင်အထက်တန်းကျောင်း**
Phone: 095167915, 09400700640, 09775167915, 09955167915, 095190862, 09420273846



**Senior Architect (၅)ဦး အလိုရှိသည်။**
- At least (3)years experience on this field.
- Auto CAD 2D, 3D, Rendering Software (Sketch up or 3Ds Max...) တစ်မျိုးမျိုး အသုံးပြုနိုင်ရမည်။
- (8)မိုင်၊ Junction 8 အနီးတွင် အလုပ်ဆင်းနိုင်ရမည်။

ဆက်သွယ်ရန်- 09 793 122 166 (yynarchitect@gmail.com)



**AA**
09-43158300, 09-254051326, 09-782793561



**ဒေါ်စုမွန်အောင်** (M.Sc Physics)
09-448001848, 09-976111824



**မင်္ဂလာပါ**
Box ကားများဖြင့်
09-450042704
09-250095116
09-420086296



**San brotherhood**
**Air-Con,**
တပ်ဆင်ပြီးဈေးနှုန်း
1HP 300000Ks
Copper Pipe(10)Ft. Frame, Safeguard, Transportation, Installation
FMI City 709373, 09-5084831, 3682445(Ext)1421
01-704101, 09-5002738, 09-450023810
3681854, 706193, 09-73116475
01-704649, 09-73066836, 09-73004800
Capital 09-5053114, 73251545, 01-708842
09-43083868, 01-703241
09-5190383, 09-73251535
CNG 01-703684, 09-43130068
09-5012419, 09-73126244
Super 1 01-704467, 09-73217035
01-709114, 09-5019316



**တက်နေဝန်း**
ထိမ်းမြားခြင်း / အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721



**ခွေးရောင်းမည်**
ထိုင်းအင်ပို့ Pomernian
အထီး(၂)ကောင် ရောင်းမည်။
ဖုန်း-၀၉-၂၆၄၄၇၆၈၈၆
၀၉-၄၃၀၈၅၂၉၅


YANGON INTERNATIONAL LIFESTYLE FURNITURE FAIR
17th
YLFF
၂၀၁၈-မေပြီလ (၂၆) ရက်နေ့ မှ (၃၀) ရက်နေ့ အထိ (၅) ရက်တိုင်တိုင် ကျင်းပသွားပါမည်
နှစ်သစ်ကူး အထူး ပရိုဘောဂပြပွဲကြီး
LUCKY DRAW
Platinum Sponsored by
Casabella
တပ်မတော်ခန်းမ
Gold Sponsored by
SWEETY HOME
INHOUSE
NEWLOOK
NEW WORLD MART
စုစုပေါင်းကျပ် (၁၀) သိန်းဖိုး ဝယ်ယူသူတိုင်း တစ်စမ်းမဲတစ်စောင် ရရှိနိုင်မည့်အခွင့်အရေး
Organized by Thousand Islands Business Group


S.S ခင်မောင်အေး ၏
ရေးသားထုတ်ဝေပြီးသော
(၃) တန်း မှ (၁၀) တန်း ထိ သင်္ချာ စာအုပ်များ
အမြို့မြို့ အနယ်နယ်မှ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။
ပညာဝိဇ္ဇာမာန်စာအုပ်တိုက် -အမှတ်(၂၂၀)၊
အနော်ရထာလမ်း နှင့် ၃၃လမ်း(အထက်) ထောင့်ချိုး
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၂၅၃ ၁၄၃
၀၁-၃၁၉၀၄၀၂၊ ၀၉-၅၁၁၆၅၇၄၆
ပညာချွန်စာအုပ်ဆိုင် -အမှတ်(၉၂)
အနော်ရထာလမ်းပေါ်၊ ဆိပ်ကမ်းသာလမ်း နှင့်
၃၃လမ်းကြား(အထက်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၁-၂၄၀ ၅၀၁
၃ တန်း
၄ တန်း
၅ တန်း
၆ တန်း
၇ တန်း
၈ တန်း
၉ တန်း
၁၀ တန်း
ပညာဝိဇ္ဇာမာန် စာအုပ်တိုက်
ပညာချွန်


SHWE PYI NANN
ရွှေပြည်နန်းရဲ့ သနပ်ခါး Body Lotion လာပါပြီ
ကမ္ဘာပေါ်မှာ တစ်နိုင်ငံတည်းသာရှိနိုင်တဲ့ မြန်မာတို့ရဲ့ ဆေးဖက်ဝင်သဘာဝရတနာ သနပ်ခါးမှာပါဝင်သော
အစွမ်းအာနိသင်တွေဖြစ်ကြတဲ့ -
(၁) အသားအရေ အလှယိုယွင်းမှုကို နှေးကွေးစေသော ဗီတာမင်စီထက် (၁၀) ဆပိုမိုများတဲ့ Antioxidant ဓာတ်
(၂) ခန္ဓာကိုယ်အနံ့ဆိုးတွေကို တားဆီးပေးနိုင်တဲ့ (Coumarin) ကူမရင်းဓာတ်
(၃) ပြင်းထန်တဲ့နေရောင်ခြည်ကြောင့် ဖြစ်ပေါ်စေနိုင်သော အရေပြားကင်ဆာကို ကာကွယ်ပေးတဲ့
(Marmesin) မာမီဇင်ဓာတ်တို့အပြင် အသားအရေအတွက် မရှိမဖြစ်လိုအပ်တဲ့ Vitamin E
ကိုဖြည့်စွက်ပေါင်းစပ်ပြီး ခေတ်မီနည်းပညာနဲ့ သန့်စင်ထုတ်လုပ်ထားတဲ့ ရွှေပြည်နန်းရဲ့ သနပ်ခါး
Body Lotion ကို အချိန်ရာသီမရွေး ရေချိုးပြီးတိုင်း လိမ်းမယ်လေ....
Shwe Pyi Nann
Thanakha Body Lotion

## အောင်လံဆရာတော် အသျှင်စန္ဒိမာ၏ ယောဂီအသစ်များအတွက် အထူးတရားစခန်း(မေလ) ရန်ကုန်မြို့တွင် ကျင်းပမည်

အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာ ဓမ္မရိပ်သာ၏ဦးစီးပဓာနနာယက၊ သောတာပတ္တိမဂ်ရှုဖွယ်ကျမ်းနှင့် ယောနသံစင်ရော်၏ နက်နဲသော ပဟေဠိများကို ဖွင့်ဆိုခြင်းကျမ်းပြု၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘဒ္ဒန္တစန္ဒိမာ(အောင်လံ)သည် ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်စံပြကျေးရွာရှိ တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၊ ရန်ကုန်ရိပ်သာကြီးတွင် ယောဂီအသစ်များအတွက်(၁၀)ရက် အဓိဋ္ဌာန် အထူးတရားစခန်းကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ တရားစခန်းဝင်ရောက်လိုသောယောဂီများသည် (၂၅-၄-၂၀၁၈)ရက်နံနက်(၇း၀၀)နာရီတိတိအချိန်တွင် ရဟန်းနှင့်အမျိုးသားယောဂီများအတွက် ဖုန်းနံပါတ်(၀၉-၄၄၄၄၃၆၀၇၀နှင့် ၀၉-၄၄၄၄၃၆၀၉၉)များသို့လည်းကောင်း၊ သီလရှင်နှင့်အမျိုးသမီးယောဂီများအတွက် ဖုန်းနံပါတ်(၀၉-၇၈၂၂၁၁၆၆၇နှင့် ၀၉-၂၅၂၂၅၅၈၄၅၊ ၀၉-၇၉၈၇၂၁၉၂၀)များသို့လည်းကောင်း ဆက်သွယ်၍ စာရင်းပေးသွင်းရပါမည်။ မြန်မာနိုင်ငံအထက်ပိုင်းနှင့်အလယ်ပိုင်းမှ ယောဂီများဝင်ခွင့်မပြုပါ။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ယောဂီများသာခွင့်ပြုပါမည်။ အထက်ဖော်ပြပါ နယ်ယောဂီများအတွက် ညောင်လေးပင်မြို့နယ်၊ ပဲခူးမြို့နယ်နှင့်မြိတ်မြို့နယ်များအတွက် သတ်မှတ်ပေးထားသော ပုဂ္ဂိုလ်များမှ ယောဂီဦးရေစာရင်းများအတိုင်း လက်ခံပေးပါမည်။

ရန်ကုန်တရားစခန်းပွဲတိုင်းအတွက် ပြည်တွင်းယောဂီများအားလုံး အိမ်ထောင်စုစာရင်းပုံစံ-၁၀မိတ္တူ (သို့မဟုတ်) ရပ်ကွက်အတွင်း အမှန်တကယ်နေထိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာတစ်ခုခုနှင့် မှတ်ပုံတင်မူရင်းပါမှသာလျှင် ယောဂီအဖြစ်လက်ခံပေးပါမည်။

ဖုန်းဖြင့်ဆက်သွယ်၍ တိုကင်နံပါတ်ရရှိပြီးသော ရန်ကုန်ယောဂီများအားလုံးသည် (နယ်ယောဂီမပါ)လူတွေ့စစ်ဆေးခြင်းအတွက် (၃၀-၄-၂၀၁၈)ရက် နံနက်(၈း၀၀)နာရီတွင် ရန်ကုန်ရိပ်သာသို့လာရောက်ရပါမည်။

တရားစခန်းဝင်ရမည့်နေ့ရက်/အချိန် - (၅-၅-၂၀၁၈)ရက် နံနက်(၈း၀၀)နာရီမှ (၁း၀၀)နာရီထိ
တရားစခန်းပြန်ထွက်ရမည့်နေ့ရက်/အချိန်- (၁၆-၅-၂၀၁၈)ရက် နံနက်(၇း၀၀)နာရီ
မှတ်ချက်။ ။ နိုင်ငံခြားတိုင်းပြည်များမှ ယောဂီများအတွက် ဦးရေ(၅၀)နှင့် ပြည်တွင်းယောဂီများအတွက်ဦးရေ(၄၀၀)သာလက်ခံပါမည်။

- ကျန်းမာရေးကောင်းမွန်ရမည်။
- တင်ပျဉ်ခွေမထိုင်နိုင်သူ လက်မခံပါ။
- အရိုးကျိုးထားသူ/စတီးချောင်းထည့်ထားသူများလက်မခံပါ။
- အသက်(၁၅)နှစ်အောက်နှင့်အသက်(၇၀)နှစ်အထက် လက်မခံပါ။
- စာရင်းသွင်းပြီးမဝင်ဖြစ်ပါက တရားပွဲမတိုင်မီ ဖုန်းနံပါတ်(၀၉-၅၁၇၇၈၂၅နှင့် ၀၉-၄၅၀၀၁၁၉၄၇)သို့ ဆက်၍ အကြောင်းကြားပါ။
- အကြောင်းမကြားဘဲ ပျက်ကွက်ပါက နောင်တွင်လုံးဝဝင်ခွင့်ပြုမည်မဟုတ်ပါ။

**ရန်ကုန်ဥပဋ္ဌာကအဖွဲ့**

## သီတဂူဓမ္မပြည့်ဟိန်းကုသိုလ်ဖြစ်ဆေးရုံ တည်ဆောက်ခြင်းပါဝင်လှူဒါန်းနိုင်

[illegible]

Ashin Khemasirilinkara Account No: 0075010070169030l

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

[illegible]

**1 Sqft = 6000 Ks**

**Ph: 09-785084831**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ **၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်**တင်ဘာလအထိ (၆)လအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါ ပစ္စည်းများကို **မြန်မာကျပ်ငွေဖြင့်** ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းကမ်းလှမ်းလွှာများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် ပစ္စည်းအမျိုးအမည် | တင်ဒါပုံစံရောင်းချမည့်ရက်/အချိန် | တင်ဒါပိတ်မည့်ရက်/အချိန် |
|---|---|---|
| ၁။ သုတ်ဆေးများ | ၂၃-၄-၂၀၁၈မှ၇-၅-၂၀၁၈ထိ ရုံးဖွင့်ရက်(ရုံးချိန်အတွင်း) | ၈-၅-၂၀၁၈ (၁၃း၀၀)နာရီ |
| ၂။ စတီးဝါယာကြိုးနှင့်နိုင်လွန်ကြိုးများ | - ။ - | - ။ - |
| ၃။ စက်ဆီ/ချောဆီများ | - ။ - | - ။ - |
| ၄။ အထွေထွေလုပ်ငန်းသုံးပစ္စည်းများ | - ။ - | - ။ - |
| ၅။ တူညီဝတ်စုံများ | - ။ - | - ။ - |

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်းသစ် (ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ Toll Gate အနီး) ဆိပ်ကမ်းမြို့နယ်တွင် အထက်ဖော်ပြပါ နေ့ရက်များတွင် ဆက်သွယ်ဝယ်ယူနိုင်ပြီး သိရှိလိုသော အချက်များရှိပါက တယ်လီဖုန်းအမှတ် ၀၁- ၈၆၁၀၂၂၉နှင့် ၀၁-၈၆၁၀၂၃၂ တို့ကို စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အမြန်ရောင်းမည်

ရန်ကုန်-ပုသိမ်လမ်းမကြီးဘေး ၁၆မိုင်၊ ၆ဖာလုံ၊ မျက်နှာစာ ၄ကောခန့်၊ လ/န ၃၉ပါ ၃ကေ ပုံစံ၁၀၅ပါ ၇ကေ၊ အရှုပ်အရှင်းကင်းပြီး သင့်တင့်မျှတသောဈေးနှုန်းဖြင့် ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၉၁၅၇၀၊ ၀၉-၄၂၁၁၃၂၀၇**

## ချော်ရည်၊ ဂျယ်လီ၊ ရေခဲမုန့်၊ ယိုမုံ၊ နိုင်ငံခြားမုန့်လုပ်သင်တန်း

Jelly Candy ... Sauce ...

MASTER ...

01-389340 ; Master ...

01-248014, 01-379071, 09-73181875

## မြေနန်းစံ

အိမ်ခြံမြေ / အိမ်ရွှေ့လုပ်ငန်း

မြို့တွင်း / နယ်ဝေး

09 773733163
09 423777426

## SEVEN စံ

"ပွဲခ လုံးဝ မယူပါ"

09-33 333 511
09-33 333 514
09-33 333 644

## ရောင်ခြည်ထပ်

10',14',15' ...

Ph:09-450454771
09-450454772
09-450454773




## Our Insipration Academic Center
## Private Boarding High School

**OiAC** (ရန်ကုန်) — မှတ်ပုံတင်အမှတ် - တကယ - ၁၃ / ၁၁ / ၀၃၂

**OiAC 2** (နေပြည်တော်) — မှတ်ပုံတင်အမှတ် - တကယ - ၁၈ / ၀၇ / ၀၁၂

Established in 2002

၂ - ၅ - ၂၀၁၈ ရက်တွင် (၅) တန်း မှ (၉)တန်းအထိ အတန်းများ ကျောင်းဖွင့်ပါမည်။

၂ - ၅ - ၂၀၁၈ ရက်တွင် KG မှ (၈)တန်းအထိ အတန်းများ ကျောင်းဖွင့်ပါမည်။

၁။ နေ့ဘက်အထူး (ကျောင်းချိန်ပြည့် သင်ကြားရေး နှင့် လေ့ကျင့်ရေး ဝန်ဆောင်မှု)

၂။ ဘော်ဒါ (ကျောင်းချိန်ပြည့် သင်ကြားရေး နှင့်လေ့ကျင့်ရေး၊ နေထိုင်ရေး၊ စားသောက်ရေး ဝန်ဆောင်မှု)

ကျောင်းသင် ခန်းစာအပြင် English 4 Skills ၊ ကွန်ပျူတာ၊ ပန်းချီ၊ ဂီတ၊ ကာရာတေး၊ PE တို့ကိုပါ သင်ကြားပေးလျက် ရှိပါသည်။

**၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်နိုင်ပါပြီ။**

**OiAC** (ရန်ကုန်) ...
Email Address : oiacygn@gmail.com
Facebook : www.facebook.com/OiAC
Page : www.facebook.com/OiAC

အတန်းအားလုံးအတွက် မြို့တွင်း ဖယ်ရီကားစီစဉ်ပေးပါသည်

**OiAC 2** (နေပြည်တော်) KG မှ ...
Email Address : oiacnpt@gmail.com
Facebook : www.facebook.com/OiAC
Page : www.facebook.com/OiAC-2

Roll-On
စိန်ဘယက်အကြောပြေရှုလိမ်းဆေးအဆီ

အကြောင်းအမျိုးမျိုးကြောင့် ချောင်းဆိုးရင်ကျပ်ကင်းစေသောင်
ရွှေလေညှင်းဆေးကိုဆောင်

Pingu's English International Kindergarten
Globally recognised International Kindergarten from UK, present in 26 countries with 165 schools
International Kindergarten Programme
Curriculum designed in collaboration with Kingston University London.
Kingston University London recognised as Worldwide Early Years specialists.
Age: 2 years to 6 years
English Language Programme
English 4 skills: based on UK curriculum
Age: 1 year 8 months to 10 years
Call us now: 099 7575 1817 , 099 7999 0788
Address: 29A, Kanbawza Yeik Thar Road (Chin Kyaung Road), Bahan Township, Yangon.

Ph: 09425334456, 09250233899, 0949323965

ဒေါက်တာကျော်ဦး
Ph D (Chem), DFT (YU)
U.S.A (Bio)

EXECUTIVE HEALTH CARE
VEJTHANI
40% မှ 60% OFF
Zaw Maung Medical Services

မြို့မဂုဏ်
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ
Ph: 01-530767, 01-530642, 09-781900186, 09-781900187

လစဉ်ပေးဘော်ဒါ (၂၃၀,၀၀၀/ကျပ်)
Tel: 09 430 43465 , 09 863 7377

သဘာဝ မြေပဲဆီသန့် နှင့် ကျောက်ဆုံဆီ
Ph-01-3611073,09-73040812
09-428944440,09-8620177
ph-066-2021773,066-2030284,09-774728337

Phy,Chem,Maths 90

ဝန်ထမ်းအလိုရှိသည်။
Marketing
Canter

မွေးရာပါနှလုံးရောဂါဝေဒနာရှင်များအတွက်
နှလုံးအထူးကုဆရာဝန်ကြီး
Victoria Hospital
HVC
Dr. C. Raghu
MD, DM, FACC; FSCAI; FESC
Interventional Cardiologist
Valve & Vascular Specialist
(၂၆.၄.၂၀၁၈) နေ့တွင် (မနက် ၁၀နာရီမှ နေ့လည်၂နာရီ)အထိ
ဗိတိုရိယဆေးရုံ၊ နှလုံးနှင့် သွေးကြောဌာန၌ မွေးရာပါ နှလုံးရောဂါဝေဒနာရှင်များအား
ကြည့်ရှုပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
Booking - Hunt Line : +95 1 9666141,
Hot Lines : +95 9 783666 141-4, Ext - 7080 (or) 2

Plastic Surgery
10% OFF
19th - 30th April 2018
KEMBANGAN UHC HOSPITAL
Kembangan UHC Hospital
Ph: 09 772 458 611 , 795 899 634
Kembangan Group of Medical Centres
Kembangan Thuwunna
Ph: 09 778 527 793-4

ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

# တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အဆက်မပြတ် ဝင်ရောက်လည်ပတ်လျက်ရှိ




**တာချီလိတ် မေ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ် နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အဆက်မပြတ် ဝင်ရောက်လည်ပတ်လျက်ရှိရာ မေ ၁ ရက်မှ ၁၉ ရက်အထိ ထိုင်းနိုင်ငံနှင့် တတိယနိုင်ငံသားများ နေ့ချင်းပြန်ခရီးသည် ၄၀၁၅၅ ဦး၊ မိုင်းဖြတ်မြို့နှင့် ကျိုင်းတုံမြို့ ခရီးစဉ်တွင် ၄၉၇ ဦး၊ ဗီဇာဖြင့် တာချီလိတ်မြို့မှတစ်ဆင့် ပြည်တွင်းသို့ ၅၂၂ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

အလားတူ ခရီးသွားဧည့်သည်များသည် ဇန်နဝါရီလတွင် ၈၁၈၁၄ ဦး၊ ဖေဖော်ဝါရီလတွင် ၆၆၈၅၇ ဦး၊ မတ်လတွင် ၇၁၄၆၈ဦး၊ မေ ၁ ရက်မှ ၁၉ ရက်အထိ ၄၁၁၇၄ ဦး ၂၀၁၈ ခုနှစ်အတွင်း စုစုပေါင်း ၂၆၁၃၁၃ ဦး ဝင်ရောက်လည်ပတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ခရီးသွားဧည့်သည်များသည် နေ့ချင်းပြန်ခရီးအဖြစ် တာချီလိတ်မြို့ရှိ တာလေ့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိ ဘုရားကြီးကျောင်းတိုက်၊ ဝမ်ကောင်းရပ်ကွက်ရှိ မြို့မဈေး၊ ရွှေတိဂုံစေတီတော်၊ မြို့နယ်ဓမ္မာရုံ၊ နဂါးနှစ်ကောင်ကျောင်းတိုက်၊ အာခါဈေး၊ တရုတ်ဘုံကျောင်းသို့ လည်းကောင်း၊ ညအိပ်ခရီးစဉ်အဖြစ် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရားခြေတော်ရာစေတီ၊ သမိုင်းဝင်ဆုတောင်းပြည့် စွန်တောင်းစေတီ၊ ဘီလူးရှာ၊ ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရား၊ ရပ်တော်မူဘုရား၊ သစ်တစ်ပင်တောင်၊ နောင်တုံကန်၊ ကမ္ဘာအေးစေတီ၊ လွယ်မွေဒေသ၊ ပင်းတောက်ရေတံခွန် စသည့် အထင်ကရနေရာများသို့ သွားရောက်ကာ ဘုရားဖူးခြင်း၊ ရေမြေတောတောင်သဘာဝ အလှရှုခင်းများနှင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ဗဟုသုတအဖြစ် လေ့လာသည့်အပြင် လေကြောင်းခရီးဖြင့် ပြည်တွင်းရှိ အထင်ကရဒေသများသို့ ဝင်ရောက်လည်ပတ်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (တာချီလိတ်ရုံးခွဲ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတေဇာမင်း၏ ပြောပြချက်အရ သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲတွင် MIC အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်



အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲ ယှဉ်ပြိုင်မည့် MIC အသင်း။

**ရန်ကုန် မေ ၂၁**

အာဆီယံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၈ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအသင်းအဖြစ် MIC အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ MIC အသင်းသည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် မေ ၂၁ ရက်တွင် လေ့ကျင့်မှု စတင်ပြုလုပ်နေပြီဖြစ်သည်။

၂၀၁၈ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို မေ ၂၀ ရက်က ကျင်းပခဲ့ရာ MIC အသင်းသည် အုပ်စု (က)တွင် ပါဝင်နေသည်။ ယင်းပြိုင်ပွဲကို ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပမည်ဖြစ်ပြီး MIC အသင်းသည် သုံးကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က)တွင် မြန်မာကလပ် MIC အသင်း၊ ဘရူနိုင်းကလပ် Arbisyam FC၊ ကမ္ဘောဒီးယားကလပ် U.Y.F.C Komchaymean၊ ဩစတြေးလျကလပ်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

ကြေးမုံ
ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

## ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန** နှင့် **ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန** တို့၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။

# မြန်မာ ယူ-၂၁ အသင်း ဘရူနိုင်းနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် မေ ၂၁**

မြန်မာ ယူ-၂၁ အသင်းသည် ၂၀၁၈ ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ရန် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာသွားပြီး အုပ်ချုပ်/နည်းပြအဖွဲ့ဝင် ရှစ်ဦး၊ ကစားသမား ၁၈ ဦး လိုက်ပါသွားသည်။ ယင်းပြိုင်ပွဲကို မေ ၂၃ ရက်မှ မေ ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အသင်းခုနစ်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်းတွင် အုပ်ချုပ်သူ ဦးသန်းတိုးအောင်၊ နည်းပြချုပ် ဦးကြည်လွင်၊ လက်ထောက်နည်းပြများ ဦးချစ်နိုင်၊ ဦးကျော်လွင်၊ ကြံ့ခိုင်ရေးနည်းပြ မားကပ်စ်၊ ဂိုးနည်းပြ ဦးမျိုးကျော်အောင်၊ ဆရာဝန် ဒေါက်တာကျော်သန့်ဇင်၊ ဗီဒီယိုကျွမ်းကျင် ဦးအောင်အောင်ထွန်း၊ အားကစားသမားများ ဂိုး - ဘုန်းသစ္စာမင်း(ရှမ်းယူနိုက်တက်)၊ ထွန်းနန္ဒာဦး (မြဝတီ)၊ နောက်တန်း- သန်းထိုက်ဇင်(အား/ကာသိပ္ပံ)၊ ကျော်သူထွန်း (ဟံသာဝတီ)၊ ဝင်းမိုးကျော် (မကွေး)၊ သူရိန်စိုး(ရန်ကုန်)၊ ရဲရင့်အောင် (ရတနာပုံ)၊ သက်ပိုင်ထွေး (ရှမ်းယူနိုက်တက်)၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪**

၂၀၁၈ - ၁၉ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံပြီ။
UEC
United Education Centre
ကိုယ်ပိုင်အထက်တန်းကျောင်း
KG - Grade 10
အဆင့်မြင့်ဘော်ဒါနှင့် DAY CAMP
အဆင့်မြင့်ဘော်ဒါ
DAY CAMP - (၄)တန်းမှ တက္ကသိုလ်ဝင်တန်းအထိ SPECIAL CAMP တန်းများ ဖွင့်လှစ်သည်။
မူလတန်း၊ အလယ်တန်း - English 4 - skills၊ Kids invent စသော Extracurricular Activities များပါဝင်သည်။
Limited Class size
Air-con
Ph: 09 7800 20647, 09 7938 93725, 09 7938 93726, 09 7910 10526

ကြေးမုံ
အထူးကဏ္ဍ
မေ ၂၂၊ ၂၀၁၈ (တနင်္လာနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

# ကုန်သွယ်မှုလုပ်ငန်းများဖြင့် အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေသည့်

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

● ဇူလိုင်မိုး(မြန်မာ့အလင်း)



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်

**မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကုန်သွယ်မှုကဏ္ဍသည် အရေးပါသည့်အတွက် ကုန်သွယ်မှုလုပ်ငန်းများနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**မေး။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘယ်လိုမူဝါဒတွေ၊ ရည်မှန်းချက်တွေနဲ့ ဆောင်ရွက်နေသလဲဆိုတာ သိပါရစေ။**

**ဖြေ။** ။ အစိုးရသစ်ကာလမှာ ဈေးကွက်စီးပွားရေးစနစ် ပီပြင်ရေးနဲ့ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက်ကို နိုင်ငံတော်ကနေပြီးတော့ စီးပွားရေးမူဝါဒ (၁၂) ချက်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ အဲဒီမူဝါဒအတွင်းကနေပြီးတော့ အန်ကယ်တို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ကုန်သွယ်မှုလုပ်ငန်းများဖြင့် အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်ဟူ၍ မျှော်မှန်းချက်ချမှတ်ကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေးဆောင်ရွက်ဖို့ ချမှတ်ထားတဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒ ၁၂ ချက်ကိုအခြေခံပြီး စီးပွားရေးမူဝါဒနဲ့အညီ နိုင်ငံတော်စီးပွားရေးမူဝါဒနဲ့ ကုန်သွယ်ရေးကဏ္ဍရဲ့ လုပ်ငန်းစဉ်တွေကို ချိတ်ဆက်ပြီး လုပ်ငန်းစဉ် ၂၆ ရပ်ကိုလည်း ချမှတ်ပြီး စီစဉ်ဆောင်ရွက်နေတာရှိပါတယ်။

မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ကုန်သွယ်မှုဟာ အရေးပါတဲ့အတွက် ကုန်သွယ်မှုတိုးတက်စေရေး ချမှတ်ထားတဲ့ လုပ်ငန်းစဉ် ၂၆ ရပ်ကို ကုန်သွယ်မှုမြှင့်တင်ရေး(Trade Promotion)၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး (Trade Facilitation)၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေး (Trade Negotiation)၊ ကုန်သွယ်မှုဆိုင်ရာဖြေလျှော့ပေးရေး (Trade Liberalization)၊ ကုန်သွယ်မှုပညာပေးရေး (Trade Education)နဲ့ စားသုံးသူအကာအကွယ်ပေးရေး ( Consumer Protection) ဆိုတဲ့ကဏ္ဍကြီး ၆ ရပ်နဲ့ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းတွေအနေနဲ့လည်း အရင်နှစ်တွေကထက် ပိုပြီးတိုးတက်အောင်မြင်မှုတွေ ရှိတာကိုလည်း တွေ့ရပါတယ်။

**မေး။ ။ ပြည်တွင်း ပြည်ပ ကုန်သွယ်မှု အခြေအနေလေးကိုလည်း သုံးသပ်ပြောကြားပေးပါဦးရှင့်။**

**ဖြေ။** ။ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ အဓိကတာဝန်ကတော့ ကုန်သွယ်မှုကဏ္ဍမြှင့်တင်ဖို့နဲ့ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်။ ကုန်သွယ်မှုမြှင့်တင်ရေးမှာ ပြည်တွင်း ပြည်ပ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရန်ဆိုပြီး ဆောင်ရွက်နေပါတယ်။ အဓိကကတော့ ပြည်ပကုန်သွယ်ရေး မြှင့်တင်ဖို့ပဲဖြစ်ပါတယ်။ ပြည်ပကုန်သွယ်မှု အနေနဲ့ ပြန်သုံးသပ်မယ်ဆိုရင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၂၀ ဘီလီယံကျော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၃၂ ဘီလီယံကျော် ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုမှာ အမြင့်ဆုံးဆောင်ရွက်ခဲ့တဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကတော့ အဓိက အောင်မြင်မှုပဲ ဖြစ်ပါတယ်။

ဝန်ကြီးဌာနအနေနဲ့ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးကိုလည်း အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy-NES) ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ပို့ကုန်မြှင့်တင်ဖို့ အဓိကထားဆောင်ရွက်တဲ့အခါမှာ မြန်မာ့ပို့ကုန်တွေ ဈေးကွက်ရရှိရေးအတွက်ကို နည်းမျိုးစုံနဲ့ ရှာဖွေဆောင်ရွက်တာရှိတယ်။ မြန်မာ့ပို့ကုန်တွေ ဈေးကွက်ရရှိအောင် ဆောင်ရွက်နေတဲ့နေရာမှာ နိုင်ငံတော်အကြီးအကဲများ ပြည်ပခရီးသွားရောက်ရာတွင် အချို့ခရီးစဉ်များ၌ နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးကို အလေးထားဆွေးနွေးခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ခရီးစဉ်များတွင်လည်း ပြည်တွင်း

အထူးကဏ္ဍ [ ခ ] သို့ »»



မြန်မာ့ဆန်များအား ကွန်တိန်နာဖြင့်ထည့်သွင်း၍ ပြည်ပသို့တင်ပို့ရန် ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

**စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရဲ့ အဓိကတာဝန်ကတော့ ကုန်သွယ်မှုကဏ္ဍမြှင့်တင်ဖို့နဲ့ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်။ ကုန်သွယ်မှုမြှင့်တင်ရေးမှာ ပြည်တွင်း ပြည်ပ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရန်ဆိုပြီး ဆောင်ရွက်နေပါတယ်။ အဓိက ကတော့ ပြည်ပကုန်သွယ်ရေးမြှင့်တင်ဖို့ပဲဖြစ်ပါတယ်။ ပြည်ပကုန်သွယ်မှုအနေနဲ့ ပြန်သုံးသပ်မယ်ဆိုရင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၂၀ ဘီလီယံကျော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။**

»»» အထူးကဏ္ဍ [ က ] မှ

လုပ်ငန်းရှင်များပါဝင်လျက် ကုန်သွယ်မှုနဲ့ ဈေးကွက်ရရှိရေးအတွက် ဆွေးနွေးညှိနှိုင်းခြင်း၊ ကုန်သည်လုပ်ငန်းရှင်အဖွဲ့အစည်းများအနေဖြင့်လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့်လည်းကောင်း မိမိတို့ အဆက်အသွယ်ဖြင့် ပို့ကုန်ဈေးကွက်ရရှိရေးကို ဆက်သွယ်ဆောင်ရွက်ရာတွင် နိုင်ငံတော်ပိုင်းက တတ်အားသမျှ ပံ့ပိုးကူညီပေးခြင်းဖြင့် ပို့ကုန်ဈေးကွက်တိုးချဲ့ရေး ဆောင်ရွက်နေပါတယ်။ အဲဒီလိုဆောင်ရွက်ခဲ့တဲ့အတွက် အောင်မြင်မှုတွေ ရရှိခဲ့ပါတယ်။

အစိုးရသစ်တာဝန်ယူပြီး (၂) နှစ်အတွင်းမှာ ကုန်သွယ်မှုပမာဏ တိုးတက်လာတဲ့အပြင် ပို့ကုန်ကဏ္ဍမှာလည်း သိသိသာသာတိုးတက်လာတာကို တွေ့ရပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ပို့ကုန်ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၁၁ ဒသမ ၁၃ ဘီလီယံရှိရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံနီးပါး ခုနစ်ရာခိုင်နှုန်း တိုးတက်လာပါတယ်။ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ပို့ကုန်ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံကျော် ယခင်ဘဏ္ဍာနှစ်ထက် ပို့ကုန်ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၂ ဒသမ ၆၈ ဘီလီယံကျော် ၂၂ ရာခိုင်နှုန်းကျော် ပိုမိုတိုးတက်လာခဲ့ရာ အမြင့်ဆုံးစံချိန်တင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**မေး။ ။ ပို့ကုန်ကဏ္ဍမှာ ဘယ်လိုပစ္စည်းတွေကို အဓိကထားပြီး ဈေးကွက်ရရှိအောင် ဆောင်ရွက်နေသလဲဆိုတာ သိပါရစေ။**

**ဖြေ။** ။ ပို့ကုန်ကဏ္ဍမှာလည်း လယ်ယာထွက်ကုန်ပစ္စည်းတွေ၊ တိရစ္ဆာန်ထွက်ပစ္စည်းတွေ၊ ရေထွက်ပစ္စည်းတွေကို ပိုမိုတိုးချဲ့တင်ပို့နိုင်ခဲ့ပြီး အဓိကအားဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ လယ်ယာထွက်ကုန်ထဲမှာဆိုရင် လယ်ယာထွက်ပစ္စည်းဖြစ်တဲ့ ဆန်တန်ချိန် ၃ ဒသမ ၅၈ သန်းကျော်အထိ စံချိန်တင် တင်ပို့နိုင်ခဲ့ပါတယ်။ ၁၉၃၄-၁၉၃၅ ခုနှစ်နောက်ပိုင်း နှစ်ပေါင်း ၇၃ နှစ်အတွင်း အများဆုံးစံချိန်တင် တင်ပို့နိုင်မှုဖြစ်ပါတယ်။ အဲဒီလိုဖြစ်ပေါ်ခဲ့တာကလည်း ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ စိုက်ပျိုးထုတ်လုပ်သူများအပါအဝင် ပုဂ္ဂလိကကဏ္ဍကို လွတ်လပ်စွာဆောင်ရွက်ခွင့်ပေးခဲ့ခြင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ ဆန်စပါးလုပ်ငန်းရှင်များ ပူးပေါင်းဈေးကွက်ရှာဖွေ ချိတ်ဆက်မှုများကြောင့် ဖြစ်ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၆ ရက်က နေပြည်တော် စမတောင် လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်၌ ကျင်းပသော ပြည်တွင်းပဲစားသုံးမှုမြှင့်တင်ပွဲနှင့် ပဲစားပွဲတော်တွင် ပဲမျိုးစုံထုတ်ကုန်များကို ကြည့်ရှုလေ့လာစဉ်။

ဒါ့အပြင် ဥရောပသမဂ္ဂနဲ့ အမေရိကန်နိုင်ငံတို့မှ အထူးအကောက်ခွန်သက်သာခွင့် (GSP) အခွင့်အရေးများ ပြန်လည်ရရှိခဲ့တဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်း အများအပြား ဖန်တီးပေးနိုင်တဲ့ ချုပ်ပြီးအထည် တင်ပို့မှုဆိုရင်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၈ ဘီလီယံကျော် စံချိန်တင် တင်ပို့နိုင်တာကို တွေ့ရပါတယ်။

တစ်ဖက်ကလည်း လယ်ယာထွက်ကုန်ပစ္စည်းတွေဖြစ်တဲ့ ပြောင်းတင်ပို့မှုမှာလည်း တန်ချိန် ၁ ဒသမ ၄၃ သန်းကျော်၊ ရော်ဘာစိမ်း တင်ပို့မှုမှာ တန်ချိန် ၁ ဒသမ ၄၈ သိန်းကျော်နဲ့ အများဆုံး တင်ပို့နိုင်ခဲ့တဲ့အတွက် ဆန်၊ ပြောင်း၊ ရော်ဘာစိမ်းတင်ပို့မှုက ကုန်သွယ်မှုသမိုင်းတစ်လျှောက်မှာ အများဆုံးတင်ပို့နိုင်ခဲ့တဲ့နှစ်ဖြစ်ပြီး ပို့ကုန်ကုန်သွယ်မှုဟာလည်း ပိုမိုတိုးတက်လာတာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ကုန်သွယ်မှုကဏ္ဍအနေဖြင့် ဒီ (၂) နှစ်အတွင်းမှာ ကုန်သွယ်မှုပမာဏအနေနဲ့ သမိုင်းတစ်လျှောက်မှာ အများဆုံးဖြစ်ခဲ့သလို ပို့ကုန်ပမာဏဟာလည်း အများဆုံးနဲ့ စံချိန်တင်ခဲ့တဲ့နှစ် ဖြစ်ပါတယ်။ အထူးသဖြင့် ၁၉၃၄-၁၉၃၅ ခုနှစ်က ကမ္ဘာပေါ်မှာ ဆန်အများဆုံးတင်ပို့နိုင်တဲ့ နိုင်ငံအဖြစ် ၃ ဒသမ ၅၉ သန်းနဲ့ ရပ်တည်ခဲ့တဲ့တန်ချိန်ကို ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆန် တန်ချိန် ၃ ဒသမ ၅၈၄ သန်း တင်ပို့နိုင်ခဲ့တဲ့ အတွက် ယခင် ဆန်အများဆုံးတင်ပို့ခဲ့တဲ့ တန်ချိန်ကို ပြည့်မီလုနီးပါးတင်ပို့နိုင်ခဲ့ပြီး ယခုနှစ်မှာ ကမ္ဘာ့ဆန်အများဆုံး တင်ပို့တဲ့ ငါးနိုင်ငံစာရင်းမှာလည်း မြန်မာနိုင်ငံ ပါဝင်လာတာကို တွေ့မြင်ရပါတယ်။

ဒီအချက်တွေဟာ အစိုးရသစ် ကာလ (၂) နှစ်တာအတွင်းမှာ ကုန်သွယ်မှုကဏ္ဍအနေနဲ့ သိသိသာသာ တိုးတက်အောင်မြင်ပြောင်းလဲမှုများဖြစ်ပါတယ်။ ကုန်ပစ္စည်းအမယ်သစ်များထုတ်လုပ်ရေးနှင့် တိုးချဲ့တင်ပို့နိုင်ရေးအတွက် ပြည်တွင်း ပြည်ပ ကုန်စည်ပြပွဲများတွင်လည်း ကုန်သည်လုပ်ငန်းရှင်များနှင့် ပူးပေါင်း ပါဝင်ပြသလျက်ရှိပြီး ပို့ကုန်ဈေးကွက် တိုးချဲ့ရရှိအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။

**မေး။ ။ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ဆောင်ရွက်ပေးမှုအခြေအနေနဲ့ ပတ်သက်လို့လည်း ပြောပြပေးပါရှင့်။**

**ဖြေ။** ။ တရားမဝင် တင်ပို့မှုများ တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန်နှင့် မွေးမြူသူ တောင်သူများ ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ ကျွဲ၊ နွား၊ သိုး၊ ဆိတ် အရှင်များအား သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ပသို့ တရားဝင်တင်ပို့ခွင့် ပြုပေးခဲ့ပါတယ်။

ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ဆောင်ရွက်ပေးမှုနဲ့ပတ်သက်လို့ ရွှေ၊ လက်ဝတ်ရတနာ၊ ရွှေဖြင့် ပြုလုပ်တဲ့ အနုပညာပစ္စည်းများ၊ အသုံးအဆောင် ပစ္စည်းများကိုလည်း စည်းကမ်းသတ်မှတ်ချက်နှင့်အညီ တင်ပို့၊ တင်သွင်းခွင့်ပြုပေးခဲ့ပါတယ်။ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများနဲ့ နိုင်ငံခြားကုမ္ပဏီများကို ဓာတ်မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး၊ ဆေးရုံသုံးစက်ကိရိယာများနဲ့ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကိုလည်း ကုန်သွယ်ခွင့်ပြုပေးခဲ့ပါတယ်။ အမျိုးအစား၊ အရည်အသွေး ကောင်းမွန်ပြီး ဈေးနှုန်းမှန်ကန်တဲ့ လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူအသုံးပြုနိုင်စေရန် နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအား လယ်ယာသုံး စက်ကိရိယာများကို ကုန်သွယ်ခွင့်ပြုပေးခဲ့ပါတယ်။

ကုန်သွယ်မှုလွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုတွေကို ဆောင်ရွက်ခဲ့ရာမှာ ကုန်ပစ္စည်းအမယ်ပေါင်း ၁၁၀၆၇ ခုရှိတဲ့အနက် ပို့ကုန်မှာ ကုန်ပစ္စည်း အမယ်ပေါင်း ၃၃၄၅ ခုနဲ့ သွင်းကုန်မှာ ကုန်ပစ္စည်းအမယ်ပေါင်း ၄၈၁၈ ခုကိုသာ လိုင်စင်လျှောက်ထားဖို့လိုအပ်တဲ့ ကုန်ပစ္စည်းအမယ်တွေအဖြစ် လျှော့ချသတ်မှတ်နိုင်ခဲ့ပါတယ်။ ကျန်ကုန်ပစ္စည်း အမယ်အားလုံးကို ပို့ကုန် သွင်းကုန် လိုင်စင်လျှောက်ထားရယူရန် မလိုအပ်ဘဲ သက်ဆိုင်ရာဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပို့၊ တင်သွင်းခြင်းများကို တိုက်ရိုက်ဆောင်ရွက်နိုင်ပါတယ်။

**မေး။ ။ ကုန်သွယ်ရေး လုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ဌာနအနေနဲ့ တွေ့ကြုံရတဲ့ စိန်ခေါ်မှုတွေရှိရင်လည်း ပြောပြပေးပါရှင့်။**

**ဖြေ။** ။ မြန်မာနိုင်ငံအနေနဲ့ ပို့ကုန်ပိုင်းတွင် တစ်ဖက်က ဈေးကွက်တိုးချဲ့နိုင်ဖို့ အခွင့်အလမ်းကောင်းများရှိနေပေမယ့် တစ်ပြိုင်နက်တည်းမှာပဲ စိန်ခေါ်မှုများ၊ အခက်အခဲများလည်း ရှိနေပါတယ်။ ပို့ကုန်တိုးမြှင့်ရေးအတွက် တင်ပို့နိုင်မည့် ပို့ကုန်ပစ္စည်းများ (ကုန်ကြမ်း၊ တစ်ဝက်တစ်ပျက် ကုန်ချောနှင့် ပစ္စည်းမျိုးစုံ) ပိုလျှံမှုရှိပြီး ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့်ရှိသော်လည်း အဆိုပါ ပို့ကုန်ပစ္စည်းများ တင်ပို့သည့်ဈေးကွက်တွင် အခြားယှဉ်ပြိုင်ဘက်နိုင်ငံများရဲ့ ကုန်ပစ္စည်းများနဲ့ ယှဉ်ပြိုင်နိုင်စွမ်းနည်းပါးတဲ့အချက်များရှိနေပါတယ်။

ပို့ကုန်ဈေးကွက်တွင် မိမိကုန်ပစ္စည်းများရဲ့ ဈေးနှုန်းသက်သာမှုအရ ယှဉ်ပြိုင်နိုင်စွမ်း၊ ပို့ကုန်ပစ္စည်းများ အရည်အသွေးအရ ယှဉ်ပြိုင်နိုင်စွမ်း၊ ဈေးကွက်လိုအပ်ချိန်တွင် အချိန်နှင့်တစ်ပြေးညီတင်ပို့နိုင်မှု ယှဉ်ပြိုင်နိုင်စွမ်းရှိဖို့လည်း လိုအပ်ပါတယ်။ ဤကဲ့သို့ ယှဉ်ပြိုင်နိုင်စွမ်းရှိမှသာ ကျယ်ပြန့်သော ပို့ကုန်ဈေးကွက်နဲ့ ခိုင်မာသောပို့ကုန်ဈေးကွက်များ တိုးတက်ရရှိမှာ ဖြစ်ပါတယ်။

ပို့ကုန်တိုးချဲ့တင်ပို့နိုင်ဖို့အတွက် လယ်ယာကဏ္ဍ၊ သီးနှံ၊ သားငါး၊ ရေထွက်ပစ္စည်းထုတ်လုပ်မှုနဲ့ ပုဂ္ဂလိကကဏ္ဍရဲ့ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းတွေကို အဓိကအားကိုးနေရတဲ့ အခြေအနေဖြစ်ပါတယ်။ အဆိုပါ လယ်ယာကဏ္ဍနဲ့ အသေးစား၊ အလတ်စားစက်မှုကဏ္ဍမှ ထုတ်လုပ်မှုအခြေအနေကို ကြည့်မယ်ဆိုရင် ဒေသတွင်းနိုင်ငံများနဲ့ ထုတ်လုပ်မှုစွမ်းအား (ဥပမာ-တစ်ဧကအထွက်နှုန်း) နိမ့်ကျနေတာတွေ၊ ထုတ်လုပ်မှုကုန်ကျစရိတ်မှာလည်း ဒေသတွင်းနိုင်ငံတွေထက် များနေတာတွေ၊ ထုတ်လုပ်မှုအရည်အသွေးကို ကြည့်မယ်ဆိုရင်

အထူးကဏ္ဍ [ ဂ ] သို့ »»»




ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ဆန်ရောင်းဝယ်ရေးနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးစဉ်။



»»» အထူးကဏ္ဍ [ ခ ] မှ

လည်း ဒေသတွင်းနိုင်ငံတွေထက် အရည်အသွေး နိမ့်ကျနေတာတွေကို တွေ့ရပါတယ်။

ဒါ့အပြင် ထုတ်လုပ်သူတွေကနေ စားသုံးသူများသို့ရောက်အောင်၊ ထုတ်လုပ်သူများထံကနေ ပြည်ပသို့ တင်ပို့ရတဲ့ ပို့ကုန်ဆိပ်ကမ်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းများသို့ ရောက်ရှိအောင် ဆောင်ရွက်ရတဲ့ ဝယ်ယူ၊ သယ်ယူပို့ဆောင်၊ သိုလှောင်၊ ကြိတ်ခွဲ၊ ဖြန့်ဖြူးရေးနဲ့ ပတ်သက်တဲ့ စရိတ်များ (Logistic Cost) မှာလည်း ဒေသတွင်းနိုင်ငံများထက် အလွန်ကြီးမားလျက်ရှိပါတယ်။

ပြည်တွင်းထုတ်လုပ်မှုမှာလည်း မျိုးကောင်းမျိုးသန့်ရရှိနိုင်မှု၊ ထုတ်လုပ်မှုစက်ကိရိယာသုံးစွဲနိုင်မှု၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး စနစ်တကျသုံးစွဲနိုင်မှု၊ ကျွမ်းကျင်လုပ်သားရှားပါးမှုစတဲ့ အခြေခံလိုအပ်ချက်တွေလည်း ရှိနေပါတယ်။ ဒါကြောင့် လယ်ယာကဏ္ဍနဲ့ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများမှာ ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ ထုတ်ကုန်ဈေးကွက်တွေ အထူးလိုအပ်နေပါတယ်။

သယ်ယူပို့ဆောင်ဖြန့်ဖြူးရောင်းချမှုတွင်လည်း ရောင်းဝယ်မှုအဆင့်များခြင်း၊ ရေလျှပ်စစ်၊ လမ်းတံတားနှင့် သယ်ယူပို့ဆောင်ရေးယာဉ်၊ ယန္တရားတိုးတက်ကောင်းမွန်ရန်လည်း လိုအပ်နေပါတယ်။ သိုလှောင်ရုံများ အရည်အသွေး နိမ့်ကျမှု၊ ပို့ကုန်ဆိပ်ကမ်းနဲ့ လမ်းကျပ်တည်းမှု၊ ခေတ်မီသိုလှောင်ရုံများ၊ ကုန်းတွင်းဆိပ်ကမ်းများမပြည့်စုံမှု၊ သယ်ယူပို့ဆောင်ရာတွင် အချိန်ကြန့်ကြာမှုတို့ကြောင့် ကုန်သွယ်မှုတွင် အပိုကုန်ကျစရိတ်များ ကြီးမားလျက်ရှိပါတယ်။

ကုန်ပစ္စည်းအရည်အသွေး စစ်ဆေးနိုင်မှု၊ စံချိန်စံညွှန်းမပြည့်စုံမှု စစ်ဆေးနိုင်သည့် ပစ္စည်းကိရိယာနဲ့ ကျွမ်းကျင်ပညာရှင်များ နည်းပါးမှုတို့ကြောင့် ကုန်ပစ္စည်းအရည်အသွေး အချိန်မီစစ်ဆေးနိုင်မှုစွမ်းရည်လည်း လျော့နည်းနေပါတယ်။ ဒါ့အပြင် ပို့ကုန်ဈေးကွက် ကျယ်ပြန့်လာသော်လည်း လက်ရှိအခြေအနေမှာ အဓိကအားဖြင့် အိမ်နီးချင်းနိုင်ငံများရဲ့ ဈေးကွက်တစ်ခု၊ နှစ်ခုပေါ်မှာသာ ကျဉ်းမြောင်းစွာ မှီခိုနေရပြီး ထိုဈေးကွက်တွေရဲ့ လိုအပ်ချက်အရသာ တင်ပို့နေရတဲ့ အခက်အခဲတွေ ရှိပါတယ်။

ဈေးကွက်တစ်ခု၊ နှစ်ခုအပေါ်မှာသာ မှီခိုနေရတဲ့အတွက် အဆိုပါကုန်သွယ်ဖက်နိုင်ငံရဲ့ ကုန်သွယ်ရေးမူဝါဒပြောင်းလဲမှု၊ နိုင်ငံခြားငွေကြေးလဲလှယ်မှုနှုန်းထားများ မတည်ငြိမ်မှု၊ ပို့ကုန်ဈေးနှုန်းနဲ့ ရာသီဥတုပြောင်းလဲမှုတို့ကြောင့် ပြည်တွင်းထုတ်လုပ်မှုနဲ့ ပို့ကုန်လုပ်ငန်းများအပေါ် များစွာအကျိုးသက်ရောက်မှုများ ရှိနေပါတယ်။ (ဥပမာ- အိမ်နီးချင်း အိန္ဒိယနိုင်ငံရဲ့ ပဲတင်သွင်းမှု Quota သတ်မှတ်ချက်ကြောင့် မြန်မာနိုင်ငံရဲ့ ပြည်တွင်းထုတ်လုပ်မှုနဲ့ ဈေးကွက်ဈေးနှုန်းအပေါ် မှာ ကြီးမားစွာသက်ရောက်မှုများ ရှိခဲ့ပါတယ်)

တရားမဝင် ကုန်သွယ်မှုများရှိနေခြင်းကြောင့်လည်း ပို့ကုန်ဝင်ငွေလျော့နည်းခြင်း၊ အခွန်ဘဏ္ဍာဆုံးရှုံးခြင်း၊ သဘာဝသယံဇာတ ပြုန်းတီးမှုဖြစ်စေခြင်း၊ စားသုံးကုန်ပစ္စည်းများ တရားမဝင် တင်သွင်းနေသဖြင့် အလားတူ ထုတ်လုပ်သည့် ပြည်တွင်းအသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများကို ကြီးမားစွာ ထိခိုက်စေခြင်းနဲ့ စားသုံးသူများအတွက် အန္တရာယ်ဖြစ်စေနိုင်မှုစတဲ့ စိန်ခေါ်မှုများလည်း ရှိနေပါတယ်။

**မေး။ ။ ဈေးကွက်အရ စိန်ခေါ်မှုတွေရှိခဲ့တယ်လို့ ဝန်ကြီးပြောသွားတဲ့အတွက် သိရပါတယ်။ အဲဒီစိန်ခေါ်မှုတွေကို ကျော်လွှားဖို့ ဘယ်လိုတွေဆောင်ရွက်ထားသလဲဆိုတာ သိပါရစေ။**

**ဖြေ။** ။ ကုန်သွယ်မှုတိုးတက်ဖွံ့ဖြိုးရေးတွင် ပို့ကုန်ကဏ္ဍသည် နိုင်ငံတော်၏ အခွန်အကောက်ရရှိရေး၊ ထုတ်လုပ်သူများ ဝင်ငွေနဲ့ အလုပ်အကိုင်ရရှိရေး၊ ကုန်သွယ်ကူးသန်းသူများ အကျိုးအမြတ်ရရှိရေးဟာလည်း အဓိကကျလှပါတယ်။ ဒါကြောင့် မိမိတို့ရဲ့ ပို့ကုန်များကို ခိုင်မာတဲ့ ဈေးကွက်များ ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်ရေးအတွက်ကိုလည်း နည်းလမ်းမျိုးစုံနဲ့ ဆောင်ရွက်ခဲ့ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့ရှိ တောင်ဇင်ဆိတ်မွေးမြူရေးဇုန်သို့ သွားရောက်ကြည့်ရှုစဉ်။

**ကုန်သွယ်မှုတိုးတက်ဖွံ့ဖြိုးရေးတွင် ပို့ကုန်ကဏ္ဍသည် နိုင်ငံတော်၏ အခွန်အကောက်ရရှိရေး၊ ထုတ်လုပ်သူများ ဝင်ငွေနဲ့ အလုပ်အကိုင်ရရှိရေး၊ ကုန်သွယ် ကူးသန်းသူများ အကျိုးအမြတ်ရရှိရေးဟာလည်း အဓိကကျလှပါတယ်။ ဒါကြောင့် မိမိတို့ရဲ့ ပို့ကုန်များကို ခိုင်မာတဲ့ ဈေးကွက်များ ကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်ရေးအတွက်ကိုလည်း နည်းလမ်းမျိုးစုံနဲ့ ဆောင်ရွက်ခဲ့ပါတယ်။**

စိန်ခေါ်မှုများကျော်လွှားနိုင်ရန်အတွက် ကုန်သွယ်မှုကဏ္ဍမှာ အဓိကဆောင်ရွက်နေတဲ့ ပုဂ္ဂလိကကဏ္ဍများရဲ့ အခက်အခဲများကို ဖြေရှင်းပေးရန် လိုအပ်ပါတယ်။ ဒီလိုဖြေရှင်းပေးရန်အတွက် အစိုးရသစ်လက်ထက်မှာ ပုဂ္ဂလိကစီးပွားရေးကဏ္ဍကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရန် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဥက္ကဋ္ဌအဖြစ် တာဝန်ယူတဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းပေးခဲ့ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက Focal Ministry အဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။

ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များရဲ့ လုပ်ငန်းလုပ်ကိုင်ရာမှာ လက်တွေ့ တွေ့ကြုံနေရတဲ့ အခက်အခဲများကို သိရှိဖြေရှင်းနိုင်ရေးအတွက် ရန်ကုန်မြို့ UMFCCI ရုံးမှာ ဒုတိယသမ္မတဦးစီးပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တက်ရောက်ပြီး အသင်းအဖွဲ့အလိုက်၊ ဒေသအလိုက် လုပ်ငန်းရှင်များက မိမိတို့ တွေ့ကြုံနေရတဲ့ အခက်အခဲများ၊ အကြံပြုတင်ပြချက်များကို တင်ပြဆွေးနွေးတဲ့ တွေ့ဆုံဆွေးနွေးပွဲများ လစဉ်ပြုလုပ်လာခဲ့ရာ အခုအချိန်အထိ ၁၆ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး လုပ်ငန်းရှင်များရဲ့ တင်ပြမေးမြန်းချက် ၂၄၂ ချက်ကိုလည်း ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

အဆိုပါ တင်ပြမေးမြန်းချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပြီး အမှန်တကယ် ပြီးပြတ်ခြင်းမရှိသေးတဲ့ လုပ်ငန်းများအတွက် ပုဂ္ဂလိက-အစိုးရ တွေ့ဆုံဆွေးနွေးခြင်း PPD ကို လုပ်ငန်းကော်မတီများအလိုက် ဆက်လက်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေးနဲ့ ပြည်တွင်းလုပ်ငန်းရှင်များ လွယ်ကူစွာစီးပွားရေးလုပ်ကိုင်နိုင်မှုအပေါ် ကမ္ဘာ့ဘဏ်မှ ညွှန်းကိန်း ၁၀ ခုနဲ့ တိုင်းတာပြီး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ လွယ်ကူချောမွေ့စေမှု အဆင့်သတ်မှတ်ချက် Ease of Doing Business Index ကို နှစ်စဉ် ထုတ်ပြန်ကြေညာလျက်ရှိပါတယ်။

အဆိုပါ Ease of Doing Business Index အဆင့်တိုးတက်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက Focal Ministry အဖြစ် တာဝန်ယူကာ ဒုတိယဝန်ကြီးခေါင်းဆောင်တဲ့ ကော်မတီတစ်ရပ် ဖွဲ့စည်းပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ဝန်ကြီးဌာနအနေနဲ့ ကုန်သွယ်မှု ဖွံ့ဖြိုးရေးအတွက် ချမှတ်ဆောင်ရွက်နေတဲ့ အစီအစဉ်တွေနဲ့ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်နေတဲ့ အစီအစဉ်တွေကိုလည်း ပြောပြပေးပါဦးရှင့်။**

**ဖြေ။** ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ပို့ကုန်ဦးဆောင်တဲ့ စီးပွားရေး ပုံစံရရှိနိုင်ရေးအတွက်ကို သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)၊ ကမ္ဘာ့ဘဏ် (World Bank) စတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ မိတ်ဖက်နိုင်ငံတွေ၊ ပြည်တွင်းပြည်ပ ပညာရှင်တွေ၊ စိုက်ပျိုးထုတ်လုပ်သူတွေ၊ အသင်းအဖွဲ့တွေ၊ ကုန်သည်လုပ်ငန်းရှင်တွေနဲ့ တိုင်ပင်ညှိနှိုင်းပြီး ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးဘက်စုံ ဆက်စပ်ဆန်းစစ်လေ့လာမှုတွေ ပြုလုပ်ခဲ့ပါတယ်။

လေ့လာဆန်းစစ်မှုမှာ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒတွေနဲ့အညီ သုံးနှစ်၊ ငါးနှစ်၊ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် နှစ်လတ်စီမံကိန်း (Medium Term Programme- MTP)ကို လုပ်ငန်းစီမံကိန်းတွေ အသေးစိတ်ရေးဆွဲပြီး သက်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

MTP ကို မဏ္ဍိုင်ကြီး (၅) ရပ် ခွဲခြားသတ်မှတ်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မဏ္ဍိုင် (၁) ကုန်သွယ်မှုမူဝါဒနဲ့ ကုန်သွယ်မှုအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ မဏ္ဍိုင် (၂) ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးနဲ့ သယ်ယူပို့ဆောင်သိုလှောင်ထောက်ပံ့မှု ဖွံ့ဖြိုးရေး၊ မဏ္ဍိုင် (၃) အရည်အသွေးမြှင့် အခြေခံအဆောက်အအုံနဲ့ စံချိန်စံညွှန်းများ သတ်မှတ်စစ်ဆေးရေး၊ မဏ္ဍိုင် (၄) ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနဲ့ မဏ္ဍိုင် (၅) ပို့ကုန်အမျိုးမျိုးထုတ်လုပ်ရေး စတဲ့အသေးစိတ်အစီအစဉ်များ ချမှတ်ထားပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy-NES)ကို အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနနဲ့ ပူးပေါင်းရေးဆွဲခဲ့ပြီး ဦးစားပေးကုန်စည် ငါးမျိုး (ဆန်၊ ပဲအမျိုးမျိုးနဲ့ ဆီထွက်သီးနှံ၊ ရေထွက်ကုန်ပစ္စည်း၊ အထည်အလိပ်နဲ့ အဝတ်အထည်၊ သစ်နဲ့ သစ်တောထွက်ပစ္စည်း)၊ ဦးစားပေးဝန်ဆောင်မှုကဏ္ဍအနေနဲ့ ခရီးသွားလုပ်ငန်းကဏ္ဍနဲ့ ဖွံ့ဖြိုးရန် အလားအလာရှိတဲ့ ကဏ္ဍအဖြစ် ရော်ဘာကဏ္ဍကို ဆောင်ရွက်နေပါတယ်။

အထူးကဏ္ဍ [ ဃ ] သို့ »»»



အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနေသည့် CMP အထည်ချုပ်စက်ရုံ လုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ၈ ] မှ

အဲဒီ ဦးစားပေးကဏ္ဍများကို အထောက်အကူပြုရန်အတွက် ဘဏ္ဍာရေးဝန်ဆောင်မှုများ ရရှိရေးကဏ္ဍ၊ ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှုကဏ္ဍ၊ အရည်အသွေးစီမံခန့်ခွဲခြင်းကဏ္ဍနဲ့ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ စတဲ့ဝန်ဆောင်မှုကဏ္ဍ လေးမျိုးကို ချမှတ်ဆောင်ရွက်နေပါတယ်။

NES တွင် ထပ်မံထည့်သွင်းဆောင်ရွက်မည့် ကဏ္ဍသစ်များအနေဖြင့် လယ်ယာထွက်အခြေခံ စားသောက်ကုန်ထုတ်လုပ်ခြင်း (Agro-Food Processing)၊ ကျောက်မျက်နှင့်လက်ဝတ်ရတနာ(Gem & Jewellery)၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် (Fruits and Vegetable)၊ လက်မှုအနုပညာပစ္စည်း (Handicraft)၊ ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်း (Digital Economy) ကဏ္ဍတို့ကို ရွေးချယ်၍ အကောင်အထည်ဖော်သင့်သည့် လုပ်ငန်းစီမံချက်များပေါ်ထွက်လာအောင် ဆောင်ရွက်ပြီး နိုင်ငံ၏ ပို့ကုန်ဦးဆောင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပုံစံ(Export -led Growth) ရရှိရေး ဦးတည်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ စားသုံးသူအကာအကွယ်ပေးရေးဥပဒေအပါအဝင် ဝန်ကြီးဌာနမှ စီမံဆောင်ရွက်နေတဲ့ ဥပဒေပိုင်းဆိုင်ရာတွေနဲ့ ပတ်သက်ပြီး အနည်းငယ်ပြောပြပေးပါဦးရှင့်။**

**ဖြေ။** ။ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင်၍ စားသုံးသူရေးရာဦးစီးဌာနကို ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါတယ်။ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများအား တစ်နိုင်ငံလုံးတွင် ပိုမိုထိရောက်ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေးအတွက် EU-GIZ အဖွဲ့အစည်းနှင့်ပူးပေါင်း၍ အမျိုးသားစားသုံးသူအကာအကွယ်ပေးရေးအစီအစဉ် (National Consumer Protection Program)ကို ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

စားသုံးသူအကာအကွယ်ပေးရေး ကိစ္စရပ်တွေကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ပြင်ဆင်ရေးဆွဲ၍ အတည်ပြုနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိတယ်။

စားသုံးသူအငြင်းပွားမှုဆိုင်ရာ ကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ၇၃ ဖွဲ့၊ စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေး စင်တာ CICC ၄၈ ခုကိုလည်း ဖွင့်လှစ်နိုင်ခဲ့ပြီး တိုင်ကြားမှု ၉၀ ကျော်ကို လက်ခံဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ဒါ့အပြင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်တွင် ပါဝင်သော ကုန်သွယ်ရေးဆိုင်ရာ ကုစားမှုအစီအမံများဖြစ်သည့် Safeguard, Anti-dumping နှင့် Subsidy and Countervailing တို့အား ဥပဒေပြု ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်အနေဖြင့် သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ အကာအကွယ်ပေးရေးဥပဒေ (Safeguard Law) ကို ရေးဆွဲပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒုတိယအဆင့်အနေဖြင့် လျှော့ဈေးဖြင့် စုပုံတင်ပို့ခြင်းနှင့် အစိုးရအထောက်အပံ့ရယူတင်ပို့ခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော ပြည်တွင်းကုန်စည်ထုတ်လုပ်သူများ၏ ထိခိုက်နစ်နာမှုကို ကာကွယ်ကုစားမှုဥပဒေကိုလည်း ဥပဒေမူကြမ်း ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် ကုန်သွယ်မှု ကဏ္ဍတစ်ရပ်လုံးကို လွှမ်းခြုံနိုင်မည့် ကုန်သွယ်မှုဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက်ကိုလည်း World Bank Group , GIZ တို့နှင့်ပူးပေါင်းပြီး ဥပဒေမူကြမ်း ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ယှဉ်ပြိုင်မှုဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ယှဉ်ပြိုင်မှုနည်းဥပဒေများကို ရေးဆွဲထုတ်ပြန်နိုင်ခဲ့ပါတယ်။

**မေး။ ။ ဝန်ကြီးဌာနလုပ်ငန်းတွေအပြင် အခြားဆောင်ရွက်နေတဲ့ လုပ်ငန်းတွေရှိရင်လည်း ပြောပြပေးစေလိုပါတယ်။**

**ဖြေ။** ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိသည့်အပြင် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (DACU) ၏ ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့(SCG) အဖွဲ့ ၁၀ ဖွဲ့အနက် အလုပ်အကိုင် ဖန်တီးပေးနိုင်မှု ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Job Creation Sector Coordination Group-JCSCG) အဖွဲ့ကို တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့သော ပို့ကုန်ပစ္စည်းများ ပြည်ပနိုင်ငံများမှ တင်သွင်းလာသော သွင်းကုန်ပစ္စည်းများကို စမ်းသပ်စစ်ဆေးနိုင်ရန်အတွက် ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ရေးစီမံချက်ကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ရေးဆွဲလျက်ရှိပါတယ်။ စိုက်ပျိုးရေး အခြေခံထုတ်ကုန် စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီတွင် စားသုံးသူရေးရာဦးစီးဌာနက တာဝန်ယူ၍ ဆန်၊ ပဲမျိုးစုံ တို့၏ စံချိန်စံညွှန်းများကို ရေးဆွဲအတည်ပြုတင်ပြထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်၍ သီးနှံ ၁၈ မျိုး ရေးဆွဲလျာထားပြီး ယင်းတို့အနက်မှ မြေပဲ၊ နှမ်း၊ ဖရဲ၊ ထောပတ်နှင့် ကော်ဖီတို့၏ စံချိန်စံညွှန်း(မူကြမ်း)များကို ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

အထူးစီးပွားရေးဇုန်ဆိုင်ရာကိစ္စရပ်များကိုလည်း တာဝန်ခံဝန်ကြီးဌာနအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး လက်ရှိအချိန်တွင် သီလဝါနှင့် ထားဝယ်အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းကိုလည်း မကြာမီ အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။ ထို့အပြင် နယ်စပ်ဒေသများမှာလည်း နှစ်နိုင်ငံနယ်စပ်စီးပွားရေးဇုန် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါတယ်။

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့်အညီ တောင်သူလယ်သမားများ နည်းပညာအပြည့်အဝရရှိစေရေး၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာများ လွယ်ကူအဆင်ပြေစွာပံ့ပိုးနိုင်ရေးနှင့် လယ်ယာထုတ်ကုန်များရောင်းချရာတွင် သင့်တင့်မျှတသော ဈေးကွက်နှင့် ဈေးနှုန်းရရှိရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျယ်ပြန့်သော ဈေးကွက်နှင့် ခိုင်မာသော ပို့ကုန်ဈေးကွက်များ တိုးတက်ရရှိရေးအတွက် ရေတို၊ ရေရှည် စီမံချက်များချမှတ်ကာ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်လတ်စီမံကိန်း (Medium Term Programme- MTP) နှင့် အမျိုးသားပို့ကုန်မဟာဗျူဟာကို သတ်မှတ်ချက်အတိုင်း အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ပို့ကုန် ဦးဆောင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပုံစံ (Export-led Growth) ဖြင့် ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လာမယ့်နှစ်မှာလည်း ယခုလိုပဲ ဆက်လက်ဆောင်ရွက်သွားမယ်ဆိုရင်တော့ ဒီထက်မက အောင်မြင်မှုလည်းရရှိနိုင်မယ်။ အခက်အခဲတွေကိုလည်း ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။ တွေ့ကြုံရမယ့် စိန်ခေါ်မှုတွေကို သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေ အပါအဝင် ပြည်သူတွေနဲ့အတူ ပူးပေါင်းညှိနှိုင်းဖြေရှင်းကြမယ်ဆိုရင် အခွင့်အလမ်းကောင်းများ ရရှိလာနိုင်မှာဖြစ်ပြီး နိုင်ငံတော်ရဲ့ စီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ကျင်းပသည့် ထောပတ်သီးပွဲတော်တွင် လှည့်လည်ကြည့်ရှုစဉ်။



စားသုံးသူအသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

**စိုက်ပျိုးရေး အခြေခံ ထုတ်ကုန် စံချိန်စံညွှန်း ရေးဆွဲရေး နည်းပညာ ဆပ်ကော်မတီတွင် စားသုံးသူ ရေးရာဦးစီးဌာနက တာဝန်ယူ၍ ဆန်၊ ပဲမျိုးစုံ တို့၏ စံချိန်စံညွှန်းများကို ရေးဆွဲ အတည်ပြု တင်ပြထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်၍ သီးနှံ ၁၈ မျိုး ရေးဆွဲလျာထားပြီး ယင်းတို့ အနက်မှ မြေပဲ၊ နှမ်း၊ ဖရဲ၊ ထောပတ်နှင့် ကော်ဖီတို့၏ စံချိန်စံညွှန်း(မူကြမ်း)များကို ရေးဆွဲ ဆောင်ရွက်လျက် ရှိပါတယ်။**

# ဟိုတယ်ခရီးသွား ပြည့်စီးပွား ဖွံ့ဖြိုးဝေစည် ဟန်ချက်ညီ ဆိုသည့်အတိုင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိ

## ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် တွေ့ဆုံမေးမြန်းခြင်း



ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်

### တွေ့ဆုံမေးမြန်း - ခင်ရတနာ၊ ဓာတ်ပုံ - မေဦးမိုး

**ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုခြင်း၊ နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ လူထုလူတန်းစားအသီးသီးထံသို့ ဝင်ငွေများ တိုက်ရိုက်၊ သွယ်ဝိုက်၊ တစ်ဆင့်ခံနည်းလမ်းများဖြင့် စီးဝင်ရောက်ရှိစေသည့် အကျိုးကျေးဇူးများစွာရရှိစေသော မီးခိုးမထွက်သည့် စက်ရုံလုပ်ငန်းတစ်ခုလည်း ဖြစ်သည်။ ထိုသို့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသများ ပေါ်ထွက်စေရေး၊ သွားလာမှုလွယ်ကူစေရေးနှင့် တည်းခိုနေရာများ တည်ရှိလာရေး၊ စီမံခန့်ခွဲမှုဆိုင်ရာ နိုင်နင်းရေးတို့အတွက် နိုင်ငံတော်မှ ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။**

**မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းတွင် ကမ္ဘာ့လှည့်ခရီးသွား အရေအတွက်မှာ နှစ်စဉ် တိုးတက်လျက်ရှိပြီး ၂၀၁၆ ခုနှစ်တွင် ကမ္ဘာလှည့် ခရီးသွား ၂ ဒသမ ၉ သန်း လာရောက်လည်ပတ်ခဲ့ရာမှ ၂၀၁၇ ခုနှစ်အတွင်း ၃ ဒသမ ၄၄ သန်းအထိ လာရောက်လည်ပတ်ခဲ့သည်ကို သိရှိရသည်။**

**ပြည်သူ့အစိုးရလက်ထက် ဒုတိယတစ်နှစ်တာကာလအတွင်းတွင်လည်း "ဟိုတယ်ခရီးသွား ပြည့်စီးပွား ဖွံ့ဖြိုးဝေစည် ဟန်ချက်ညီ" ဆိုသည့် ဆောင်ပုဒ်ကို လက်ကိုင်ထားရင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၏ ကြိုးပမ်းမှုများကို သိရှိနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်အား တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်-**

**မေး။ ပြည်ထောင်စုဝန်ကြီးတာဝန် ယူထားရတဲ့ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနကို ဘယ်လိုမူဝါဒတွေနဲ့ ကိုင်တွယ်ဆောင်ရွက်နေသလဲဆိုတာ ပြောပြပေးပါရှင့်။**

ဖြေ။ ဝန်ကြီးဌာနက မူဝါဒ ခြောက်ရပ် ချမှတ်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဟိုတယ်လုပ်ငန်းနဲ့ ခရီးသွားလုပ်ငန်းတွေကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးတဲ့ အရေးကြီးသော စီးပွားရေးကဏ္ဍတစ်ခု ဖြစ်စေရေး၊ ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ရေးအတွက် တိုင်းရင်းသားအားလုံးရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေ၊ ဓလေ့ထုံးစံတွေ၊ ရေ မြေ တောတောင် သဘာဝပတ်ဝန်းကျင်တွေကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ တိုးတက်ကျယ်ပြန့်အောင် ဆောင်ရွက်ခြင်းအားဖြင့် ပြည်သူတွေရဲ့ လူမှုစီးပွားရေးဘဝတွေ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ နိုင်ငံတကာနဲ့ ဒေသတွင်း ချုပ်ဆိုထားတဲ့ သဘောတူစာချုပ်တွေကို နိုင်ငံရဲ့ အကျိုးစီးပွားနဲ့ ယှဉ်ပြီး တတ်စွမ်းသမျှ အကောင်အထည်ဖော်ဆောင်ရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရာမှာ ခရီးသွားလုပ်ငန်းကဏ္ဍအနေနဲ့ ပါဝင်ဖြည့်ဆည်း အကျိုးပြုရေးနဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး အများပါဝင်မှုရှိတဲ့ တာဝန်သိခရီးသွားလုပ်ငန်း ဖော်ဆောင်ရေးတို့ပဲ ဖြစ်ပါတယ်။ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး အစည်းအဝေး အခုဆိုရင် နှစ်ကြိမ်ကျင်းပခဲ့ကာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ ဖော်ထုတ်ခဲ့ပါတယ်။

> နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးတဲ့ အရေးကြီးသော စီးပွားရေးကဏ္ဍတစ်ခု ဖြစ်စေရေး၊ ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ရေးအတွက် တိုင်းရင်းသားအားလုံးရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေ၊ ဓလေ့ထုံးစံတွေ၊ ရေမြေတောတောင် သဘာဝပတ်ဝန်းကျင်တွေကို ထိန်းသိမ်းစောင့်ရှောက်ရေး စသည်တို့ဖြစ်ပါတယ်

**မေး။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေနဲ့ တစ်နှစ်တာအတွင်းမှာ ဟိုတယ်နဲ့ တည်းခိုရိပ်သာတွေအပါအဝင် လုပ်ငန်းလိုင်စင်တွေကို ခွင့်ပြုပေးခဲ့တဲ့ အရေအတွက်တွေကိုလည်း ပြောပြပေးပါဦး။**

ဖြေ။ ၂၀၁၇ ခုနှစ် ဧပြီလကနေ ၂၀၁၈ ခုနှစ် မတ်လအထိ ဟိုတယ်နဲ့ တည်းခိုရိပ်သာပေါင်း ၁၂၇ လုံး၊ အခန်းပေါင်း ၆၅၁၁ ခန်းကို တည်ဆောက်ခွင့်ပြုမိန့် ထုတ်ပေးထားပြီး ဖြစ်ပါတယ်။ လုပ်ငန်းလိုင်စင်တွေနဲ့ ပတ်သက်ပြီးတော့ ဟိုတယ်နှင့် တည်းခိုရိပ်သာ ၁၄၉ လုံး၊ အခန်းပေါင်း ၇၂၂၁ ခန်း၊ ခရီးလှည့်လည်ရေးလုပ်ငန်းပေါင်း ၄၈၅ ခု၊ ပို့ဆောင်ရေးလုပ်ငန်းပေါင်း ၂၅၆၄ ခုတွေကို ခွင့်ပြုထားခဲ့ပါတယ်။ ဧည့်လမ်းညွှန်အရေအတွက် ၄၄၉ ဦးကို လုပ်ငန်းလိုင်စင်ထုတ်ပေးခဲ့ပြီး ဒေသဆိုင်ရာ ဧည့်လမ်းညွှန် ၂၆၆ ဦးကိုလည်း လုပ်ငန်းလိုင်စင်တွေ ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။

**မေး။ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် လုပ်ငန်းပိုင်း ဆောင်ရွက်ရာမှာ ဖြေလျှော့ဆောင်ရွက်မှုတွေရောရှိပါသလား။**

ဖြေ။ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းဟာ လူထုနဲ့ အနီးစပ်ဆုံး ဆက်စပ်ရတဲ့ လုပ်ငန်းကဏ္ဍဖြစ်ပါတယ်။ လက်ရှိမှာ e-Government လုပ်ငန်းစဉ်အရလည်းဖြစ်၊ လုပ်ငန်းရှင်တွေလည်း ပိုမိုလွယ်ကူမြန်ဆန်အောင် ဆိုပြီးတော့ လုပ်ငန်းလိုင်စင်တွေကို အွန်လိုင်းကနေ တစ်ဆင့် လျှောက်ထားနိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ယာယီလိုင်စင်တွေကိုလည်း ကြိုတင်ခွင့်ပြုပေးနေပါတယ်။ လိုင်စင်ကြေး

အထူးကဏ္ဍ [ စ ] သို့ »»



တိုင်းရင်းသားရိုးရာဓလေ့များကို စိတ်ဝင်တစားလေ့လာကြည့်ရှုနေကြသည့် နိုင်ငံခြားသားဧည့်သည်များကို တွေ့ရစဉ်။




**အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ(၁/၂၀၁၇)အစည်းအဝေးသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**

»»» အထူးကဏ္ဍ [ ၄ ] မှ

တွေကိုလည်း ၂၀၁၆ ခုနှစ် အောက်တိုဘာလက စတင်ပြီး ၅၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ အထူးခြားဆုံးကတော့ ပြည်တွင်းဘုရားဖူးဝန်ဆောင်မှု အသိအမှတ်ပြု လက်မှတ်တွေကို ၂၀၁၇ ခုနှစ် အောက်တိုဘာလကနေစပြီး ယနေ့အထိ လုပ်ငန်းပေါင်း ၈၇ ခုအထိ ခွင့်ပြုပေးခဲ့ပါတယ်။ အဓိကကတော့ ဘုရားဖူးခရီးသွားဝန်ဆောင်မှုလုပ်ငန်းတွေ စနစ်မှန်ကန်ပြီး စည်းကမ်းတကျနဲ့ လုပ်ဆောင်နိုင်ဖို့အတွက် ရည်ရွယ်ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။

**မေး။ ဟိုတယ်နဲ့ ခရီးသွားကဏ္ဍရဲ့ အရေးကြီးတဲ့ ကိစ္စရပ်ဖြစ်တဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ရော အစိုးရရဲ့ ဒုတိယတစ်နှစ်တာအတွင်းမှာ ဆောင်ရွက်ခဲ့ပုံတွေကိုလည်း ပြောပြပေးပါဦးရှင့်။**

ဖြေ။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဟာ ဟိုတယ်နဲ့ ခရီးသွားကဏ္ဍမှာ အလွန်အရေးကြီးတဲ့ ကိစ္စရပ်တစ်ခုဖြစ်ပါတယ်။ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းအမျိုးအစားပေါင်း ရှစ်မျိုးကို လေ့ကျင့်သင်ကြားပေးနေပါတယ်။ သင်ကြားရာမှာ အကြိမ်ပေါင်း ၅၁ ကြိမ်ကို တစ်နှစ်အတွင်း ကျင်းပနိုင်ခဲ့ပြီး သင်တန်းသားဦးရေ ၄၂၂၉ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ သင်တန်းတွေ ပေးအပ်နိုင်ဖို့အတွက် ရန်ကုန်မြို့မှာရှိတဲ့ ဝန်ကြီးဌာနပိုင် သင်တန်းဌာန နှစ်ခုကို လူဇင်ဘတ်နိုင်ငံရဲ့ အထောက်အပံ့နဲ့ အဆင့်မြှင့်တင်နိုင်ခဲ့ပြီး Myanmar Institute of Tourism and Hospitality (MITH)အဖြစ် ပေါင်းစပ် တည်ထောင်သွားမှာ ဖြစ်ပါတယ်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာနှင့် ဆောင်ရွက်မှုစီမံကိန်း (Human Resource Development Strategy and Action Plan) ကို လူဇင်ဘတ်နိုင်ငံရဲ့ အကူအညီနဲ့ ရေးဆွဲအကောင်အထည်ဖော်နေပါတယ်။ တရုတ်နိုင်ငံ မကာအိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာရှိတဲ့ Institute for Tourism Studies ကနေ သင်တန်းတွေနဲ့ ပညာသင်ဆု ထောက်ပံ့ရေးတွေအတွက် သဘောတူညီမှုစာချွန်လွှာကို ယခုနှစ် မတ် ၂၉ ရက်မှာ နေပြည်တော်မှာပဲ လက်မှတ်ရေးထိုးထားခဲ့ပါတယ်။ မန္တလေးတက္ကသိုလ်နဲ့ အမျိုးသားစီမံခန့်ခွဲမှုကောလိပ်(ရန်ကုန်)တွေကနေ B.A (Tourism) နဲ့ ဘွဲ့ရရှိတဲ့ ကျောင်းသား ကျောင်းသူ ၄၁ ဦးကိုလည်း အကြီးတန်းစာရေးရာထူးနဲ့ ဝန်ထမ်းသစ်တွေအဖြစ် ခန့်အပ်နိုင်ခဲ့ပါတယ်။

**မေး။ ဒေသ ခရီးသွားလုပ်ငန်းတွေကို ဆောင်ရွက်နေတာကိုလည်း တွေ့ရှိရပါတယ်။ လက်ရှိမှာ ရပ်ရွာအခြေပြုတဲ့ ခရီးသွားလုပ်ငန်းတွေကိုရော ဘယ်လောက်အတိုင်းအတာအထိ ဖော်ဆောင်ထားနိုင်ပြီလဲဆိုတာ သိပါရစေ။**

ဖြေ။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်တယ်ဆိုတာ ဟိုတယ်ကြီးတွေ၊ ခမ်းနားတဲ့ ပြယုဂ်ကြီးတွေရှိနေတဲ့ နေရာတွေမှာပဲ တိုးတက်နိုင်တာ မဟုတ်ပါဘူး။ နေရာတိုင်းမှာ ဟိုတယ်ကြီးတွေ ရှိနိုင်ဖို့ခက်ခဲပါတယ်။ ဒါကြောင့် ရပ်ရွာအခြေပြုတဲ့ ခရီးသွားလုပ်ငန်းတွေကို ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် ဆောင်ရွက်ပေးနေပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ ကျေးရွာဒေသ ၁၂ ခုမှာ ဆောင်ရွက်ပေးနေပါတယ်။ ကချင်ပြည်နယ် အင်းတော်ကြီးအိုင် ပတ်ဝန်းကျင်ဒေသက ကျေးရွာတွေ၊ ကယားပြည်နယ် လွိုင်ကော်မြို့အနီးက ပန်ပက်နဲ့ တနီးလာလဲကျေးရွာ၊ ကရင်ပြည်နယ် သံတောင်ကြီးဒေသ၊ ရှမ်းပြည်နယ်မှာ ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက လွယ်ခေါ်၊ အင်းနီ၊ ထီးနဲ့နဲ့ ကက္ကူကျေးရွာ၊ မကွေးတိုင်းဒေသကြီးမှာ အင်မတန်နာမည်ကြီးလာပြီဖြစ်တဲ့ မြိုင်မြို့နယ် ကျေးရွာ သုံးရွာ၊ စလေမြို့နယ်က မကျီးကန်ကျေးရွာ၊ မန္တလေးတိုင်းဒေသကြီး မင်းကွန်းနဲ့ ကျောက်မြောင်းရွာကြားမှာရှိတဲ့ ဧရာဝတီ လင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးနဲ့ဆိုင်တဲ့ ကျေးရွာ သုံးရွာနဲ့ တံငါလှေတွေရှိတဲ့ ကျေးရွာ သုံးရွာ၊ စဉ့်ကူးမြို့နယ် ဆီသည်ကျေးရွာနဲ့ မြစ်ကမ်းကြီးကျေးရွာ၊ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်က ကျိုက်သလဲကျေးရွာ၊ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်က ဆော်လောင်းကျေးရွာနဲ့ ဖလမ်းမြို့နယ် တာရွှန်းကျေးရွာ၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ကျောက်မြောင်းမြို့ အမှတ် ၄ ရပ်ကွက် နွယ်ငြိမ်းကျေးရွာတွေမှာ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ကျေးရွာတွေမှာရှိတဲ့ ဒေသခံတွေက ဧည့်ခံတာ၊ ကျွေးမွေးတာအားလုံးကို အဆင့်မြင့်မြင့် ဝန်ဆောင်မှုပေးနိုင်ဖို့ လေ့ကျင့်သင်ကြားပေးနေသလို ကျေးရွာရဲ့ သဘာဝအရင်းအမြစ်တွေကိုလည်း စနစ်တကျနဲ့ လုပ်ဆောင်တတ်ဖို့ သင်ကြားပေးနေပါတယ်။

ရှမ်းပြည်နယ် ခနေဒေသ ပင်းတယနဲ့ ရွာငံမြို့နယ် ကျေးရွာတွေ၊ ညောင်ရွှေမြို့နယ် လွယ်နွဲ့ဘုရားတောင် ရေဆိပ်ကျေးရွာ၊ စကားကျေးရွာ၊ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဆင်တောင်ကျေးရွာနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ခမိုးညောင်သာယာ-ခိုပြင်ကျေးရွာတွေမှာ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းတွေ ဖော်ဆောင်သွားဖို့ ရှိပါတယ်။ ဆောင်ရွက်နေတဲ့အချိန်မှာလည်း စည်းနဲ့ဘောင်နဲ့ စနစ်တကျဖြစ်အောင် စံသတ်မှတ်ချက်တွေ ပြဋ္ဌာန်းနိုင်ဖို့ အလုပ်ရုံဆွေးနွေးပွဲကို ဂျာမနီနိုင်ငံ၊ လူဇင်ဘတ်နိုင်ငံ၊ နော်ဝေနိုင်ငံ၊ နယ်သာလန်နိုင်ငံတွေနဲ့ပူးပေါင်းပြီး နေပြည်တော်မှာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလက ကျင်းပခဲ့ပြီး စံနှုန်းမူကြမ်းတွေ ရေးဆွဲထားခဲ့ပါတယ်။

**မေး။ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး သတင်းအချက်အလက်တွေကို ဖြန့်ဝေပေးနေတာ တွေ့ရပါတယ်။ ဒီလုပ်ငန်းစဉ်နဲ့ပတ်သက်ပြီးတော့ တိုးချဲ့ဆောင်ရွက်ထားတာ ရှိပါသလား။**

ဖြေ။ မူလကတည်းက ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်း သတင်းအချက်အလက်ဖြန့်ဝေရေးဌာနပေါင်း ၂၀ ခန့်ရှိပါတယ်။ ရှိနှင့်ပြီးသားဌာနတွေကိုလည်း ပြင်ဆင်မွမ်းမံခဲ့ပါတယ်။ ထပ်မံပြီးတော့လည်း ရှမ်းပြည်နယ်မှာ ဖယ်ခုံကောင်တာ၊ ဟဲဟိုးလေဆိပ် ကောင်တာ၊ ကလောကောင်တာဆိုပြီး ဌာန သုံးခု တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ချင်းပြည်နယ်မှာ



**ဒေသခံတိုင်းရင်းသားများက နိုင်ငံခြားသား ဧည့်သည်များအား အဆင့်မြင့်ဝန်ဆောင်မှုများဖြင့် ဧည့်ခံကျွေးမွေးနေစဉ်။**

အထူးကဏ္ဍ [ ဆ ] သို့ »»»

»»» အထူးကဏ္ဍ [ ၈ ] မှ

ကန်ပက်လက်ကောင်တာ၊ မွန်ပြည်နယ်မှာ မော်လမြိုင်ကောင်တာနဲ့ ရခိုင်ပြည်နယ်မှာ စစ်တွေကောင်တာတွေ တိုးချဲ့ဖွင့်လှစ်ထားပါတယ်။ ပုဂံကောင်တာကို ဖွင့်လှစ်နိုင်ဖို့ စီစဉ်နေပါတယ်။

**မေး။ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေရော ရှိပါသလားရှင့်။**

ဖြေ။ မြန်မာ-ထိုင်း ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ် နှစ်ဆန်းမှာ နေပြည်တော်မှာ ပြုလုပ်ခဲ့ပါတယ်။ ပထမအကြိမ် တရုတ်-မြန်မာ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကိုလည်း ကျင်းပခဲ့ပြီး နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ လင်ချန်း-မဲခေါင်မြို့တွေရဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း နိုင်ငံတကာ ခရီးသွားပြပွဲတွေမှာ မြန်မာနိုင်ငံအနေနဲ့ ခရီးသွားပြခန်းတွေ ပါဝင်ပြသခဲ့ပြီး အာဆီယံဒေသတွင်း နိုင်ငံတွေမှာ ငါးကြိမ်၊ အာရှဒေသတွင်းနိုင်ငံတွေမှာ ငါးကြိမ်နဲ့ ဥရောပဒေသတွင်းနိုင်ငံတွေမှာ လေးကြိမ်ခန့် သွားရောက်ပြသခဲ့ပါတယ်။

**မေး။ ချယ်ရီပင်တွေကို နေပြည်တော်အပြင် အခြားဒေသတွေမှာလည်း စိုက်ပျိုးနေတာတွေ့ရပါတယ်။ ချယ်ရီပင်စိုက်ပျိုးမှုအခြေအနေကိုလည်း ပြောပြပေးပါဦးရှင့်။**

ဖြေ။ ဂျပန် - မြန်မာ ချစ်ကြည်ရေး အထိမ်းအမှတ် ချယ်ရီပင်စိုက်ပျိုးပွဲတော်ကို နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနဲ့ ခရီးသွားလုပ်ငန်းမြှင့်တင်ရန်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ၂၀၁၇ ခုနှစ်မှာ အပင် ၁၀၀ နဲ့ ၂၀၁၈ ခုနှစ်မှာ အပင် ၂၀၀ ကို နေပြည်တော်မှာ စိုက်ပျိုးခဲ့ပါတယ်။ ချင်းပြည်နယ်မှာ အပင် ၁၂၀၀ စိုက်ပျိုးထားပြီး နောက်ပိုင်းမှာ မိုးကုတ်မြို့၊ ပြင်ဦးလွင်မြို့၊ တောင်ကြီးမြို့နဲ့ အင်းလေးကန် ဝဲ၊ ယာမှာလည်း အပင် ၂၀၀ စီ စိုက်ပျိုးသွားဖို့ရှိပါတယ်။ ဂျပန်နိုင်ငံ တိုကျိုမြို့မှာ ၂၀၁၇ ခုနှစ် ဧပြီက ကျင်းပတဲ့ ချယ်ရီပန်းပွဲတော်ကို မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအကြောင်း မြှင့်တင်စည်းရုံးတာတွေ ပြုလုပ်ခဲ့ပါတယ်။

**မေး။ အိမ်ရှင်အဖြစ်နဲ့ လက်ခံပြီး ဆောင်ရွက်ပေးနေတဲ့ ဆွေးနွေးပွဲတွေနဲ့ ခရီးသွားလုပ်ငန်း တိုးတက်လာအောင် ဆောင်ရွက်ပေးတဲ့အပိုင်းကိုလည်း ရှင်းပြပေးပါရှင့်။**

ဖြေ။ ဝန်ကြီးဌာနက အာဆီယံ ဂျပန်ဗဟိုဌာနနဲ့ ပူးပေါင်းပြီး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ် မတ် ၂၈ ရက်မှာ ရန်ကုန်နဲ့ ၂၉ ရက်မှာ ပုဂံမြို့တွေမှာ ကျင်းပနိုင်ခဲ့ပါတယ်။ ပုဂံဒေသကို ကိုရီးယားဧည့်သည်တွေ ပိုမိုလာရောက်နိုင်ဖို့အတွက် ပုဂံမြို့မှာ အလုပ်ရုံဆွေးနွေးပွဲတွေ ကျင်းပခဲ့ပြီး ရလဒ်အနေနဲ့ ၂၀၁၇ ခုနှစ်မှာ ဥရောပက ခရီးသည်လာရောက်မှု ကျဆင်းခဲ့ပေမယ့် တရုတ်ခရီးသည် ၁၆ ရာခိုင်နှုန်း၊ ဂျပန်ခရီးသည် တစ်ရာခိုင်နှုန်းနဲ့ ကိုရီးယားခရီးသည် နှစ်ရာခိုင်နှုန်း တိုးတက်လာခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် ပထမသုံးလပတ်မှာလည်း ယခင်နှစ်နဲ့ နှိုင်းယှဉ်မယ်ဆိုရင် စုစုပေါင်း ခရီးသည် ၁၉ ရာခိုင်နှုန်း ဆက်ပြီး တိုးတက်လာတာကို တွေ့ရှိရပါတယ်။ ပုဂံဒေသကို ခရီးသည်တွေ ပိုမိုလာရောက်စေဖို့ Angkor-Bagan Two Ancient Capitals-One Destination MoU ကို ကမ္ဘောဒီးယားနိုင်ငံ ဆီရပ်ရိပ်မှာ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

ကယားပြည်နယ်အခြေပြု အားလုံးပါဝင်တဲ့ ခရီးသွားလုပ်ငန်းစီမံကိန်းအရ ကယားပြည်နယ် ခရီးသွားမြှင့်တင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနဲ့ ချစ်ကြည်ရင်းနှီးမှုခရီးစဉ် အစီအစဉ်ကို ကျင်းပနိုင်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနရဲ့ အကူအညီနဲ့ ခရီးသွားလုပ်ငန်း ကျင့်ဝတ်စံညွှန်းများဆိုင်ရာ အစည်းအဝေးကိုလည်း ကျင်းပခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာမှာလည်း ပုဂံမြို့မှာ ကျင်းပတဲ့ ငါးကြိမ်မြောက် ပုဂံခရီးကြမ်းမာရသွန်ပြိုင်ပွဲကို ပြည်ထောင်စုဝန်ကြီး ကိုယ်တိုင်တက်ရောက်ခဲ့ပြီး ခရီးသွားတွေကို ဖိတ်ခေါ်ခဲ့ပါတယ်။ ဝန်ကြီးဌာနရဲ့ စီစဉ်မှုနဲ့ ဂျာမနီ နိုင်ငံနဲ့ ကမ္ဘာ့ဘဏ်ပူးပေါင်းတဲ့ ခြောက်ကြိမ်မြောက် ခရီးသွားလုပ်ငန်းကဏ္ဍလုပ်ငန်းအဖွဲ့များ အစည်းအဝေးကိုလည်း ကျင်းပနိုင်ခဲ့တဲ့အပြင် ချင်းပြည်နယ် ခွာဒိုပွဲတော်ကနေ တစ်ဆင့်လည်း ရိဒ်ရေကန်အခြေပြုခရီးသွားလုပ်ငန်းတွေ တိုးတက်ရေးအတွက် ဆွေးနွေးမှုတွေ ပြုလုပ်ထားပါတယ်။

**မေး။ ခရီးစဉ်ဒေသတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆောင်ရွက်နေတာတွေကိုလည်း သိပါရစေရှင့်။**

ဖြေ။ တနင်္သာရီတိုင်းဒေသကြီးက ကျွန်းတွေကို ခရီးသွားတွေ ပိုမိုဝင်ရောက်လာဖို့အတွက် ထိုင်းနိုင်ငံ ဖူးခက်က Yacht Club တွေဆီ သွားပြီး လေ့လာမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ မြိတ်ကျွန်းစု ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာဖို့ ရပ်ရွာလူထုထဲအထိ စိတ်ဝင်စားလာစေဖို့ ရည်ရွယ်ပြီး အသိပညာပေးဆွေးနွေးပွဲတွေကို လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အကူအညီနဲ့ ဆောင်ရွက်နိုင်ခဲ့သလို ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်ကို ကော့သောင်းမြို့မှာ

အထူးကဏ္ဍ [ ၉ ] သို့ »»»



ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသသို့ မော်တော်ဆိုင်ကယ်များဖြင့် လာရောက်လေ့လာကြသော နိုင်ငံခြားသားခရီးသည်များကို တွေ့ရစဉ်။

> ၂၀၁၇ နိုဝင်ဘာမှာလည်း ပုဂံမြို့မှာ ကျင်းပတဲ့ ငါးကြိမ်မြောက် ပုဂံခရီးကြမ်းမာရသွန်ပြိုင်ပွဲကို ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် တက်ရောက်ခဲ့ပြီး ခရီးသွားတွေကို ဖိတ်ခေါ်ခဲ့ပါတယ်။ ဝန်ကြီးဌာနရဲ့ စီစဉ်မှုနဲ့ ဂျာမနီနိုင်ငံနဲ့ ကမ္ဘာ့ဘဏ်ပူးပေါင်းတဲ့ ခြောက်ကြိမ်မြောက် ခရီးသွားလုပ်ငန်းကဏ္ဍလုပ်ငန်းအဖွဲ့များ အစည်းအဝေးကိုလည်း ကျင်းပနိုင်ခဲ့တဲ့အပြင် ချင်းပြည်နယ် ခွာဒိုပွဲတော်ကနေတစ်ဆင့်လည်း ရိဒ်ရေကန်အခြေပြုခရီးသွားလုပ်ငန်းတွေ တိုးတက်ရေးအတွက် ဆွေးနွေးမှုတွေ ပြုလုပ်ထားပါတယ်



တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လည်ပတ်လာစဉ်။

»»» အထူးကဏ္ဍ [ ဆ ] မှ

၂၀၁၈ ခုနှစ် မတ် ၂၄ ရက်နဲ့ ၂၅ ရက်မှာ ကျင်းပနိုင်ခဲ့ပါတယ်။ အလားတူပဲ ချင်းပြည်နယ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အသိပညာပေးဆွေးနွေးပွဲတွေကို လွှတ်တော် ကိုယ်စားလှယ်တွေရဲ့အကူအညီနဲ့ လုပ်ဆောင်ခဲ့ပြီး ကယားပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်နေပါတယ်။

နိုင်ငံတကာရုပ်သံလိုင်းတွေနဲ့ ချိတ်ဆက်ပြီး ဥရောပ၊ အမေရိကန်နဲ့ ထိုင်းနိုင်ငံက ခရီးသွားလုပ်ငန်းရှင်တွေ၊ ဟိုတယ်လုပ်ငန်းရှင်တွေ၊ မီဒီယာတွေပါဝင်တဲ့ Mega Joint FAM Trip တွေနဲ့ Education Trio to Myanmar စတဲ့ အဖွဲ့တွေကို ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ထိုင်းနိုင်ငံအခြေစိုက် Hey ASEAN ရိုက်ကူးရေးအဖွဲ့၊ ဂျပန်နိုင်ငံ Mainichi TV Channel၊ Grape City Company၊ Hong Kong Television Broadcast Limited ရိုက်ကူးရေးအဖွဲ့၊ ASEAN China Center (ACC)ရဲ့ အစီအစဉ်နဲ့ တရုတ်နိုင်ငံ Bejing Television တို့ကလည်း ရိုက်ကူးရေးတွေကို ဟိုတယ်/ခရီးနဲ့ပူးပေါင်းပြီး ဆောင်ရွက်ထားပါတယ်။

**မေး။ မြန်မာ့ခရီးသွားလုပ်ငန်း မြှင့်တင်ပေးမယ့် အစီအစဉ်တွေနဲ့ ကမ္ဘာကသိအောင် ဘယ်လိုတွေ ဆောင်ရွက်နေပါသလဲ။**

ဖြေ။ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေး၊ နေပြည်တော်၊ မွန်၊ ကရင်၊ မြိတ်ကျွန်းစု၊ ပျူရှေးဟောင်းမြို့တွေ၊ ကယား၊ မကွေး၊ စစ်ကိုင်း၊ ကျိုက်ထီးရိုး၊ ချင်းတောင်တန်းခရီးစဉ် ဒေသတွေနဲ့ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းဆိုင်ရာ လက်ကမ်းစာစောင်တွေ ထုတ်ပါတယ်။ Memory Stick တွေ ဝေတာလည်း ရှိပါတယ်။ ပြည်တွင်း ပြည်ပ နိုင်ငံတကာခရီးသွား ပြပွဲတွေ၊ ပြည်ပသံရုံးတွေနဲ့ ကောင်စစ်ဝန်ရုံးတွေကနေတစ်ဆင့် နိုင်ငံတကာကို ကြော်ငြာပေးနေပါတယ်။ ဒစ်ဂျစ်တယ်အနေနဲ့ ဆိုရင် ဖေ့စ်ဘွတ်ခ်၊ တွစ်တာ၊ ယူကျူ၊ အင်စတာဂရမ် စတဲ့ လူမှုကွန်ရက်တွေကနေ ခရီးသွားလုပ်ငန်းတွေ မြှင့်တင်ပေးနေတယ်။ ဝန်ကြီးဌာနနဲ့ ခရီးသွားလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းပြီး ရန်ကုန်မြို့မှာ Myanmar



တတိယအကြိမ် နိုင်ငံတကာခရီးသွားပြပွဲတွင် မြန်မာနိုင်ငံ ခရီးသွားကဏ္ဍမြှင့်တင်ရေးအတွက် ပါဝင်ပြသစဉ်။

International Travel Mart နှစ်ကြိမ်နဲ့ မန္တလေးမြို့မှာ Mandalay Travel Show 2017 ကို တစ်ကြိမ် ကျင်းပခဲ့ပါတယ်။

**မေး။ ကမ္ဘာလှည့်ခရီးသွားတွေအတွက် ခရီးစဉ်အစီအစဉ်တွေရော ဒီနှစ်မှာ ဘယ်လောက်ရှိပါသလဲရှင့်။ လူစိတ်ဝင်စားတဲ့ ခရီးစဉ်မျိုးတွေရော စီစဉ်ပေးဖြစ်သေးပါသလား။**

ဖြေ။ ကမ္ဘာလှည့်ခရီးသည်တွေရဲ့ လိုလားချက်တွေအရ အထူးခရီးစဉ်တွေ လုပ်ပေးထားတာရှိပါတယ်။ ကမ္ဘာလှည့်အပျော်စီးသင်္ဘောခရီးစဉ်၊ စက်တပ်ရွက်လှေခရီးစဉ်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ စက်ဘီးခရီးစဉ်၊ ပြည်တွင်းမြစ်ကြောင်းခရီးစဉ်၊ စင်းလုံးငှားလေယာဉ်ခရီးစဉ်၊ ပုဂံမာရသွန်ပြိုင်ပွဲနဲ့ မီးပုံးပျံစီးနင်းခြင်းခရီးစဉ်တွေကို စီစဉ်ပေးခဲ့ပါတယ်။ မီးပုံးပျံစီးနင်းခြင်းကိုတော့ ခရီးသည်တွေ ကြိုက်နှစ်သက်မှု အရှိဆုံးပါပဲ။ ထပ်ပြီး စီစဉ်ပေးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ အဲဒီလို ခရီးစဉ်မျိုးတွေအတွက် ခရီးသည် ၄၉၉၆၁ ဦးကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပါတယ်။

**မေး။ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းရဲ့ ရှေ့ဆက်သွားမယ့်လုပ်ငန်းစဉ်တွေကိုလည်း ပြောပြပေးပါဦးရှင့်။**

ဖြေ။ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေး ဥပဒေ ၁၉၉၃ ကို အသစ်ရေးဆွဲထားပြီး လွှတ်တော်ကို တင်ပြထားပါပြီ။ ဥပဒေသစ်ပြဋ္ဌာန်းပြီးခဲ့ရင် လိုအပ်တဲ့ လုပ်ငန်းစဉ်တွေ လုပ်ဆောင်သွားဖို့ရှိပါတယ်။ အာရှတိုက်မှာရှိတဲ့ ဈေးကွက်ဝင်နိုင်ငံတွေဖြစ်တဲ့ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ တရုတ်နိုင်ငံတို့က ခရီးသည်တွေ ပိုမိုလာရောက်ဖို့အတွက် နည်းလမ်းတွေရှာဖွေပြီး ဆောင်ရွက်သွားဖို့ စီစဉ်နေပါတယ်။ တနင်္သာရီ၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ချင်းပြည်နယ်တို့မှာ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်သွားဖို့ရှိပါတယ်။ ခရီးသွားလုပ်ငန်းကို အိမ်နီးချင်းနဲ့ ဒေသတွင်းနိုင်ငံတွေနဲ့ ရင်ပေါင်တန်းဆောင်ရွက်နိုင်ဖို့အတွက် ခရီးစဉ်သစ်တွေ ဖော်ထုတ်ဖို့နဲ့ သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းတွေ ပိုပြီး ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ အခုဆိုရင် နိုင်ငံရဲ့ ခရီးသွားလုပ်ငန်း ပိုမိုအားကောင်းဖို့အတွက် မူလသုံးစွဲနေတဲ့ Let the Journey Begin ကို ပိုပြီး ရိုးစင်းထိမိတဲ့ လက်ရှိနိုင်ငံရဲ့ ပကတိအခြေအနေ၊ ကမ္ဘာလှည့်ခရီးသည်တွေ စိတ်ဝင်စားမှု ပေါင်းစပ်ထင်ဟပ်စေမယ့် Tourism Promotion Slogan အသစ်ကိုလည်း ဆောင်ရွက်နေပြီး မကြာမီ စတင်အသုံးပြုနိုင်ဖို့ ကြိုးစားနေပါတယ်။

နိုင်ငံတော်က ချမှတ်ထားတဲ့ စုပေါင်းအင်အား (Collective Strength) ဆိုတဲ့ မူဝါဒဟာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက်တော့ အလွန်ကိုက်ညီတဲ့ မူဝါဒလမ်းညွှန်ချက်ဖြစ်ပါတယ်။ အဲဒီမူဝါဒကို လိုက်နာဖို့အတွက် ကျွန်တော်တို့နဲ့အတူ အခြားဆက်စပ် ဝန်ကြီးဌာနတွေအားလုံးက ခရီးသွားကဏ္ဍဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြဖို့ မေတ္တာလည်း ရပ်ခံပါတယ်။ ခရီးသွားလုပ်ငန်းဟာ စိတ်ချမ်းသာစရာကောင်းတဲ့ လုပ်ငန်းဖြစ်ပြီး အကြွေးလည်း မကျပါဘူး။ ခရီးသွားတွေသုံးတဲ့ ပိုက်ဆံတွေဟာ လေကြောင်းလိုင်းကနေစပြီး ခေါင်းရွက်ဗျက်ထိုးဈေးသည်အထိ အကျိုးပြုတဲ့ Multiplier Effect ဖြစ်တဲ့ လုပ်ငန်းဖြစ်တာကြောင့် အားလုံးဝိုင်းဝန်း ပူးပေါင်းစေလိုပါတယ်လို့ ပြောပါရစေခင်ဗျာ။



တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုများအား လေ့လာကြည့်ရှုရန် အပျော်စီးသင်္ဘောကြီးဖြင့် ရောက်ရှိလာကြသော ကမ္ဘာလှည့်ခရီးသွားများအား တွေ့ရစဉ်။

မျိုးဆက်သစ်ရင်ပြင်
ကြေးမုံ
အထူးထဏ္ဍ
ဧပြီ ၂၂၊ ၂၀၁၈ (တနင်္ဂနွေနေ့)

ဝတ္ထုတို

# အားဆေး

တာရာ(တွံတေး)



**အခန်း(၁)**

"ဦးဘမောင် ပါဆယ်"

ဂိတ်ခွဲတမ်း စာရွက်လေးကိုင်ပြီး ထွက်လာသော အလုပ်သမားလေးတစ်ဦး၏ အော်သံကြောင့် နာနေသော ခါးကို နှိပ်နယ်နေရာက ဦးဘမောင် အနည်းငယ် မျက်နှာညိုးသွားသည်။ အမှန်တကယ်အားဖြင့် ဦးဘမောင်ပါဆယ်ဂိတ်ကို မကျချင်။ အရမ်းပင်ပန်းသည်။ မော်လမြိုင်အဝင်ရထားရော၊ အထွက်ရထားပါ အလုပ်လုပ်ရသည်။

89 up၊ 35 up နှင့် 175 up ရထားသုံးစင်းစလုံး အလုပ်လုပ်ရသည်။ ထို့အပြင် 1 up ဟုခေါ်သော မန္တလေးစာပို့ရထား၏ အဝင်ပစ္စည်းများပါ ဂိုဒေါင်ထဲတွင် လက်ခံသိမ်းပေးရသေးသည်။

"ဟူး" သက်ပြင်းမောတစ်ခုကိုချလျက် ဂိတ်ခွဲစာရွက်လေးအား ဦးဘမောင် သွားတောင်းယူလိုက်သည်။ ထို့နောက် မိမိနှင့်အတူ အလုပ်လုပ်ရမည့်သူစာရင်းကိုပါ ဖတ်ကြည့်လိုက်သည်။ ကျော်ကြီး၊ အောင်ထူးနှင့် အလုပ်သမားအချို့ပါသည်။ စုစုပေါင်း ရှစ်ယောက်ခန့်ပါ၏။ မတတ်နိုင် ကျတဲ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရပေဦးမည်။ ပင်ပန်းပေမယ့် အလုပ်ကမနားရဲ။ တစ်ရက်ခြားဆင်းရသောအလုပ်မို့ တစ်ရက်နားလိုက်လျှင် နှစ်ရက်စာအိမ်စရိတ်လျော့ဦးမည်။ သို့သော် ပါဆယ်ဂိတ်သည် အလုပ်ပင်ပန်းသလောက် ပိုက်ဆံလည်းရသည်။ ထို့ကြောင့် မိသားစုစားဝတ်နေရေးထက် မည်သည့်အရေးမျှ ဦးစားမပေးနိုင်။ ဘယ်လောက်ပင်ပန်းစေဦးတော့ ပိုက်ဆံအတွက် အလုပ်လုပ်ရပေမည်။ ပိုက်ဆံရမှလည်း မိသားစု၏အခက်အခဲများကို အတတ်နိုင်ဆုံး ပြေလည်အောင် ဖြေရှင်းပေးနိုင်ပေလိမ့်မည်။ နာနေသော ခါးအတွက် လမ်းဘေးဆေးဆိုင်တွင် ဆေးစပ်သောက်လျှင်ရပေပြီ။

တာဝန်ကျရာဂိတ်သို့အဖွဲ့သားများနှင့်အတူ လျှောက်သွားလိုက်သည်။ ဂိတ်တာဝန်ကျသော ဂိုဒေါင်အပေါက်ဝသို့ ရောက်သောအခါ အမှတ်(၁)ဂိုဏ်း၏ အလုပ်သမားမှူးက အားပါးတရ လှမ်းပြောသည်။

"ဦးဘမောင်တို့ အဖွဲ့အလွန်ကံကောင်းတယ်။ မနေ့က ဝင်တဲ့ 90 down က သံတွဲလမ်းမှာ ဖြုတ်ထားခဲ့တာတဲ့။ ဒီနေ့အဝင်ရထားနဲ့မှ ပြန်ပါလာမှာ။ ခင်ဗျားတို့ သံတွဲနှစ်တွဲ လုပ်ရတာပေါ့ဗျာ။" 90 down ဆိုသည်မှာ ရန်ကုန်ဘူတာကြီးသို့ အဝင်ရထားဖြစ်ပြီး ရန်ကုန်ဘူတာကြီးမှ ထွက်ခွာလျှင် 89 up ဟု ခေါ်သည်။ အမှတ်(၁)ဂိုဏ်း၏ အလုပ်သမားမှူး စကားသံအဆုံးတွင် ဦးဘမောင်က အောင်ထူးနှင့် ကျော်ကြီးကို လှမ်းကြည့်လိုက်သည်။အောင်ထူးက ပခုံးနှစ်ဖက်ကို အပေါ်သို့တွန့်ပြ၏။ ကျော်ကြီးက "သေမယ့်နှစ်မှ စစ်ထဲရောက်တာပဲကွာ" ဟု ညည်းသည်။

**အခန်း(၂)**

အခန်းသိမ်းပစ္စည်းများထားသော ဂိုဒေါင်ထဲသို့ ဦးဘမောင် ဝင်ကြည့်လိုက်သည်။ အခန်းထဲတွင် ကုန်စိမ်းပစ္စည်းအချို့နှင့် ကုန်ခြောက်(ဘေထုပ်) ပစ္စည်းများက အခန်းတစ်ဝက်စာလောက် ရှိနေသေးသည်။

နံနက် ၁၀ နာရီတွင် ကုန်တင်ကုန်ချအဖွဲ့များ ဂိုဏ်းချိန်းသဖြင့် ပထမဂိုဏ်း၏ လုပ်လက်စအလုပ်များအား နံနက် ၁၀ နာရီတွင် ရပ်ထားရသည်။ နောက်ဂိုဏ်းအဖွဲ့ရောက်လာမှ လုပ်ငန်းဆက်လုပ်ကြရသည်။ ဦးဘမောင်တို့အဖွဲ့ ရောက်လာပြီဖြစ်သောကြောင့် ကုန်ပစ္စည်းပိုင်ရှင်များက ပစ္စည်းများ ဆက်လက်ရွေးယူကြသည်။ ကုန်စိမ်းပစ္စည်းရွေးသူ၊ ဘေထုပ်ရွေးသူများဖြင့် နံနက်ခင်း လုပ်ငန်းအစမှာပင် အဖွဲ့သားများ ချွေးဒီးဒီးကျလျက် ကုန်ပစ္စည်းများ စတင်ထမ်းရချေသည်။

မွန်းလွဲ ၁ နာရီလောက်တွင် အခန်းတွင်းရှိ ပစ္စည်းများ ကုန်သလောက်ဖြစ်သွားသည်။ အလုပ်သမားသက်သာထမင်းဆိုင်သို့ အဖွဲ့သားများအားလုံး ချီတက်ကြသည်။

"ဟော့ကောင်တွေ အချိန်ဆွဲနေလို့ မဖြစ်ဘူးနော်။ ထမင်းမြန်မြန်စား။ ခဏနေ 35 upအတွက် ဘေထုပ်ကားတွေဝင်လာတော့မှာ။ ထမင်းလည်း သိပ်အများကြီး မစားထားကြနဲ့။ အထုပ်မဆွဲနိုင်ဘဲနေမယ်"

ထမင်းဆိုင်သို့ ဝင်လျှင်ဝင်ချင်း ဦးဘမောင်က အဖွဲ့သားများအား သတိပေးလိုက်သည်။ ကျော်ကြီးက "ထမင်းလေးတော့ ဖြောင့်ဖြောင့်စားပါရစေဗျာ။ ဒီညတစ်ညလုံးလည်း အိပ်ရမယ့်ကိန်းမပေါ်ဘူး။ အရေးထဲသံတွဲက တစ်တွဲပိုပါလာရသေးတယ်လို့" သံတွဲအပိုပါလာခြင်းအပေါ် ကျော်ကြီး အတော်လေး မကျေမနပ်ဖြစ်နေပုံရသည်။

"တစ်တွဲပိုပါတော့လည်း တစ်တွဲစာပိုက်ဆံငါတို့အဖွဲ့ပိုရတာပေါ့ကွာ"

အောင်ထူးက အကောင်းဘက်က လှည့်တွေးရင်း ဖြေသိမ့်ပေးရှာသည်။

"တစ်တွဲစာ ပိုက်ဆံရတာက နောက်မှ။ အခု ပခုံးတွေလည်း ကြည့်ဦး၊ နီရဲနေပြီ။ ပါလာမယ့်အတွဲကဆားတွဲဆိုရင် ဘဝကတွေးတောင်မတွေးရဲဘူး"

ကျော်ကြီးပြောတာလည်း မှန်ချေသည်။ ယခုတစ်လောမော်လမြိုင်ရထားများတွင် အိမ်သုံးဆားများ အတော်လေး ပါလာတတ်သည်။ သံတွဲတစ်တွဲလုံးသာ ဆားအိတ်များ ဖြစ်နေလျှင် ပခုံးနှစ်ဖက်စလုံး အရေခွံခွာထားသလို ဖြစ်နေမှာ မြင်ယောင်မိကြသည်။

**အခန်း(၃)**

စားသောက်ပြီးထမင်းဆိုင်မှ ပြန်လာပြီးသောအခါ 35up ရထားအတွက် ကုန်ပစ္စည်းများ တန်ဆာချိန်ရသည်။ ထို့နောက် 89up နှင့် 175 up ရထားများအတွက် ဆက်လက်တန်ဆာ ချိန်ကြရသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ချမှတ်ပေးထားသော စည်းကမ်းဖြစ်သည့် အလုပ်သမားတစ်ဦးလျှင် ၃၅ ပိဿာထက် ပိုမမရဆိုသော်လည်း ဦးဘမောင်၊ ကျော်ကြီး၊ အောင်ထူး အစရှိသော အလုပ်သမားများ၏ ပခုံးထက်က ဘေထုပ်အိတ်ကြီးများသည် အချိန် ၆၀ မှ ၁၁၀ ဝန်းကျင်ခန့် ရှိတတ်သည်။ အလေးချိန် ၃၅ ပိဿာထက်ပိုပါက လုပ်ငန်းခွင်သုံးပစ္စည်းများဖြင့် သယ်ယူစေခြင်း၊ လူအင်အားများများ အသုံးပြုစေခြင်း စသည့် ဖြည့်စွက်စည်းကမ်းများရှိသော်လည်း အမှန်တကယ်အောက်ခြေလုပ်ငန်းတွင် အလုပ်လုပ်နေရသော အလုပ်သမားများအတွက် လုပ်ငန်းခွင်သုံး ပစ္စည်းများမှာ လုံလောက်မှုမရှိခြင်း၊ အလုပ်သမားအင်အား များများမရှိခြင်းတို့ကြောင့် အလုပ်လျင်မြန်စွာပြီးမြောက်အဆင်ပြေစေရန် ပစ္စည်းများအား ထမ်းပိုးသယ်ယူကြရသည်။ ဝိတ်ပါသောပစ္စည်းများ သယ်ယူရာတွင် ပခုံးဖြင့်မထမ်းဘဲ ကျောကုန်းဖြင့် ဆွဲရချေသည်။ (သိပ်ဝေးဝေး သယ်ယူရသည်တော့ မဟုတ်ချေ။)

ပစ္စည်းများတန်ဆာချိန်ခြင်း၊ အဝင်ရထားများမှ ပစ္စည်းများအခန်းသိမ်းခြင်းတို့ လုပ်ဆောင်ပြီးသောအခါ ည ၁၀ နာရီကျော်ချေပြီ။ ညစာထမင်းအား အလှည့်ကျသွားရောက်စားစေပြီး တန်ဆာချိန်ထားသော ကုန်ပစ္စည်းများအား သက်ဆိုင်ရာရထားအသီးသီးသို့ တင်ပို့ပေးရပြန်သည်။ ရထားတစ်စင်း၏ ဘရိတ်တွဲတွင် ကုန်တင်ဆောင်ခွင့်ရှိသော ကုန်အလေးချိန်မှာ ပျမ်းမျှ ၃၆၀၀ ဖြစ်၍ သံတွဲတစ်တွဲ၏တင်ဆောင်ခွင့်ရဝိတ်အလေးချိန်မှာလည်း ပျမ်းမျှ ၁၂၀၀၀ ဟု သတ်မှတ်ထားချေ၏။

မော်လမြိုင်ရထားများဝင်လာသောအခါ ပစ္စည်းများ အခန်းသိမ်းခြင်း လုပ်ဆောင်ကြရသည်။ နံနက် ၅ နာရီလောက်မှသာ ပစ္စည်းများ အခန်းသိမ်းခြင်းပြီးဆုံး၏။ ထို့နောက် ကုန်သည်များရောက်လာ၍ ပစ္စည်းရွေးယူကြသောအခါ ကားပေါ်သို့ထမ်းတင်ကြရသည်။ တစ်ညလုံး မည်သူမျှမအိပ်ကြရသေး။ ထို့ပြင်ပစ္စည်းများ ထမ်းပိုးနေရ၍ တစ်ကိုယ်လုံးကိုင်ရိုက်ထားသည့်အလား နာကျင်နေကြချေသည်။ သို့သော် အလုပ်သည်အလုပ်သာဖြစ်၏။ ထို့ကြောင့် ပင်ပန်းနေကြသော်လည်း မည်သူမျှမနား။ ထမ်းပိုးနေရချေသည်။

သံတွဲဖြင့်ပါလာသောဆားအိတ်များ လာရောက်ရွေးယူသောအခါ ဦးဘမောင်တို့အဖွဲ့သည် အတော်ပင် ညည်းညူနေကြလေသည်။ နီရဲနေသောပခုံးထက်တွင် ဆားအိတ်များအား အခေါက်ပေါင်းများစွာ ထမ်းပိုးနေရသဖြင့် ပခုံးမှအရေခွံများဆုတ်ပြဲလာသည်။ ချွေးများ ရွှဲနစ်နေသဖြင့် ဆားရေဖြင့်တို့သလို စပ်ဖျဉ်းဖျဉ်းဝေဒနာကို အံကြိတ်ခံကြရသည်။

**အခန်း(၄)**

နံနက် ၁၀ နာရီတွင် အလုပ်သမားများဂိုဏ်းချိန်းပြီဖြစ်သောကြောင့် ဦးဘမောင်တို့အဖွဲ့သည် လုပ်လက်စအလုပ်များအား လက်စသတ်လိုက်ကြသည်။

အလုပ်သမားရေချိုးကန်ကြီးတွင် စုပေါင်း၍ ရေချိုးကြသည်။ အဝတ်အစားများလဲ၍ အလုပ်သမားမှူးထံတွင် လုပ်အားခ (ခွဲတမ်း)ထုတ်ယူပြီးသောအခါ တစ်နေ့တာတာဝန်များပြီးဆုံးပြီဖြစ်သည်။

ကျော်ကြီးနှင့် အောင်ထူးသည် နယ်မှလာသူများဖြစ်သောကြောင့် အလုပ်သမားရုံးတွင်သာ အနားယူအိပ်စက်ကြသည်။ အချို့အလုပ်သမားများသည် ကိုယ့်အိမ်ကိုယ်ပြန်၍ နောက်တစ်နေ့နံနက် ၁၀ နာရီအရောက် ရုံးသို့ပြန်လာကာ ဂိုဏ်းပြန်ချိန်းပေးရပေမည်။ ဦးဘမောင်သည် လုပ်အားခပိုက်ဆံအား အိတ်ထဲသို့ထည့်ကာအိမ်ပြန်ရန် အလုပ်သမားရုံးအပြင်သို့ ထွက်လာခဲ့သည်။ တောင်ဒဂုံတွင် နေထိုင်သောကြောင့် တိုးကြောင်ကလေးရထားစီးရမည်ဖြစ်၏။ ဘူတာအတွင်းသို့ လှမ်းကြည့်လိုက်သောအခါ တိုးကြောင်ကလေးရထားဝင်လာနေသည်ကို တွေ့ရသည်။ ပြန်လည်ထွက်ခွာရန် အချိန်လိုသေးသဖြင့် ဆေးဆိုင်သို့သွားကာ အန်နာဘွန်စီ အားဆေးတစ်လုံးဝယ်လိုက်သည်။ ဆေးကုမှရချေမည်။ တစ်ညလုံးအိပ်ရေးပျက်ခြင်း၊ ပင်ပန်းထားခြင်းတို့ကြောင့် ခန္ဓာကိုယ်သည်နုံးချည့်နေသည်။ မျက်လုံးများ စပ်နေသလို ပခုံးများလည်း စပ်ဖျဉ်းဖျဉ်းဖြစ်နေသည်။ အိမ်ပြန်ရောက်လျှင် အားပါးတရ အိပ်ပြစ်လိုက်မည်ဟု တွေးထားသည်။

ဦးဘမောင်သည် အန်နာဘွန်စီ အားဆေးတောင့်လေးအား ကိုင်လျက် သောက်ရေအိုးစင်အနီးသို့ လျှောက်သွားသည်။ ထို့နောက် သောက်ရေခွက်ကို အလျင်မယူလိုက်ပြီး အဖုံးကိုဖွင့်၍ သောက်ရေတစ်ခွက် ခပ်လိုက်သည်။ ထို့နောက် အားဆေးတောင့်လေးအား ပါးစပ်ထဲသို့ ပစ်ထည့်မည်အပြု "ဖေဖေ"ဟူသော အသံစာစာလေးနှင့်အတူ နှစ်နှစ်အရွယ်သားအငယ်ကောင်သည် ဦးဘမောင်၏ ခြေထောက်တစ်ဖက်ကို ပြေးလာ၍ ဖက်ထားသည်။ ဦးဘမောင်သည် ရုတ်တရက်သားငယ်ကို တွေ့လိုက်သောအခါ စွေ့ခနဲပွေ့ချီကာ သားငယ်၏ပါးပြင်ကို ရွှတ်ခနဲ တစ်ချက်အနမ်းပေးလိုက်သည်။ ခပ်လှမ်းလှမ်းတွင် ဦးဘမောင်၏ ဇနီးဖြစ်သူသည် သားအကြီး၏ လက်ကိုဆွဲလျက် တဖြည်းဖြည်းလျှောက်လာနေသည်။ သားအကြီးကောင် ကျောင်းပိတ်ရက်မို့ ဇနီးဖြစ်သူသည် သားနှစ်ယောက်နှင့်အတူ ဦးဘမောင်အား ဘူတာကြီးအထိ လာကြိုခြင်းဖြစ်ကြောင်း ဦးဘမောင်နားလည်လိုက်သည်။

သားအငယ်ကို ပခုံးအထက်သို့ပင့်တင်ကာ ကုပ်ကိုခွစီးစေသည်။ ထို့နောက်သားအကြီးကို ဇနီးဖြစ်သူနှင့်အတူ တစ်ဖက်တစ်ချက်ဆီလက်ကဆွဲလျက် အလုပ်သမားရုံးမှ ဘူတာကြီးအတွင်းသို့ ရွှင်လန်းတက်ကြွစွာ လှမ်းထွက်သွားသည်။

သောက်ရေအိုးစင်တွင် ဦးဘမောင်ခပ်ထားသော ရေခွက်လေးက အရာမယွင်း သောက်ရေအိုးစင်၏အောက်ခြေတွင် အန်နာဘွန်စီ အားဆေးလေးတစ်တောင့်။ ။

မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

ဆောင်းပါး

ကြယ်မင်းပိုင်

# သဒ္ဒါတရားများ ဓားပြတိုက်ခံရခြင်း

မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်သည်လည်း အချိန်ကာလ၏ ရွေ့လျားမှုအောက်တွင် ပြီးဆုံးခဲ့ပြီဖြစ်သည်။ ပြီးဆုံးခဲ့သော သင်္ကြန်ကာလ၏ နေ့ရက်များကို လွမ်းမောစွာ ပြန်လည်တွေးတောနေမိသည်။ ထိုသို့တွေးတောရင်း သဒ္ဒါတရားများ ဓားပြတိုက်ခံရသော အဖြစ်တစ်ခုက စိတ်ထဲတွင် ပေါ်လာပါ၏။ ဟုတ်ပါသည်။ သင်္ကြန်အကြတ်နေ့တွင် ကျွန်တော်တို့၏ သဒ္ဒါတရားများ ဓားပြတိုက်ခံခဲ့ရပါ၏။

ယခုနှစ် သင်္ကြန်သည် အကြို၊ အကျ၊ အကြတ်၊ အတက်ဟူ၍ လေးရက်သာ ဆင်နွှဲခွင့်ရသော သင်္ကြန်ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်းကဲ့သို့ပင် အကြိုနေ့၊ အကျနေ့များတွင် ကျွန်တော်သည် ဘုန်းကြီးကျောင်းသို့သွားကာ ဥပုသ်စောင့်ဖြစ်ခဲ့ပြီး အကြတ်နေ့တွင်မူ သူငယ်ချင်းများနှင့် လျှောက်လည်ကာ ရေပက်ခံထွက်ဖြစ်ခဲ့၏။ ယခင်နှစ်များတွင် ကားငှားကာ လည်ကြသော်လည်း ယခုနှစ်တွင်မူ လူမစုမိသောကြောင့် ဆိုင်ကယ်ဖြင့်သာ လည်ဖြစ်ခဲ့သည်။ အကြတ်နေ့ မနက်စောစောမှာပင် ကျွန်တော်တို့ သူငယ်ချင်းတစ်စု ရေပက်ခံခရီး ထွက်ခဲ့ကြပါ၏။ ယခုတလော ကျွန်တော်တို့ဒေသဘက်တွင် နာမည်ကြီးနေသော မုက္ခာရေတံခွန်နှင့် ဆင်စခန်းသို့. . . ။

မုက္ခာရေတံခွန်သည် မင်းလှမြို့နယ်အတွင်းတွင် ရှိသောကြောင့် ကျွန်တော်တို့ မြို့လေးမှ အတော်ဝေးဝေး သွားရမည်ဖြစ်သည်။ လမ်းကြောင်းတစ်လျှောက် ဖြတ်သန်းသွားရမည့် မြို့များမှာ ပေါင်းတည်၊ နတ်တလင်း၊ ဇီးကုန်း၊ ကြို့ပင်ကောက်၊ အုတ်ဖိုနှင့် မင်းလှတို့ ဖြစ်သည်။ ထို့ကြောင့် အတော်ဝေးသော ခရီးပင်ဖြစ်လင့်ကစား လူငယ်သဘာဝ တက်ကြွသောစိတ်နှင့် သင်္ကြန်ပိုး၏ အားပေးမှုတို့ကြောင့် ကျွန်တော်တို့မမှုခဲ့။ သို့ဖြင့် ကျွန်တော်တို့အဖွဲ့လည်း တစ်မြို့ပြီးတစ်မြို့ ဖြတ်သန်းမောင်းနှင်လာခဲ့ရာမှ အုတ်ဖိုနှင့် မင်းလှအကြား တစ်နေရာသို့ ရောက်သောအခါ ကျွန်တော်တို့၏ သဒ္ဒါတရားများကို ဓားပြတိုက်ခံရသောအဖြစ်နှင့် ကြုံရတော့သည်။

အဝေးမှ လှမ်း၍ကြည့်သောအခါ လမ်းပေါ်တစ်နေရာတွင် သင်္ကြန်ရေပက်နေသည်ဟု ထင်ရသည်။ အနီးသို့ရောက်သောအခါမှ သင်္ကြန်ပန်းကုံးများကို ဆက်ကာဖန်တီးထားသော ကြိုးဖြင့် ကားလမ်းကိုပိတ်ထားကာ ကြိုးစတစ်ဖက်စီကို အမျိုးသမီးတစ်ယောက်စီက ကိုင်ထားသည်ကို တွေ့ရ၏။ သူတို့ဘေးတွင်မူ အလှူခံဖလားများကို ကိုင်ထားသော အမျိုးသား အမျိုးသမီး လေးငါးခြောက်ယောက်လောက်ကို တွေ့လိုက်ရ၏။ လမ်းကို ကြိုးဖြင့်တားထားသောကြောင့် ထိုနေရာသို့ရောက်သောအခါ ကားများ၊ ဆိုင်ကယ်များသည် ရပ်ပေးကြရသည်။ ထိုအခါ သူတို့က အလှူခံကြတော့သည်။ အလှူငွေထည့်မှ သွားရမည်ဟု အတင်းအကျပ် လမ်းပိတ်ထားခြင်းမျိုး မဟုတ်သော်ငြားလည်း လူအများကတော့ စိတ်အနှောင့်အယှက် ဖြစ်ကြရတော့သည်။

ထိုနေရာမှ ကျော်လွန်လာသောအခါ ကျွန်တော်နှင့် အတူစီးလာသော သူငယ်ချင်းက "အနှုကြမ်းစီးနေသလိုပဲ"ဟု ပြောသည်။ ကျွန်တော်လည်း ထောက်ခံမိ၏။ ဟုတ်သည်။ ကျွန်တော်တို့၏ နူးညံ့သောသဒ္ဒါတရားများကို ကြမ်းတမ်းသည့် ဒေါသတည်းဟူသော စိတ်အလိုမကျမှုက လွှမ်းမိုးသွားစေခဲ့သည် မဟုတ်ပါလား။ ကျွန်တော်တို့၏ သဒ္ဒါတရားများကို ဓားပြအတိုက်ခံခဲ့ရခြင်း မဟုတ်ပါလား။

တစ်ခါကလည်း ဘုရားတစ်ဆူကို ဖူးခွင့်ရရန်အတွက် အလှူငွေကို မထည့်မနေရသဘောမျိုးဖြင့် ကောက်ခံနေသည်ကို ကြုံဖူး၏။ ဘုရားဖူးရန်လာသော လူတို့၏ ကြည်လင်နေသော သဒ္ဒါစိတ်ကလေးများ အနည်းနှင့်အများဆိုသလို နောက်ကျိသွားသည်မှာ အမှန်ဖြစ်သည်။ ဤသည်မှာ သဒ္ဒါတရားမရှိသောကြောင့်မဟုတ်။ သဒ္ဒါတရားကို အတင်းအကျပ်သဘောမျိုးဖြင့် ဓားပြတိုက်ခံလိုက်ရသောကြောင့် ဖြစ်သည်။ လူတို့၏ စိတ်သဘာဝတစ်ခုမှာ အတင်းအကျပ်ခိုင်းလျှင် မလုပ်လိုသော သဘောရှိသည်။ မဖြစ်မနေ လုပ်ရသောအခါတွင်လည်း စိတ်ထဲကပါမည် မဟုတ်ချေ။ ထို့ကြောင့် ပင်ကိုအားဖြင့် လှူဒါန်းရန် သဒ္ဒါတရားရှိသော်ငြားလည်း အတင်းအကျပ်သဘောဖြင့် အလှူခံလာသောအခါ ပုဗ္ဗ၊ မုဉ္စ၊ ပရ ဟူသော စေတနာသုံးတန်နှင့် ပြည့်စုံနိုင်မည် မဟုတ်တော့ပေ။

လူတို့သည် အပေးအယူဆန်လွန်းသည်ဟု ကျွန်တော်တွေးနေမိသည်။ ဆန်ပေးမှ ဆီရသကဲ့သို့ ဖြစ်သည်။ သာမန်ကိစ္စများတွင် အပေးအယူဆန်ခြင်းသည် ပြဿနာမရှိလှသော်လည်း သဒ္ဒါတရားနှင့်ပတ်သက်သော ကိစ္စများတွင်မူ အပေးအယူဆန်ဖို့ သင့်၊ မသင့် စဉ်းစားကြည့်ဖို့ လိုသည်။ အလှူငွေထည့်မှ လမ်းသွားခွင့်ရမည်တဲ့။ အလှူငွေထည့်မှ ဘုရားဖူးခွင့်ရမည်တဲ့။ သဒ္ဒါတရားကို ဓားပြတိုက် ခံရခြင်းများ။ ထိုအဖြစ်မျိုးကို ကျွန်တော်တို့ မကြာခဏကြုံဖူးကြသည်။ လမ်းပေါ်မှာ၊ ဘုရားပေါ်မှာ၊ ရပ်ကွက်ထဲမှာ စသဖြင့် ကြုံဖူးကြသည်။ ကြုံတိုင်းလည်း ကျွန်တော်တို့မှာ စိတ်အနှောင့်အယှက် ဖြစ်ကြရသည်။ သဒ္ဒါတရားများကို ဓားပြတိုက်ကြမည့်အစား လွတ်လပ်စွာ ရွေးချယ်ခွင့်ပေးလိုက်မည်ဆိုလျှင် ဘယ်လောက်ကောင်းမည်နည်း။

နှစ်ဟောင်းကုန်၍ နှစ်သစ်ကို ကူးပြောင်းခဲ့လေပြီ။ နှစ်သစ်မှာ စိတ်သစ် လူသစ်နှင့်အတူ မကောင်းမွန်သော အပြုအမူများကိုပါ ပြုပြင်ကြမည်ဆိုလျှင် ကျွန်တော်တို့၏ လောကကြီးသည် ပိုမိုလှပနေပေလိမ့်မည်။ လှပသော လောကကြီးထဲဝယ် သဒ္ဒါတရားများ ဓားပြတိုက်ခံရသော အဖြစ်မျိုးနှင့် ကင်းဝေးကြရပါစေကြောင်း မေတ္တာဖြင့် ဆုတောင်းနေမိပါ၏။ ။

# သတိ

ချစ်မေမေ ဘယ်သွားသွား
သမီးအား တွဲလို့ခေါ်
မေ့ပါနဲ့နော်။
အကြမ်းဖက်မည့် မသူတော်
ခေါင်းဖော်ကာ ချောင်းနေကြ။
အလစ်တွင် ဝင်လို့တိုက်မယ့်
လူမိုက်ဗာလ။
မလွှန်မီဝယ် ကြိုတင်တားမှ
သမီးများရဲ့ ဘဝဟာ
လှပလိမ့်မှာ။
ဆုတ်ကပ်တွင်း တိုးပွားလာ
မုဒိမ်းမှုဟာ ထိပ်ဆုံးပဲ။
အသိဉာဏ် ယှဉ်လို့တွေးရင်း
(မိဘတို့ရေ. . .)
ထွေးကြုရင်ထဲ။
ချစ်စရာ ရွှေသမီးကိုတဲ့
ဖျက်ဆီးမယ့် တဏှာကောင်
များလာသယောင်။
အဝေးကကြဉ်ရှောင်
လူ့ဘောင်က အပြစ်ပေး။
တိရစ္ဆာန်နယ် အမျိုးယုတ်ကို
(အဆွေတို့ရေ. . .)
မောင်းထုတ်စို့လေး။ ။

စိုင်းနေဝန်း

ဆောင်းပါး

နောင်ရိုး(ကန့်ဘလူ)

# အခမဲ့ပညာရေးစနစ်မှသည် တန်ဖိုးရှိသောပညာရေးဆီသို့

စာရေးသူတို့ မြန်မာနိုင်ငံ၏ လက်ရှိပညာရေးစနစ်သည် အခမဲ့ပညာရေးစနစ်တစ်ခု ဖြစ်ပါသည်။ ထို့အပြင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေခွင့်ရရှိရေး အတွက်လည်း ဦးစားပေးဆောင်ရွက်နေပါသည်။ ထိုမျှ မကသေးပါ။ ကျောင်းပြင်ကလေးများအတွက်ပင် "ကျောင်းပြင်ပ ပညာရေး"ဟုဆိုကာ ပညာသင်ကြားခွင့် ရရှိစေနိုင်ရန်အတွက် နိုင်ငံတော်၏ ပညာရေးစနစ်က ဖန်တီးထားပြန်ပါသည်။ အခြားသောနိုင်ငံများ၏ ပညာရေးစနစ်များဖြင့် နှိုင်းယှဉ်ပါက စာရေးသူတို့နိုင်ငံ၏ ပညာရေးစနစ်သည် နိမ့်ပါးနောက်ကျနေသည်ကို အားလုံးအသိပင်ဖြစ်ပါသည်။ သို့သော် လက်ရှိအချိန်တွင် စာရေးသူတို့နိုင်ငံ၏ ပညာရေး စေတနာတရားများသည် အခြားနိုင်ငံများထက် သာလွန်သည်ဟု ဆိုချင်ပါသည်။ ထို့ကြောင့်လည်း အခမဲ့ပညာရေးစနစ်ဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားခွင့်ရရှိအောင် ဖန်တီးပေးခြင်းဖြစ်ပါသည်။ ထိုမျှပင်မကသေးပါ။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ပရဟိတအသင်းများနှင့် ပရဟိတစိတ်ရှိသူများက တည်ထောင်သင်ကြားပေးနေသော စာသင်ဝိုင်းလေးများပင် ရှိလိုက်သေးသည်။

သို့သော် "စေတနာသည် လူတိုင်းနှင့် မတန်"ဟု စာရေးသူတို့လူမျိုးများ ပြောဆိုလေ့ရှိသည့်အတိုင်း ယခု လက်ရှိ အခမဲ့ပညာရေးစနစ်သည်လည်း လူတိုင်းနှင့် မတန်ပါပေ။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသည် လူတိုင်းနှင့် မတန်ပါပေ။ ပညာရေးဟုဆိုလိုက်ပါက ကျောင်းသား၊ ဆရာ၊ မိဘ ဟူသော လူများနှင့် သက်ဆိုင်လာပေသည်။ ထိုအထဲမှ အချို့ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများအတွက် နိုင်ငံတော်၏ အခမဲ့ ပညာရေးစနစ်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် မထိုက်တန်ပါပေ။

"အခမဲ့ပညာရေးဆိုသည်မှာ အခြားမည်သည့် ခေါင်းစဉ်နှင့်မျှ ကလေးများထံမှ ငွေကြေးကောက်ခံမှု မပြုလုပ်ရ"ဟု ဆိုပါသည်။ သို့မှသာလျှင် ကျောင်းနေအရွယ် ကလေးတိုင်း ဆင်းရဲချမ်းသာမရွေး ကျောင်းနေနိုင်ပေလိမ့်မည်။ နိုင်ငံတော်၏ ပညာရေးစေတနာသည် မနိမ့်ကျပေ။ ထိုသို့ နိုင်ငံတော်၏ပညာရေးစေတနာ မနိမ့်ပါးသောအခါတွင် ကျောင်းသားမိဘအချို့၏ ပညာရေးအပေါ်ထားသော စေတနာတရားများသည် နိမ့်ပါးလာပေသည်။ နောက်ကျလာပေသည်။ အချို့ ကျောင်းသား ကျောင်းသူများကလည်း ပညာရေးကို အထင်သေးလာကြသည်။ အချို့ ဆရာ ဆရာမများကလည်း စိတ်ပျက်လာကြသည်။ မှန်ပါသည်။

ကျောင်းသားမိဘအချို့သည် အခမဲ့ပညာရေးစနစ်ဟု ဆိုလိုက်သည်နှင့် မိမိ၏သားသမီးအတွက် ထိုစနစ်ကပင် လုံးဝပြည့်စုံစွာ တာဝန်ယူရမည်ဟု တွေးထင်လိုက်ကြသည်။ သူငယ်ချင်းဆရာတစ်ယောက်က ပြောဖူးသည်။ ဇွန်လ ကျောင်းစဖွင့်ချိန်၌ ကလေးမှာ ရေးစရာဗလာစာအုပ် ပါမလာသဖြင့် ဘာကြောင့်ပါမလာတာလဲဟု မေးလိုက်ရာ "ကျောင်းကပေးမှာဆိုလို့ အမေက မပေးလိုက်တာ"ဟု ဖြေဆိုကြောင်း ပြောပြသည်။ ထိုကလေး၏မိဘများသည် ဆင်းရဲသူများမဟုတ်၊ အတန်အသင့် ချမ်းသာသူများ ဖြစ်ကြသည်ဟုလည်း သူကထပ်ပြောသည်။

နိုင်ငံတော်က ကျောင်းစဖွင့်ချိန်၌ ကျောင်းဝတ်စုံ တစ်စုံ၊ ကျောင်းသုံးပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ်များကို အတန်းအလိုက် ပေးဝေဖြန့်ချိပါသည်။ သို့သော် အချို့ ဒေသများ၌ ဆက်သွယ်သွားလာရေး ခက်ခဲသောကြောင့် ကျောင်းဖွင့်စ၌ အချိန်မီမရောက်ပေ။ အမှန်စင်စစ်အားဖြင့် မိဘအချို့သည် မိဘတာဝန်ကိုသိပါလျက်နှင့် နိုင်ငံတော်၏ အခမဲ့ပညာရေးစနစ်ကို အခွင့်ကောင်းယူကာ သားသမီး၏ ပညာရေးကို မျက်ကွယ်ပြုလာသည်။

ထို့အတူ အချို့ ကျောင်းသား ကျောင်းသူများသည် နိုင်ငံတော်၏ အခမဲ့ပညာရေးစနစ်ကို အထင်သေးကြသည်။ အစိုးရစာသင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများဆိုလျှင် အထင်မကြီးကြပေ။ ငွေမပေးရလျှင် တန်ဖိုးမရှိဟု မှတ်ယူကြသည်။ အချို့ ဆရာ ဆရာမများကတော့ အခမဲ့ပညာရေးစနစ်ကို စိတ်ပျက်ကြသည်။ စိတ်ပျက်သူအချို့ထဲ၌ နှစ်မျိုးနှစ်စားရှိပါသည်။ ပထမတစ်မျိုးမှာ ကျောင်းသား ကျောင်းသူများထံမှ မိမိ၏ လောဘကိုယ်ကျိုးအတွက် ငွေကြေးကောက်ခံခွင့် ဆုံးရှုံးသောကြောင့်ဖြစ်သည်။ ဒုတိယတစ်မျိုး စိတ်ပျက်သူများမှာ ကျောင်းဖွံ့ဖြိုးရေးအတွက် အမှန်တကယ် လုပ်ဆောင်ချင်သော်လည်း အခမဲ့ပညာရေးစနစ်၏ အောက်ဝယ် ကျောင်းဖွံ့ဖြိုးရေးများ တိုးတက်မှုမရှိလာခြင်းကြောင့် ဖြစ်ပါသည်။ (ဤနေရာ၌ နိုင်ငံတော်မှ ပေးအပ်သော ကျောင်းထောက်ပံ့ကြေးခေါ် ကျောင်းဖွံ့ဖြိုးရေးရန်ပုံငွေ (School Grant)ရှိပါသည်။ သို့သော် ထိုငွေများသည် နိုင်ငံတော်မှ လမ်းညွှန်သည့် ခေါင်းစဉ်များအောက်၌ သုံးစွဲရရာ အချို့သော ကျောင်းဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် ကျောင်းသားမိဘများ၊ ရပ်ရွာများမှ ပူးပေါင်းပါဝင် ဆောင်ရွက်မှသာ အောင်မြင်နိုင်ပါသည်။)

"အခမဲ့ပညာရေးစနစ်သည် လူတိုင်းနှင့် မတန်"ဟု အထက်၌ စာရေးသူဆိုခဲ့သည့်အတိုင်း အမှန်တကယ် မတန်သောသူများရှိပါသည်။ အစိုးရစာသင်ကျောင်းများ၌ ဝါဆိုပန်းကပ်၊ သီတင်းကျွတ်မီးထွန်းပွဲ(ဆရာကန်တော့ပွဲ)၊ တန်ဆောင်မုန်းလ ကထိန်ပွဲ စသည်ဖြင့် ရိုးရာယဉ်ကျေးမှု ဓလေ့အရ ကုသိုလ်ကောင်းမှုပြုကြပါသည်။ ထိုအခါမျိုး၌ ကျောင်းသား ကျောင်းသူများ သဒ္ဒါတရားရှိသလောက် ပါဝင်လှူဒါန်းရန် ကျောင်းအများစုက အလှူခံကြပါသည်။ သို့မှသာလည်း မိမိတို့၏ ကျောင်းမှပြုလုပ်သော အလှူ အတန်းပွဲသည် စည်ကားမြိုင်ဆိုင်ပေလိမ့်မည်။

ဤသည်မှာ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် ဆရာ ဆရာမအားလုံးတို့၏ စိတ်ကူးမျှော်လင့်ချက် ဖြစ်ပါသည်။ သို့သော် မြင်တွေ့ကြားသိနေရသော အကြောင်းများသည် စိတ်မကောင်းစဖွယ်ဖြစ်ပါသည်။ ကျောင်းသားထံမှ တစ်ဦးလျှင် ဆရာကန်တော့ကြေး ၁၀၀ ကောက်သည်ဟုဆိုကာ ဆရာမတစ်ဦး မြို့နယ်ပညာရေးမှူးရုံးသို့ အတိုင်ခံရသည်။ (ထိုဆရာမသည် သူကိုယ်တိုင် ငွေမကောက်ပါ။ အတန်းခေါင်းဆောင်ကို အကျိုးအကြောင်း ပြောပြကာ အလှူခံခိုင်းသည်ဟု ဆိုပါသည်။ လှူချင်မှ လှူကြဖို့လည်း ပြောလိုက်သည်ဟု ဆိုပါသည်။ အတန်းခေါင်းဆောင်က တစ်ယောက် ၁၀၀ ဟု အလှူခံလိုက်ကြောင်းသိရပါသည်)။ ကထိန်ကြေး ၁၀၀ အလှူခံမိ၍ လာဘ်စားသည်ဟုဆိုကာ မြို့နယ်ပညာရေးမှူးရုံးသို့ တိုင်ကြားခံရရုံမက လူမှုကွန်ရက် အွန်လိုင်းပေါ်၌ပင် တင်ခံရသူများလည်းရှိသည်။

သို့သော် ထိုတိုင်ကြားသူများသည် အမှန်တကယ် ဆင်းရဲ၍ ငွေကြေးမပြေလည်ခြင်းကြောင့် မဟုတ်ပေ။ အခမဲ့ပညာရေးစနစ်သည် စာသင်ကျောင်းသို့ ငွေကြေး တစ်ကျပ်တစ်ပြားမှ ပေးရန်မလိုဟု စွဲမှတ်ထားသူများ ဖြစ်သည်။ ကျောင်း၏ဖွံ့ဖြိုးတိုးတက်ရေးများသည် နိုင်ငံတော်အစိုးရနှင့်သာ သက်ဆိုင်သည်ဟု မှတ်ယူထားသူများဖြစ်သည်။ လုံးဝအဆင်မပြေသော ကျောင်းသား ကျောင်းသူများကို အခက်အခဲတွေ့ကြုံစေသည့် ငွေကြေး ကောက်ခံမှုမျိုးကို တိုင်ကြားသည်ဆိုလျှင်တော့ ကြားကောင်း ပါသေးသည်။ နှိုင်းယှဉ်ကြည့်စေချင်ပါသည်။ ယခုဆိုလျှင် ကျောင်းသား ကျောင်းသူအများစုသည် ကျူရှင်ဘော်ဒါတို့၌ နေကြသည်။ ထိုကျူရှင်ဘော်ဒါတို့၌ မိမိတို့၏ သားသမီးများကို သွားထားသောအခါ ထိုကျူရှင်ဘော်ဒါတို့မှ တောင်းခံသည့် ကျသင့်ငွေကြေးကို ကြည်ဖြူစွာ ပေးကြပါသည်။

မူလတန်းကျောင်းသားကလေး၏ ကျောင်းကထိန်ပွဲအတွက် အီလန်ဆပ်ပြာမှုန့် တစ်ထုပ်သာပေးလှူလိုက်သော်လည်း ဘော်ဒါဆောင်ထားသည့် ကိုးတန်းကျောင်းသား၏ ဘော်ဒါကထိန်အတွက်မူ အလှူငွေ ၈၀၀၀ ထည့်ပေးသည့် မိဘမျိုးကို စာရေးသူကိုယ်တိုင် တွေ့ဖူးပါသည်။ တစ်ခါတစ်ရံ၌ ကိုးတန်း၊ ဆယ်တန်း ကျောင်းသားများကို ဘော်ဒါဆောင်ထားသည့် မိဘများထံမှ ငွေကြေး ဘယ်လောက်ကျသည်ဟူသော ဂုဏ်ယူပြောဆိုနေသည့် စကားသံများကိုကြားရပါသည်။ ထိုအခါမျိုး၌ စာရေးသူ ပြုံးမိပါသည်။ သို့သော်လည်း စာရေးသူ သူတို့ကို အပြစ်မတင်ပါ။ ဤသည်မှာ သူတို့သားသမီးအပေါ်ထားသော သူတို့၏ မေတ္တာတရားပြကွက်သဖွယ် ဖြစ်နေသောကြောင့်ပင်ဖြစ်ပါသည်။

ယခုလက်ရှိအချိန်တွင် ပညာရေးတိုးတက်မြင့်မားလာရန်အတွက် နိုင်ငံတော်က စွမ်းစွမ်းတမံ ကြိုးစားဖြည့်တင်းနေပေသည်။ ဒီမိုကရေစီစနစ်နှင့် ခြေလှမ်းသစ်စတင်နေသော စာရေးသူတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံမျှသာဖြစ်၍ အဘက်ဘက်မှ လိုအပ်နေသေးပါသည်။ ဤအချိန် ဤအခါမျိုး၌ မိမိတို့တတ်နိုင်သည့်တာဝန်များကို ပူပေါင်းပါဝင်ထမ်းရွက်သင့်ပေသည်။ ထို့အတူ မိမိတို့၏ မြို့၊ ရွာ၊ ရပ်ကွက်များမှ ကျောင်းများကို ကျောင်းသားမိဘတစ်ဦးအနေဖြင့်လည်းကောင်း၊ မြို့သူမြို့သား၊ ရပ်သူရွာသားအဖြစ်လည်းကောင်း၊ ပြည်သူပြည်သားတစ်ဦးအနေဖြင့် လည်းကောင်း၊ ဆရာတစ်ဦး၊ ကျောင်းသားတစ်ယောက်အနေဖြင့်လည်းကောင်း ရွက်ဆောင်တာဝန်ထမ်းဆောင်သင့်ပေသည်။ အဓိကအားဖြင့် မြန်မာ့ပညာရေးလောက၌ "မိဘ၊ ဆရာပူးပေါင်း ကလေးပညာကောင်း"ဟု ဆိုပါသည်။ ဆရာနှင့် မိဘ ညီညာပါမှ ကလေး၏ပညာရေးသည် ဖြောင့်ဖြူးသာယာပေမည်။ စင်စစ်အားဖြင့် အခမဲ့ပညာရေးစနစ်သည် တာဝန်ယူမှု၊ တာဝန်သိမှု ကင်းမဲ့စေသော ပညာရေးစနစ်တစ်ခု မဟုတ်ပါပေ။ အခမဲ့ပညာရေးစနစ်၏ အထောက်အပံ့ကိုရယူလျက် တန်ဖိုးရှိသော အနာဂတ် လူငယ်လူရွယ် ပညာတတ်များကို မွေးထုတ်ပေးနိုင်ရန် ဖြစ်ပေသည်။ အခမဲ့ပညာရေးစနစ်၏ အခွင့်အရေးပေးမှုကို အခွင့်ကောင်းယူ၍ တာဝန်ယူမှု၊ တာဝန်သိမှုကို ရှောင်လွှဲလျက် အလကားပညာရေးစနစ်ဖြစ်အောင် မပြုလုပ်သင့်ပေ။ အခမဲ့ဆိုသည်နှင့် တန်ဖိုးမမဲ့ပါပေ။ အခမဲ့ဆိုသည်ကို အလကားဟု မတွေးတောစေချင်ပေ။

ထို့ကြောင့် နိုင်ငံတော်၏စေတနာကို တန်ဖိုးထားလေးစားသောအားဖြင့်လည်းကောင်း၊ အနာဂတ် မြန်မာနိုင်ငံတော်၏ ပညာရေးမြင့်မားလာစေရန်အတွက်လည်းကောင်း "မိဘ၊ ဆရာနှင့် ကျောင်းသား"တို့ ပူးပေါင်းရန် လိုအပ်နေသည့် အချိန်အခါ ဖြစ်ပေသည်။ ထို့အပြင် အားလုံးသောသူများက မိမိနိုင်ငံ၏ ပညာရေးမြင့်မားလာစေရန်အတွက် လည်းကောင်း၊ ရပ်ပိုင်းဆိုင်ရာ ကျောင်းဖွံ့ဖြိုးမှုများအတွက်လည်းကောင်း နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်သင့်ပေသည်။ သို့မှသာလျှင် "အခမဲ့ ပညာရေးစနစ်သည် အလကားပညာရေးမဟုတ်ဘဲ တန်ဖိုးရှိသော ပညာရေးစနစ် ဖြစ်လာပေတော့မည်"။ ။

ဝတ္ထုတို

# ရတနာသိုက်မှပွင့်သောပန်း

မင်းနိုင်(ခ.စ)

(၁)

"ကိုလှထွန်း ကိုလှထွန်း ထပါဦးတော့။ ကျွန်မအိပ်လို့မပျော်ဘူးဖြစ်နေတယ်"
"ဟာ မင်းကလည်း မိုးတောင်လင်းနေပြီ။ ဘာဖြစ်လို့အခုအချိန်ထိ မအိပ်သေးတာလဲ"

"ကျွန်မလည်း အိပ်တာပဲရှင်။ အိပ်လို့မှ မပျော်တာ။ ဘယ်တတ်နိုင်မလဲ"

"အဲတာတွေ ခဏထား။ ပြီးရင် မျက်နှာသစ်။ မနေ့ကကျန်တဲ့ ထမင်းကြမ်းခဲ ငါးပိရည်နဲ့ဘူးသီးပြုတ် အဆာပြေစားပြီး လုပ်ငန်းစကြရအောင်။ မြန်မြန်နော်။ တော်ကြာ သူများတွေအရင်ရောက်နှင့်ရင် အရည်အသွေးကောင်းတဲ့ပစ္စည်းတွေ သူများဦးနေဦးမယ်။ ပြောနေတာကြာပါတယ်။ မိရှိန်မြန်မြန်ပြင်ကွာ။ သွားရအောင်"

လှထွန်းတစ်ယောက် အိပ်ရာမှဖြတ်ခနဲထပြီး ရေပုံးထဲမှ ရေဖလားဖြင့် ခပ်ယူကာ မျက်နှာခပ်မြန်မြန် သစ်လိုက်သည်။ နောက်ဖေးချောင်မှ မီးသွေးခဲတစ်ခဲယူပြီး သွားတိုက်သည်။ ပလုတ်ကျင်းသည်။ ပြီး မျက်နှာကို ပုဆိုးဖြင့် သုတ်၍ အိမ်ထဲဝင်လာသည်။ မိရှိန်လည်း လှထွန်းအိမ်ထဲဝင်လာမှ ပလတ်စတစ်ဘူးလေးထဲက ဆားအနည်းငယ်ကို နှိုက်ယူပြီး မျက်နှာသစ်ရန်ထွက်လာသည်။ ထိုနည်းဒူင်း ရေပုံးထဲမှ ရေဖလားဖြင့် ခပ်ယူကာ မျက်နှာသစ်သည်။ ဆားဖြင့်သွားတိုက်သည်။ ပလုတ်ကျင်းပြီး ဘေးလွတ်ရာ မြေပြင်သို့ ထွေးထုတ်လိုက်သည်။ အိမ်ထဲဝင်လာသည်။ တံခါးဝမှာ မှုးလဲတော့မလိုဖြစ်သွားသည်။ လောကကြီးတစ်ခုလုံး အမှောင်ကျသွားသလို စက္ကန့်အနည်းငယ်မျှ မိရှိန်ခံစားလိုက်ရသည်။ လှထွန်းကတော့ မနေ့ကကျန်တဲ့ ထမင်းကြမ်းခဲကိုဖဲ့ပြီး မိန်းမအတွက်ချန်ကာ ငါးပိရည်တို့စရာ ဘူးသီးပြုတ်ဖြင့် နှစ်ပါးသွားနေသည်။ မိရှိန်ထမင်းစားပွဲမှာ ဝင်ထိုင်သည်။ လှထွန်း မိရှိန်ကို မော်ကြည့်သည်။ မိရှိန် ဘာဖြစ်နေတာလဲဆိုတဲ့ အကြည့်နဲ့ပေါ့။ မိရှိန်က ထမင်းမစားဘဲ ငိုင်နေသည်။ လှထွန်းကတော့ အားရပါးရစားသောက်နေသည်။

"ဒီနေ့ကျွန်မ လိုက်နိုင်မယ်မထင်ဘူး ကိုလှထွန်း။ မျက်လုံးတွေလည်း အောင့်နေတယ်။ ခေါင်းတွေမူးပြီး မိုက်ခနဲ မိုက်ခနဲ ဖြစ်ဖြစ်နေတယ်"

"အင်း အင်း မင်းနေမကောင်းရင်လည်း ဒီနေ့တော့ မလိုက်တော့နဲ့လေ။ အိမ်မှာပဲ အနားယူနေလိုက်။ တစ်ယောက်ထဲပဲ သွားလိုက်မယ်"

"ကျေးဇူးတင်ပါတယ် ကိုလှထွန်းရယ်"

"ဟာ မင်းကလည်း မင်းနဲ့ငါကြားမှာ ကျေးဇူးတင်တာတွေ ဘာတွေ ပြောနေစရာမလိုပါဘူး။ သွား သွားနားတော့။ စားပြီးရင် ငါလည်း လုပ်ငန်းစတော့မယ်"

မိရှိန်အခန်းထဲ ပြန်ဝင်ပြီး လှဲနေလိုက်သည်။

လှထွန်းကတော့ ထမင်းစားပြီး တွန်းလှည်းကလေးတွန်းကာ အိမ်မှ ခပ်မြန်မြန်လေး ထွက်လာခဲ့လိုက်သည်။ မြို့ပြင်ဘက် တောင်လိုပုံနေတဲ့ ရတနာသိုက်တစ်ခုကို လှထွန်းတွေ့မြင်နေရသည်။ နေမထွက်သေး၍ ဝီရိယမရှိသောသူတွေနောက်ကျကျန်ခဲ့သည်။ လှထွန်းအရင်ရောက်နှင့်သည်။ ရတနာသိုက်မှ လှန်လှောပြီး မွှေနှောက်ရှာဖွေသည်။ လှထွန်းအတွက် တန်ဖိုးရှိသော ရတနာပစ္စည်းများ တွန်းလှည်းလေးထဲမှာ တော်တော်များများရရှိလိုက်သည်။ ဝမ်းသာသွားသည်။ သို့သော် သည်ထက်မက တန်ဖိုးရှိတဲ့အရာတွေ ထပ်လိုချင်သေးသည်။ နောက်တစ်နေရာ တစ်နေရာ နေရာတစ်ခုပြီးတစ်ခု ရှာဖွေစုဆောင်းလိုက်တာ အမှောင်ရိပ်တွေတောင် လောကကြီးတစ်ခွင် သန်းလာလေပြီ။

နောက်ထပ်တစ်နေရာလောက် ထပ်ပြီးရှာဖွေလိုက်ဦးမည်ဟု စိတ်ဆုံးဖြတ်ထားသည့်အတိုင်း လှထွန်းချောင်းစပ်နားမှ ရတနာသိုက်တစ်ခုသို့ ရောက်လာသည်။ ခပ်လှမ်းလှမ်းမှနေ၍ လှထွန်းနားထဲသို့ ငိုသံသဲ့သဲ့ကလေး ကြားလိုက်ရသည်။ စိတ်ထဲတုန်လှုပ်မှုတွေက အတင်းတိုးဝင်လာကြသည်။ လှုပ်ခတ်နေတဲ့ ရင်အစုံကို လှထွန်းလက်ကြမ်းကြီးဖြင့် ဖွဖွကလေးဖိရင်း ငိုသံကြားရာဆီသို့ ရောက်လာသည်။ အဝတ်ဖြူဖြူကလေးဖြင့် လုံးပတ်၍ ရတနာသိုက်ရဲ့ဘေးတွင် ချထားသည်ကို လှထွန်းတွေ့လိုက်ရသည်။ အံ့ဩခြင်းနှင့်အတူ လှထွန်းမျက်စိတွေ မှုန်ဝါးသွားသည်။ ကလေး ကလေးလေးတစ်ယောက်။ မွေးကင်းစကလေး ငယ်တစ်ဦး။ လက်ညှိုးကလေးစုပ်ကာ ခြေချောင်းလေးနှစ်ဖက်က မိုးပေါ်သို့ ထောင်လျက် လှထွန်းကို ချစ်စရာကောင်းတဲ့ မျက်လုံးစိမ်းစိမ်းကလေးဖြင့် ကြည့်နေလေ၏။ လှထွန်းမနေနိုင်တော့ပါ။ ကလေးကို ရင်ခွင်ထဲ ပွေ့ချီထွေးပိုက်ထားလိုက်သည်။ နို့ဆာနေတာနှင့်တူသည်။ တစ်နေ့လုံး ငိုထားရလို့ အားအင်တွေ ကုန်ခန်းလုနီးနီး ဖြစ်နေသည်နဲ့တူ၏။ လှထွန်း ဘာတစ်မှု ရှည်ရှည်ဝေးဝေးမစဉ်းစားနိုင်။ ကလေးကို ပါလာသည့် ပုဆိုးကွင်းဖြင့် ကျောပေါ်မှာ သိုင်းပိုး၍ ခပ်သုတ်သုတ် ခပ်မြန်မြန် တွန်းလှည်းကလေးတွန်းပြီး အိမ်ပြန်လာသည်။ လှထွန်းအိမ်ပြန်ရောက်တော့ တော်တော်လေး မှောင်နေပြီ။

(၂)

ဒီမနက် လှထွန်းအိမ်မှတစ်ပါး အခြားတစ်နေရာ မသွားချင်ပါ။ ဝမ်းသာခြင်းတွေနှင့်အတူ ကြမ္မာဆိုးက လှထွန်းဘဝထဲ တိုးဝင်လာသည်။ မနေ့မနက်က မိရှိန်ခေါင်းမူးပြီး မိုက်ခနဲ မိုက်ခနဲဖြစ်သည်ဟု ပြောသည်။ ဒါကို လှထွန်းက သာမန်လောက်ပဲဟုထင်ပြီး အိမ်မှထွက်ခဲ့သည်။ နောက်ဆုံးတစ်နေရာအရောက် ချစ်စရာကောင်းတဲ့ ကလေးလေးတစ်ယောက် ကောက်ရသည်။ ဝမ်းသာလုံးဆို့ပြီး အိမ်သို့ခပ်မြန်မြန်လေး ပြန်လာသည်။ အိမ်ရောက်တော့ မိရှိန်အသက်မရှိတော့ပါ။ လှထွန်းကို အပြီးပိုင် နှုတ်ဆက်ကာ လူ့လောကကြီးထဲမှ ထွက်ခွာသွားခဲ့ပြီ။ လှထွန်းရင်ခွင်ထဲ ချစ်စရာကောင်းတဲ့ သမီးမိန်းကလေးလေးတစ်ဦး။ ဘာမျှမသိနားမလည်သေးဘဲ လှထွန်းဈေးထဲက ဝယ်လာတဲ့ နို့ဘူးကလေးစို့ကာ လှထွန်းရင်ခွင်ထဲ ငြိမ်၍နေ၏။ သုသာန်မှ ပြန်လာပြီး လှထွန်းအိမ်ရှေ့တံခါးဝမှာ ငိုင်၍ ထိုင်နေခြင်းဖြစ်သည်။ မိန်းမအတွက် ပူဆွေးသောကရောက်နေလေသည်။ လူ့ဘဝကြီးကို စိတ်ကုန်ပြီး ထွက်သွားလေသလားဟု လှထွန်းထင်မိသေးသည်။ ဖြေမဆည်နိုင်တဲ့ သောကမီးတွေက လှထွန်းရင်ထဲ ပူလောင်လွန်းလှသည်။

ရင်ထဲမှာ ကြေကွဲစရာကောင်းတဲ့ သံယောဇဉ်ကြိုးတစ်ချောင်းဟာ လှထွန်းကို ရစ်ပတ်နှောင်တွယ်လာလေသည်။ ထမင်းကိုယ်တိုင်ချက်စားရသည်။ နပ်တဲ့အခါရှိသည်။ ပျော့နေသော ထမင်းကိုလည်း လှထွန်းကိုယ့်ဘာသာကိုယ် ခူးခပ်စားရသည်။ သမီးလေးအတွက် နို့မှုန့်ဖိုးရအောင် မိမိဝမ်းစာအတွက် နေ့မနားညမနား ရတနာရှာဖွေသည့်အလုပ်နဲ့ပဲ လှထွန်းအသက်မွေးသည်။ မိဘဘိုးဘွားအစဉ်အဆက်ကတည်းက ဒီရတနာရှာဖွေသည့်လုပ်ငန်းပဲ လုပ်ကိုင်စားသောက်လာခဲ့ကြသည်။

လှထွန်းတစ်ယောက် မိဘဘိုးဘွားပိုင်အမွေဖြစ်တဲ့ ရတနာရှာဖွေရေး လုပ်ငန်းကို ထိန်းသိမ်းလုပ်ကိုင်ခဲ့သည်။ သည့်အပြင်လုပ်ငန်းလည်း လှထွန်းဘာတစ်ခုမျှ မလုပ်ကိုင်တတ်။ သို့ဖြစ်၍ ဒီလုပ်ငန်းကိုပဲ ဇောက်ချပြီး လုပ်ကိုင်ခဲ့သည်။ တစ်ခါတလေ ရတနာများများစားစား ရသည့်နေ့ဆိုလျှင် တစ်ပတ်စာအထိ ဝမ်းစာဖူလုံသွားသည်။ တစ်ပတ်လောက် ဘာအလုပ်မှမလုပ်ဘဲ ထိုင်စားနေ၍ရသည်။ အခုတော့မရတော့ပါ။ ရတနာများများ ရှာဖွေရပြီ။ များများရရင် သည်ထက်မက များများရအောင်ရှာဖွေပြီး ပြန်ရောင်းကာ ရသမျှငွေ စုဆောင်းထားရသည်။ အရင်လို လင်မယားနှစ်ယောက်မဟုတ်သည့်အတွက် နှစ်ယောက်ဝင်ငွေမဝင်ပေမယ့်လည်း လှထွန်းရဲ့ဝင်ငွေကတော့ နေ့စဉ်နေ့တိုင်း ဝင်နေသည်။ အိမ်အတွက် လိုအပ်တာတွေ သုံးပြီးရင် သမီးကလေးအတွက် စုဆောင်းထားရသေးသည်။

(၃)

ပျောက်သောသူ ရှာရင်တွေ့ သေသောသူ ကြာရင်မေ့ဆိုသလို မိရှိန်ရဲ့ပုံရိပ်တွေ လှထွန်းအတွေးထဲမှ တဖြည်းဖြည်း မှုန်ဝါးဝါးဖြစ်လာသည်။ သို့သော် လုံးလုံးကြီးကား မေ့ပစ်၍ မရနိုင်သေးပါ။ မိရှိန်ကွယ်လွန်ချိန်မှစပြီး မိရှိန်ခေါင်းချခဲ့တဲ့အရပ်မှာနေရင် လှထွန်းသတိရရနေမှာစိုး၍ တခြားမြို့ကြီးတစ်မြို့



သို့ သူတို့သားအဖနှစ်ယောက် ပြောင်းလာခဲ့ကြတာ ကိုးနှစ်တောင်ကြာခဲ့ပြီ။ ကိုးနှစ်အတွင်းမှာ မိရှိန်ကိုမေ့ပစ်နိုင်ဖို့ဆိုတာ လှထွန်းအတွက် တော်တော်လေး ခက်ခဲသည်။ အကြောင်းတိုက်ဆိုင်မှုရှိလျှင် မိရှိန်အကြောင်း တွေးမိရင်း လှထွန်းမျက်ရည်ဝဲရသည်။

"ဖေဖေကြီး ဒီနေ့သမီး ဘာကူလုပ်ပေးရဦးမလဲ"

ရတနာရှာဖွေပြီး ပြန်လာကာ အိမ်တံခါးဝမှ ဆီးကြို၍ မေးလာသော ချစ်သမီးချောလေးရဲ့ စကားသံဖြစ်သည်။ သမီးလေးကိုမြင်တော့ လှထွန်းအမောပြေသွားသည်။ သမီးလေးက ရေတစ်ခွက်ခပ်လာပြီး လှထွန်းကိုပေးသည်။ ရေသောက်ပြီး ရလာတဲ့ ရတနာတွန်းလှည်းကလေးကို အိမ်ရှေ့ထောင့်လေးမှာ ထိုးထားလိုက်သည်။ အိမ်ပေါ်သို့ လှထွန်းတက်လာကာ အိမ်ရှေ့ခန်းမှာ ထိုင်ရင်း ရေနွေးကြမ်းထိုင်သောက်နေသည်။ သမီးလေးက လှထွန်းဘေးမှာ ဖခင်အမောပြေစေရန် ယပ်ခတ်ပေးရင်း ထိုင်နေ၏။

"သမီး အလင်း"

"ရှင် ဖေဖေကြီး"

"သမီးကို ဖေဖေကြီးပြောစရာရှိတယ်"

လှထွန်းပြောစရာရှိတယ်ဆိုပြီး သမီးအလင်းဘက်လှည့်၍ စကားအစပျိုးသည်။ အလင်းက ဘာပြောလာမလဲဆိုတဲ့ မျှော်လင့်ချက်ကလေးဖြင့် လှထွန်းပါးစပ်မှ ထွက်ကျလာမယ့်စကားကို စောင့်စားနေ၏။

"ဟုတ်ကဲ့ ဖေဖေကြီး"

"ဖေဖေကြီးက ဆင်းရဲတယ်။ ပညာမတတ်ဘူး။ ဒါပေမဲ့ ကြင်နာတတ်တဲ့ နှလုံးသားရှိတယ်။ ဖေဖေကြီးရဲ့ ရင်ထဲမှာ မေတ္တာတွေအပြည့်ရှိတယ်။ သမီးလေး သိပါတယ်။ ဒါကြောင့် သမီးလေး ဖေဖေကြီး လုပ်နေတဲ့အလုပ်တွေ ဘာတစ်ခုမှ ကူလုပ်မပေးရဘူး။ ပညာတတ်ကြီးဖြစ်အောင် ကြိုးစားရမယ်။ ပညာမတတ်ရင် လူရာမဝင်ဘူး သမီး။ အရာရာမှာ နှိမ့်ချဆက်ဆံခြင်းကို ခံရတယ်။ ဖေဖေကြီးကို ကတိပေးလား"

"ဘာကိုလဲ ဖေဖေကြီး"

အလင်းက လှထွန်းစကားကို နားမလည်လိုက်၍ ပြန်မေးလိုက်ခြင်းဖြစ်သည်။ လှထွန်းက ပြန်ရှင်းပြပေးသည်။

"ကျောင်းနေအရွယ်မှာ ပညာကိုထူးထူးချွန်ချွန်ဖြစ်အောင် ပြီးဆုံးသည်အထိ ဆက်လက်သင်ကြားပါ့မယ်ဆိုတဲ့ ကတိလေ"

အလင်းမျက်နှာ ပြောင်းသွားသည်။ လှထွန်းကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေသည်။ လှထွန်းတောင်းတဲ့ ကတိပေးရင်ကောင်းမလား၊ မပေးရင်ကောင်းမလား စဉ်းစားတွေဝေနေသည်။

"သမီး ဖြေလေ"

"အဲဒါဆို ဖေဖေကြီး ပင်ပန်းမှာပေါ့။ သမီးဖေဖေကြီးကို သနားတယ်"

အလင်းရဲ့စကားကြောင့် လှထွန်း ဒေါသထွက်သွားသည်။ အလင်းကို မျက်ထောင့်နီကြီးနဲ့ ပြန်ကြည့်သည်။ အလင်းက လှထွန်းကိုမကြည့်ရဲ၍ မျက်နှာကို အောက်ငုံ့ထားလိုက်သည်။

"မသနားရဘူး။ ဖေဖေကြီးကို သမီး မသနားရဘူး။ သမီးပညာဆက်သင်ရမယ်။ ပညာမသင်ရင် ဖေဖေကြီးကို သမီးမချစ်လို့ပဲ။ သမီးမချစ်ရင် ဖေဖေကြီးလည်း သမီးကိုမချစ်တော့ဘူးနော်"

အလင်းရဲ့မျက်နှာလေး ငိုမဲ့မဲ့ဖြစ်သွားသည်။ ပြီး အလင်းအခန်းထဲသို့ မျက်ရည်စက်များဖြင့် ဝင်ပြေးသွားသည်။ အခန်းထဲမှာ တရှုပ်ရှုပ်နဲ့ ငိုရှိုက်သံတွေကို လှထွန်းနားထဲ ကြားနေရသည်။ လှထွန်းသမီးလေးကို ကြည့်ပြီး သနားနေမိသည်။ မတတ်နိုင်။ လှထွန်းစကားကို နားမထောင်လျှင် အလင်းရဲ့ဘဝ တစ်လျှောက်လုံး စိတ်ချရမည်မဟုတ်။ သမီးလေးရယ် ဖေဖေကြီးကို ခွင့်လွှတ်ပါဆိုတဲ့ တောင်းပန်တိုးလျှိုးသံတွေက လှထွန်းရင်ထဲ ဗလောင်ဆူနေပါတော့သည်။

(၄)

"သမီးလေး သမီးလေး အလင်းရေ အလင်း"

"ရှင် ဖေဖေကြီး"

အလင်းနောက်ဖေးမှာ ထမင်းချက်ရင်း အိမ်ရှေ့ကို ပြေးထွက်လာသည်။

အပြင်မှ ပြန်လာသော လှထွန်းက အိမ်ရှေ့မှာ ခန့်ခန့်ကြီးထိုင်နေပြီး အလင်းကို ပြုံးပြုံးကြီး ကြည့်နေသည်။

"ဘာဖြစ်လို့လဲ ဖေဖေကြီး။ နေမကောင်းလို့လား။ ဆေးသောက်မလား။ ဗိုက်ဆာလို့လား။ ထမင်းမကျက်သေးဘူး ဖေဖေကြီး။ သမီးလမ်းထိပ်ကဆိုင်မှာ ထမင်းပြေးဝယ်ပေးရမလား"

စိုးရိမ်စိတ်ဖြင့် အလင်းကမေးသည်။ လှထွန်းမပြောသေးပါ။ သမီးကို ပျော်စေချင်သည်။ လောလောဆယ်တော့ လှထွန်းပျော်လွန်း၍ ရင်တွေပါ တုန်နေသည်။

"ဖေဖေကြီးရေသောက်မလား။ သမီးခပ်ပေးမယ်"

အလင်းရေတစ်ခွက်ခပ်ပေးသည်။ လှထွန်းသမီးခပ်ပေးသော ရေကို တစ်ခါတည်း မျိုချပစ်လိုက်သည်။ ရင်ထဲအေးသွားတော့ ရင်တုန်တာတွေ နည်းနည်းငြိမ်ကျသွားသည်။

"သမီးလေး"

"ရှင်ဖေဖေကြီး။ ဘာဖြစ်လာလို့လဲ။ ဖေဖေကြီးကြည့်ရတာ သမီးဖြင့် မောနေပြီ"

လှထွန်းက တံတွေးမျိုချရင်း ဆက်ပြောသည်။

"သမီးကို ဝမ်းသာစရာစကား ပြောစရာရှိတယ်"

"ပြောလေ ဖေဖေကြီး။ ဘာပြောမှာလဲ"

အလင်းမသိရှာသေးပါ။ သည်ကနေ့ ဆယ်တန်းအောင်စာရင်း ထွက်သည့်နေ့။ သမီးလေး အလင်း လုံးဝမသိ။ လှထွန်းတမင်ဖုံးကွယ်ထားသည်။ အလင်းကို လှထွန်းယုံကြည်သည်။ လှထွန်းပညာဆက်သင်ခိုင်းတုန်းက သူ့ကိုသနား၍ အလင်းမငြင်းခဲ့သော်လည်း အခုတော့ဖြင့် လှထွန်းစကားကို ခေါင်းညိတ်ခဲ့သည့် သိပ်လိမ္မာတဲ့ သမီးလေး။ အလင်းကို ကောက်ရစဉ်က လှထွန်းဘဝ တော်တော်လေး မှောင်မိုက်ခဲ့သည့်အပြင် သမီးလေးကို တွေ့စဉ်ကလည်း အမှောင်ကျနေပြီ။ ဒါကြောင့် အမှောင်ခွင်းမယ့် အလင်းဆိုပြီး သမီးလေးကို လှထွန်းနာမည်ပေးခဲ့သည်။ အခုတော့ တစ်လောကလုံးကို လင်းထိန်စေခဲ့ပြီ။ လှထွန်းကျေနပ်နေသည်။ ပျော်သည်။ ပြောပြ၍မတတ်အောင် ကြည်နူးပီတိဖြစ်နေသည်။

"သမီးလေ ၁၀ တန်းအောင်တယ်"

"ရှင်"

"ဖေဖေကြီး တကယ်ပြောတာလား"

"တကယ်ပေါ့။ ဖေဖေကြီးရဲ့သမီးလေးက အောင်တာမှ ဂုဏ်ထူးခြောက်ခုနဲ့တောင် အောင်တာ"

"ဝမ်းသာလိုက်တာ ဖေဖေကြီးရယ်။ သမီးတအားဝမ်းသာတာပဲ"

အလင်း ၁၀ တန်းအောင်သည်။ ဂုဏ်ထူးခြောက်ဘာသာဖြင့် အောင်မြင်သည်။ တစ်နိုင်ငံလုံးမှာ အမှတ်အများဆုံးဖြင့် ထူးထူးချွန်ချွန်အောင်မြင်ခဲ့သည်။ လှထွန်းပျော်သည်။အလွန်ပျော်သည်။ ပျော်လွန်း၍ လှထွန်းငိုနေမိသည်။

အလင်းရဲ့မျက်နှာမှာလည်း လှထွန်းနည်းတူ မျက်ရည်စက်တွေဖြင့် ချစ်ခင်လေးစားရပါသော ဖေဖေကြီးဖြစ်တဲ့ လှထွန်းကို သိုင်းဖက်၍ ထား၏။ အခုတော့ လှထွန်းဖြစ်စေချင်တာထက်မက ပိုတော်တဲ့ သမီးလေး အလင်း။ တစ်လောကလုံးကို အလင်းရောင်ထွန်းလင်းပေးနိုင်ခဲ့သည်။

(၅)

နိုင်ငံတော်က ပညာတော်သင်စရိတ်ထောက်ပံ့ပေး၍ အလင်းဆေးကျောင်းတက်ခွင့်ရခဲ့သည်။ ဆေးကျောင်းမှာ ဆေးပညာကို စိတ်ဝင်စားစွာဖြင့် သေချာလေ့လာသင်ယူသည်။ ဖခင်ဖြစ်သူဦးလှထွန်း အလင်းဆေးကျောင်းနောက်ဆုံးနှစ်မှာ ကွယ်လွန်သွားသည်။ အလင်းရင်ကျိုးမရ ဖြစ်ရသည်။ ဦးလှထွန်းမသေခင်က ရောဂါကျွမ်းနေပြီဖြစ်၍ နောက်ဆုံးအချိန်ရောက်နေသောအခါ အလင်းဖခင်ဆီရောက်သွားကာ အလင်းရဲ့ဘဝအဖြစ်မှန်ကို ဦးလှထွန်းပြောပြသောကြောင့် အားလုံးသိခွင့်ရခဲ့သည်။

ကြေကွဲခဲ့ရသည်။ ငိုခဲ့ရသည်။ ဝမ်းနည်းခဲ့ရသည်။ ဆုံးရှုံးခဲ့ရသည်။ သို့သော် ဖခင်ကြီး ဦးလှထွန်းအပေါ် ကျေးဇူးဆပ်ခွင့်မရလိုက်၍ ပိုပြီးဝမ်းနည်းပက်လက် ဖြစ်ရသည်။ အလင်းတစ်ခါမျှ တွေးမထားဖူးသော အဖြစ်အပျက်ကြောင့် တုန်လှုပ်ခဲ့သည်။ မိမိကိုအမှိုက်ပုံမှာ စွန့်ပစ်ခဲ့သည့် မိဘများကို စိတ်နာနေမိသည်။ မိခင်စိတ်မရှိသော မိန်းမတစ်ယောက်ကြောင့် အလင်းဘဝ အမှောင်ကျခဲ့ရသည်ဟု ထင်နေမိသည်။ သို့ပေမဲ့ ကျေးဇူးကြီးလှသော ဘာမျှသွေးသားမတော်စပ်တဲ့ ဖခင်စိတ်ရှိတဲ့ အဖေတစ်ယောက်ကြောင့်သာ အလင်းဆရာဝန်မကြီး ဖြစ်လာခဲ့ရသည်။ တွေးကြည့်ရင် ရင်နာစရာကောင်းသည်။

"သမီးလေးကို စွန့်ပစ်ခဲ့တဲ့ မိခင် ဖခင်တွေကို ဘယ်တော့မှ မစော်ကားမိစေနဲ့။ အပြစ်တင်မိရင် သမီးလေးပဲ ငရဲကြီးလိမ့်မယ်။ အားလုံးကို နားလည်ပေးလိုက်ပါ သမီးလေးရယ်"

ဦးလှထွန်းစကားကို အလင်းကြားယောင်နေမိသည်။ ကွယ်လွန်သွားသော ဖခင်ကြီးဖြစ်တဲ့ ကျေးဇူးရှင်ဦးလှထွန်းပုံကြီးကို အလင်းတာဝန်ကျရာ မြန်မာပြည် အနယ်နယ်အရပ်သို့ သယ်ဆောင်သွားပြီး နိုင်ငံ့တာဝန်ကျေပွန်အောင် ထမ်းဆောင်ရင်း ဘုရားခန်းမှာ အမြဲချိတ်ဆွဲလျက် ရှိသေစွာ ရှိခိုးကန်လေတော့သတည်း။ ။

ဝတ္ထုတို

# စိတ်နှင်တံ လေအဟုန်မှာ ယိမ်းတိမ်းလို့ယိုင်

## ပွင့်ပန်းဝေလှိုင်

၁။

ပူပြင်းလောင်မြိုက်နေသော အချိန်၌ ခရီးမထွက်ချင်ပေ။

သို့သော် ရှောင်လွှဲမရဘဲ သွားရမည့်ကိစ္စမှာ ပေါ်လာသည်။ ထို့ကြောင့် ရန်ကုန်သို့သွားမည့်ကားပေါ်၌ လိုက်ပါလာခဲ့ခြင်းသာဖြစ်၏။ ပတ်ဝန်းကျင်ရှုခင်းများမှာ "ရိပ်ခနဲ" ဖြစ်နေသည်။ ကားမှုးနေ၍ အပြင်ဘက်ကို မကြည့်ချင်ပေ။ မျက်လုံးကိုသာ စုံမှိတ်ပြီး လိုက်ပါလာခဲ့သည်။ ကားမှာ ရုတ်တရက် ထိုးအရပ်တွင် လူပင်ရှေ့သို့ ငိုက်ကျသွားသည်။

"ဆွဲဆရာ ဆွဲဗျို့"

စပယ်ယာ၏ ကျယ်လောင်သောအော်သံ ထွက်ပေါ်လာပြီးနောက် ကားဘီးများစလိမ့်လေပြီ။ နံဘေးခုံသို့ လူတစ်ယောက်ရောက်လာ၏။ တိုက်မိသွားသောကြောင့် အားနာနာဖြင့် တောင်းပန်နေ၏။

"ဆောရီး ညီ"

"ဟုတ်ကဲ့ ရပါတယ် အစ်ကို"

ယဉ်ကျေးစွာ ပြန်လည်ဖြေကြားရင်း ထိုလူကိုအကဲခတ်နေမိသည်။ အသားဖြူဖြူဝတုတ်တုတ် လူရည်သန့်တစ်ယောက်သာဖြစ်၏။ ဆောင်းထားသော ဦးထုပ်ကို ချွတ်ကာ ယပ်ခတ်ပြီး အင်္ကျီရင်ဘတ်များကိုဆွဲဟလိုက်သောအခါ ရွှေရောင်အိနေသော ဆွဲကြိုးမှာ လက်ခနဲ။ လက်ကောက်ဝတ်တွင်လည်း နာရီအကောင်းစားမှန်းသိသာလှ၏။ ရွှေလက်စွပ်ကြီးကြီးတစ်ကွင်းကိုလည်း စွပ်ထားသောကြောင့် ဆင်းရဲသူ မဟုတ်တန်ရာ။

"သကြ်န်ရွှေဦး တူးပို့ တူးပို့ တူးသံမြူးသာယာ. . ."

ရုတ်တရက် ဖုန်းဝင်လာသံသည် ထိုလူထံမှဖြစ်၏။ သို့သော် ဖုန်းကို မည်သည့်နေရာတွင် ထားမိမှန်းသိပုံမရ။ ပျာလောင်ခတ်ကာ တွေ့သမျှအိတ်ကပ်မှန်သမျှကို လိုက်လံဖွင့်ကြည့်နေသည်။ နောက်ဆုံးတွင် ကျောပိုးအိတ်၏ ဇစ်ကိုဆွဲချကာ ဖုန်းကိုထုတ်ယူလိုက်သောအခါ အိတ်ထဲတွင် ဆင်အကောင်ပေါင်းများစွာပါသော ငွေစက္ကူများက ပြုံးရယ်ပြနေပြန်၏။

ကျွန်တော်ကြည့်နေမှန်းသိသောအခါ တစ်ချက်မျှ ပြုံးပြရင်း ဖုန်းလက်ခံစကားပြောနေသည်။ မျက်နှာပေါ်တွင် ငြိမ်းချမ်းသောအပြုံးရိပ်များ ဖြတ်စီးနေပြီး ချိုသာစွာစကားပြောနေပုံကိုကြည့်ရင်း ဘဝကံဇာတာကောင်းလွန်းသူဟု ကောက်ချက်ချမိသည်။

"သမီးလေးလေ"

မမေးမိသော်လည်း သူကပြောသည်။ အလိုက်သင့် ပြန်လည်ပြုံးပြလိုက်၏။ ကိုင်ထားသော ကျောပိုးအိတ်ထဲသို့ ဖုန်းပြန်ထည့်သောအခါ ငွေစက္ကူများကို မျက်လုံးထောင့်စွန်းမှ မြင်နေရပြန်သည်။ ထိုလူက ကျွန်တော့်အကြည့်ကို သတိထားမိသွားရင်း ဖြေရှင်းချက်ပေးသည်။

"ကားသွားဝယ်မလို့လေ ညီ ကားအကြောင်း နားလည်လား" ခေါင်းခါပြမိသည်။ ကားဆိုလျှင် ကော်ကားပင် မဝယ်နိုင်သောလူကို အထင်ကြီးနေလေ၏။

"ကိုယ်လည်း နားမလည်ပါဘူး၊ သမီးက ကားစီးချင်တယ်ဆိုလို့ ဝယ်ပေးမလို့ပါ၊ ဒီနှစ်ဆယ်တန်းတက်မှာလေ၊ ကျောင်းသွားကျောင်းပြန်ကို အဖေလုပ်သူကပို့ပေးစေချင်လို့တဲ့၊ အဲဒါနဲ့ စုဆောင်းပြီး သင်္ကြန်မရောက်ခင် ရန်ကုန်တက်ဝယ်မလို့၊ ချမ်းသာလို့ မဟုတ်ပါဘူးကွာ၊ ရာကျော်တန် လောက်ပါ သင့်ရုံလေးပေါ့" ပြုံးပြကာ နားထောင်ရင်း လိုက်ပါလာခဲ့သည်။

ယခုနှစ်တက္ကသိုလ်ဝင်တန်းတက်မည့် ညီမလေးကို မြင်ယောင်မိသည်။ ဘော်ဒါတက်ချင်သည်ဟုပြောသော်လည်း ငွေမရှိ။ အမေက နေမကောင်း၍ အလုပ်မလုပ်နိုင်။ အဖေဆုံးပါးပြီးကတည်းက ယိုင်နဲ့နေသည့် စီးပွားရေး။ ကျွန်တော်ဆယ်တန်းအောင်သော်လည်း ကျောင်းဆက်မတက်နိုင်ပေ။ ယခုလည်း ဘုန်းကြီး၏ဒါယကာသူဌေးတစ်ဦးက အလုပ်ပေးမည်ဆို၍ လာရခြင်းသာဖြစ်၏။ စားစရိတ်၊ နေစရိတ် တာဝန်ယူပေးမည်။ လစာကိုအိမ်ပြန်ပို့ပေးမည်။ ယခုမူ ညီအလတ်သည် ကျောင်းနားက ဝပ်ရှော့တစ်ခု၌ အလုပ်လုပ်ရင်း အိမ်၏စားသောက်စရိတ်ကို တာဝန်ယူနေရသည်။

၂။

ကားဂိတ်သို့ရောက်စဉ် ကားပင်မရပ်သေးခင် လူများက အတင်းတွန်းတွေ့တိုးထွက်နေကြသည်။ ကားက ဘရိတ်တစ်ချက်အုပ်လိုက်သောအခါ ဘေးနားကလူ အပါအဝင် ရပ်နေသူအားလုံးလိုလို ယိုင်လဲပြိုကျကုန်၏။ ထိုလူ၏ လက်ထဲမှကိုင်ထားသောအိတ်သည် အောက်သို့ ပြုတ်ကျသွားလေသည်။ မည်မျှအလျင်လိုနေသည်မသိပေ။ သုတ်ခနဲပြန်ကောက်ယူကာ ချက်ချင်းပြေးဆင်းသွားတော့၏။ ကားဝယ်လိုသောဇောပြင်းထန်နေသည်မှာ အထင်အရှားပေါ်လွင်နေသည်။

ကားရပ်၍ ဆင်းမည်ကြံလိုက်သောအခါ ခုံအောက်တွင်ထည့်ထားသော ကျွန်တော့်အိတ်မရှိတော့ချေ။ လူတစ်ယောက် မှားယူသွားလေပြီ။ သေချာသည်မှာ ထိုလူမှလွဲ၍ မဖြစ်နိုင်ချေ။ ကျွန်တော့်ကျောပိုးအိတ်အညိုရောင်နှင့် သူ့အိတ်ကို မှားကာ ဆွဲယူသွားခဲ့လေပြီ။

ရင်ထဲ၌ မည်သို့ဖြစ်သွားသည်မသိချေ။ တုန်ယင်နေသောလက်သည် အိတ်ကိုလှမ်းယူရင်း ပုခုံးထက်၌လွယ်ထားလိုက်သည်။

အံ့ဩခြင်းလား။ ဝမ်းသာခြင်းပေလား မခွဲခြားတတ်သော ဇဝေဇဝါ အတွေးတို့ဖြင့် တဒုန်းဒုန်း ခုန်နေသော ရင်ခုန်သံကို ထိန်းချုပ်၍ မရနိုင်တော့ချေ။

ထိုလူပြောပုံအရဆိုလျှင် ငွေရာချီထည့်ထားသော အိတ်သာဖြစ်၏။ ကျွန်တော်ခိုးယူခဲ့ခြင်း မဟုတ်ပေ။ သူထားခဲ့ခြင်းသာဖြစ်၏။ ကျွန်တော်မှားယူခဲ့ခြင်းလည်း မဟုတ်ပြန်ပါ။ သူမှားခဲ့ခြင်းသာဖြစ်သည်။ ကံကြမ္မာသည် ကျွန်တော့်အပေါ် မျက်နှာသာပေးခဲ့လေပြီလား။ ထိုငွေသည် ဆင်းရဲသားတစ်ဦးအတွက် ကြီးမားသောအရင်းအနှီးတစ်ခုမှန်း ကျွန်တော်ကောင်းစွာနားလည်သည်။ ညီမလေးကို ဘော်ဒါထားနိုင်မည်။ အမေ့ကိုလည်း ဆေးကုနိုင်မည်။ ညီလေးလည်း ပင်ပင်ပန်းပန်း အလုပ်လုပ်စရာမလိုတော့ပေ။ အရာအားလုံး မျက်လှည့်ပြလိုက်သလို အဆင်ပြေချောမွေ့လာတော့မည်။

ထို့ကြောင့် စဉ်းစားမနေတော့ဘဲ အငှားကားကို လှမ်းတားလိုက်ပြီး အချိန်မဆွဲတော့ဘဲ ခပ်မြန်မြန်တက်လိုက်ပြီးမှ ဈေးစကားပြောရသည်။ ကားပေါ်မှလှမ်းကြည့်သောအခါ ကျွန်တော့်ကိုလိုက်ရှာနေသော ထိုလူကိုလှမ်းတွေ့လိုက်ရသည်။ မှားပါသွားမှန်းသိသွားပြီဖြစ်လောက်သည်။ ပတ်ဝန်းကျင်ကို မေးမြန်းကာ ခေါင်းကပတ်ချာလည်အောင် ရှာဖွေနေလေပြီ။ ပျားပန်းခပ်မျှ လှုပ်ရှားသွားလာနေသော လူအုပ်များကြား၌ ရှာတွေ့ရန်မှာ မလွယ်ကူနိုင်ပေ။ သို့သော် ကျွန်တော့်ကို မြင်မည်စိုးရိမ်၍ ခေါင်းကိုပုထားလိုက်သည်။ ဝေးသွားမှ သက်ပြင်းချနိုင်တော့သည်။

၃။

"ဆင်းရဲတာဟာ ရှက်စရာမဟုတ်ဘူး၊ ကိုယ်ကျင့်တရားမကောင်းတာသာရှက်စရာပါ၊ သူများ မျက်ရည်ပေါက်ကြီးငယ်ကျမှ ကိုယ်ပျော်ရွှင်ရတဲ့အလုပ်ကို အဖေ့ဘဝမှာ ဘယ်တော့မှ မလုပ်ခဲ့ဘူး၊ ဆင်းရဲလို့ငတ်ပြီးမသေနိုင်ပါဘူးကွာ၊ ကိုယ့်မှာရှိတဲ့ ထမင်းကြမ်းခဲကိုပဲ ယပ်ခတ်ပြီးစားမယ်၊ ဟင်းမရှိရင် ဆားနဲ့စားမယ်၊ ခြောက်နေရင် ရေဆမ်းစားမယ်၊ မစားရလို့ လျှာမြက်ပေါက်ပါစေ၊ သူများရဲ့ ပစ္စည်းကိုတော့ ဘယ်တော့မှ မတရားမယူရဘူး၊ သားဘဝတစ်လျှောက်လုံး မြဲမြဲမှတ်ထားဖို့က ညီလေးနဲ့ညီမလေးအတွက် စစ်မှန်တဲ့အသက်မွေးမှုပြုပြီး စံပြအစ်ကိုအဖြစ် ရပ်တည်ပေးပါ၊ အမေ့အတွက် သားလိမ္မာအဖြစ်နေပေးပါ၊ ကိုယ့်ရဲ့ကိုယ်ကျင့်တရားကိုတော့ ဘယ်လိုအခြေအနေမျိုးနဲ့ကြုံပါစေ မယိမ်းယိုင်အောင် ကြိုးစားပြီး ဘာနဲ့မှမလဲမိပါစေနဲ့ကွာ"

ဖေဖေသက်ရှိထင်ရှားရှိစဉ်က ဆုံးမခဲ့သော စကားသံလေးကို ပြန်၍ ကြားယောင်လာမိပါသည်။ သောကဗျာပါဒ ပေါင်းဆုံပြီး ပြေးလွှားနေသော ထိုလူ၏ပုံရိပ်ကို မျက်လုံးထဲကမထွက်နိုင်ပေ။ မည်မျှပူလောင်နေရှာမည်နည်း။

စတင်တွေ့ဆုံစဉ်ကာလက မြင်နေရသော အပူအပင်ကင်းသည့် ရုပ်သွင်ရှိမနေတော့ချေ။ အေးချမ်းမှုတို့ ပျောက်ဆုံးလျက် စိတ်ရှုပ်ခြင်း၊ စိတ်ညစ်ခြင်းစသော အပူသည်အသွင်ဖြင့် ကားဂိတ်နေရာအနှံ့ ဗျာများနေရှာတော့မည်။

"ချမ်းသာလို့တော့ မဟုတ်ပါဘူးကွာ" ဟု အပြုံးချိုချိုနှင့် ပြောခဲ့သောမျက်နှာလေး။ သမီးဖြစ်သူနှင့် ကြည်နူးစွာ ဖုန်းပြောနေသည့် သူ့ဟန်ပန်များ၊ မျှော်လင့်ချက် ကြီးမားစွာဖြင့် ပြေးလွှားနေသော အပူပင်လယ်ဝေနေသည့် သွင်ပြင်တို့ဖြင့် ထိုလူ၏ပုံများသည် ကျွန်တော့်စိတ်ကူးတွင် ပုံဖော်နေခဲ့လေပြီ။

တဒင်္ဂအချိန်လေးအတွင်း၌ မှန်ယိုနေသော ဆင်ကြမ်းကြီးကဲ့သို့ စိတ်လောဘအမှောင်ဖုံးလွှမ်းကာ ယိမ်းယိုင်နေသော ကျွန်တော်၏စိတ်နှင်တံကို အဖေဆုံးမခဲ့သော စကားကြောင့် အချိန်မီချွန်းအုပ်နိုင်ခဲ့လေပြီ။

"အစ်ကို ကားပြန်ကွေ့လိုက်ပါ"

ကားသမားသည် နားမလည်ဟန်ဖြင့် လှည့်ကြည့်ပြီး ခေါင်းညိတ်ပြလေ၏။ ကျွန်တော်၏စိတ်အလျဉ်သည်လည်း တဒင်္ဂအတွေးဝယ် အေးချမ်းပျော်ရွှင်နေမိပါတော့သည်။ ။

## အမှိုက်ကင်းစင် ပတ်ဝန်းကျင်

အမှိုက်တစ်စ ပစ်လိုက်တယ်
စိတ်ကူးလေးနဲ့ တွေးကြည့်မယ်။
သူများလည်းကွယ် ကိုယ့်လိုပ
ဟိုနားသည်နား အမှိုက်ချ။
တစ်ယောက်ကစ တစ်ရာလျှင်
မြို့ရွာကျေးလက် အကုန်ပင်။
ပတ်ဝန်းကျင်တွေ ညစ်ပတ်သွား
အမှိုက်ပစ်ခြင်း အကျိုးများ။
ညစ်ပတ်သွားတဲ့ ပတ်ဝန်းကျင်
မသန့်ရှင်းတော့ ရောဂါဝင်။
ထိုအပြစ်လျှင် ဘယ်သူလုပ်
ကိုယ်တိုင်ပြုတဲ့ ကိုယ့်ဇာတ်ရှုပ်။
သေချာသိမ်းထုပ် အမှိုက်ဆို
စနစ်တကျ ပစ်ဖို့လို။
ပတ်ဝန်းကျင်ကို သန့်ရှင်းကြ
အိမ်တွင်းခြံပြင် သပ်ရပ်လှ
ဒါမှ ရောဂါကင်းစင်ပ။ ။

ဖျာပုံမောင်သုည

## ဆူးနှင်းဆီ

ပန်းနှင်းဆီ
ဆူးတွေအစီရီဖြင့်
အနီရောင် လွှမ်းခြုံထားကာ
ထူးခြားစွာ လန်း။
မြတ်နိုးဖွယ်
အလှကြွယ် ရနံ့မွှေးသော်လည်း
ဆူးဘေးရန် အလေးမူ၍
ဆွတ်ခူးယူ မနမ်းဝံ့သည်
လက်တွန့်ဖွယ် ပန်း။

ချစ်ကိုကိုဦး (ကန့်ဘလူ)

ဆောင်းပါး

# ရှက်တတ်ဖို့လိုပါပြီ

## မိုးယံဝင့်ထည်

ရန်ကုန်သင်္ကြန်ကိုမလည်ဖြစ်တာ အတော်ကြာခဲ့ပါပြီ။ ဒီနှစ်မှာတော့ မိသားစုလိုက်လည်ဖြစ်ပါတယ်။ လမ်းလျှောက်သင်္ကြန်ကိုဖန်တီးပေးထားတဲ့ မဟာဗန္ဓုလပန်းခြံလမ်း၊ ဦးဥတ္တမပန်းခြံ၊ ကန်တော်ကြီး၊ အင်းလျားကန်ပေါင်အနှံ့ရောက်ပါတယ်။ ကားနဲ့လည်တယ်ဆိုပေမယ့် လမ်းလျှောက်သင်္ကြန်ကိုဆင်နွှဲချင်မိတာမို့ နှစ်ရက်အချိန်ပေးပြီးလည်ဖြစ်တဲ့နှစ် ဆိုပါတော့။ မြန်မာတို့ရဲ့စိတ်ရင်းဟာ သင်္ကြန်မှာပိုလို့ ပေါ်လွင်ပါတယ်။ သဒ္ဓါထက်သန်ခြင်း၊ ကူညီရိုင်းပင်းကြခြင်း စသဖြင့် သင်္ကြန်ရက်ဟာ ပိုလို့ရုပ်လုံးကြွလှပါတယ်။ ချစ်စရာမြင်ကွင်းတွေနဲ့ ပြည့်နှက်နေတဲ့ သင်္ကြန်ရှုခင်းဟာ မူးယစ်ရမ်းကားမှုတွေ ခိုက်ရန်ဖြစ်ပွားမှုတွေ ယခင့်ယခင်နှစ်တွေနဲ့ယှဉ်ရင် သိပ်မတွေ့ရပါဘူး။ ဒါပေမယ့် စည်းကမ်းမဲ့စွန့်ပစ်ကြတဲ့ အမှိုက်တွေကတော့ နေရာတိုင်းမှာ တောင်ပုံရာပုံပါပဲ။ မြင်လို့ကိုမကောင်းလောက်အောင်ပါ။

ကျွန်တော်တို့ ရန်ကုန်သူ ရန်ကုန်သားတွေဟာ အလွန်ကို ချစ်စရာကောင်းပါတယ်။ ကိုယ့်အမှိုက်ကိုယ်သိမ်းပြီး စည်းကမ်းတကျစွန့်ပစ်ခဲ့ရင် ပိုလို့တောင်ချစ်စရာကောင်းမှာ အသေအချာ။ အခုတော့ ဘယ်သူ့သွားပြီး လက်ညှိုးထိုးရမှန်းတောင် မသိနိုင်တဲ့အခြေအနေ။ သင်္ကြန်အပြီးမှာ အမှိုက်တန်ချိန် ဘယ်လောက်များထွက်မလဲ။ ကန်တော်ကြီးကသက်သေ။ မဟာဗန္ဓုလပန်းခြံက မျက်မြင်။ အင်းလျားကန်ပေါင်က ကိုယ်တွေ့။ ဦးဥတ္တမပန်းခြံက တံခွန်ထူလို့။ အမှိုက်တွေ အပြိုင်အဆိုင်ကဲနေလိုက်ကြတာများ။

လူတွေ ကကြခုန်ကြသလို အမှိုက်တွေကလည်း နင်လားငါလား။ နိုင်ငံတော်တိုးတက်ဖို့ စည်းကမ်းက အဓိကမဟုတ်လား။ သူလည်း အမှိုက်ပစ်တာပဲ၊ ငါပစ်လိုက်လို့ ထူးပြီးရှုပ်ပွမသွားဘူးဆိုတဲ့ မကောင်းတဲ့အတွေးတွေကို ကျွန်တော်တို့လူမျိုးတွေ မတွေးကြဖို့လိုပါပြီ။ မဆင်မခြင်အမှိုက်ပစ်ကြလို့ ရန်ကုန်သင်္ကြန်ဟာ သင်္ကြန်ပြီးသွားပေမယ့် မြင်တွေ့နေရတဲ့အမှိုက်တွေကြောင့် ရင်ကွဲနာကျနေရပါပြီ။ ဟိုနေရာမှာလည်းအမှိုက် ဒီနေရာမှာလည်းအမှိုက်။ စည်းကမ်းမဲ့စွာ အမှိုက်ပစ်နေကြတာဟာ မြင်မကောင်းလောက်အောင်ပင်။

မြန်မာလူမျိုးဖြစ်ရတာကို ကျွန်တော်အလွန်ဂုဏ်ယူမိပါတယ်။ စည်းကမ်းမဲ့အမှိုက်ပစ်တတ်တဲ့ မြန်မာတွေကိုတော့ မုန်းမိပါရဲ့။ ကမ္ဘာနဲ့ဘယ်အရာပဲ နှိုင်းယှဉ်ပါစေ ကျွန်တော်တို့တွေ နိမ့်ကျကျန်နေခဲ့ပါတယ်။ စည်းကမ်းမဲ့အမှိုက်ပစ်တဲ့နေရာမှာတော့ ကျွန်တော်တို့ကို ကမ္ဘာက မယှဉ်နိုင်သေးပါဘူး။ ကောင်းမွန်တဲ့အရာတွေနဲ့ ကမ္ဘာကို အကောင်းဆုံးယှဉ်ပြိုင်နိုင်ဖို့ ကျွန်တော်တို့ တစ်ယောက်ချင်းစီရဲ့ စည်းမဲ့ကမ်းမဲ့စိတ်ဓာတ်လေးတွေကို ပြင်ဆင်သင့်ပါပြီ။ နိုင်ငံတိုးတက်ဖို့အရေး အစိုးရကိုချည်း လက်ညှိုးထိုးနေရမယ့်အချိန်မဟုတ်တော့ဘူးဆိုတာ လက်တို့ပြီးတော့ ပြောပါရစေ။

ပလက်ဖောင်းတွေ ကားမှတ်တိုင်တွေမှာလည်း လေတိုးလိုက်တိုင်းလွင့်နေတဲ့ အမှိုက်တွေက လေပေါ်မှာ ဝဲလို့။ စည်းကမ်းမဲ့အမှိုက်ပစ်ခြင်းကို ရှက်တတ်ဖို့လိုပါပြီ။ လူတိုင်းလူတိုင်း စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းကို ဆင်ခြင်ကြပါ။ ကျွန်တော်တို့နိုင်ငံသာယာစေဖို့ စည်းကမ်းမဲ့နေထိုင်ပြုမူခြင်းမှန်သမျှကို စွန့်လွှတ်ရင်း ရှေ့ဆက်သင့်ပါပြီလို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

# မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ဈေးဖွင့်လှစ်ရေး ညှိနှိုင်းဆွေးနွေး

**မယ်စဲ့ မေ ၂၁**

ကယားပြည်နယ် မယ်စဲ့မြို့နှင့် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင် ခွန်ယွန်းမြို့တို့၌ မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ဈေးဖွင့်လှစ်နိုင်ရေးအတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲကို မေ ၂၀ ရက် နံနက် ၁၀ နာရီက ထိုင်းနိုင်ငံ ခွန်ယွန်းမြို့နယ် မယ်ငေါင်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ နှစ်နိုင်ငံမှ တာဝန်ရှိသူများက တစ်ဦးချင်း မိတ်ဆက်ကြပြီး မယ်စဲ့မြို့နှင့် ခွန်ယွန်းမြို့တို့တွင် တစ်လလျှင်နှစ်ကြိမ် အလှည့်ကျ နယ်စပ်ဈေးဖွင့်လှစ်နိုင်ရေးအတွက် မြန်မာ-ထိုင်းနယ်စပ် ဘီပီ(၁၃)(ဟွေတန္တန်)ဂိတ်သည် တရားဝင် နယ်စပ်ဖြတ်ကျော်ခွင့်ဂိတ်မဖြစ်သေးသည့်အတွက် နှစ်နိုင်ငံဈေးသည်များ ဝင်၊ ထွက်သွားလာနိုင်ရေး၊ ဈေးရောင်း၊ ဈေးဝယ်နှင့်ပတ်သက်၍ ကန့်သတ်ကုန်ပစ္စည်းများ၊ အကောက်ခွန်ဆိုင်ရာလုပ်ငန်းများ၊ ထိုင်းနိုင်ငံဘက်မှ လမ်းပန်းဆက်သွယ်ရေးကို ယခုထက်ပိုမိုကောင်းမွန်ရေး အဆင့်မြှင့်တင်ဆောင်ရွက်မည့် အခြေအနေ၊ နှစ်နိုင်ငံလုံခြုံရေး၊ မူးယစ်ဆေးဝါး၊ လက်နက်ရောင်းဝယ်မှု ထိန်းသိမ်းဆောင်ရွက်ရန်၊ နှစ်နိုင်ငံပြည်သူလူထု အကျိုးပြုစေရေး ကြိုးစားဆောင်ရွက်ရန်နှင့် ဒေသခံအချင်းချင်း၊ ဌာနဆိုင်ရာအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြရန် ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ထိုင်းနိုင်ငံဘက်မှ ခွန်ယွန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဝပ်ထိလွိုက်သရီးနရုံးချိုင်းဂျင်းနားဖန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ထိုင်းကုန်သည်များ၊ မြန်မာနိုင်ငံဘက်မှ မယ်စဲ့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လွိုင်ကော်နှင့် မယ်စဲ့မြို့တို့မှ ကုန်သည်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



# ကလေးမြို့တွင် တီးတိန်စာပေနှင့် ယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်

**ကလေး မေ ၂၁**

နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်များ အောင်မြင်စေရေးနှင့် ရိုးရာယဉ်ကျေးမှုအစဉ်အလာများ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးကိုရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့တွင် တီးတိန်စာပေနှင့် ယဉ်ကျေးမှုသင်တန်း(Zolai le ngeina Sinna)ဖွင့်ပွဲအခမ်းအနားကို မေ ၂၀ ရက် နံနက် ၉ နာရီက ကလေးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ရွှေရတုခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ကလေးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူး ဦးစိုင်းလှအေးနှင့် မြို့နယ်ပညာရေးမှူးကိုယ်စား ဒုတိယမြို့နယ်ပညာရေးမှူး ဦးမြင့်သိန်းတို့က အမှာစကားပြောကြားပြီး ကလေးမြို့ တီးတိန်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးဂင့်ခန့်ပေါင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



"တိုင်းရင်းသားတွေကလည်း မိမိတို့ဘာသာစကားကို ပညာရေးမူဝါဒနဲ့အညီ သင်ကြားနိုင်ဖို့၊ အခြေခံပညာကျောင်းတွေမှာ တိုင်းရင်းသားကလေးငယ်တွေ သင်ကြားသင်ယူမှုအဆင်ပြေချောမွေ့စေဖို့၊ သင်ယူတတ်မြောက်မှု အရည်အသွေးတွေ မြင့်မားလာစေဖို့၊ သင်ကြားမှုဘာသာရပ်တွေကို တိုင်းရင်းသားဘာသာစကားနဲ့ လိုအပ်တာတွေ ကူညီရှင်းလင်းသင်ကြားပေးဖို့အတွက် နေ့စားလပေး(Teaching Assistant–TA)တွေ ခန့်ထားနိုင်ဖို့ ပညာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်၊ ဒါကြောင့်လည်း တိုင်းရင်းသားလူငယ်တွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိခဲ့ပါတယ်၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအထိ Teaching Assistant ၅၁၆၁ ဦးကို ပညာရေးဝန်ကြီးဌာနက ခန့်အပ်ခဲ့ပြီး အဲဒီခန့်အပ်တဲ့အထဲမှာ ကလေးမြို့နယ်က ၂၅ ဦး ပါဝင်ပါတယ်" ဟု ကလေးမြို့ တီးတိန်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးဂင့်ခန့်ပေါင်က ပြောကြားသည်။

ကလေးမြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တီးတိန်ဘာသာစကားဖြင့် မူလတန်းကျောင်းပေါင်း ၂၉ ကျောင်းတွင် ဆရာ ဆရာမပေါင်း ၉၇ ဦးတို့ဖြင့် သင်ကြားပေးခဲ့ရာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် တိုင်းရင်းသားကလေးသူငယ်များ ပညာသင်ကြားမှုတိုးတက်လာမှုအရ တီးတိန်စာပေကို မူလတန်းကျောင်း ၃၇ ကျောင်းတို့တွင် ဆရာ ဆရာမပေါင်း ၁၄၉ ဦးတို့ဖြင့် သင်ကြားပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ တီးတိန်စာပေနှင့် ယဉ်ကျေးမှုသင်တန်းတွင် စိစစ်ရွေးချယ်ထားသော ဒေသခံ ဆရာ ဆရာမ သင်တန်းသား ၁၃၈ ဦးတို့နှင့် သင်တန်းဆရာ ဆရာမများ တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားလူမျိုးများ၏ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းရင်းသားများ အခွင့်အရေးများ တန်းတူရရှိရေး ကြိုးပမ်းဆောင်ရွက်နိုင်ရန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့ပြီး တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး ဥပဒေကိုလည်း ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြဋ္ဌာန်းခဲ့ရာ ယင်းဥပဒေအရ ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မာလာစေရန်နှင့် လူမှုစီးပွားဘဝ မြင့်မားဝင့်ထည်လာစေရန်တို့ကို ရည်ရွယ်ထားကြောင်း သိရသည်။

**ချင်းတွင်းသား**

# စိန်တလုံးသရက်သီးများ၏ သဘာဝအတိုင်းရင့်မှည့်မှုကို သိရှိနိုင်ရန် ရက်အလိုက်စမ်းသပ်မှုများ ပြုလုပ်သွားမည်

**မန္တလေး မေ ၂၁**

မြန်မာစိန်တလုံး သရက်သီးများ၏ သဘာဝအတိုင်းရင့်မှည့်မှုကို သိရှိနိုင်ရန် ရက်အလိုက်စမ်းသပ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးရေးအသင်း (သုတေသနဆပ်ကော်မတီ)က မေ ၂၀ရက်က ထုတ်ပြန်ခဲ့သော ကြေညာချက်အရ သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ဆည်၊ တံတားဦး၊ ပေါ်တော်မူ၊ စဉ့်ကိုင်၊ ပုသိမ်ကြီး၊ မတ္တရာ၊ သပိတ်ကျင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ညောင်ပင်ဝိုင်း၊ စစ်ကိုင်း၊ ဘုတလင်၊ ကသာနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ထွက်ရှိသော စိန်တလုံးသရက်များကို စမ်းသပ်မှုပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် စမ်းသပ်မှုများပြုလုပ်ရာတွင် ဒေသအလိုက် ပါဝင်ကူညီမှုများ ပေးစေလိုကြောင်း သိရသည်။

"စိန်တလုံးသရက်သီးကို သဘာဝအတိုင်း ရင့်မှည့်အောင်မစောင့်ဘဲ ဆေးအသုံးပြုတာ၊ ပေါင်းခံတာတွေ ပြုလုပ်တဲ့အတွက်ကြောင့် မြန်မာ့စိန်တလုံးသရက်ကို အမိကဝယ်ယူနေတဲ့ တရုတ်ပြည်ဘက်မှာ ချဉ်တယ်ဆိုတဲ့သတင်း ထွက်ပေါ်လာတဲ့အတွက် ဘယ်အချိန်မှာ ဘယ်မြို့နယ်က သရက်သီးက တင်ပို့ရောင်းချလို့ရတဲ့အနေအထားရှိပြီဆိုတာ သိရှိအောင် လုပ်ဆောင်တာ ဖြစ်ပါတယ်" ဟု မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောသည်။

စိန်တလုံးသရက်သီးကို သဘာဝအတိုင်း ရင့်မှည့်ခြင်း ရှိ၊ မရှိကို ရေတွင်စိမ်၍ စမ်းသပ်နိုင်ပြီး ရေတွင်ပေါ်ပါက ရင့်မှည့်ခြင်းမရှိသေးကြောင်းနှင့် ရေတွင်နစ်မြုပ်နေပါက ရင့်မှည့်သည့်အသီးအဖြစ် သတ်မှတ်နိုင်ပြီး ပြည်ပသို့ တင်ပို့နိုင်သည့် အခြေအနေသို့ ရောက်ရှိပြီဖြစ်ကြောင်း သိရသည်။

"ဒေသအသီးသီးက ထွက်ရှိတဲ့ စိန်တလုံး သရက်သီးတွေထဲက စမ်းသပ်ထားတဲ့ သရက်သီး ၁၀ လုံးစီကို သက်ဆိုင်ရာနယ်မြေတွေမှာရှိတဲ့ အသင်းဝင်တွေက မြန်မာ့သရက်ဈေးကွက်နဲ့ နည်းပညာဖွံ့ဖြိုးရေးအသင်း လူမှုကွန်ရက်စာမျက်နှာရှိ messenger သို့ ပေးပို့ရမယ်၊ ပေးပို့တဲ့အခါမှာလည်း ပေးပို့သူရဲ့ ဒေသ၊ ဖုန်းနံပါတ်တွေကိုပါ တစ်ပါတည်း ပေးပို့ရမှာဖြစ်ပါတယ်၊ ပေးပို့လာတာတွေကို မေ ၂၀၊ ၂၅၊ ၃၀ ရက်နဲ့ မေ ၄၊ ၅၊ ၁၀ ရက်တို့မှာ စစ်ဆေးပြီး မှတ်တမ်းယူသွားမှာ ဖြစ်ပါတယ်၊ အဲဒီလိုစစ်ဆေးတာတွေကို သုံးနှစ်ဆက်တိုက်ပြုလုပ်သွားမှာပါ"ဟု ၎င်းက ဆက်လက်ပြောသည်။



ယခုကဲ့သို့ စမ်းသပ်ခြင်းအားဖြင့် သဘာဝအတိုင်း ရင့်မှည့်သည့်အချိန်ကို သိရှိနိုင်မည်ဖြစ်သည့်အပြင် ဒေသအသီးသီးရှိ သရက်သီးများ မည်သည့်အချိန်တွင် ရောင်းချနိုင်သည့် အဆင့်သို့ ရောက်ရှိပြီဖြစ်ကြောင်းကိုလည်း သိရှိသွားမည်ဖြစ်ကြောင်းနှင့် သဘာဝအတိုင်း ရင့်မှည့်ခြင်းမရှိသေးဘဲ ပြည်ပသို့တင်ပို့ခြင်းများ နည်းပါးသွားစေရန် ထိန်းသိမ်းမှုများ ပြုလုပ်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ခရမ်းချဉ်စိုက်တောင်သူများ မိသားစုဝင်ငွေ တွက်ခြေကိုက်

**ကျောက်ပန်းတောင်း မေ ၂၁**

စိုက်ပျိုးရေးကြောင့် တစ်ခေတ်ဆန်းနေသော ကျောက်ပန်းတောင်းမြို့နယ် လဲဂွကျေးရွာ၊ ညောင်ဖြူပင်ကျေးရွာ၊ မုန့်ကုန်းကျေးရွာနှင့် လက်ပံအိုင့်ကျေးရွာတို့သည် ဥယျာဉ်ခြံမြေ၊ လယ်ယာကိုင်းကျွန်းမြေတို့တွင် သီးနှံအမျိုးမျိုး စိုက်ပျိုးကြသည်။ စိုက်ပျိုးသည့် သီးနှံများဖြစ်သော ဖရဲ၊ မာလကာ၊ ထိုင်ဝမ်ပိန္နဲ၊ ကညွတ်၊ ကြက်တူရွေးပဲ၊ ပဲတိုင်ထောင်၊ ငုတ်တုတ်ပဲ၊ ဆလတ်ပင်အမျိုးမျိုး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ခရမ်း၊ ခရမ်းချဉ်နှင့် ကိုက်လန် စသော ဟင်းသီးဟင်းရွက်နှင့် ဥယျာဉ်ခြံတို့ကို မြေအောက်ရေတွင်းများတူးပြီး စိုက်ပျိုးကြကာ စိုက်ပျိုးသည့်သီးနှံတိုင်း အောင်မြင်ဖြစ်ထွန်း၍ မိသားစုအပိုဝင်ငွေ ရရှိနေကြကြောင်း သိရသည်။

အဆိုပါ မြေအောက်ရေအသုံးပြုစိုက်ပျိုးကြသည့် တောင်သူများသည် ရရှိလာသည့် သီးနှံများအား ကျောက်ပန်းတောင်းမြို့မဈေးသို့ သွားရောက်ရောင်းချကြပြီး အချို့သော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို စိုက်ခင်းများသို့ လာရောက်ဝယ်ယူကြကြောင်း သိရသည်။

"ကျွန်တော်ကတော့ ဒီနှစ်ကြက်သွန်မစိုက်ဘဲ ပင်ထောင်ခရမ်းချဉ်တွေပဲ တစ်ဧကခွဲကျော် စိုက်လိုက်တယ်၊ တစ်သုံးလုံးတံဆိပ် ပင်ထောင်ခရမ်းချဉ်ပျိုးတစ်အိတ်ကို ငွေကျပ် ၉၀၀၀ ပေးရပြီး ဆယ်ထုပ်ဝယ်ပြီး ပျိုးစေ့တစ်စေ့ကို တစ်အိတ်နဲ့ ပျိုးစထောင်တယ်၊ တစ်သုံးလုံးအိတ်တစ်အိတ်ကို ပျိုးစေ့ ၅၅၀ ပါကာ စထောင်တဲ့ရက်မှ ၁၅ ရက်အတွင်း စိုက်မယ့်အခင်းထဲကို ရွှေ့စိုက်ကာ ရေကိုသုံးရက်တစ်ခါ မြောင်းလုပ်သွင်းပေးရတယ်၊ တစ်လအကြာလောက်မှာ အဖူးအပွင့်တွေစပွင့်ပြီး ပေါင်းမြက်တွေရှင်းပေးခြင်း၊ မြေဆွပေးခြင်းနဲ့ အပင်တွေအတွက် တိုင်ထောင်ပေးကာ အပင်ကိုင်းတွေကို ကြိုးနဲ့ထောင်ထားတဲ့ သစ်ခက်တွေမှာ ချည်နှောင်ပြီးထားပေးရပါတယ်၊ နှစ်လလောက်ရောက်ရင် ခရမ်းချဉ်သီးတွေရင့်မှည့်ပြီး စခူးရပါတယ်၊ အစကတော့ နှစ်ရက်တစ်ခါခူးနေရပြီး အခုမှာတော့ နေ့တိုင်းခူးနေရကာ တစ်ရက်ကို ပိဿာချိန် ၈၀၀ ကျော်ရရှိပြီး တစ်ပိဿာကို ငွေကျပ် ၅၀၀ ရောင်းချရပါတယ်"ဟု ခရမ်းချဉ်စိုက်တောင်သူ ဦးမောင်စိုးက ပြောသည်။

အဆိုပါ ခရမ်းချဉ်စိုက်ခင်းအတွက် ငွေကျပ် ၁၀ သိန်းကုန်ကျပြီး တစ်ဝက်ပင်မခူးရသေးဘဲ ငွေကျပ် ၃၅ သိန်းဝင်ပြီဖြစ်ကြောင်း၊ နေ့တိုင်း ပိဿာချိန် ၈၀၀ ကျော်ထွက်နေရာ တစ်နေ့လျှင် လေးသိန်းကျပ် ဝင်ငွေရရှိကာ မြေအောက်ရေ အသုံးပြုပြီး ခရမ်းချဉ်စိုက်ပျိုးခြင်းကြောင့် မိသားစုဝင်ငွေ တိုးတက်နေကြောင်း ခရမ်းချဉ်စိုက်သူတောင်သူများထံမှ သိရသည်။

**ကိုထိန်(ငါ့သရောက်)**

# ကဆုန်လပြည့် ဗုဒ္ဓနေ့

ခင်လေးသက်

ကဆုန်ဟု ယခုအရေးအခေါ်ပြုနေသော လ၏အမည်ကို ပုဂံခေတ်ထိုး ကျောက်စာတို့တွင် 'ကုဆုန်'ဟု အရေးများသည်။

ပုဂံခေတ် အသုံးတွင်ကျယ်သော 'ကုဆုန်၊ ကဆုန်' ဟူသော အရေးနှစ်မျိုးတွင် 'ကုဆုန်'သည် မူလဖြစ်၍ ယင်းမှ ကဆုန်သို့ ရွေ့လျားသည်ဟု ယူဆရပေသည်။

ကု၊ က၏ အနက်သည် ရေဖြစ်၍ ဆုန်၏အနက်မှာ သွန်းလောင်းသည်ဟု ဖြစ်သောကြောင့် ကဆုန်လကို ရေသွန်းလ၊ ရေလောင်းလဟု ကောက်ယူရာသည်။ ကုဆုန်၊ ကဆုန်ဟူသော လ၏ အခေါ်မှာ အလွန်ရှေးကျသည်ကိုထောက်သော် မြန်မာနိုင်ငံသို့ သာသနာရောက်သည့်အခါမှစ၍ ညောင်ရေသွန်းပွဲတော်ကျင်းပခြင်း အလေ့လည်း တစ်ပြိုင်တည်းဖြစ်ပေါ်လာသည်ဟု ထင်မှတ်ရကြောင်း ပညာရှင်များက ဆိုထားခဲ့ပါသည်။

မြန်မာတို့သည် ရိုးရာယဉ်ကျေးမှုကို နှစ်သက်သော၊ တန်ဖိုးထားသော လူမျိုးများဖြစ်ပေသည်။ ဤအခါတွင် ဗုဒ္ဓဘာသာဝင်တို့သည် ဗောဓိညောင်ပင်တွင် ရေသွန်းလောင်းခြင်းအမှုကို အစဉ်အဆက်မှ ယနေ့တိုင် ပြုလုပ်ကြမြဲ ဖြစ်ပါသည်။

ဤကဆုန်လသည် ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်တို့အဖို့ မွန်မြတ်သော၊ ထူးခြားသော လလည်း ဖြစ်ပါ၏။

ဤလတွင် ဝိသာခါနက္ခတ်သည် လပြည့်ဝန်းနှင့် ယှဉ်ပြိုင်၍ထွန်းလင်းတောက်ပသည်။ ဤလဤရာသီမှာ ပြိဿရာသီ တာရာမှာ တံငါရာ၊ ဆင်တာရာ။ ရာသီရုပ်ပုံသဏ္ဌာန်မှာ နွားထီးရုပ်ပုံသဏ္ဌာန်။ နှစ်ဖဝါးဖြင့် မွန်းတည့်သောလ။ ဖွားဖက်တော် ခုနစ်ပါး ပေါက်ဖွားဖြစ်ပေါ်သောလ။ ရာသီပန်းမှာ စံကားဝါပန်းများ ပွင့်လန်းဝေဆာသောလ။ ရာသီပွဲတော်မှာ ညောင်ရေသွန်းပွဲတော်လ။ သို့ဖြစ်၍ စာဆိုအကျော် ဦးကြင်ဥက "သင်းမြေနံ့တကြိုင်ကြိုင်၊ စံကားရွှေဝါနှင့် ညောင်သီတာရေတော်သွန်းချိန်မို့ ရွှန်းဝေလို့လှိုင်"ဟူ၍ စာပန်းချီခြယ်ခဲ့ပေသည်။

ကဆုန်လပြည့်နေ့၏ ဝိသေသထူးများမှာကား "ဖွားမြင်ပွင့်စံ၊ ဗျာဒိတ်ခံ၊ မှတ်ရန်ကဆုန်၊ လပြည့်ကြုံ" ဟူ၍ လည်းကောင်း "ဗျာဒိတ်ဖွားမြင် ဗောဓိပင်၊ စံဝင်နန်းနိဗ္ဗာန်"ဟူ၍လည်းကောင်း အဆိုအတိုင်း အလောင်းတော်သုမေဓာသည် ဒီပင်္ကရာ မြတ်စွာဘုရားထံ နိယတဗျာဒိတ်အဖြစ် ခံယူသောနေ့၊ အလောင်းတော်သိဒ္ဓတ္ထမင်းသား ဖွားမြင်သောနေ့၊ သစ္စာလေးပါးနှင့်တကွ ဘုရားအဖြစ်ကို ရယူသောနေ့၊ ပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့။

ဤဘဒ္ဒကမ္ဘာမှ လူနတ်ပြဟ္မာအပေါင်း ကိုးကွယ်ဆည်းကပ်နေသော ဂေါတမရှင်တော်မြတ်ဘုရားသာလျှင် ဤလ ဤအခါရာသီတွင် ဖွားမြင်ခြင်း၊ ဘုရားအဖြစ်ကို ရတော်မူခြင်း၊ ပရိနိဗ္ဗာန်ပြုတော်မူခြင်း မဟုတ်ပေ။ နှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားတို့သည်လည်း ဖွားမြင်တော်မူသောနေ့၊ ဘုရားအဖြစ် ပွင့်တော်မူသောနေ့၊ ပရိနိဗ္ဗာန်ပြုတော်မူသောနေ့ပင် ဖြစ်လေသည်။ သို့ဖြစ်သောကြောင့်ပင်လျှင် ကဆုန်လပြည့်နေ့ကို 'ဗုဒ္ဓနေ့' ဟူ၍ မှတ်သားခေါ်ဆိုစေခြင်းဖြစ်လေသည်။

ဓမ္မရာသီပျို့ (၇) တွင် "ဖြူဆွတ်ဉာဏ်ဝါ၊ သုမေဓာဟု၊ ကြေညာကျော်လှစ် ရသေ့ဖြစ်၍ ရှင်ချစ်ဘုရား၊ ဆွမ်းခံသွားက၊ ဖဝါးတော်ဦး၊ ထိမူးမူးဝယ်၊ သံကျူးမိန့်ရွတ်၊ ဗျာဒိတ်လွှတ်၏" ဟူ၍ ဖွဲ့ဆိုထားသည့်အတိုင်းပင် ဗုဒ္ဓရှင်တော်မြတ်ဘုရား အလောင်းတော်သည် ဤကဆုန်လပြည့်နေ့တွင် ဘုရားဖြစ်ရန် ဗျာဒိတ်တော်ခံခဲ့လေသည်။

ဤကမ္ဘာမှပြန်၍ ရေတွက်သည်ရှိသော် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ဖြစ်ပွင့်တော်မူခဲ့သည်။ ဒီပင်္ကရာမြတ်စွာဘုရားသည် ရမ္မာဝတီမြို့ ခရီးစကြံဝယ် ရဟန္တာအပေါင်းနှင့်အတူ ကြွလှမ်းတော်မူလာစဉ် ဗုဒ္ဓရှင်တော်မြတ်စွာဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဘုရားရှင်နင်းကြွတော်မူနိုင်ရန် မိမိကိုယ်ကို ရွှံ့ညွန်တို့၏အပေါ်တွင် တံတားခင်း ဝပ်စင်းပေး၍ နေခင်သောအခါ ဤကမ္ဘာ၌ သုံးလောကထွတ်ထား ဂေါတမမြတ်စွာဘုရားဟူ၍ ပွင့်တော်မူနိုင်ရန် ဗျာဒိတ်တော်မြတ်ကို ခံယူခဲ့ခြင်းဖြစ်လေသည်။

စာရေးသူတို့ ငယ်စဉ်က ဆရာကြီးဦးဇော်ဝိတ်ကျောင်းတွင် ညနေကျောင်းဆင်းချိန်ရောက်တိုင်း နေ့စဉ် ဘုရားရှိခိုးများကို အလှည့်ကျရွေ့မှ တစ်ယောက်ကတိုင်သည်များအား နောက်က သံပြိုင်လိုက်ဆိုကြရသည်များကို အမှတ်ရမိပါသည်။ ယခု မှတ်မှတ်ရရ ဖော်ပြပါရစေ။

အင်မတန်မှ ရိုသေလေးမြတ် ကြည်ညိုအပ်သော "လယ်တီဆရာတော်ကြီး ရေးသားတော်မူသည့် ဗုဒ္ဓရှင်တော်မြတ်ဘုရား အကြောင်းပျို့" မှ ဘုရားရှိခိုးဖြစ်ကြောင်း ဆရာကြီးဦးဇော်ဝိတ်က ပြောပြခဲ့သော်လည်း မိမိအသက်အရွယ် ကြီးလာသည့်အခါမှ ပို၍ကြည်ညိုလေးမြတ်ရမှန်း သိလာခဲ့သည်။

"သန္ဓေယူခါ၊ ဆယ်လကြာသော်
မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြုံ
ကဆုန်လပြည့်၊ သောကြာနေ့ဝယ်
ချမ်းမြေ့စုံညီ၊ လုမ္ဗိနီ၌
မဟီလှိုက်ဆူ၊ ဖွားတော်မူသည်
နတ်လူအောင်မြို့၊ လမ်းပါကို"

ဗုဒ္ဓရှင်တော်မြတ်ဘုရားလောင်းသည် ဤကဆုန်လပြည့်နေ့တွင် ဖွားမြင်တော်မူကြောင်းဖြစ်သည်။ လုမ္ဗိနီမည်သော အင်ကြင်းတောဝယ် ဘုရားရှင်၏ မယ်တော်မဟာမာယာဒေဝီ မိဖုရားကြီးသည် မင်္ဂလာအင်ကြင်းကိုင်းကို ကိုင်ဆွဲလျက် ရပ်တည်စဉ် ခဏ၌ပင် သမုဒ္ဒရာနှင့်တကွသော စကြာဝဠာတိုက်တစ်သောင်းလုံး အံ့ဖွယ်သရဲလွန်ကဲကြီးမြတ်လှစွာသော ပုဗ္ဗနိမိတ်ကြီးတို့ကို တစ်ပြိုင်နက်တည်းဖြစ်စေလျက် မဟာသက္ကရာဇ် ၆၈ ခုနှစ် ဥတုဂိမှာန်၊ ကဆုန်လပြည့် သောကြာနေ့ ဝိသာခါနက္ခတ်နှင့် စန်းလယှဉ်လျက်နေစဉ် လက္ခဏာကြီးငယ် အသွယ်သွယ်တို့ဖြင့် တင့်တယ်စွာ တန်ဆာဆင်အပ်သော ဗုဒ္ဓရှင်မြတ်ဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည် မယ်တော်မဟာမာယာဒေဝီ၏ စေတီအိမ်ပမာ ဝမ်းကြာတိုက်မှ ကောင်းမြတ်စွာ သန့်စင်မီးရှူးဖွားမြင်တော်မူခဲ့ခြင်းဖြစ်ပါပေသည်။

တစ်ဖန် ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဤကဆုန်လပြည့်နေ့တွင်ပင် သဗ္ဗညုတရွှေဉာဏ်တော်ကိုရရှိကာ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ကြောင်း လယ်တီဆရာတော်ကြီးရေးသားသော "ဗုဒ္ဓရှင်တော်မြတ်ဘုရား အကြောင်းပျို့" မှ ဘုရားရှိခိုးကို အသံနေအသံထားဖြင့် ရွတ်ဖတ်သီဆိုခဲ့ရသည်ကို ကျေနပ်ကြည်နူးမဆုံး ရှိခဲ့ရသည့်အဖြစ်ကိုလည်း မမေ့နိုင်ခဲ့ပါ။

"တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊
ခါတော်တဖုံ၊ ပွင့်ချိန်ကြုံက
ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်
မြေ့ပရမေ၊ ပလ္လင်ဗွေထက်
ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်
မငြီးကြည်ဖြူ နေတော်မူလျက်
ရန်သူခပင်း၊ အမိုက်သင်းကို
အရှင်းပယ်ဖျောက်၊ အလင်းပေါက်က
ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်
သုံးဖော်လူတို့ ငြိမ်းပါကို"

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် ၄၅ နှစ်ကာလပတ်လုံး သတ္တဝါဝေနေယျ အသင်္ချေယျအနန္တတို့ကို ကိုယ်တော်တိုင် သွန်သင်ညွှန်ပြဆုံးမတော်မူခဲ့သည်။ သာသနာအဓွန့်ရှည်စွာ အနှစ် ငါးထောင်မကကြာလွန်သည့်တိုင်အောင် သတ္တဝါတို့ ကိုးကွယ်ဆည်းကပ်ယုံကြည်အားထားအပ်သော တရားရတနာ၊ သံဃာရတနာတို့ကိုပါ ပြည့်စုံတော်မူစေခဲ့သည်။ သက်တော် (၈၀) ဝါတော် (၄၅) ဝါအရ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့် (အင်္ဂါနေ့)တွင်ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းတောဥယျာဉ်၌ ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့ခြင်းဖြစ်သည်။

ဤသည်ကိုလည်း လယ်တီဆရာတော်ကြီးက

"တရားနတ်စည်၊ ဆော်ရွှမ်းလည်က
သုံးမည်ဘုံသိုက်၊ တစ်သောင်းတိုက်ဝယ်
ကျွတ်ထိုက်သသူ၊ နတ်လူပြဟ္မာ
သတ္တဝါကို ခေမာသောင်သို့
ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ
ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်
စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်
သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း
စံနှိုင်းမယုတ်၊ ကုသိနာရုံ
အင်ကြင်းစုံ၌၊ ကဆုန်လပြည့်
အင်္ဂါနေ့ဝယ်၊ ချမ်းမြေနိဗ္ဗူ
စံတော်မူသည်၊ ဂုန်းဆူသောင်းလုံး ကျော်တယ်ကို"

ဆိုခဲ့ပြီးသည့်အတိုင်း ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဤကဆုန်လပြည့်နေ့တွင် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပါပေသည်။

ကဆုန်လပြည့်နေ့တွင် ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းခြင်းဓလေ့ ပေါ်ထွန်းလာရသည်မှာ ဤသို့တည်း။ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် မဟာပရိနိဗ္ဗာနသုတ်တွင် သံဝေဇနိယလေးဌာနကို ဟောကြားတော်မူခဲ့သည်။ ယင်းလေးဌာနမှာ ဗုဒ္ဓရှင်တော်မြတ်ဘုရား ဖွားမြင်ရာဌာနဖြစ်သော လုမ္ဗိနီဥယျာဉ်၊ ဘုရားအဖြစ်သို့ ရောက်ရာဌာနဖြစ်သော မဟာဗောဓိညောင်ပင်၊ ဓမ္မစကြာတရားဟောကြားရာဌာနဖြစ်သော မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်ပြုရာဌာနဖြစ်သော ကုသိနာရုံတို့ ဖြစ်ပါသည်။

ထိုလေးဌာနသည် သဒ္ဓါတရားရှိသူများ ဖူးမြော်ထိုက်သော၊ သံဝေဂရစေနိုင်သော ဌာနများဖြစ်သည်ဟု ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ဟောကြားတော်မူခဲ့သဖြင့် ဗုဒ္ဓဘာသာဝင်တို့သည် ကဆုန်လပြည့်နေ့တွင် ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းကာ ပူဇော်ကြခြင်းဖြစ်သည်။

ယင်းအပြင် ဤသို့ ရှိပါသေး၏။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်တော်မူစဉ်က အနာထပိဏ်သူဌေးကြီးသည် ရှင်အာနန္ဒာမထေရ်မြတ်အား "မြတ်စွာဘုရားရှင်အား ဖူးမြော်ကြည်ညိုလိုလှ၍ ရောက်ရှိလာကြသော ပုဂ္ဂိုလ်များသည် မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတော်၌ မရှိခိုက်နှင့်ကြုံတွေ့နေကြရသဖြင့် စိတ်နှလုံးသားများ ပင်ပန်းနွမ်းနယ်လျက်ရှိနေကြပါတော့သည်ဘုရား၊ မြတ်စွာဘုရားရှင်အတွက် ကိုယ်စားတော်ပြု၍ မည်သည်ကို ပူဇော်ကြည်ညိုနိုင်ကြရန် မြတ်စွာဘုရားရှင်အား လျှောက်ထားတော်မူပါဘုရား" ဟု လျှောက်ထားတောင်းပန်လေ၏။

ရှင်အာနန္ဒာမထေရ်မြတ်သည် ဗုဒ္ဓရှင်တော်မြတ်ဘုရားအား ယင်းကိစ္စရပ်များကို ပြန်လည်ဦးတင်လျှောက်ထားလေသည်။ ထိုအခါ ဗုဒ္ဓရှင်တော်မြတ်ဘုရားက ရှင်အာနန္ဒာမထေရ်မြတ်အား "ချစ်သားအာနန္ဒာ ငါဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသည့်နောက် ငါဘုရား၏ ဓာတ်တော်ရတနာများ အစရှိသော သာရီရိက စေတီ၊ သပိတ်၊ သင်္ကန်းစသည့် ငါဘုရား၏ အသုံးအဆောင်များဖြစ်သော ပရိဘောဂစေတီနှင့် ငါဘုရားရှင်အား ရည်မှတ်သွန်းထုပြုလုပ်ကိုးကွယ်အပ်သော ဥဒ္ဒိဿစေတီများအား ကိုးကွယ်ပူဇော်နိုင်ကြပေသည်။ ငါဘုရားရှင် သစ္စာလေးပါး မြတ်တရားကို ပိုင်ခြားထင်ထင် သိမြင်တော်မူရာ မဟာဗောဓိညောင်ပင်သည် စေတီမည်၍ ဖူးမြော်ကိုးကွယ်ကာ ပူဇော်နိုင်ကြပေသည်"ဟု မိန့်ကြားတော်မူခဲ့လေသည်။ ယင်းသို့ မိန့်ကြားတော်မူခဲ့၍ ဗုဒ္ဓဘာသာဝင်တို့သည် ကဆုန်လပြည့်နေ့တွင် ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းကာ ပူဇော်ကြခြင်းဖြစ်လေသည်။ ဤသည်မှာလည်း ညောင်ရေသွန်းလောင်းခြင်းဓလေ့ ပေါ်ထွန်းလာစေသည့် အကြောင်းတစ်ခုပါတည်း။

"တန်ခူးရေကုန်၊ ကဆုန်ရေခန်း" ဆိုရိုးစကားအတိုင်းပင် နွေလယ်ကာလဖြစ်သော ဤကဆုန်လတွင် နေမင်း၏အပူရှိန်ဒဏ်သည် အလွန်ပြင်းထန်လှသည်။ သို့ဖြစ်၍ ဤအခါသမယတွင် ဗောဓိညောင်ရွှေ ဗုဒ္ဓဟေပင်ကြီးလည်း ရေလို၍ ညှိုးလျှသွားမည်ကို စိုးရိမ်ကြီးခြင်းဖြင့် ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် ယင်းဗောဓိညောင်ရွှေ ဗုဒ္ဓဟေပင်ကြီး အဓွန့်ရှည်စွာတည်ရှိရေး၊ အေးငြိမ်းချမ်းမြ ရှိစေရေးအတွက် ဤကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ညောင်ရေ သွန်းလောင်းကာ ပူဇော်သမှုပြုကြခြင်း ဖြစ်လေသည်။

ညောင်ရေသွန်းလောင်းခြင်း ဓလေ့သည် ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ "ဘာသာစာရိတ္တ" ရိုးရာယဉ်ကျေးမှု အစဉ်အလာတစ်ရပ်ကို ထိန်းသိမ်းခြင်းပင်ဖြစ်၏။ ထိုသည်ကပင် ဗုဒ္ဓရှင်တော်မြတ်ဘုရားအား မမေ့ခြင်း၊ ဗုဒ္ဓရှင်တော်မြတ်ဘုရားအား ပူဇော်ခြင်းမည်ပါပေ၏။ နက်ရှိုင်းသည့် အတွေးအသိခံယူချက်ဖြင့် မြန်မာလူနေမှုဘဝ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းဆိုင်ရာ ပြည့်ဝကြခြင်းမည်ပေ၏။ သို့ဖြစ်၍ ကဆုန်ညောင်ရေသွန်းခြင်းသည် ကောင်းမြတ်သော မြန်မာမှု၊ မြန်မာ့စရိုက်၊ မြန်မာ့ဓလေ့တစ်ရပ်ပင်တည်း။

သဗ္ဗညုတရွှေဉာဏ်တော်ကိုရ၍ ဘုရားစင်စစ်ဧကန်ဖြစ်ခဲ့သည်ကို စိမ့်စိမ့်မြမြ ကြည်ညိုသဒ္ဓါပွားနိုင်ကြစေဖို့ ခေတ်ဟောင်းက တေးပြုဆရာကြီး ရွှေတိုင်ညွန့်က ရေးစပ်၍ အဆိုတော်ကောင်းကြီး ဒေါ်ကြည်အောင် သီဆိုခဲ့သော ဗောဓိပင်နှင့်ရွှေပလ္လင်တေးသီချင်းကြီးကို ဖော်ပြလိုက်ပါသည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားအား ကြည်ညိုမြတ်နိုးလက်စုံမိုး၍ ရှိခိုးပူဇော်ကန်တော့ပါ၏။

"မဟာဗောဓိပင်နဲ့ တစ်လံကွာပါသည် . .
စကြာဝဠာ ငြိမ်သက်၍ မြက်ရှစ်ဆုပ်
ကြဲတော်မူလေသည် . .
တစ်ဆယ့်နဲ့လေးတောင် ကျယ်ဝန်းပါသတဲ့
ပလ္လင်တော် ပေါ်ထွန်းလာခဲ့သည် . .
ဘုရားမဖြစ်သမျှ
ငါမထဟု လှံ့လဥဿာဟစုံအညီ၊
ဗောဓိဘုရား ရွှေပလ္လင်ထက်ဝယ်
ထက်ဝယ်ဖွဲ့ခွေ နေတော်မူလေသည်။
ဘဂဝါဇိနအရှင်သည် တဏှာရှိသမျှ စင်တော်မူပြီ
အပရာဇိတ ပလ္လင်ကိုတဲ့ အောင်မြင်တော်မူလေသည်။
ဝဋ္ဋာတစ်သောင်း ပြဟ္မာအပေါင်း
အောင်ကြောင်းကို အမှန်
ကြွေးကြော်ကြရပြန်လေသည်။
ဗုဒ္ဓ၊ ဘဂဝါအရှင် ဘုရား
စတုတ္ထစျာန်ဝင်စား၊ ပုဗ္ဗေနိဝါသခေါ်
ရွှေဉာဏ် ဓမ္မကိုလ
ဧကန်ရပါသတဲ့ ညဥ့်ဦးယံချိန်ခါမီ၊
ဒိဗ္ဗစက္ခုဉာဏ်ကို မှန်းဆောင်ပြသပ
သန်းခေါင်ယံကျတော့ ရတော်မူလေသည်။
ပရမေအရှင် ဆင်ခြင်ကာပွား
တရားတော်များ ထင်ရှားသိပြီ၊
အလုံးစုံမယွင်း အကြွင်းလည်းမရှိသည်
ဝိသာခါနက္ခတ်နဲ့အညီ ရက်မြတ်တဲ့ချိန်ခါမီ
ဘုရားအဖြစ်ကို
ဧကန်စင်စစ် ရတော်မူလေပြီ"

"ဤဘဒ္ဒကမ္ဘာမှ လူနတ်ပြဟ္မာအပေါင်း ကိုးကွယ်ဆည်းကပ်နေသော ဂေါတမရှင်တော်မြတ်ဘုရားသာလျှင် ဤလ ဤအခါရာသီတွင် ဖွားမြင်ခြင်း၊ ဘုရားအဖြစ်ကိုရတော်မူခြင်း၊ ပရိနိဗ္ဗာန်ပြုတော်မူခြင်း မဟုတ်ပေ။ နှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားတို့သည်လည်း ဖွားမြင်တော်မူသောနေ့၊ ဘုရားအဖြစ် ပွင့်တော်မူသော နေ့၊ ပရိနိဗ္ဗာန်ပြုတော်မူသောနေ့ပင် ဖြစ်လေသည်။ သို့ဖြစ်သောကြောင့်ပင်လျှင် ကဆုန်လပြည့်နေ့ကို "ဗုဒ္ဓနေ့" ဟူ၍ မှတ်သားခေါ်ဆိုစေခြင်း ဖြစ်လေသည်"

# နိုင်ငံတော်အစိုးရမှ အိမ်ခြံမြေအခွန်နှုန်းထားပြင်ဆင်လျှော့ချရန် ထုတ်ပြန်ထားသောကြောင့် အိမ်ခြံမြေလုပ်ငန်းများ ပိုမိုလည်ပတ်လာနိုင်တော့မည်

**ရန်ကုန် မေ ၂၁**

နိုင်ငံတော်အစိုးရမှ ပြည်သူများ အဆင်ပြေစေရန်အတွက် အိမ်ခြံမြေဝင်ငွေအပေါ် ဝင်ငွေခွန် ၁၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ပယ်ဖျက်လိုက်ပြီး ဝင်ငွေနှင့်ပိုင်ဆိုင်မှုများအတွက် အခွန်နှုန်းထား ပြင်ဆင်လျှော့ချရန် ထုတ်ပြန်ထားသောကြောင့် အိမ်ခြံမြေလုပ်ငန်းများ ပိုမိုလည်ပတ်လာနိုင်တော့မည်ဖြစ်ကြောင်း ဝါရင့်အိမ်ခြံမြေလုပ်ငန်းရှင်များထံမှ သိရသည်။

ယခင်က အိမ်ခြံမြေဝယ်ခွန်စနစ်မှာ ငွေကျပ် ၁၀၀၀ အထက်လျှင် ပြည်တွင်းအခွန် ၃၀ ရာခိုင်နှုန်းနှင့်တံဆိပ်ခေါင်းအခွန် လေးရာခိုင်နှုန်း ပေးဆောင်ရကြောင်း၊ အကြောင်းကြောင်းကြောင့် အိမ်ခြံမြေဈေးကွက်နှင့် အခြားစီးပွားရေးဈေးကွက်၌ ကျဆင်းခဲ့ရကြောင်း၊ ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက နိုင်ငံတော်အစိုးရမှ ထုတ်ပြန်ခဲ့သော အခွန်စနစ် ပြောင်းလဲခြင်းကြောင့် အိမ်ခြံမြေဈေးကွက်များ ပိုမိုကောင်းမွန်လာနိုင်ပြီး ထိုကဲ့သို့ ထုတ်ပြန်လိုက်ခြင်းကြောင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် လည်ပတ်မှုဖြစ်စေနိုင်ကာ အခြေခံလူတန်းစားများအတွက်ပါ အကျိုးသက်ရောက်မှုများရှိပြီး ၎င်းတို့အတွက် လူနေမှုဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း ဝါရင့်အိမ်ခြံမြေလုပ်ငန်းရှင်များထံမှ သိရသည်။

မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ(၁)ဦးစိုင်းခွန်နောင်က "ခုအခွန်လျှော့ချပေးတာက အတည်မဖြစ်သေးပေမယ့် ပထမ ၆ လတာ ကာလမှာ အခွန်ဆောင်ရင် သုံးရာခိုင်နှုန်းနဲ့ ဒုတိယ ၆ လထဲမှာ အခွန်ငါးရာခိုင်နှုန်း ပေးဆောင်ဖို့အတွက် နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီး လွှတ်တော်မှာလည်း ဆွေးနွေးအတည်ပြုတော့မှာဖြစ်တဲ့အတွက် ခုလို အခွန်လျှော့ပေါ့တာကို ကျွန်တော်တို့အနေနဲ့ ကြိုဆိုပါတယ်၊ နိုင်ငံတော်စီးပွားရေး ဦးမော့လာနိုင်အောင် တာဝန်ရှိသူအသီးသီးက အမြော်အမြင်ကြီးကြီးနဲ့ လုပ်ဆောင်ပေးနေတာမို့ အိမ်ခြံမြေလုပ်ငန်းနဲ့ ဆောက်လုပ်



ရေးကဏ္ဍတွေမှာ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်၊ အကုန်တွဲပြီးဖြစ်လာတယ်ဆိုရင် အခြေခံလူတန်းစားကအစ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖြစ်လာစေမှာဖြစ်ပါတယ်၊ အိမ်ခြံမြေအခွန်နှုန်းထားနဲ့စပ်လျဉ်းပြီး အများပြည်သူကျပ်တည်းနေတဲ့ စီးပွားရေးကို ပြန်လည်လည်ပတ်လာအောင် လျှော့ချပေးလို့ ကျွန်တော်တို့အသင်းအနေနဲ့ ကြိုဆိုပါတယ်"ဟု ပြောသည်။

"ခုလိုအခွန်နှုန်းထားလျှော့ချပေးလိုက်တာဟာ စီးပွားရေးလုပ်ငန်းရှင်တွေအတွက် လုပ်ငန်းလည်ပတ်အဆင်ပြေစေပြီး နိုင်ငံတော်အတွက်လည်း ဝင်ငွေခွန်ပိုမိုရရှိစေမှာဖြစ်ပါတယ်၊ အခြေခံလူတန်းစားတွေအတွက်ပါ အဆင်ပြေစေမှာမို့ နိုင်ငံတော်အစိုးရက ဒီလိုသတင်းထုတ်ပြန်ပေးတာကို ကျွန်တော်တို့အသင်းက ကြိုဆိုပါတယ်၊ အရင်ကတော့ အိမ်ခြံမြေဝယ်ယူသူနည်းပါးပြီး အခွန်ဆောင်ရာမှာ နှုန်းထားမြင့်မားတဲ့အတွက် ပြည်သူတွေအနေနဲ့ ဝန်ထုပ်ဝန်ပိုးဖြစ်ပြီး အခွန်မဆောင်ဘဲစောင့်ကြည့်နေတဲ့သူတွေလည်း ရှိနေပါတယ်။

ခုလို နိုင်ငံတော်အစိုးရအနေနဲ့ ဝင်ငွေခွန်ရရှိဖို့ကို အမြော်အမြင်ကြီးစွာနဲ့ လျှော့ချပေးတဲ့အတွက် အိမ်ခြံမြေဝယ်ယူသူတွေနဲ့ အမည်ပေါက် ပြောင်းလဲချင်သူတွေ ပိုမိုများပြားလာမှာဖြစ်ပြီး နိုင်ငံတော်အတွက်လည်း အခွန်ဘတ်ဂျက်ဝင်ငွေ ပိုမိုရရှိစေမှာဖြစ်ပါတယ်၊ ခုဆို အခွန်လျှော့ချပေးတဲ့အတွက် လုပ်ငန်းရှင်တွေက ကြိုဆိုနေတာကို တွေ့မြင်နေရပါပြီ" ဟု ၎င်းကဆိုသည်။

လက်ရှိအနေအထားအရ အခွန်နှုန်းထားစနစ်လျှော့ချတော့မည်ဖြစ်သောကြောင့် အိမ်ခြံမြေအဝယ်သမားများ ပိုမိုမြင့်တက်လာခဲ့ကြောင်း၊ အခွန်စနစ်အတည်ဖြစ်ပါက အိမ်ခြံမြေအဝယ်နှုန်း ပိုမိုမြင့်တက်လာနိုင်ကြောင်း၊ ယခင်ကာလက အိမ်ခြံမြေဈေးကွက်အတွင်း ပိုမိုရင်းနှီးမြှုပ်နှံမှုများရှိခဲ့သောကြောင့် အိမ်ခြံမြေဈေးနှုန်းများ လွန်စွာမြင့်မားခဲ့သော်လည်း ယခုအခါ အိမ်ခြံမြေဈေးကွက်တစ်ခုအနေဖြင့် ပုံမှန်လည်ပတ်နိုင်တော့မည်ဖြစ်သောကြောင့် နေရာအနေအထားပေါ်မူတည်ကာ အထိုက်အလျောက်သာ ဈေးနှုန်းမြင့်တက်လာနိုင်ပြီး ယခင်ကဲ့သို့ အိမ်ခြံမြေဈေးနှုန်းမြင့်မားမှုများ မရှိနိုင်တော့ကြောင်း သိရသည်။

ပြည်သူများအနေဖြင့် မြေပိုင်ဆိုင်မှုဂရန်အမည်ပေါက် ရရှိရေးအတွက် လျှောက်ထားရာတွင် လက်ရှိအနေအထားအရ ကြန့်ကြာမှုများရှိနေကြောင်း၊ အဆောက်အအုံများဆောက်လုပ်ရာတွင် ဆောက်လုပ်ခွင့်ပါမစ်ရရှိရေးအတွက် အချိန်ကြန့်ကြာမှုများ ရှိနေပြီး အိမ်ခြံမြေအမည်ပေါက်ရရှိရန်အတွက် နှစ်လခွဲ၊ သုံးလ ကြန့်ကြာမှုများ ရှိနေကြောင်းနှင့် အများပြည်သူအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေမှုမှာလည်း ကြန့်ကြာနှောင့်နှေးစေနိုင်မည် ဖြစ်ကြောင်း၊ ယခုကဲ့သို့ အများပြည်သူအတွက် လျှော့ပေါ့လိုက်သည့် အခွန်စနစ်မှာ မည်ကဲ့သို့သော ဝန်ဆောင်မှုများပေးနိုင်မည်ဖြစ်ကြောင်း၊ အခွန်ပေးဆောင်ရာတွင် အခွန်ဝန်ထမ်းများမှ မြန်ဆန်သော ဝန်ဆောင်မှုများပေးနိုင်ရန် ပြင်ဆင်ထားသင့်ကြောင်းနှင့် ဂရန်အမည်ပေါက်ရရှိရေးအတွက် လျှောက်ထားရာတွင် သက်ဆိုင်ရာဌာနများမှ မြန်ဆန်သော ဝန်ဆောင်မှုများပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားသင့်ကြောင်း၊ ထို့အတွက်ကြောင့် အခွန်ပြောင်းစနစ်အား နှစ်နှစ်တာကာလပေးပြီး ဒုတိယနှစ်တွင် ခုနစ်ရာခိုင်နှုန်းနှင့် ၁၀ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံမည်ဆိုပါက နိုင်ငံတော်မှလည်း အခွန်ဝင်ငွေ ပိုမိုရရှိစေမည်ဖြစ်ပြီး အများပြည်သူအတွက်လည်း ပိုမိုအကျိုးရှိစေမည်ဖြစ်ကြောင်း ဝါရင့်အိမ်ခြံမြေလုပ်ငန်းရှင်များက သုံးသပ်ကြသည်။

ယခုအခါ ရန်ကုန်မြို့၏ အိမ်ခြံမြေဈေးကွက်မှာ အရောင်းအဝယ်အနည်းငယ် ပြန်လည်ဖြစ်လာပြီး ယခင်ကဲ့သို့ အိမ်ခြံမြေဈေးနှုန်း အဆမတန်မြင့်မားမှုများ မဖြစ်နိုင်တော့ကြောင်းနှင့် ယခုအခါ အိမ်ခြံမြေဝယ်ယူရင်းနှီးမြှုပ်နှံရန် အချိန်ကောင်းဖြစ်ကြောင်း ဝါရင့်အိမ်ခြံမြေလုပ်ငန်းရှင်များထံမှ သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ပွင့်သစ္စာ**

# သကြၤန်ပိတ်ရက်အလွန် ပဲစင်းငုံဈေးနှုန်း နှစ်ရက်ဆက်တိုက်ဈေးမဖွင့် မတ်ပဲဈေးကျသော်လည်း အရောင်းအဝယ်အနည်းငယ်သာဖြစ်

**ရန်ကုန် မေ ၂၁**

သင်္ကြန်ပိတ်ရက်အလွန် ပဲဈေးကွက်ပြန်လည်စတင်ဖွင့်သည့်ပထမနေ့ဖြစ်သော မေ ၁၈ ရက် ရန်ကုန်ပဲဈေးကွက်တွင် မတ်ပဲ RC တစ်တန် ကျပ် ၄၇၉၀၀၀၊ မတ်ပဲ SQ/RCတစ်တန် ကျပ် ၆၂၀၀၀၀ နှုန်း၊ ပဲစင်းငုံနီ RC တစ်တန် ကျပ် ၄၀၉၅၀၀ နှုန်း အသီးသီး ဈေးဖွင့်သော်လည်း အရောင်းအဝယ်မဖြစ်ခဲ့ဟု ပဲဈေးကွက်မှ သိရသည်။

မေ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ပဲစင်းငုံဈေးမဖွင့်ခြင်းနှင့်အတူ ရန်ကုန်ပဲဈေးကွက်တွင် သုံးရက်ဆက်တိုက် အရောင်းအဝယ် မဖြစ်ဟု နေ့စဉ်ထုတ်ပြန်သော ပဲဈေးနှုန်း စာရင်းနှင့် ယှဉ်တွဲဖော်ပြခြင်းမှ သိရသည်။

မေ ၁၉ ရက်တွင် မတ်ပဲ RC တစ်တန် ကျပ် ၄၇၁၀၀၀ နှုန်းဖြင့် ကုန်သေတ္တာပေါင်း ၂၅ လုံး၊ မေ ၂၀ ရက်တွင် ကျပ် ၄၆၂၀၀၀ နှုန်းဖြင့် ကုန်သေတ္တာအလုံး ၃၀ အရောင်းအဝယ်ဖြစ်သည်ဟု သိရသည်။ သင်္ကြန်ပိတ်ရက်မတိုင်မီ မေ ၁၁ ရက် ရန်ကုန်ပဲဈေးကွက်တွင် မတ်ပဲ RC တစ်တန် ကျပ် ၄၇၁၀၀၀၊ SQ /RC တစ်တန် ကျပ် ၆၁၇၀၀၀၊ ပဲစင်းငုံနီ RC တစ်တန် ကျပ် ၄၁၂၀၀၀ နှုန်းရှိကာ မတ်ပဲ RC ကုန်သေတ္တာအလုံးရေ ၄၀ အရောင်းအဝယ်ဖြစ်ခဲ့သည်ဟု သိရသည်။ မေ ၃ ရက်တွင် မတ်ပဲ RC ကုန်သေတ္တာ ၇၅ လုံး၊ မေ ၄ ရက်တွင် အလုံး ၁၀၀၊ မေ ၆ ရက်တွင် ၉၅ လုံး အသီးသီး အရောင်းအဝယ်ဖြစ်ခဲ့သည်။

အိန္ဒိယမှ မြန်မာ့မတ်ပဲနှင့် ပဲစင်းငုံများ ပြန်လည်ဝယ်ယူရန်မှာ အချိန်ကြာမြင့်နိုင်သေးသဖြင့် ပြည်တွင်းပဲဈေးကွက်တွင် ယင်းပဲဈေးနှုန်းများ အနိမ့်တွင်ရှိနိုင်သေးသည်ဟု ပဲလုပ်ငန်းလုပ်ကိုင်သူ ဦးအာချလာက ဆိုသည်။ ပြည်ပပို့ FOB ပဲတစ်တန်ဈေးမှာ မေ ၂၀ ရက်တွင် မတ်ပဲ RC (၂၀၁၇) ၃၅၀- ၃၇၀ ဒေါ်လာ၊ ပဲစင်းငုံနီ RC (၂၀၁၇) ၃၁၅- ၃၃၅ ဒေါ်လာ၊ (၂၀၁၈) ၂၉၅ - ၃၁၅ ဒေါ်လာနှုန်းသာရှိသည်။

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဖေဖော်ဝါရီ ၂ ရက်အထိ ပြည်ပသို့ အမေရိကန်ဒေါ်လာ ၇၅၂ ဒသမ ၅၁၉ သန်းတန်ဖိုးရှိ ပဲမျိုးစုံတင်ပို့နိုင်ခဲ့သည်ဟု သိရသည်။ ယခင်နှစ် ကာလတူဖြစ်သော ၂၀၁၇ ခုနှစ် မေ ၂၀ ရက် ရန်ကုန်ပဲဈေးကွက်တွင် မတ်ပဲ RC တစ်တန် ကျပ် ၁၀၆၆၀၀၀၊ SQ/RC တစ်တန် ကျပ် ၁၃၃၂၅၀၀၊ ပဲစင်းငုံနီ RC တစ်တန် ကျပ် ၇၃၀၀၀၀ နှုန်း အသီးသီးရှိခဲ့သည်။

ယင်း ၂၀၁၇ မေလ နောက်ဆုံးပတ်အတွင်း ပြည်ပပို့ FOB တစ်တန်ပဲဈေးနှုန်းမှာ မတ်ပဲ RC ၈၀၀-၈၃၀ ဒေါ်လာ၊ ပဲစင်းငုံနီ RC တစ်တန် ၅၅၀ - ၅၈၀ ဒေါ်လာနှုန်း ရှိသည်ဟု သိရသည်။ ပြည်ပပို့ပဲများကဲ့သို့ ပြည်တွင်းတွင် စားသုံးမှုများသော ကုလားပဲခြမ်း လက်ကားတစ်ပိဿာ ဈေးနှုန်းမှာ ၂၀၁၇ မေ ၂၀ ရက်တွင် ကျပ်၂၇၀၀-၂၉၀၀ နှုန်းရှိရာမှ ယခုနှစ် ကာလတူ ဖြစ်သော၂၀၁၈ မေ ၂၀ ရက်တွင် ကျပ် ၁၅၅၀ နှုန်းသာ ဈေးရှိနေသည်။ ကုလားပဲခြမ်းအစား စားတော်ပဲ (ပဲပြုတ်ပဲ)လုံးမှခွဲသော ပဲခြမ်းများမှာ တစ်ပိဿာ လက်ကားဈေး ကျပ် ၁၁၅၀ ဝန်းကျင်သာ ဈေးရှိသည်။

၂၀၁၅ နှစ်လယ်နောက်ပိုင်းမှစ၍ နှစ်နှစ်ဝန်းကျင် ပြည်ပပို့မတ်ပဲနှင့် ပဲစင်းငုံဈေးနှုန်းများ အမြင့်တွင်ရှိရာမှ အိန္ဒိယ၏ ပဲတင်သွင်းခြင်းမူဝါဒ ပြောင်းလဲကန့်သတ်ခြင်းကြောင့် မြန်မာပြည်တွင်း မတ်ပဲနှင့်ပဲစင်းငုံဈေးနှုန်းများ ကျဆင်းခဲ့သည်။ ပဲဈေးနှုန်းတည်ငြိမ်ရန် ၂၀၁၇ နှစ်ကုန်ပိုင်း ပဲကုန်သည်အချို့ ငွေကြေးမတည်ကာ မတ်ပဲတစ်တန်ကျပ်ငါးသိန်းနှုန်း၊ ပဲစင်းငုံတစ်တန်ကျပ်လေးသိန်းနှုန်းဖြင့် ဝယ်ယူရန် စီစဉ်လုပ်ဆောင်ခြင်းရှိခဲ့သည်ဟု သိရသည်။ သို့သော်ယခုအခါ ယင်းသို့ လုပ်ဆောင်ခြင်း မရှိတော့ဘဲ ကုန်သည်များ မိမိထည့်ဝင်ငွေများ ပြန်လည်ထုတ်ယူသွားကြသည်ဟု သတင်းဖော်ပြသည်ကို မြင်တွေ့ရသည်။ ယင်းကာလက သတ်မှတ်ခဲ့သော အခြေခံဈေးများအနက် မတ်ပဲမှာ ၂၀၁၈ မတ် ၂၀ ရက်မှစ၍ ယနေ့အထိ အခြေခံဈေး ကျပ်ငါးသိန်းအောက်တွင် ရှိနေဆဲဖြစ်သည်။ ပဲစင်းငုံမှာမူ မတ် ၁၃ ရက်မှ မေ ၉ ရက်အထိ အခြေခံဈေး ကျပ်လေးသိန်းအောက်တွင်ရှိခဲ့သည်။ မေ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၈ ရက်တို့တွင် ကျပ်လေးသိန်းအထက်သို့ ပြန်လည်ရောက်ရှိသော်လည်း ရန်ကုန်ပဲဈေးကွက်တွင် မတ်ပဲအရောင်းအဝယ်ဖြစ်သည်ထက် ပဲစင်းငုံအရောင်းအဝယ်ဖြစ်မှုမှာ နည်းနေဆဲဟု ရန်ကုန်ပဲဈေးကွက်မှ သိရသည်။

**မောင်စေအောင်**



# ဖျာပုံစာတိုက် ပြည်ပချောထုပ်ပို့လုပ်ငန်း ဝင်ငွေကောင်း

**ဖျာပုံ မေ ၂၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်း ဖျာပုံစာတိုက်သည် ဝင်ငွေတိုးမြှင့်ရရှိစေရေးအတွက် ပြည်တွင်း ပြည်ပ အမြန်ချောပို့ဆောင်ရေးလုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က ၁၅ မြို့နယ်သာ လက်ခံဆောင်ရွက်ခဲ့ရာမှ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အမြန်ချောပို့ မြို့နယ် ၃၀၁ မြို့နယ်အထိ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ပြည်ပနိုင်ငံများသို့ ချောထုပ်ပို့ဆောင်မှုလုပ်ငန်းကိုလည်း ပို့ဆောင်သူတို့စိတ်တိုင်းကျ ဆောင်ရွက်လျက်ရှိရာ လက်ရှိနိုင်ငံပေါင်း ၁၀၂ နိုင်ငံသို့ ချောထုပ်များပို့ဆောင်နိုင်ကြောင်းနှင့် ဖျာပုံစာတိုက်မှ ပြည်ပနိုင်ငံများသို့ ချောထုပ်များ ပို့ဆောင်ရာတွင် တောင်ကိုရီးယားနိုင်ငံသို့ အများဆုံးပို့ဆောင်ပေးရကြောင်း စာတိုက်မှူး ဒေါ်မိုးသီတာက မေ ၂၀ ရက်က ပြောသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ပနိုင်ငံများသို့ ချောထုပ်ပေါင်း ၄၂ ထုပ် ပို့ဆောင်ပေးမှုမှ ငွေကျပ် ၃၂၃၉၀၅၀ ရရှိခဲ့ပြီး ယခင်နှစ်များကထက် ဝင်ငွေပိုမိုရရှိခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။ ဖျာပုံမြို့သည် ခရိုင်မြို့ဖြစ်ပြီး အမြန်ချောပို့လုပ်ငန်း တံဆိပ်ခေါင်းရောင်းချမှုလုပ်ငန်းနှင့် ပြည်တွင်း ပြည်ပ ချောထုပ်ပို့ဆောင်မှုလုပ်ငန်းများကြောင့် ဝင်ငွေကောင်းလျက်ရှိကြောင်းနှင့် တိုင်းဒေသကြီးအတွင်း ဝင်ငွေကောင်းသည့် မြို့နယ်စာရင်းတွင် ပါဝင်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# တစ်ပတ်အတွင်း နိုင်ငံတကာရေးရာ

မေနှင်းအေး

**ဆီးရီးယားအရေး**

ဆီးရီးယားအစိုးရသည် ဧပြီ ၇ ရက်တွင် ဒမတ်စကတ်မြို့ ဒူးမားအရပ်တွင် အရပ်သားများကို ဓာတုလက်နက်ဖြင့် တိုက်ခိုက်ခဲ့၍ အနည်းဆုံး ၄၀ ခန့် သေဆုံးခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ်သုံးနိုင်ငံတို့က ဆီးရီးယား၏ ဓာတုလက်နက်ဆိုင်ရာ နေရာသုံးခုကို ဧပြီ ၁၄ ရက်က အချိန်ကန့်သတ်၍ လေကြောင်းမှ ဒုံးကျည် ၁၀၅ လုံးဖြင့် တိုက်ခိုက်ခဲ့သည်။ တစ်ချိန်တည်းတွင် ရုရှားနိုင်ငံကခေါ်ယူ သော ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အရေးပေါ်အစည်းအဝေး၌ ဆီးရီးယားအနေဖြင့် ကုလသမဂ္ဂဦးဆောင်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်ရန် တောင်းဆိုပြီး အပစ်အခတ်ရပ်စဲရန် လူသားချင်းစာနာမှု အကူအညီပေးရန် ဆုံးဖြတ်ချက်မူကြမ်းကိုလည်း ထိုသုံးနိုင်ငံက တင်သွင်းခဲ့ပါသည်။ သုံးနိုင်ငံတိုက်ခိုက်မှုသည် နိုင်ငံတကာစည်းကမ်းများနှင့် မကိုက်ညီဟု ဆိုနိုင်သော်လည်း ရုရှား၏အကာအကွယ်ပေးမှုကြောင့် ကုလသမဂ္ဂတွင် မဖြေရှင်းနိုင်သည့် ဆီးရီးယားအရေးကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဖြေရှင်းရန် ကြိုးပမ်းမှုဖြစ်ပါသည်။ လုံခြုံရေးကောင်စီ အရေးပေါ်အစည်းအဝေးကို ရုရှားက ခေါ်ယူခြင်းမှာ ထိုသုံးနိုင်ငံ၏ ဆီးရီးယားကို တိုက်ခိုက်မှုအား ရှုတ်ချရန်ဖြစ်သော်လည်း ထိုအဆိုမှာ ထောက်ခံမဲ သုံးမဲ၊ ကန့်ကွက်မဲ ရှစ်မဲ၊ ကြားနေ လေးမဲဖြင့် မအောင်မြင်ခဲ့ပါ။ ရုရှားသည် ဆီးရီးယားအရေးနှင့်ပတ်သက်၍ လုံခြုံရေးကောင်စီတွင် ဗီတို ၁၂ ကြိမ် အသုံးပြုခဲ့ပြီး သုံးကြိမ်မှာ ဓာတုလက်နက်ကိစ္စဖြစ်ပါသည်။

ရုရှားနှင့် ဆီးရီးယားတို့ဘက်က ဒူးမားအရပ်တွင် ဓာတုလက်နက်ဖြင့် တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်ဆိုခြင်းမှာ သူပုန်တို့၏ လုပ်ကြံဝါဒဖြန့်မှုဟုဆိုထားပြီး ထိုဒေသသို့ ဓာတုလက်နက်တားဆီးရေးအဖွဲ့ကိုလည်း ဝင်ရောက်စစ်ဆေးကြည့်ရှုခွင့်မပြုခဲ့ပါ။ ပြင်သစ်သမ္မတသည် မေလတွင် ရုရှားသို့သွားရောက်မည့်အစီအစဉ်ကို မဖျက်သိမ်းခဲ့ဘဲ ရုရှားသမ္မတနှင့်လည်း လေကြောင်းတိုက်ခိုက်မှု မစတင်မီတွင် တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့ပါသည်။ ဆီးရီးယားအား တိုက်ခိုက်မှုတွင် ဆီးရီးယားရှိ ရုရှားတပ်များကို ထိခိုက်စေမှုမရှိခြင်းသည် ရုရှားနှင့် ကြိုတင်ညှိနှိုင်း ဆောင်ရွက်ခဲ့ခြင်းကြောင့်ဟု ယူဆနိုင်ပါသည်။

သုံးနိုင်ငံပူးပေါင်းလျက် အချိန်ပိုင်းတိုက်ခိုက်မှုကို အောင်မြင်သည်ဟု အမေရိကန်သမ္မတက ပြောကြားခဲ့သော်လည်း ဆီးရီးယားဘက်ကမူ ထိုတိုက်ခိုက်ခံရသော နေရာများသည် ဆေးဝါးထုတ်လုပ်သော နေရာများသာဖြစ်သည်ဟုဆိုပြီး ဆီးရီးယားရှိ သိမ်းဆည်းရမိသော သူပုန်စခန်းတွင် ဓာတုလက်နက်များ တွေ့ရခြင်းကို သတင်းထုတ်ပြန်ခဲ့ပါသည်။ အမေရိကန်သည် ယခင်နှစ်ကလည်း ဆီးရီးယားအစိုးရ၏ ဓာတုဓာတ်ငွေ့ဆာရင်း အသုံးပြုမှုကြောင့် ဒဏ်ခတ်သည့်အနေဖြင့် ခရုဇ်ဒုံးကျည် ၅၉ လုံး ပစ်ခတ်သတိပေးခဲ့သည့်တိုင် ဆီးရီးယားသည် ယခုနှစ်တွင် ဓာတုဓာတ်ငွေ့ ထပ်မံအသုံးပြုနိုင်သည်ဖြစ်၍ ယခုပစ်ခတ်ဖျက်ဆီးမှုကြောင့် ဆီးရီးယားတွင် ဓာတုလက်နက် ထပ်မံမပြုလုပ်နိုင်ခြင်း ရှိ၊ မရှိ မသိရပါ။ အမေရိကန်သည် အင်ဂျင်နီယာနှင့် ထောက်လှမ်းရေး အထောက်အကူတပ်များကို ဆီးရီးယားသို့ စေလွှတ်ထားခြင်းရှိပြီး အခြေအနေကောင်းမွန်ပါက တပ်များပြန်လည်ရုပ်သိမ်းရန်ရှိရာ ယခုကဲ့သို့ လျှပ်တစ်ပြက်စစ်ဆင်ခြင်း အောင်မြင်ပါက အမေရိကန်တပ်များ ရုပ်သိမ်းရေးကိုလည်း အထောက်အကူပြုနိုင်ခြေရှိပါသည်။ ယခုတိုက်ခိုက်မှုကို တစ်ပတ်ခန့် ကြိုတင်ပြင်ဆင်ပြီး မိနစ်ပိုင်းမတိုင်မီ ကြေညာကာ သုံးနာရီခန့် နာရီပိုင်းသာ တိုက်ခိုက်ခဲ့ခြင်းဖြစ်ပါသည်။ အိုင်အက်စ်တို့အား နှိမ်နင်းမှုအခြေအနေကောင်းလာနေသည့် အနေအထားတွင် အစ္စရေး၊ ဆော်ဒီအာရေဗျတို့က ဆီးရီးယားမှ အမေရိကန်တပ်နှင့် အထောက်အကူများ ထွက်ခွာသွားမည်ကို မလိုလားပါ။ အမေရိကန်အင်အား လျော့သွားပါက ရုရှား၊ အီရန်နှင့် တူရကီတို့က ဆီးရီးယားတွင် ပိုမိုတွင်ကျယ်လာမည်ဖြစ်ပါသည်။ ဆီးရီးယားတွင် အာဆတ်အစိုးရ တည်မြဲနေစေကာမူ နိုင်ငံ၏အစိတ်အပိုင်းအသီးသီးတွင် နိုင်ငံခြားတိုင်းပြည်များက ဩဇာသက်ရောက်လျက်ရှိပြီး ဥပဒေမဲ့ပစ်ခတ်တိုက်ခိုက်မှုများကို ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများကလည်း တားမြစ်ဟန့်တားနိုင်ခြင်းမရှိပါ။

**မြောက်ကိုရီးယားနှင့် အရှေ့အာရှ**

အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေး မတိုင်မီတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအဖြစ် လျာထားသူ စီအိုင်အေအကြီးအကဲ မိုက်ခ်ပုံပေယိုသည် မြောက်ကိုရီးယားသို့ အီစတာရုံးပိတ်ရက်ကာလက သွားရောက်ကာ ကင်ဂျုံအန်နှင့် တွေ့ဆုံခဲ့ပါသည်။ လွှတ်တော်မှ အတည်မပြုသေးသည့်တိုင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် အဆိုပြုထားသူ၏ မြောက်ကိုရီးယားခရီးစဉ်သည် ၂၀၀၀ ပြည့်နှစ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မက်ဒလင်းအောဘရိုက်၏ ပြုံယမ်းခရီးစဉ်နောက်ပိုင်း အဆင့်အမြင့်ဆုံး သွားရောက်ခြင်းဖြစ်ပြီး သံတမန် လမ်းကြောင်းကို အသုံးမပြုဘဲ ထောက်လှမ်းရေးလမ်းကြောင်းမှ အဆက်အသွယ်ဖြင့် သွားရောက်ခဲ့ခြင်းဖြစ်ရာ အမေရိကန်အနေဖြင့် ဆွေးနွေးပွဲရလဒ်ကောင်းထွက်ရန် လွန်စွာမျှော်လင့်လျက် စွန့်စားသော အနေအထားကို တွေ့မြင်ရပါသည်။ အမေရိကန်-မြောက်ကိုရီးယားတွေ့ဆုံရန် တောင်-မြောက် ကိုရီးယားနယ်စပ်၊ ပေကျင်း၊ အူလန်ဘာတာ အပါအဝင် ငါးနေရာ လျာထားပါသည်။ အမေရိကန်သည် တောင်ကိုရီးယားဆိုင်ရာ သံအမတ်မခန့်ထားရသေးဘဲ မြောက်ကိုရီးယားဆိုင်ရာ အထူးကိုယ်စားလှယ်မှာလည်း မကြာသေးခင်ကပင် ရာထူးမှ နုတ်ထွက်ထားသဖြင့် နိုင်ငံခြားရေးရုံးမပါဘဲ စီစဉ်နေခြင်းဖြစ်ပါသည်။

တောင်-မြောက်ကိုရီးယားခေါင်းဆောင်တို့ ဧပြီ ၂၇ ရက်နေ့ တွေ့ဆုံမှုတွင် အမေရိကန်-မြောက်ကိုရီးယား တွေ့ဆုံမှုအတွက် သတင်းကောင်းတစ်ရပ် ဆောင်ကြဉ်းလာလိမ့်မည်ဟု အမေရိကန်သမ္မတက ပြောကြားထားရာ တောင်-မြောက်ကိုရီးယား စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုခြင်းဖြစ်နိုင်သည်ဟု သိရပါသည်။ ဂျီနီဗာရှိ အမေရိကန်သံအမတ်က အမေရိကန်-မြောက်ကိုရီးယားတွေ့ဆုံမှုတွင် မြောက်ကိုရီးယားအား နျူကလီးယားမစမ်းသပ်ရေးစာချုပ်တွင် ပြန်လည်ပါဝင်လာရန် စွမ်းဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း၊ ဆွေးနွေးမှု မအောင်မြင်ပါက သမ္မတ ထရန့်သည် ချက်ချင်းထပြန်မည့် လူစားဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့ပြင် မြောက်ကိုရီးယားဘက်မှ ကိုရီးယားရှိ အမေရိကန်တပ်ရုပ်သိမ်းရေးကို တောင်းဆိုမည် မဟုတ်ကြောင်းလည်း သိရပါသည်။

ထိုအခြေအနေတွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အမေရိကန်သို့ နှစ်ရက်ကြာလာရောက်၍ အမေရိကန်သမ္မတနှင့် ကုန်သွယ်ရေးဆိုင်ရာကိစ္စများ၊ မြောက်ကိုရီးယားနျူကလီးယားကိစ္စများ ဆွေးနွေးခဲ့ပါသည်။ ဂျပန်သည် အမေရိကန်၏ အမာခံမဟာမိတ်တစ်ဦးဖြစ်သည့်တိုင် ကုန်သွယ်ခွန်များတိုးမြှင့်ရာတွင် ဂျပန်ကို ခြွင်းချက်မပေးခြင်းသည် အာဘေးအတွက် ပြည်တွင်း၌ အကျပ်အတည်းဖြစ်စေလျက်ရှိပါသည်။ အာဘေး၏ အမေရိကန်ခရီးစဉ်မတိုင်မီတွင်ပင် ထရန့်က ၎င်းသမ္မတဖြစ်ပြီးနောက် ပထမဆုံးနုတ်ထွက်ခဲ့သည့် ပစိဖိတ်ဖြတ်ကျော် ကုန်သွယ်မှုမဟာမိတ်တွင် ပြန်လည်ပါဝင်လိုကြောင်းလည်း ပြောကြားခဲ့ပါသည်။ သို့သော် ဂျပန်၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့ကမူ အလွယ်တကူ ပြန်လည်လက်ခံနိုင်မည့် အခြေအနေမရှိကြောင်း သိရပါသည်။ ဂျပန်နိုင်ငံသည် အမေရိကန်နှင့် ကုန်သွယ်ရာတွင် နှစ်နှစ်အတွင်း ပထမဆုံးအကြိမ် ခြောက်ရာခိုင်နှုန်း ပိုငွေ(ယွမ် ၂ ဒသမ ၃ ထရီလီယံ/ ဒေါ်လာ ၂၃ ဘီလီယံ) ပြသခဲ့ပြီး အမေရိကန်အနေဖြင့် ကုန်သွယ်ရေးမညီမျှမှုများကို အခွန်အကောက် တိုးမြှင့်ခြင်းဖြင့် တုံ့ပြန်နေရာ ဆွေးနွေးစရာများစွာရှိသည့် အနေအထားဖြစ်ပါသည်။

တရုတ်-ဂျပန်နိုင်ငံခြားရေးဝန်ကြီးများ ဧပြီ ၁၆ ရက်က တိုကျိုမြို့၌တွေ့ဆုံရာတွင် လွတ်လပ်စွာ ကုန်သွယ်မှုအရေးကြီးပုံ၊ နိုင်ငံတကာမျှတသော ကုန်သွယ်မှုစနစ် ထွန်းကားရေးတို့ကို ဆွေးနွေးခဲ့ကြပါသည်။ အမေရိကန်၏အကောက်ခွန်မြှင့်တင်မှုကြောင့် တရုတ်ဘက်မှလည်း လက်တုံ့ပြန်လာပြီး တရုတ်-အမေရိကန် ကုန်သွယ်မှုစစ်ပွဲဖြစ်နိုင်ခြေကို စိုးရိမ်နေကြသည့်ကာလတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကိုနိုတို့ ပါဝင်လျက် စတုတ္ထအကြိမ် စီးပွားရေးဆိုင်ရာ အဆင့်မြင့်တွေ့ဆုံဆွေးနွေးပွဲကျင်းပနိုင်ခြင်းသည် ဆက်ဆံရေးတိုးတက်မှုဖြစ်ပါသည်။

တရုတ်နိုင်ငံသည် ဧပြီ ၁၈ ရက်က တရုတ်(တိုင်ပေ)ရေလက်ကြားအနီးတွင် ရေတပ်စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ပါသည်။ လွန်ခဲ့သော သီတင်းပတ်ကလည်း တပ်သား ၁၀၀၀၀ ခန့်ပါဝင်သည့် ရေတပ်၊ လေတပ် ပူးတွဲလေ့ကျင့်မှုတစ်ခုကို ဟိုင်နန်ကျွန်းအနီးတွင် ပြုလုပ်ခဲ့ရာ သမ္မတရှီကျင့်ဖျင်ကိုယ်တိုင် တက်ရောက်အားပေးခဲ့ပါသည်။ မြောက်ကိုရီးယား-အမေရိကန် ဆွေးနွေးပွဲတွင် မြောက်ကိုရီးယားအား လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုမဖြစ်စေရန် အာမခံချက်အဖြစ် တောင်ကိုရီးယားနှင့် ဂျပန်ရှိ အမေရိကန်တပ်များကို လျှော့ချသည်ဖြစ်စေ၊ ရုပ်သိမ်းသည်ဖြစ်စေ လုံခြုံရေးကိုအာမခံနိုင်မှုလည်း လျော့နည်းလာစေမည်ဖြစ်ပါသည်။ အမေရိကန်သမ္မတ ထရန့်သည် ၎င်းလက်ထက်တွင် တရုတ်(တိုင်ပေ)ကို ပိုမိုအဆက်အသွယ်ပြုလာပြီး ယခုလအတွင်း ကိုယ်ပိုင်ရေငုပ်သင်္ဘောတည်ဆောက်ရန် နည်းပညာရောင်းချခွင့်ပြုခဲ့ရာ အမေရိကန်ကို သွယ်ဝိုက်၍ အင်အားပြရာလည်း ရောက်ပါသည်။

**မလေးရှားရွေးကောက်ပွဲ**

မလေးရှားပါလီမန်အမတ် ၂၂၂ နေရာနှင့် ပြည်နယ် ၁၃ ခုအနက် ၁၂ ခုအတွက် ရွေးကောက်ပွဲများကို မေ ၉ ရက်တွင် ကျင်းပသွားရန်ဖြစ်ပြီး စစ်တမ်းများအရ အာဏာရဝန်ကြီးချုပ် နာဂျစ်ရာဇတ်က အသာစီးရထားသည့် အခြေအနေဖြစ်ပါသည်။ ၎င်းအနေဖြင့် မဲဆန္ဒနယ်များကို ၎င်းအသာရစေရန် ပြင်ဆင်ထားခြင်း၊ အတိုက်အခံပါတီများအတွက် အကန့်အသတ်များ ပိုမိုပြုလုပ်ခြင်းတို့အပြင် ကျေးလက်ဒေသတွင် လူမှုရေးထောက်ပံ့ငွေများ တိုးမြှင့်ပေးခြင်းတို့ဖြင့် ဆွဲဆောင်လျက်ရှိပါသည်။ သို့သော်လည်း အတိုက်အခံများဘက်တွင် ယာစင်၊ အဏ္ဏဝါ အီဘရာဟင်၊ မဟာသီယာတို့ စုစည်းမိနေပြီး မဟာသီယာကလည်း ၎င်း၏ပါတီသစ်ကို မှတ်ပုံတင်ယာယီဖျက်သိမ်းထားစေကာမူ လန်ကာဝီဒေသမှ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ပါသည်။ မလေးရှားနိုင်ငံရေးသမိုင်းတွင် အနှစ်(၆၀)ကျော် ယူအမ်အင်န်အို (မလေးအမျိုးသားများ ညီညွတ်သောအဖွဲ့အစည်း)ကသာ ပါတီခေါင်းဆောင်ပြောင်းလျက် ဦးဆောင်ထားသည်ဖြစ်ရာ လက်ရှိ ယူအမ်အင်န်အိုအကြီးအကဲ နာဂျစ်ရာဇတ်ကို ဆန့်ကျင်၍ အနိုင်ရရှိရေးခက်ခဲနိုင်ပါသည်။ သို့သော်လည်း ၂၀၁၃ ခုနှစ်ကပင် ယူအမ်အင်န်အို၏ လွှမ်းမိုးနိုင်မှု လျော့ကျနေရာ ယခုရွေးကောက်ပွဲတွင် တစ်ဖက်နှင့်တစ်ဖက် မဲမကွာဘဲဖြစ်နေပါက တည်ငြိမ်သော အစိုးရ ရရှိရေးကို ခက်ခဲစေနိုင်မည့် အခြေအနေကို ပိုမိုစိုးရိမ်ရန်ရှိပါသည်။

**ကျူးဘားခေါင်းဆောင် အပြောင်းအလဲ**

ကျူးဘားသမ္မတ ရာအူးလ်စထရိုသည် ၂၀၀၆ ခုနှစ်က အစ်ကိုဖြစ်သူ အမျိုးသားခေါင်းဆောင် ဖီဒယ်ကက်စထရိုထံမှ နိုင်ငံအာဏာကို လွှဲပြောင်းယူခဲ့ပြီး ယခုအခါ ဧပြီ ၁၉ ရက်က မီဂွဲဒိုင်ယက် ကာနဲလ် (၅၇ နှစ်) သို့ လွှဲပြောင်းပေးခဲ့ရာ ကျူးဘားတော်လှန်ရေးနောက်ပိုင်း ပထမဆုံးအကြိမ် ကက်စထရိုမိသားစုဝင် မဟုတ်သူတစ်ဦး နိုင်ငံခေါင်းဆောင်ဖြစ်လာခဲ့ပါသည်။ ရာအူးလ်ကက်စထရိုသည် နိုင်ငံကို ဆယ့်နှစ်နှစ်ကြာ ထိန်းသိမ်းပေးခဲ့ပြီး ၎င်းလက်ထက်တွင် အမေရိကန်နှင့် ဆက်ဆံရေးပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ရာအူးလ်ကက်စထရိုသည် (၈၆)နှစ်ရှိပြီဖြစ်၍ နောက်မျိုးဆက်သစ်သို့ လွှဲပြောင်းပေးခြင်းဖြစ်သည့်အပြင် ဒိုင်ယက်ကာနဲလ်သည် ၂၀၁၃ ခုနှစ်မှစတင်၍ ဒုတိယသမ္မတ(၁) တာဝန်ထမ်းဆောင်ခဲ့ရာ ၎င်းကို ပြင်ပကမ္ဘာက များစွာမသိသေးသည့်တိုင် အာဏာလွှဲပြောင်းမှုမှာ အဆင်ပြေချောမွေ့မည်ဟု ယူဆကြပါသည်။ ကျူးဘားအနေဖြင့် အမေရိကန်သမ္မတ ထရန့်လက်ထက် ဆက်ဆံရေးအခက်အခဲ၊ စားနပ်ရိက္ခာနှင့် လောင်စာဖူလုံရေး၊ ငွေကြေးစနစ် အပါအဝင် စီးပွားရေး ပြုပြင်ပြောင်းလဲမှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစသည့် အခက်အခဲများစွာကို ရင်ဆိုင်နေရချိန်ဖြစ်ရာ ခေါင်းဆောင်အပြောင်းအလဲသည် အရေးကြီးပါသည်။ ရာအူးလ်ကက်စထရိုသည် လတ်တလောတွင် ကျူးဘားကွန်မြူနစ်ပါတီခေါင်းဆောင်အဖြစ် ဆက်လည်ရှိနေမည်ဖြစ်ပါသည်။ ကျူးဘားသည် အစဉ်အလာအရ ရုရှားနှင့် ဆက်ဆံရေးကောင်းရှိပြီး နောက်ပိုင်းတွင် တရုတ်ဩဇာသက်ရောက်မှု ရှိလာခဲ့ပါသည်။ အာရှဒေသမှ ဗီယက်နမ်ကွန်မြူနစ်ပါတီ အတွင်းရေးမှူးသည် မတ်လက ကျူးဘားသို့ လာရောက်ခဲ့ပြီး ဗီယက်နမ်၏စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို အတုယူကာ ပူးပေါင်းဆောင်ရွက်မှုလည်း ရှိခဲ့သည်ဟု သိရပါသည်။

**တူရကီရွေးကောက်ပွဲ**

တူရကီတွင် ပုံမှန်အားဖြင့် ရွေးကောက်ပွဲပြုလုပ်ရန် အချိန်မဟုတ်သေးသော်လည်း နိုင်ငံကို ၁၅ နှစ်ခန့် ဦးဆောင်လျက်ရှိသည့် သမ္မတ အာဒိုဂန်က တစ်နှစ်ခွဲခန့်စော၍ ၂၀၁၈ ခုနှစ် ဇွန် ၂၄ ရက်တွင် သမ္မတနှင့် ပါလီမန် ရွေးကောက်ပွဲများ ကျင်းပရန် ဧပြီ ၁၈ ရက်က ကြေညာခဲ့ပါသည်။ ၂၀၁၆ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း နိုင်ငံကို အရေးပေါ်အခြေအနေ ကြေညာထားခြင်းမှ မရုပ်သိမ်းသေးဘဲ ရွေးကောက်ပွဲကျင်းပရန် စီစဉ်ခြင်းဖြစ်၍ လွတ်လပ်သော ရွေးကောက်ပွဲ ကျင်းပနိုင်ခြေအပေါ် သံသယဝင်မှုရှိပါသည်။ ထို့ပြင် ယမန်နှစ်က လူထုဆန္ဒခံယူပွဲဖြင့် အတည်ပြုခဲ့သော ဖွဲ့စည်းပုံပြင်ဆင်ချက်အရ ရွေးကောက်ပွဲအပြီးတွင် ဝန်ကြီးချုပ်ရုံးကို ဖျက်သိမ်း၍ သမ္မတဦးစီးသောစနစ်ဖြင့် အုပ်ချုပ်သွားမည်ဖြစ်ရာ အာဒိုဂန်အတွက် အာဏာပိုစုစည်းမိမည့် အခွင့်အလမ်းလည်း ဖြစ်ပါသည်။ ၂၀၀၂ ခုနှစ်က အာဏာရခဲ့သော အာဒိုဂန်အနေဖြင့် ပြင်ဆင်ထားသည့် ဖွဲ့စည်းပုံအရ ထပ်မံအရွေးချယ်ခံပိုင်ခွင့်ရှိပြီး အနိုင်ရပါက ၂၀၂၃ ခုနှစ်ထိ သမ္မတတာဝန် ထမ်းဆောင်နိုင်မည်ဖြစ်ပါသည်။ ။

> “တောင်-မြောက်ကိုရီးယားခေါင်းဆောင်တို့ ဧပြီ ၂၇ ရက်နေ့ တွေ့ဆုံမှုတွင် အမေရိကန်-မြောက်ကိုရီးယား တွေ့ဆုံမှုအတွက် သတင်းကောင်းတစ်ရပ် ဆောင်ကြဉ်းလာလိမ့်မည်ဟု အမေရိကန်သမ္မတက ပြောကြားထားရာ တောင်-မြောက်ကိုရီးယား စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုခြင်းဖြစ်နိုင်သည်ဟု သိရပါသည်။ ဂျီနီဗာရှိ အမေရိကန်သံအမတ်က အမေရိကန်-မြောက်ကိုရီးယား တွေ့ဆုံမှုတွင် မြောက်ကိုရီးယားအား နျူကလီးယားမစမ်းသပ်ရေးစာချုပ်တွင် ပြန်လည်ပါဝင်လာရန် စွမ်းဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း၊ ဆွေးနွေးမှု မအောင်မြင်ပါက သမ္မတ ထရန့်သည် ချက်ချင်းထပြန်မည့် လူစားဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။”